
# အရှင်သောဘိတ (ဖြူး)

## ကိုးကွယ်ယုံကြည်မှု

နှင့်

## ကံတရား



# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒါနကုသလအဖွဲ့<br>ဖြူးမြို့ |
| စာမူခွင့်ပြုချက်အမှတ် | – | ၁၆၃/၂၀၀၁ (၂) |
| မျက်နှာဖုံးခွင့်ပြုချက် | – | အမှတ် ၂၃၂/၂၀၀၁ (၂) |
| ပုံနှိပ်သူ | – | ဦးမြင့်ဦး (မြ–၀၁၅၀၃)<br>သိန်းသန်းဦး ပုံနှိပ်တိုက်<br>အမှတ် ၁၂၁၊ ၃၄ လမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ကွန်ပျူတာစာစီ | – | အင်းဝအိမ် ကွန်ပျူတာ<br>မန္တလေးမြို့။ |
| အတွင်း/အပြင်ဖလင် | – | Eagle Color Separation<br>Yangon. Ph: 707305 |

ပထမအကြိမ်

အုပ်ရေ (၁၅၀၀)

၂၀၀၁ ခုနှစ်၊ မတ်လ

၂၄၀၁၇

လုံ့လမထူ၊ ဉာဏ်မကူဘဲ၊

အယူတစ်ချောင်း။ ကံတစ်ကြောင်းမျှ၊

မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊

ကံကိုချည်းသာ၊ မကိုးရာဘူး။

(မဃဒေဝ-၂၄၅)

ကမ္ဘသကာ၊ သတ္တဝါတို့၊

ကံသာမမိ၊ ကံမရှိက၊

ဉာဏ်ရှိတိုင်းမွဲ၊ ကြံတိုင်းလွဲ၏။

(မဃဒေဝ-၂၅၁)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာများ | |
| ၂။ | ကျေးဇူးတင်လွှာ | |
| ၃။ | ပဏာမနှင့် ပဋိညာဉ် | |
| ၄။ | နိဒါန်း | ၁ |
| | **အပိုင်း (၁) ကိုးကွယ်ယုံကြည်မှု** | |
| ၅။ | အခန်း (၁)၊ ကိုးကွယ်ခြင်း | ၇ |
| ၆။ | အခန်း (၂)၊ လက်တွေ့ကျင့်ကြံခြင်း | ၁၈ |
| ၇။ | အခန်း (၃)၊ အသိဉာဏ်ထူးများ ရရှိလာခြင်း | ၂၄ |
| | **အပိုင်း (၂) ဟိန္ဒူဘာသာ၏ ကံအယူအဆ** | |
| ၈။ | အခန်း (၁)၊ ဟိန္ဒူဘာသာ | ၂၉ |
| ၉။ | အခန်း (၂)၊ ဟိန္ဒူဘာသာ၏ ကံအယူအဆ | ၃၃ |
| ၁၀။ | အခန်း (၃)၊ ကံအမျိုးအစားများ | ၄၂ |
| ၁၁။ | အခန်း (၄)၊ ဟိန္ဒူဘာသာ၏ ကံအယူအဆကို ခြုံငုံသုံးသပ်ချက် | ၅၅ |
| | **အပိုင်း (၃) ဂျိန်းဘာသာ၏ ကံအယူအဆ** | |
| ၁၂။ | အခန်း (၁)၊ ဂျိန်းဘာသာ | ၆၁ |
| ၁၃။ | အခန်း (၂)၊ ဂျိန်းဘာသာကို တည်ထောင်သူ | ၆၈ |
| ၁၄။ | အခန်း (၃)၊ ဂျိန်းဘာသာ၏ ကံအယူအဆ | ၇၁ |
| ၁၅။ | အခန်း (၄)၊ ကံအမျိုးအစားများ | ၇၇ |
| ၁၆။ | အခန်း (၅)၊ ဂျိန်းဘာသာ၏ ကံအယူအဆကို ခြုံငုံသုံးသပ်ချက် | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အပိုင်း (၄) ဗုဒ္ဓဘာသာ၏ ကံအယူအဆ


၁၇။ အခန်း (၁)၊ ဗုဒ္ဓဘာသာ ၈၅
၁၈။ အခန်း (၂)၊ ဗုဒ္ဓဘာသာကို တည်ထောင်သူ ၉၀
၁၉။ အခန်း (၃)၊ မဟာကမ္မဝိဘင်္ဂဉာဏ် ၉၆
၂၀။ အခန်း (၄)၊ ဗုဒ္ဓဘာသာ၏ ကံအယူအဆ ၁၀၉
၂၁။ အခန်း (၅)၊ ကံအမျိုးအစားများ ၁၃၂
၂၂။ အခန်း (၆)၊ ကံနှင့် တန်ခိုး ၂၅၀
၂၃။ အခန်း (၇)၊ ဗုဒ္ဓဘာသာ၏ ကံအယူအဆကို ခြုံငုံသုံးသပ်ချက် ၂၅၂
၂၄။ အခန်း (၈)၊ ထာဝရဘုရားရှင်၊ ကံ၊ အတ္တ စသည်တို့၌ ဘာသာကြီးသုံးရပ်၏ ယူဆပုံ ၁၅၅
၂၅။ နိဂုံးနှင့်ဆုတောင်း ၂၆၂

# "မှာတမ်းလွှာ"

အရှင်သောဘိတသည် ဤစာအုပ်ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရ၊ မြန်မာဘာသာကျမ်းများနှင့် စာစောင်မဂ္ဂဇင်းစသည်ဖြင့် စုစုပေါင်း (၇၅) ကျမ်းတို့ကို လည်းကောင်း၊ အင်္ဂလိပ်ဘာသာကျမ်း (၁၂)အုပ်တို့ကို လည်းကောင်း မှီငြမ်းပြု၍ ကိုးကားရေးသားထားသည်ကို တွေ့ရပါသည်။

ထိုသို့ ရေးသားရာတွင် 'ကံ'၏သဘောတရားကို ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ဘောင်အတွင်းမှ သုတေသန ပြုထားသည်ကိုလည်း တွေ့ရပါသည်။ ဗုဒ္ဓမြတ်စွာ မပွင့်မီက ရှိနှင့်ပြီးဖြစ်ကြသော ဗြာဟ္မဏဘာသာ၊ ဂျိန်းဘာသာတို့၏ ကမ္မဒဿန (ကံအမြင်)နှင့် ဗုဒ္ဓဝါဒ၏ ကံသဘောတရားတို့ကို နှိုင်းယှဉ်ပြဆိုထားသဖြင့်လည်း Comparative Religion (အနှိုင်းဘာသာရေး) စာအုပ်တစ်အုပ်လည်း ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တို့သည် နေရာတိုင်းမှာပင် "ကံသာအမိ၊ ကံသာအဖ၊ သဗ္ဗေသတ္တာ ကမ္မသကာ"စသည်ဖြင့် "တစ်ကံတည်းကံ" တွင်တွင်သုံး၍ တွင်တွင်ယိုးမယ်ဖွဲ့ နေကြသည်ကို ကြားမြင်နေရပါသည်။ ဗုဒ္ဓ၏ အလိုတော်ကျလည်း ပါ၏။ အလိုတော်နှင့် မကိုက်ညီသည်လည်း ရှိ၏။ ဤသဘောတရားများကို မှန်မှန်ကန်ကန် မြင်နိုင်စေရန် အရှင်သောဘိတမထေရ်က မိမိ၏စာအုပ်တွင် ရှင်းလင်းတင်ပြ ထားပါသည်။

ထို့ကြောင့် ဤစာအုပ်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဗုဒ္ဓ၏ အလိုတော်ကျ "ကမ္မဝါဒ"ကို မှန်မှန်ကန်ကန် နားလည်စေနိုင်သောကြောင့်လည်းကောင်း၊ သုတေသီတို့အတွက် Buddhist Philosophy (ဗုဒ္ဓဒဿန)၏ အစိတ်ဖြစ်သော ကမ္မဝါဒကို သုတေသနကျကျ နားလည်စေနိုင်သောကြောင့် လည်းကောင်း၊ အခြားဘာသာဝင်များအတွက် ဗဟုသုတများစွာ ပွါးများစေနိုင်သောကြောင့်လည်းကောင်း အထူးလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း အမှာလွှာပါးအပ်ပါသည်။

**ဦးဘဆန်း**
**ဌာနမှူး (ငြိမ်း)**
**အရှေ့တိုင်းပညာဌာန**
**မန္တလေးတက္ကသိုလ်။**

# အမှာစာ

ကိုးကွယ်ယုံကြည်မှုနှင့် ကံတရား အမည်ရှိသော ဤစာအုပ်သည် ကံကို လက်ခံယုံကြည်သော ဟိန္ဒူဘာသာ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာသုံးမျိုးလုံးကို လေ့လာသုံးသပ် ရေးသားထားရာ ယင်းဘာသာသုံးမျိုးတို့နှင့် သက်ဆိုင်သော စာပေကျမ်းဂန်များကို စုံလင်အောင် လေ့လာပြီး ရေးသားထားသည်ကို တွေ့ရသည်။

ရေးသားရာ၌ အရှင်အနုရုဒ္ဓါဆရာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ရေးသားသကဲ့သို့ မာတိကာ ဥဒ္ဒေသ=အကျဉ်းထုတ်ပြပြီးမှ မာတိကာစဉ်အလိုက် တစ်ခုစီ နိဒ္ဒေသ=အကျယ်ချဲ့၍ ရေးသားထားသောကြောင့် စာအုပ်ရေးသားပုံသည် လွန်စွာစနစ်ကျလှပါသည်။

ဤစာအုပ်သည် ဟိန္ဒူဘာသာ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့၏ ကံအယူအဆကို ကျမ်းကိုးအထောက်အထား စုံလင်စေလျက် ခြုံငုံသုံးသပ်ချက်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသော စာအုပ်ဖြစ်သောကြောင့် ဘာသာရေးလိုက်စားသူများ လေ့လာဆည်းပူးထိုက်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ဘဒ္ဒန္တ ခေမိကာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သကျသီဟနှင့်အစိုးရဓမ္မာစရိယ
ပါဠိပါရဂူ၊ ဒီဃဘာဏက
နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်
ခေမာဝင်းကျောင်း၊ မြတောင်တိုက်
မန္တလေးမြို့။

# စာရေးသူ၏အမှာစာ

လူ့လောကအသိုင်းအဝိုင်းတွင် သမ္မာအာဇီဝကျကျဖြင့် ကောင်းသောအလုပ်တို့ကို လုပ်ကိုင်ပြီး ဆင်းရဲနေကြသူများနှင့် မကောင်းသောအလုပ်တို့ကို လုပ်ကိုင်ပြီးချမ်းသာနေကြသူများကို တွေ့ရမြင်ရဖန် များသောအခါ ဘာကြောင့်ပါလိမ့် ဟူသောအတွေး တဖြည်းဖြည်း တိုးပွားလာခဲ့သည်။ ငယ်စဉ်က အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကို သင်ယူလေ့လာခဲ့ရသောအခါ ကံနှင့်ကံ၏ အကျိုးပေးပုံတို့ကို အနည်းငယ်သိရှိ နားလည်ခဲ့သော်လည်း အထက်ပါအတွေးသည် ရှင်းလင်း၍ မသွားခဲ့ပေ။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ ပညာ သင်ကြား၍ မဟာဓမ္မာစရိယတန်းသို့ တက်ရောက်ခွင့်ရရှိပြီး ဝိဘင်းကျမ်းနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကျမ်းတို့တွင် ပါဝင် သော ဂတိသမ္ပတ္တိကုသိုလ်ကံ ဥပဓိသမ္ပတ္တိကုသိုလ်ကံ စသည်တို့ အကြောင်းကို လေ့လာသင်ယူခဲ့ရသောအခါ ဆီးနှင်း မြူ တိမ် သူရိန် မီးခိုးတို့ ဖုံးလွှမ်းနေခိုက် ရောင်ခြည်တစ်ထောင် အလင်းဆောင် သော နေမင်းကြီးထွက်ပေါ်လာသကဲ့သို့ ဘာကြောင့်ပါလိမ့်ဆိုသော အတွေးသည် ရှင်းလင်း၍ သွားပေသည်။

မိမိနားလည်သဘောပေါက်သမျှသော ကံနှင့် ကံ၏အကျိုး ပေးပုံတို့ကို အခြားသူများအားလည်း နားလည်သဘောပေါက်စေ လိုသော ဆန္ဒဖြစ်ပေါ်လာသောကြောင့် ဆောင်းပါးတစ်ပုဒ်ရေးလို ကြောင်း ဆရာကြီးဦးဘဆန်းကို ပြောပြ၍ အကြံဉာဏ်တောင်းခံခဲ့ သည်။

ဆရာကြီးက ကံကိုလက်ခံယုံကြည်သော ဘာသာများ ဖြစ်ကြသော ဟိန္ဒူဘာသာ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့၏ ကံ ကံ၏အကျိုးကိုလက်ခံကျင့်သုံးပုံတို့ကို ပြည့်စုံစွာ ရေးသားနိုင်လျှင် ပို၍အကျိုးရှိနိုင်ကြောင်း အကြံဉာဏ်ပေးပြီး မန္တလေးတက္ကသိုလ်

အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဦးဟန်တင်၊ ကထိက ဦးမြင့်စောလွင် တို့နှင့် မိတ်ဆက်ပေးပြီး ဆွေးနွေးစေခဲ့ပါသည်။

ဦးမြင့်စောလွင်နှင့် ဒေါ်ခင်ဦးတင့် (စာကြည့်တိုက်မှူး အဆင့်(၂)၊ မန္တလေးတက္ကသိုလ်စာကြည့်တိုက်)တို့၏ အကူအညီဖြင့် Sources of Indian Tradition. A History of Indian Literature Vol; 1,2. An Introduction to Indian Philosophy. စာအုပ်တို့ကို လေ့လာခဲ့ရာ ကမ္ဘာဦးကိုးကွယ်ယုံကြည်မှု သမိုင်းကြောင်းကို အသင့်အတင့် သိရှိနားလည်လာခဲ့သည်။ ကိုးကွယ်ယုံကြည်မှုသည် ကံတရားနှင့်ဆက်စပ်မှုရှိနေကြောင်း သဘောပေါက်ခဲ့သည်။

လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကို လေ့လာခြင်းဖြင့် ကိုးကွယ်ယုံကြည်မှုသမိုင်း၊ ဗုဒ္ဓဘာသာ၏ ကံအယူအဆနှင့် ဂျိန်းဘာသာ၏ ကံအယူအဆတို့ကို အသင့်အတင့် သိရှိသဘောပေါက် ခဲ့ရသော်လည်း ဟိန္ဒူဘာသာ၏ ကံအယူအဆကို နားလည်သဘော ပေါက်မှုမရှိခဲ့ပေ။

ထို့ကြောင့် အိန္ဒိယစာပေများ၌ ကျွမ်းကျင်နှံ့စပ် နားလည် သော စာရေးဆရာကြီးပါရဂူ၊ ဒေါက်တာလှထွန်းတို့နှင့် ဆွေးနွေးခဲ့ပါ သည်။

ထိုပုဂ္ဂိုလ်နှစ်ဦးတို့၏ အကူအညီကြောင့် ဟိန္ဒူဘာသာ၏ ကံအယူအဆကို ပြည့်စုံစွာ တင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်သည် ကံကိုလက်ခံယုံကြည်သော ဘာသာဝင် များအတွက် များစွာအကျိုးရှိနိုင်သောကြောင့် လူတိုင်းဖတ်ရှုနိုင်ရန် စာအုပ်ထုတ်ဝေသင့်ကြောင်း ဆရာကြီး ဦးဘဆန်းနှင့် မိတ်ဆွေ သူငယ်ချင်းများက အကြံပြုကြသည့်အတွက် ယခုကဲ့သို့ ထုတ်ဝေရခြင်း ဖြစ်ပါသည်။

အရှင်သောဘိတ (ဖြူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
မန္တလေးမြို့။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို စတင်ရေးသားချိန်မှစ၍ ပြီးဆုံး အောင်မြင်သည်အထိ လိုအပ်ချက်များကို အသေးစိတ် လမ်းညွှန် ပေးကာ စိတ်ရှည်စွာ အကြိမ်ကြိမ်ဖတ်ရှု ပြင်ဆင်ပေးခဲ့သော ဆရာကြီး ဦးဘဆန်း (အငြိမ်းစား၊ တွဲဖက်ပါမောက္ခ၊ အရှေ့တိုင်း ပညာဌာန၊ မန္တလေးတက္ကသိုလ်၊ တွဲဖက်ပါမောက္ခ၊ အဘိဓမ္မ ပိဋကမဟာဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး)အား လည်းကောင်း၊ ဖတ်ရှုစစ်ဆေး၍ ဝေဖန်အကြံပြုခဲ့သော ဦးခေမိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ခေမာဝင်းကျောင်း၊ မြတောင်တိုက်၊ မန္တလေး)နှင့် ဦးဂန္ဓမာလာဘိဝံသ (ပါမောက္ခ၊ အဘိဓမ္မပိဋကမဟာဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်) တို့အား လည်းကောင်း၊လိုအပ်သောစာအုပ်စာတမ်းများကို စိတ်ရှည်စွာ ရှာဖွေပြီး ငှားရမ်းပေးခဲ့ကြသော ဦးမြင့်စောလွင် (တွဲဖက်ပါမောက္ခ၊ ဌာနမှူး၊ အရှေ့တိုင်းပညာဌာန၊ ရကနာပုံတက္ကသိုလ်)နှင့် ဒေါ်ခင်ဦးတင့် (စာကြည့်တိုက်မှူးအဆင့်(၂)၊မန္တလေးတက္ကသိုလ်စာကြည့်တိုက်) တို့အားလည်းကောင်း၊ ဟိန္ဒူဘာသာရေးဆိုင်ရာအချက်အလက် များကို ရှာဖွေပေးခဲ့ကြသော စာရေး ဆရာကြီး ပါရဂူနှင့် Dr.RAMNIWAS (A) HLA THUN. (ORGANIZER. SANATAN DHARMA SWAYAMSEVAK SANGH.YANGON)တို့အား လည်းကောင်း၊ အခန်းခွဲခြင်း၊ခေါင်းစီးတပ်ခြင်းစသောစာအုပ်အပြင်အဆင်၌ အကူအညီပေးခဲ့သောတက္ကသိုလ်သောတုဇနအားလည်းကောင်း၊ စာအုပ်ရေးသားစဉ် အစစအရာရာအဆင်ပြေအောင် အကူအညီပေးခဲ့သော ဦးကုသလ၊ဦးဇာဂရ (နမ္မနာစံကျောင်း၊ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်)အား လည်းကောင်း၊ စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ငွေရေးကြေးရေး အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ကြသော ဆရာတော်ဦးတိဿစာရ

(ရတနာ့ဂုဏ်ရည် ရွှေကျောင်း၊ ပုဂံအတွင်းဝန်တိုက်၊မန္တလေး)၊ ပဲခူးတိုင်း၊ဖြူးမြို့မှ ကိုမြင့်ဌေး၊ကိုခင်မောင်ညွန့်၊ ကိုကျော်စိုး၊ မသူဇာမြင့် တို့ဦးစီးသော ဒါနကုသလ အဖွဲ့နှင့် အလှူရှင်ဒါယကာ၊ဒါယိကာမ အပေါင်းတို့အားလည်းကောင်း၊ ကွန်ပျူတာဖြင့် စာစီ ရာ၌ စိတ်ရှည်စွာဆောင်ရွက်ပေးခဲ့ကြသော အင်းဝအိမ်ကွန်ပျူတာ အား လည်းကောင်း အထူးပင်ကျေးဇူးတင်ရှိ ပါကြောင်း–

ဦးသောဘိတ
(M.A. မဟာမွေ့ာစရိယ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊မန္တလေး

# ပဏာမ နှင့် ပဋိညာဉ်

-----✦-----

၁။ မဟာဒယံ မဟာပညံ၊ သမ္ဗုဒ္ဓံ တေန ဘာသိတံ။
သဒ္ဓမ္မဉ္စ နမဿာမိ၊ အာဒရံ တဿ သာဝကံ။
၂။ နာနာကမ္မံ ဝိကပ္ပေတွာ၊ နာနာဝဒန္တ ပုဂ္ဂလာ။
ဣမံ ဂန္ထံ လိခိဿာမိ၊ တေသံ ဝါဒေ သမ္ဘသိတုံ။

၁။ အဟံ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါအစွဲ အယူမလွဲသော်လည်း လောကဝေါဟာ အစဉ်လာရ သောဘိတဟု နာမသမုတ် အကျွန်ုပ်သည်။

မဟာဒယံ၊ သတ္တဝါများအပေါ် သနားကြင်နာ ကရုဏာထားတော်မူရာ၌ မည်သူတစ်ယောက်နှင့်မျှ မနှိုင်းယှဉ် အပ်သဖြင့် ကြီးမြတ်သော မဟာကရုဏာရှင် ဖြစ်တော်မူထသော။

မဟာပညံ၊ တစ်သောင်းသော လောကဓာတ် ဘုံအရပ်၌ သိအပ်သမျှ အကုန်သိ မြင်အပ်သမျှ အကုန်မြင် သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူထသော။ ဝါ၊ အကြောင်းလေးပါး ကံတရားနှင့် အကျိုးသုံးပါး ကံတရားတို့ကို အကုန်အစင် သိမြင်တော်မူသဖြင့် မဟာကမ္မဝိဘင် ဉာဏ်ရှင်ဖြစ်တော်မူထသော။

သမ္ဗုဒ္ဓဉ္စ၊ သစ္စာလေးဆူ ပန်းမဉ္ဇူကို မည်သူတယောက်မျှ ညွှန်မပြဘဲ ကိုယ်ပိုင်အသိ ဉာဏ်မျက်စိဖြင့် အမှန်ထွင်းဖေါက် အလင်းရောက်အောင် ပြီးမြောက်ကုန်စင် သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုလည်းကောင်း။

တေန၊ ထိုမြတ်စွာဘုရားသည်။ ဘာသိတံ၊ လေးဆယ့်ငါးဝါ နှုတ်မြွက်ကာဖြင့် မရပ်မနား ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မဥ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ရှား သူတော်ကောင်းတို့၏ မြတ်တရားကိုလည်းကောင်း။

တဿ၊ ထိုမြတ်စွာဘုရား၏။ သာဝကဥ္စ၊ ဗုဒ္ဓဆရာ ကရုဏာဖြင့် ညွှန်ကာပြသ ဩဝါဒကို ကောင်းစွာခံယူ ကျင့်ကြံတော်မူကြသဖြင့် မဂ်ဖိုလ်နိဗ္ဗာန် အမြင်သန်ကြကုန်သော ရှစ်တန်သော အရိယာ မြတ်သံဃာကိုလည်းကောင်း။ အာဒရံ၊ ရိုသေစွာ။ နမဿာမိ၊ မြတ်နိုးသဒ္ဓါ ကြည်လင်စွာဖြင့် မာန်စွယ်ကိုချိုး လက်စုံမိုးကာ ရှိခိုးပါ၏။

၂။ နမဿိတွာ၊ ရှိခိုးပြီး၍။ နာနာကမ္မံ၊ ထူးထွေဆန်းပြား ကံတရားကို။ ဝိကပ္ပေတွာ၊ ထင်ရာမြင်ရာ အစဥ်အလာဖြင့် အမျိုးမျိုးအဖုံဖုံ တွေးတောကြံစည် ယူဆကြကုန်၍။ နာနာဝဒန္တာ ပုဂ္ဂလာ၊ မိမိအယူအဆ ဟူသမျှကို စိတ်မှာအမြဲ ချိတ်ကာဆွဲလျှက် ဝါဒမျိုးစုံ ပြောဆို၍နေကြကုန်သော ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ကမ္ဘာတလွှားမှာ အထင်အရှား ရှိကြကုန်၏။ တေသံ၊ ထို ပုဂ္ဂိုလ်တို့၏။ ဝါဒေ၊ အယူဝါဒ ဟူသမျှတို့ကို။ သမ္ပသိတုံ၊ အမှားအမှန် ဤနှစ်တန်ကို ကေန်သတ်မှတ် မဆုံးဖြတ်ဘဲ ဝေဖန်သုံးသပ်၍ ပြခြင်းငှါ။ ကမ္မဂန္ထံ၊ ကိုးကွယ်ယုံကြည်မှုနှင့် ကံတရားဟုဆိုအပ်သော ဤကျမ်းစာကို။ လိခိဿာမိ၊ မဟာဝီရိယ ဥဿာဟဖြင့် အယူဝါဒ ဟူသမျှတို့ကို ကျမ်းဆရာ အသီးသီးတို့နှင့် တိုက်ဆိုင်ကာ နှီးနှောပြီးလျှင် စုစည်း ဖွဲ့ရှာ ရေးသားတင်ပြပါအံ့။

# နိဒါန်း

လူသားတို့သည် ပစ္စုပ္ပန်၌ စားဝတ်နေရေး ဒုက္ခဘေးနှင့် တွေ့ကြုံရမည်ကိုလည်းကောင်း၊တမလွန်၌ မကောင်းသော ဘုံဘဝတို့သို့ရောက်ရှိပြီး ဆင်းရဲဒုက္ခရောက်ကြရမည်ကိုလည်းကောင်း၊ ကြောက်ရွံ့ကြ၏။ပစ္စုပ္ပန်၌ စားဝတ်နေရေး အဆင်ပြေလိုကြ၏။ မိမိတို့၏ စိတ်အကြံအစည်မှန်သမျှ ပြည့်စုံလိုကြ၏။တမလွန်၌ ကောင်းသောဘုံဘဝတို့သို့ ရောက်ရှိပြီး ချမ်းသာသုခမှန်သမျှကို ခံစားလိုကြ၏။ ဘဝလွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်လိုကြ၏။ ထိုကြောက်ရွံ့မှုနှင့် လိုချင်မှုဟူသော အချက်နှစ်ချက်ကြောင့် ကိုးကွယ်ယုံကြည်မှုကို ပြုလုပ်ကြသည်။

ကိုးကွယ်ရာမှတစ်ဆင့်တက်၍ လက်တွေ့ကျင့်ကြံမှုတို့ကို ပြုလုပ်လာကြသောအခါ အသိဉာဏ်ထူးများ ရရှိလာကြပြီး ကြောင်းကျိုးဆက်စပ်၍ ဖြစ်ပျက်နေမှုသဘောတရား = ကမ္မဝါဒကို သိရှိလာခဲ့ကြသည်။ နားလည်သဘောပေါက်လာခဲ့ကြသည်။ ယုံကြည်လာခဲ့ကြသည်။ လက်ခံကျင့်သုံး လာခဲ့ကြသည်။

ထိုကံ၏သဘောတရားသည် လူသားတို့အတွက် လွန်စွာအရေးပါလှပေသည်။ကံ၏ သဘောတရားအပေါ် အခြေခံ၍ လူသားတို့အား ဘေးအန္တရာယ် ကင်းရှင်းစေရန်၊ လုံခြုံမှုရှိစေရန် အကာအကွယ်ပေးနိုင်သော နိုင်ငံတကာဥပဒေများ၊နိုင်ငံ့ဥပဒေများနှင့် အဖွဲ့အစည်းဥပဒေများ ပေါ်ထွန်းလာခဲ့သည်။ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားလာခဲ့သည်။လူ့ဘောင်လောကကြီး ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။

ဘဝအဆင့်အတန်း အနိမ့်အမြင့် ကွာခြားခြင်း၊ ရုပ်ရည်အဆင်း ကွဲပြားခြင်း၊ အသက်တိုရှည် ခြားနားခြင်း၊ ဆင်းရဲချမ်းသာ ကွာဟခြင်း၊ ဒုစ္စရိုက်လုပ်ငန်းများကို လုပ်ကိုင်နေပါလျက် ကုသိုလ်ကံ၏ အကျိုးတရားဖြစ်သော ကြီးပွားချမ်းသာမှုနှင့် ပြည့်စုံနေရခြင်းနှင့် ကောင်းသောအလုပ်များကို လုပ်ကိုင်နေပါလျက် အကုသိုလ်ကံ၏ အကျိုးဖြစ်သော ဆင်းရဲဒုက္ခတို့နှင့် တွေ့ကြုံနေရခြင်း စသည်တို့သည် အဘယ့်ကြောင့်နည်းဟူသော လူသားတို့၏ ယုံမှားသံသယကို ကံ၏ သဘောတရားက ဖြေရှင်း ပေးနိုင်သည်။ ဘဝသံသရာမှ လွတ်မြောက်စေရန်လည်း လမ်းညွှန်ပေးနိုင်သည်။

အကယ်၍ ကံ၏သဘောတရားကိုသာ မသိရှိခဲ့ကြလျှင် လူသားတို့မှာ တစ်ဦးးနှင့်တစ်ဦး မေတ္တာထားမှု၊ ငဲ့ညှာမှု၊ကူညီရိုင်းပင်းမှု တို့သည် မရှိနိုင်ချေ။မျိုးတုံး ပျောက်ကွယ်သွားသော အချို့သော အာဖရိက လူရိုင်းများကဲ့သို့ တစ်ဦးနှင့်တစ်ဦး ညှဥ်းဆဲ သတ်ဖြတ်လျှက် ဓာတ်တူသားစားခြင်းကြောင့် လူသားမျိုးနွယ်စုကြီး ကွယ်ပျောက်သွားပေလိမ့်မည်။ ထို့ကြောင့် ကံ၏ သဘောတရားကို သိရှိခြင်းသည် လူသားတို့အတွက် လွန်စွာအရေးပါလှပေသည်။

ထိုကဲ့သို့အရေးပါလှသော ကံ၏သဘောတရားကို ပြည့်ပြည့်စုံစုံ တိတိကျကျ မှန်မှန်ကန်ကန် သိရှိနားလည်ခြင်း မရှိသောသူတို့သည် "လူမတန် ကံချ" ဆိုသည့်အတိုင်း ဖြစ်ပျက်သမျှ ကိစ္စအားလုံးတို့၌ ကံတရားကိုသာ လွှဲချကြပြီး ဉာဏ်နှင့်ဝီရိယကို ဘေးဖယ်ထားကြသည်။ ကံတရားနှင့်ပတ်သက်၍ အယူအဆ လွဲမှားပြီး ဘဝလွတ်မြောက်မှု လမ်းစဉ်မှ တိမ်းစောင်း သွေဖီကာ သံသရာ၌ နစ်မွန်းကြရသည်။ ထို့ကြောင့် ကံတရားနှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ တိတိကျကျ မှန်မှန်ကန်ကန် သိရှိနားလည်စေလိုသောရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ကံ ဉာဏ် ဝီရိယ သုံးပါးလုံးနှင့်ပြည့်စုံပြီး ဘဝ အဆင့်အတန်းမြင့်မားစေလိုသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အဆင့်အတန်း မြင့်မားသော ကံတရားတို့ကို ကြိုးစားအားထုတ်၍

ဘဝသံသရာမှ လျင်မြန်စွာလွတ်မြောက်စေလိုသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း **ကိုးကွယ်ယုံကြည်မှုနှင့်ကံတရား** ဟူသော ဤကျမ်းကို ရေးသားရခြင်းဖြစ်ပါသည်။

"ကမ္မဝိပါကော အစိန္တေယျော" ဟူသော ဒေသနာတော်နှင့်အညီ ကံ၏အကျိုးတရားကို ပြီးပြည့်စုံစွာ ကြံစည်၍ မရနိုင်သော်လည်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုးစား၍ရေးသားထားသော ဤကျမ်းစာကို ဖတ်ရှုခြင်းဖြင့် ကံ ကံ၏အကျိုးကို ပိုမို၍ သက်ဝင်ယုံကြည်ကာ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသူများ၊ မေတ္တာတရားကြီးမားသူများ ဖြစ်လာကြလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသည်။ ထို့အပြင် လွဲမှားသော ကိုးကွယ်ယုံကြည်မှုများကို ပယ်စွန့်ပြီး လက်တွေ့အကျိုးရှိသောကံတရား၊အဆင့်အတန်း မြင့်မားသော ကံတရားတို့ကို ကြိုးစားအားထုတ်ကာ ဘဝသံသရာမှ လွတ်မြောက်စေရန် ကြိုးစားသူများ ပေါ်များလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

## အပိုင်း (၁)

# ကိုးကွယ်ယုံကြည်မှု

# အခန်း (၁)

## ကိုးကွယ်ခြင်း

ကံ၏သဘောတရားသည် မည်သည့်ဖန်ဆင်းရှင် တန်ခိုးရှင်ဘို့ကမျှဖန်ဆင်းထားသော အရာမဟုတ်ပေ။ ကောင်းသောလုပ်ဆောင်ချက်သည် ကောင်းသောအကျိုးတရားကို ဖြစ်ထွန်းစေနိုင်ပြီး မကောင်းသော လုပ်ဆောင်ချက်သည် မကောင်းသောအကျိုးတရားကို ဖြစ်ထွန်းစေနိုင်သော သဘာဝနိယာမဥပဒေသတစ်ခုဖြစ်သည်။ ထိုသဘာဝနိယာမဥပဒေသကို လူသားတို့သည် အချိန်ကာလပေါင်းများစွာ၊အတွေ့အကြုံပေါင်း များစွာ၊အတွေးအခေါ်ပေါင်းများစွာတို့ကို ဖြတ်သန်းကျော်လွှန်ပြီးမှ ရှာဖွေတွေ့ရှိပြီး လက်ခံယုံကြည်လာကြခြင်းဖြစ်သည်။ ထိုသို့ကံ၏သဘောတရားကို လက်ခံယုံကြည်ရာ၌-

၁။ ကိုးကွယ်ခြင်း

၂။ လက်တွေ့ကျင့်ကြံခြင်း

၃။ အသိဉာဏ်ထူးများ ရရှိလာခြင်းဟူသော အဆင့်သုံးဆင့်အား ကျော်ဖြတ်လာရသည်ကို တွေ့ရှိရသည်။

လူသားတို့သည် အဖွဲ့အစည်းနှင့် နေထိုင်သောဓလေ့မရှိစဉ်အချိန်၌ ကိုးကွယ်ခြင်း အလေ့အထ ရှိသေးဟန်မတူချေ။ တဖြည်းဖြည်းအတွေ့အကြုံများလာပြီး အဖွဲ့အစည်းနှင့် နေတတ်လာကြသည်။မိုးဒဏ်၊လေဒဏ်၊နေဒဏ် အစရှိသောသဘာဝဘေးအန္တရာယ်တို့ကို ကာကွယ်ရန် နေထိုင်စရာ အဆောက်အဦတို့ကို တည်ဆောက်ပြီးနေတတ်လာကြသည်။ ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်တတ်လာကြသည်။

ထိုအခါ မိမိတို့နေထိုင်သော အဆောက်အဦများ ပျက်စီးကုန်မည်ကိုလည်းကောင်း၊ မိမိတို့စိုက်ပျိုးထားသော သီးနှံများ ပျက်စီး

ကုန်မည်ကိုလည်းကောင်း၊ မိမိတို့မွေးမြူထားသော တိရစ္ဆာန်များ သေကြေကုန်မည်ကိုလည်းကောင်း ကြောက်ရွံ့တတ်လာကြသည်။ ထို့အပြင် သားသမီးတို့ကို ရလိုကြကုန်၏။ အစာရေစာ ပေါများလိုကုန်၏။ သီးနှံများလည်း အောင်အောင်မြင်မြင် ဖြစ်ထွန်းလိုကုန်၏။ ထိုသို့ ကြောက်ရွံ့မှုများနှင့်အလိုဆန္ဒများကို အကြောင်းပြု၍ အားကိုးရာကို ရှာဖွေကြကုန်၏။ ဖျားနာသောအခါ ဆင်းရဲဒုက္ခရောက်သောအခါတို့၌လည်း အားကိုးရာကို ရှာဖွေကြကုန်၏။ ထိုအခါမှ စတင်ပြီး ကိုးကွယ်သောအလေ့အထ ဖြစ်လာသည်ဟု ယူဆရသည်။

လူသားတို့၏ ကိုးကွယ်မှုသည် တစ်သမတ်တည်း တည်တံ့နေသည်မဟုတ်ဘဲ အတွေ့အကြုံအရ (က) သဘာဝ တရားများအား ကိုးကွယ်ခြင်း (ခ) နတ်များအားကိုးကွယ်ခြင်း (ဂ) တစ်ဆူတည်းသော ဖန်ဆင်းရှင်ဘုရားအား ကိုးကွယ်ခြင်း (ဃ) သက်ရှိလူသား ဘုရားများအား ကိုးကွယ်ခြင်းဟူ၍ အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့သည်။

## (က) သဘာဝတရားများအား ကိုးကွယ်ခြင်း

လူသားတို့ ဦးစွာပထမ ကိုးကွယ်သောအရာများမှာ သစ်ပင်တောတောင်၊ မြေ၊ ရေ၊ လေ၊ မီး၊ နေ၊ မိုးကြိုး အစရှိသော သဘာဝအင်အားစုများ ဖြစ်ကြသည်။

လူသားတို့သည် စားဝတ်နေရေးအတွက် သဘာဝမိခင်တည်းဟူသော ဩကာသလောကကြီးကို ပိုမို၍ မှီခိုအားထားလာကြသည်။ ထိုအခါ သဘာဝအင်အားစုများကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးကို တွေ့ကြုံရသည်လည်း ရှိလာကြသည်။ လိုအင်ဆန္ဒများပြည့်ဝပြီး စိတ်ချမ်းသာမှုများကို တွေ့ကြုံခံစားရသည်လည်း ရှိလာကြသည်။ ဆင်းရဲဒုက္ခများကို တွေ့ကြုံခံစားရသောကြောင့် သဘာဝအင်အားစုများကို ကြောက်ရွံ့လာကြသည်။ လိုအင်ဆန္ဒများနှင့် ပြည့်စုံပြီး စိတ်ချမ်းသာမှုများကို တွေ့ကြုံရသောကြောင့် သဘာဝအင်အားစုများကို နှစ်သက်သဘောကျလာကြသည်။ ထိုသို့

ကြောက်ရွံ့မှုနှင့် အလိုဆန္ဒများ ပြည့်စုံခြင်းတို့ကို အကြောင်းပြု၍ သဘာဝတရားများအား ကိုးကွယ်မှု စတင်လာခြင်း ဖြစ်မည်ဟု ယူဆရသည်။

ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာသောအခါ၌လည်းကောင်း၊ ဖျားနာသောအခါ၌လည်းကောင်း၊ ဘေးဒုက္ခနှင့်တွေ့ကြုံရသော အခါ၌ လည်းကောင်း၊ သေသောအခါ၌လည်းကောင်း၊ သားသမီးများ ထွန်းကားလိုသောအခါ၌လည်းကောင်း၊ ကောက်ပဲသီးနှံများ အောင်မြင်စွာ ဖြစ်ထွန်းစေလိုသောအခါ၌လည်းကောင်း လူမျိုးစုများ အားလုံးစုပေါင်း၍ ကကြ ခုန်ကြ အော်ဟစ်ကြကုန်၏။ သဘာဝ အင်အားစုများကို တောင်းပန်တိုးလျှိုးကြကုန်၏။ ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့် အကြောက်တရားများ ပြေပြောက်သောအခါလည်း ရှိ၏။ မပြေပျောက်သော အခါလည်းရှိ၏။ လိုအင် ဆန္ဒများ ပြည့်စုံသောအခါလည်းရှိ၏။ မပြည့်စုံသောအခါလည်းရှိ၏။

အကြောက်တရားများ ပြေပျောက်ပြီး လိုအင်ဆန္ဒများနှင့် ပြည့်စုံသောအခါ ယင်းတို့၏ ကိုးကွယ်ပူဇော်မှုကြောင့် ကိုးကွယ် ပူဇော်ခြင်းခံရသော သဘာဝအင်အားစုများက ကျေနပ်သဘောကျ၍ ဆုလာဘ် ပေးသနားခြင်းဖြစ်သည်ဟု ယူဆကြကာ ကိုးကွယ် ပူဇော်ခြင်းကို ပို၍ပြုလုပ် လာကြကုန်၏။ အကြောက်တရားများ ပြေပျောက်ခြင်းမရှိ၊ လိုအင်ဆန္ဒများနှင့်လည်း ပြည့်စုံခြင်း မရှိသော အခါ သဘာဝ အင်အားစုများက မကျေနပ်၍ ဒဏ်ခတ်ခြင်းဖြစ်သည် ဟု ယူဆကြပြီး ကျေနပ်မှုရှိစေရန် ကိုးကွယ်ပူဇော်မှုများကို တိုး၍ ပြုလုပ်လာကြကုန်၏။

## သစ်ပင်တောတောင်များအား ကိုးကွယ်ခြင်း

သစ်ပင်ကြီးများ ရှိရာအရပ်သို့ ရောက်သောအခါ၌ လည်းကောင်း၊ တောအုပ်အတွင်းသို့ ဝင်ရောက်သောအခါ၌ လည်းကောင်း သစ်ရွက်သစ်ခက်တို့၏ ပွတ်တိုက်လှုပ်ရှားသံ တို့သည်

လူသားတို့အား ကြောက်ရွံ့ခြင်းကို ဖြစ်စေ၏။ တောင်ပြိုခြင်းကြောင့် အသက်ဆုံးရှုံးမှု၊ သီးနှံများပျက်စီးမှု အစရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို တွေ့ကြုံခံစားကြရကုန်၏။ မိုးရွာခြင်း နေပူခြင်း အစရှိသော ရာသီဥတုဒဏ်ကို ခံစားရသူများအတွက် သစ်ပင် တောတောင်တို့၏ အရိပ်အာဝါသ အကာအကွယ်သည် နှစ်သက်ဖွယ် ဖြစ်၏။ ထို့ကြောင့် သစ်ပင် တောတောင်များအား ကိုးကွယ်သော အလေ့အထ ဖြစ်ပေါ်လာသည်ဟု ယူဆနိုင်သည်။

## ကမ္ဘာမြေကြီးအား ကိုးကွယ်ခြင်း

ကမ္ဘာမြေကြီးသည် သတ္တဝါမှန်သမျှတို့၏ မှီခို အားထားရာ ဖြစ်သည်။ ကမ္ဘာမြေကြီးမရှိလျှင် သတ္တလောကကြီးလည်း တည်ရှိနိုင်မည် မဟုတ်ပေ။ ကမ္ဘာမြေကြီးကိုမှီခို၍ နေထိုင်ကြသော သတ္တဝါတို့သည် မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း အစရှိသော အကြောင်းတို့ကြောင့် နေအိမ်များ ပျက်စီးရခြင်း၊ သီးနှံများ ပျက်စီးရခြင်း၊ လူနှင့် မွေးမြူထားသောတိရစ္ဆာန်တို့ အသက်ဆုံးရှုံးရခြင်း အစရှိသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ခံစားကြရကုန်၏။ ကမ္ဘာမြေကြီးကို အကြောင်းပြု၍ သတ္တဝါတို့သည် များစွာသော ချမ်းသာသုခတို့ကိုလည်း ခံစားကြရကုန်၏။ ထိုအကြောင်းတို့ကြောင့် ကမ္ဘာမြေကြီး၏ ဂုဏ်ပုဒ်တို့ကို အမျိုးမျိုးသီကုံးဖွဲ့ဆို၍ ပူဇော်ကြကုန်၏။ ကိုးကွယ်ကြကုန်၏။

## ရေ နှင့် မြစ် ချောင်း အင်းအိုင် သမုဒ္ဒရာများအားကိုးကွယ်ခြင်း

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြစ်ချောင်း အင်းအိုင်တို့မှ ရေများလျှံတက်လာသောအခါ လူတို့နေထိုင်သော အဆောက်အဦများ ရေထဲသို့ မျောပါကုန်၏။ စိုက်ပျိုးထားသော သီးနှံများ ပျက်စီးကုန်၏။ လူနှင့်မွေးမြူထားသော တိရစ္ဆာန်များ အသက်ဆုံးရှုံးကုန်၏။ ထိုသို့ လျှံတက်လာသောရေများကို ရပ်တန့်

သွားစေရန် မစွမ်းဆောင်နိုင်သောကြောင့် ရေနှင့် မြစ်ချောင်း အင်းအိုင် သမုဒ္ဒရာတို့ကို ကြောက်ရွံ့ကြကုန်၏။

ထို့အပြင် မိုးရွာသွန်းမှု နည်းသောကြောင့် စိုက်ပျိုး ထားသော သီးနှံများ အောင်မြင်ဖြစ်ထွန်းခြင်းမရှိဘဲ ပျက်စီးကုန်သောအခါ ရေကို အလိုရှိသော်လည်း ရရှိအောင်မလုပ်နိုင်ကြကုန်။ ထို့ကြောင့် ရေသည် လူသားတို့အား ကြောက်ရွံ့စေသောအရာ ဖြစ်လာသည်။ ထိုမှတစ်ပါး ရေနှင့်မြစ်ချောင်းအင်းအိုင် သမုဒ္ဒရာတို့ကို အကြောင်းပြု၍ သတ္တဝါတို့ သည် များစွာသော ချမ်းသာသုခတို့ကို ခံစားရသောအခါလည်း ရှိကုန်၏။ ထိုအကြောင်းတို့ကြောင့် ရေနှင့်မြစ်ချောင်း အင်းအိုင် သမုဒ္ဒရာတို့အား ကိုးကွယ်သောဓလေ့ ဖြစ်ပေါ်လာဟန် တူသည်။

## လေအား ကိုးကွယ်ခြင်း

လေပြင်းထန်စွာ တိုက်ခတ်သောကြောင့် လူတို့ နေထိုင်သော အိုးအိမ်များနှင့် စိုက်ပျိုးထားသော သီးနှံများ ပျက်စီးကုန်၏။ မွေးမြူထားသော တိရစ္ဆာန်များ သေကုန်၏။ ထို့ကြောင့် လေကို ကြောက်ရွံ့ကြကုန်၏။ ထို့အပြင် လေကို အကြောင်းပြု၍လည်း သတ္တဝါတို့အား အမျိုးမျိုးသော ချမ်းသာသုခတို့သည် ဖြစ်ပေါ် လာကုန်၏။ ဤအကြောင်းတို့ကြောင့် လေအား ကိုးကွယ်သော အလေ့အထ ဖြစ်ပေါ်လာသည်ဟု ယူဆနိုင်သည်။

## မီးအား ကိုးကွယ်ခြင်း

လူသားတို့ မီးကို စတင်တွေ့ရှိပုံတွေ့ရှိနည်းကို တပ်အပ် သေချာစွာ မပြောနိုင်သော်လည်း ကျောက်တုံးကျောက်ခဲများဖြင့် လက်နက်များကို ပြုလုပ်ရာမှသော်လည်းကောင်း၊ အမဲလိုက် ထွက်ခါနီးအချိန်၌ အော်ကြဟစ်ကြပြီး တစ်ဦးနှင့်တစ်ဦး လက်နက်ခြင်း ရိုက်ခတ်ရာမှသော်လည်းကောင်း မီးဖွားကလေးများ ပွင့်ထွက်ကာ သစ်ရွက်ခြောက်များကို စွဲလောင်ရာမှ မီးကို စတင်တွေ့ရှိခြင်း ဖြစ်မည်ဟု ယူဆနိုင်သည်။ ထို့အပြင် လေပြင်းမုန်တိုင်း

တိုက်ခတ်ခြင်းကြောင့် သစ်တောအတွင်း၌ ရှိသောသစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်များသည် အချင်းချင်း ပွတ်တိုက်မိ၍ မီးပွင့်ပြီး တောမီးများ စတင်လောင်ကျွမ်းရာမှ မီးကို စတင်တွေ့ရှိခြင်းလည်း ဖြစ်နိုင်သည်။

တောမီးလောင်သောအခါ လူတို့နေထိုင်ရာအိမ်များ စိုက်ပျိုးထားသော သီးနှံများနှင့် မွေးမြူထားသော တိရစ္ဆာန်များ ကိုပါ ကူးစက်လောင်ကျွမ်းခြင်းခံရသောကြောင့် မီးကိုကြောက်ရွံ့ကြပေမည်။

ထို့အပြင် မီးသည် လူသားတို့အား ဒုက္ခပေးရုံသက်သက် မဟုတ်ဘဲ အကျိုးကျေးဇူးများပေးနိုင်သည်ကိုလည်း တဖြည်းဖြည်း သိရှိသဘောပေါက်လာကြသည်။ မီးသည် သားရဲတိရစ္ဆာန်တို့ကို ခြောက်လှန့်ရာ၌လည်းကောင်း၊ အအေးဓာတ်များကို ပယ်ဖျောက်ရာ၌လည်းကောင်း၊ လက်နက်များကို ပြုလုပ်ရာ၌လည်းကောင်း များစွာ အသုံးဝင်သည်ကို သိရှိလာကြသည်။ အမှောင်ကြောင့် ဖြစ်ပေါ်လာသော လူသားတို့၏ ကြောက်ရွံ့စိတ်ကို ပယ်ဖျောက်ပေးနိုင်သည်ကိုလည်း နားလည်လာကြသည်။ ထို့ကြောင့်မီးအား ကိုးကွယ်ရာကြီးတစ်ခုဟု ယူဆကာ ကိုးကွယ်ပူဇော်မှုများ ပြုလုပ်လာကြသည်။ မီး၏ ဂုဏ်ကျေးဇူးများကို တေးသီချင်းများ အဖြစ် သီကုံးဖွဲ့နွဲ့ကာ သီဆိုပြီး ပူဇော်လာကြသည်။

## နေအား ကိုးကွယ်ခြင်း

လူတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် (၂၃½) ဒီဂရီ တိမ်းစောင်းကာ နေကိုဗဟိုပြု၍ လှည့်ပတ်နေသည်။ ထို့ကြောင့် နေ့နှင့်ညဟူ၍ ဖြစ်ပေါ်လာသည်။ ကမ္ဘာ့မြေမျက်နှာပြင်သည် နေနှင့်အနီးအဝေး ပြောင်းလဲနေသည်။ နေနှင့်အနီးဆုံးဖြစ်သော အချိန်သည် အပူဆုံးအချိန်ဖြစ်ပြီး နေနှင့်အဝေးဆုံးဖြစ်သော အချိန်သည် အအေးဆုံးအချိန်ဖြစ်သည်။ အပူဆုံးအချိန်၌ သီးနှံများကို စိုက်ပျိုးမိကြသောအခါ သီးနှံများ ခြောက်သွေ့ပျက်စီးကုန်၏။

နေ၏အပူချိန် လျော့နည်းသွားစေရန် မလုပ်နိုင်ကြသောကြောင့် နေအားတောင်းပန်တိုးလျှိုးကြ၏။ ပူဇော်ကြ၏။ အရိုအသေ ပြုကြ၏။

အအေးဆုံးအချိန်၌ သီးနှံများကို စိုက်ပျိုးမိကြသောအခါ နေ၏စွမ်းအင်ကို အပြည့်အဝမရသောကြောင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းခြင်း မရှိကုန်။ လုံလောက်သော နေ၏စွမ်းအင်ကို ရရှိစေရန် မလုပ်ဆောင်နိုင်ကြသောကြောင့် နေကို တောင်းပန် တိုးလျှိုးကြသည်။ ထို့အပြင် နေပူရှိန် ပြင်းထန်လွန်းသောကြောင့် လူများ တိရစ္ဆာန်များ အသက်ဆုံးရှုံးကုန်သောအခါ၌လည်း နေအား တောင်းပန်ခြင်း ပူဇော်ခြင်း အလုပ်များကို လုပ်ဆောင်ကြသည်။

သတ္တဝါတို့သည် အမှောင်ကို ကြောက်ကြသည်။ ထို့ကြောင့် ညအချိန်ရောက်သောအခါ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာကြပြီး အလင်းဓာတ်ကို ပေးစွမ်းနိုင်သောနေအား တောင့်တကြသည်။ နေအမြန်ဆုံး ထွက်လာစေရန် တောင်းပန်ကြသည်။ နေ့အချိန်၌ ထွက်ပေါ်လာသောနေသည် အနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားမည်ကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် အနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ် မသွားစေရန် နေအား ပူဇော်ကြသည်။

လူသားတို့သည် ဩကာသ လောကကြီးကို သတိပြုကြည့်ရှုရာ၌ နေအား ရှေးဦးစွာ သတိပြုမိကြပေလိမ့်မည်။ ထို့ကြောင့် ကိုးကွယ်ပူဇော်မှုကို ပြုလုပ်ရာ၌ နေအား ကိုးကွယ် ပူဇော်ခြင်းသည် အစောဆုံး ရှေးအကျဆုံး ဖြစ်သည်ဟု ယူဆနိုင်သည်။ နေ၏ စွမ်းအားများ ဂုဏ်ကျေးဇူးများကိုလည်း ထုတ်ဖော်ပြောဆို၍ ပူဇော်ကြသည်။ နေအား ရှိခိုးပူဇော်မှုသည် ယခုခေတ်တိုင်အောင် ပြုလုပ်နေကြဆဲဖြစ်သည်။

## မိုးကြိုးအား ကိုးကွယ်ခြင်း

မိုးထစ်ချုန်းသံများနှင့် လျှပ်စီးလက်ခြင်းတို့သည် လူသားတို့နှင့်တကွ သက်ရှိသတ္တဝါ အားလုံးတို့အား ကြောက်ရွံ့စိတ်ကို ဖြစ်စေသည်။ မိုးကြိုးပစ်ခြင်းခံရ၍ လူ့အသုံးအဆောင်များ ပျက်စီးခြင်း၊

လူနှင့်တိရစ္ဆာန်တို့၏ အသက်များဆုံးရှုံးရခြင်း အစရှိသော ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံခံစားရသောအခါ မိုးကြိုးအား ကိုးကွယ်ရာတစ်ခုအဖြစ် သတ်မှတ်ပြီး ကိုးကွယ်ပူဇော်လာကြခြင်း ဖြစ်ဟန်တူသည်။

## (ခ) နတ်များအား ကိုးကွယ်ခြင်း

လူသားတို့သည် မိမိတို့နှင့် ဆက်စပ်နေသော သဘာဝ ပတ်ဝန်းကျင်များကို စူးစမ်းလေ့လာကြသည်။ တွေးတော ဆင်ခြင်ကြသည်။ ထိုအခါ လူသားတို့၏ အသိဉာဏ်သည် တဖြည်းဖြည်းဖွံ့ဖြိုး တိုးတက်လာသည်။ သဘာဝတရားများကိုသာ ကိုးကွယ်နေရာမှ ထိုကိုးကွယ်ခံရသော သဘာဝတရား များ၏ နောက်ကွယ်၌ တန်ခိုးကြီးမားသော သက်ရှိပုဂ္ဂိုလ်များ ရှိရမည်ဟု ထင်မှတ်လာကြသည်။ သဘာဝတရားများအား ကိုးကွယ်နေရုံမျှဖြင့် အကျိုးမရှိနိုင်။ သဘာဝတရားများ၏ နောက်ကွယ်၌ရှိနေသော တန်ခိုးကြီးမားသော သက်ရှိများကို ကိုးကွယ်ပူဇော်မှသာလျှင် အကျိုးရှိနိုင်မည်ဟု ယူဆလာကြသည်။ ထိုအခါမှစတင်၍ နတ် ကိုးကွယ်ခြင်း အလေ့အထ ဖြစ်လာဟန်တူသည်။

လူသားတို့ တွေ့ဆုံရင်ဆိုင်ကြရသော သဘာဝအင်အားစု များသည် အများအပြား ရှိသောကြောင့် နတ်များလည်း အများအပြား ရှိသည်ဟု ယူဆကြသည်။ ပရိထဝိ (PRITHVI)၊ သောမ (SOMA)၊ အဂ္ဂနိ (AGNI) အစရှိသော ကမ္ဘာမြေကြီးနှင့် သက်ဆိုင်သော နတ်(၁၁)ဦး၊ ဣန္ဒြ (INDRA)၊ ဝါယု (VAYU)၊ မရုတ (MARUTA)၊ ပရ်ဇည (PARJANYA) အစရှိသော လေထုပိုင်းနှင့် သက်ဆိုင်သော နတ် (၁၁) ဦး၊ ဒျောသ (DYAUS)၊ အရှ်ဝိန် (ASHVIN)၊ ဝရဏ (VARUNA)၊ စုရ်ယ (SURYA)၊ စာဝိတရိ (SAVITARI)၊ ဝိရှ်နု (VISHNU) အစရှိသော ကောင်းကင်နှင့် သက်ဆိုင်သော နတ် (၁၁) ဦး၊ ဤ (၃၃)ဦးသော နတ်တို့သည် အထင်ရှားဆုံး နတ်များ ဖြစ်ကြသည်။

ထို့အပြင် မုန်တိုင်းနတ် အစရှိသော မထင်ရှားသော နတ်များလည်း အများအပြားရှိသေးသည်။ ထိုနတ်များ အားလုံးအား လူသားတိုင်း ကိုးကွယ်ကြသည်မဟုတ်ကုန်။ ပင်လယ်အနီး၌ နေကုန်သော သူတို့သည် ပင်လယ်နှင့် သက်ဆိုင်သော နတ်များကို အဓိကထား၍ ကိုးကွယ်ကြကုန်၏။ တောတောင်အနီး၌ နေကုန်သော သူတို့သည် တောတောင်နှင့် သက်ဆိုင်သော နတ်များကိုသာ အဓိကထား၍ ကိုးကွယ်ကြ ကုန်၏။ သို့ရာတွင် လူသားတိုင်းသည် နေ အရဏ် လေ မီး မိုးကြိုးဟူသော သဘာဝတရားတို့နှင့် ဆက်ဆံနေရသောကြောင့် ထိုသဘာဝတရားတို့မှ ဖြစ်ပေါ်လာသော နတ်များကို လူသားတိုင်း ကိုးကွယ်ကြသည်ဟု ယူဆရသည်။

သဘာဝတရားများမှ ဆင်းသက်လာသော နတ်များအပြင် ကာမနတ်၊ ပြဇာပတိနတ်၊ ဗြိဟပ္ပတိနတ်၊ အဒိတိနတ် အစရှိသော စိတ္တဇ (စိတ်ကြောင့်ဖြစ်ပေါ်လာသောနတ်)ဆိုင်ရာ နတ်များကို လည်းကောင်း၊ ယဇ်ပူဇော်ရာ၌ စီမံကြီးကြပ်ပေးသော ပုရောဟိတ် များကိုလည်းကောင်း၊ မြင်း၊ နွားမ၊ မြွေနဂါး အစရှိသော တိရစ္ဆာန်များကိုလည်းကောင်း ကိုးကွယ်ပူဇော်ကြသေးသည်။

## (ဂ) ဖန်ဆင်းရှင်ဘုရားအား ကိုးကွယ်ခြင်း

လူမျိုးစု အသီးသီးတို့သည် တစ်နေရာတည်း၌ အမြဲတမ်း အခြေချ နေထိုင်ကြသည် မဟုတ်ကြကုန်။ ရေကြည်ရာ မြက်နုရာ အစာရေစာ ပေါများရာ ဒေသများသို့ ပြောင်းရွှေ့ နေထိုင် ကြကုန်၏။ ထိုအခါ လူမျိုးစုများအကြား၌ မြေနေရာ လုမှုများ ဖြစ်ပေါ်လာပြီး အချင်းချင်း တိုက်ခိုက်ကြကုန်၏။ အနိုင်ရရှိသော သူတို့သည် ရှုံးနိမ့်သူများကို အုပ်ချုပ်ကြကုန်၏။ အနိုင်ရရှိသောသူတို့ ကိုးကွယ်သော နတ်များသည် ရှုံးနိမ့်သော သူတို့ ကိုးကွယ်သော နတ်များထက် ပို၍ တန်ခိုးကြီးသည်ဟု ယုံကြည်လာကြကုန်၏။ ထိုအခါ အဓိကထား၍ ကိုးကွယ်သော နတ်များ နည်းပါးလာ၏။

နောက်ပိုင်းတွင် နတ်အများအား ကိုးကွယ်ရာမှ နေ လေ မိး ဟူသော နတ်(၃)ဦးကိုသာ အဓိက ထား၍ ကိုးကွယ်ကြကုန်၏။

နေသည် အထက်ကောင်းကင်ဘုံကို ကိုယ်စားပြု သော နတ်မင်းကြီးတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း၊ လေသည် လေထုပိုင်းကို ကိုယ်စားပြုသော နတ်မင်းကြီးတစ်ဦး ဖြစ်သည် ဟူ၍လည်းကောင်း၊ မီးသည် ကမ္ဘာမြေကြီးကို ကိုယ်စားပြုသော နတ်မင်းကြီးတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း ယူဆလာကြသည်။

ထိုသို့ နေ၊လေ၊မီး ဟူသော နတ်မင်းကြီး (၃) ဦး တို့ကို အဓိက ထား၍ ကိုးကွယ်ပူဇော်လာရာမှ တဖြည်းဖြည်းနှင့် ထိုနတ်မင်းကြီး သုံးဦးတို့၏ သဘောသဘာဝကို စူးစမ်းလေ့လာ ကြသည်။ ထိုအခါ ၎င်းနတ်မင်းကြီးသုံးဦးတို့သည် အမှန်တကယ် အားဖြင့် မီးနတ်မင်းကြီးတစ်ဦးတည်း၏ ကွဲပြားသောအသွင် သုံးမျိုးသာဖြစ်သည်ဟု သိမြင်လာပြီး ကမ္ဘာကြီးကို မီးနတ်မင်းကြီး တစ်ဦးတည်းကသာ အသွင်အမျိုးမျိုးဖြင့် စိုးမိုးအုပ်ချုပ်သည်ဟု ယူဆလာကြသည်။

ထိုမှတစ်ဆင့်တက်၍ မီးနတ်မင်းကြီးသည် သက်ရှိ လောက သက်မဲ့လောကနှင့်တကွ ကမ္ဘာကြီးကို ဖန်ဆင်းသူ ဖြစ်သည်။ မည်သည့်အချိန်အခါ၌မျှ ပျောက်ကွယ်ပျက်စီးခြင်းမရှိ။ အမြဲတည်ရှိ နေသော ထာဝရ ဘုရားသခင်ဖြစ်သည်ဟု ယုံကြည်လာကြသည်။ ထိုသို့ယုံကြည်ရာမှ ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်အား ကိုးကွယ် ပူဇော်ခြင်း အလေ့အထ ဖြစ်လာဟန်တူသည်။

ထိုဖန်ဆင်းရှင် ထာဝရဘုရားသခင်အား ပုရှ၊ဝိဿကမ္မ၊ ဟိရညဂဗ္ဘ၊ ပဇာပတိ စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ခဲ့ကြပြီး နောက်ဆုံးတွင် ဗြဟ္မာဟူ၍လည်းကောင်း၊ အတ္တဟူ၍ လည်းကောင်း ခေါ်ဝေါ်လာကြကာ ဗြဟ္မာကြီးအား ကိုးကွယ်ပူဇော်ခြင်း ဖြစ်သည်ဟု ယူဆရသည်။

## (ဃ) သက်ရှိလူသားဘုရားများအား ကိုးကွယ်ခြင်း

ဘီစီ (၆) ရာစု ဝန်းကျင်ခန့် ရောက်သောအခါ ကမ္ဘာ အရပ်ရပ်၌ သက်ရှိလူသား ဘုရားများ အများအပြား ပေါ်ထွန်း လာခဲ့သည်။ မိမိကိုယ်ကို ဘုရားဟု ဝန်ခံသူများရှိသကဲ့သို့ ဘုရားဟု ဝန်မခံသော်လည်း ဘုရားဟုဝန်ခံသူများနည်းတူ အယူဝါဒ အသစ် များကို ထုတ်ဖော်ဟောကြားသူများလည်း အများအပြား ရှိခဲ့သည်။

အိန္ဒိယပြည်တွင် ပေါ်ထွန်းခဲ့သော ဂေါတမဗုဒ္ဓ (B.C-563)၊ ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ(မဟာဝီရ) (B.C-599)၊ သဉ္စယဗေလဋ္ဌပုတ္တတို့သည် ဘုရားဟု ဝန်ခံသူများ ဖြစ်ကြသည်။

တရုတ်ပြည်တွင် ပေါ်ထွန်းခဲ့သော ကွန်ဖြူးရှပ် (B.C-551) နှင့် လာအိုဇူ (B.C-604)၊ ဣသရေလ တိုင်းပြည်တွင် ပေါ်ထွန်းခဲ့သော မိုးဇက်ခေါ်မောရှည်၊ အီရန်(ပါရှား)ပြည်တွင် ပေါ်ထွန်းခဲ့သော ဇိုရိုအက်စတာ(B.C-800)၊ ဂရိပြည်တွင်ပေါ်ထွန်း ခဲ့သော သေးလိ(စ်) (Thales) (B.C-640-550)၊ အနက်ဇီမင်းဒါး (Anaximander) (B.C-610-546))၊အနက်ဇီမိနိ (Anaximenes) (B.C-588-525)၊ ပိုက်သဂိုရပ်(စ်) (Pythagoras) (B.C-582-506) အစရှိသောဆရာကြီးများသည် ဘုရားဟု ဝန်မခံသော်လည်း လောက အမြင် အယူဝါဒအသစ် အမျိုးမျိုးကို ဟောကြားခဲ့ပြီး လူတို့အတွက် ကိုယ်ကျင့်တရားများကို ချမှတ်ပေးခဲ့ကြသည်။

အထက်ပါ ဘုရားဟုဝန်ခံသူများနှင့် ဘုရားဟုဝန်မခံ သော်လည်း အယူဝါဒအသစ်များကို ထုတ်ဖော်ဟောကြားသော ပုဂ္ဂိုလ်များ၏ အယူအဆများနှင့် ကိုယ်ကျင့်တရား သတ်မှတ်ချက် များကို လူသားတို့သည် လိုက်နာကျင့်သုံးကြပြီး ထိုပုဂ္ဂိုလ်တို့အား ယုံကြည်အားကိုးလာရာမှ သက်ရှိလူသား ဘုရားများအား ကိုးကွယ် သောခေတ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

# အခန်း (၂)
# လက်တွေ့ကျင့်ကြံခြင်း

လူသားတို့သည် မူလကကြောက်ရွံ့မှု အလိုဆန္ဒ ပြည့်စုံလိုမှုတို့ကို အကြောင်းပြု၍ ကိုးကွယ်ပူဇော်ခြင်းကို ပြုလုပ်ကြသော်လည်း နောက်ပိုင်းတွင် အတ္တမံ(ဗြဟ္မာကြီး)ကို သိရှိလိုခြင်းကို အကြောင်းပြု၍ ကိုးကွယ်ပူဇော်ခြင်းကို ပြုလုပ်လာကြသည်။

ထိုသို့ ကိုးကွယ်ပူဇော်ခြင်းများသည်လည်း အချိန်ကာလကြာမြင့်လာသောအခါ လူသားတို့၏ စိတ်သန္တာန်၌ ငြိငွေ့ စရာများဖြစ်လာခဲ့ကြသည်။ လူသားတို့၏ စိတ်သန္တာန်၌ အသိဉာဏ်ပိုမိုရင့်သန်လာပြီး ဆင်ခြင်ဉာဏ်နှင့်လည်း ပိုမိုပြည့်စုံ လာကြသည်။ လူသားတို့၏ ဘာသာရေးအယူအဆများသည်လည်း တိုးတက်ဆန်းသစ် လာခဲ့သည်။

အသိဉာဏ်ပညာနှင့်ပြည့်စုံသော မင်းမျိုးမင်းနွယ်တို့ အပါအဝင် အချို့သောသူတို့သည် ကိုးကွယ်မှု ပူဇော်ပသမှု အစရှိသော ဘာသာရေးလုပ်ငန်းများကို ဝေဖန်သုံးသပ်လာကြသောအခါ လက်တွေ့ အကျိုးမရှိသော၊ အနှစ်မပါအကာသက်သက်မျှသာဖြစ်သော လုပ်ငန်းများဖြစ်ကြောင်း နားလည်သဘောပေါက်လာကြသည်။

ကထာဉပနိသျှဒ်တွင် ဝေဒက အတ္တမံသို့ ရောက်အောင် မပို့နိုင်၊ ဉာဏ်ရှိရုံနှင့်လည်း အတ္တမံကို မသိရှိနိုင်၊ စာအုပ်ထဲက ဗဟုသုတ ရှိရုံမျှနှင့်လည်း အတ္တမံကို မရယူနိုင်ဟူ၍လည်းကောင်း၊ အဲတရေယ အာရညကတွင် မည်သည့်အရာကို ရည်ရွယ်ပြီး ဝေဒများကို ရွတ်ဖတ်နေကြသလဲ၊ မည်သည့်အရာကို မျှော်လင့်ပြီး ယဇ်ပူဇော်မှုများကို ပြုလုပ်နေကြသလဲဟူ၍ လည်းကောင်း ဖော်ပြထားကြသည်။ မေးခွန်း ထုတ်ထားကြသည်။ ထိုအချက်များသည် လက်တွေ့ကျင့်ကြံမှုကို ပြုလုပ်ရန် တွန်းအားပေးနေကြသည်။

ထို့အပြင် ဗြာဟ္မဏ (ယဇ်ပုရောဟိတ်) တို့နှင့် ဆက်သွယ်၍ ကိုးကွယ်ပူဇော်ပသခြင်းထက် မိမိကိုယ်တိုင် ယထာဘူတကျကျ တွေးခေါ်ဆင်ခြင်ခြင်း၊ လက်တွေ့ကျကျ ကျင့်ကြံအားထုတ်ခြင်း၊ မိမိစိတ်ကို ထိန်းသိမ်းခြင်းတို့သည်သာလျှင် လက်တွေ့အကျိုးရှိနိုင်ကြောင်း နားလည်သဘောပေါက် လာကြသည်။ ထို့ကြောင့် လက်တွေ့ကျင့်ကြံခြင်း အလေ့အထ ပေါ်ထွန်းလာသည်။

မူလက မိမိတို့နေထိုင်သောအိမ်နှင့် မိသားစု အသိုင်းအဝိုင်းကို မစွန့်ခွါဘဲ လက်တွေ့ ကျင့်ကြံအားထုတ်ခြင်းကို ပြုလုပ်ကြသော်လည်း နောက်ပိုင်းတွင် လူများနှင့်အတူ နေထိုင်ပြီး ကျင့်ကြံအားထုတ်ခြင်းထက် လူသူမရှိသောနေရာသို့သွား၍ ကျင့်ကြံအားထုတ်ခြင်းက ပိုမို၍ အကျိုးရှိနိုင်ကြောင်း နားလည်သိရှိလာကြသည်။ ထိုအခါ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွါပြီး တောထွက်၍ တရားအားထုတ်သူများ ပေါ်ထွန်းလာခဲ့သည်။

သမဏ(ရဟန်း)၊ မုနိ (ဆိတ်ဆိတ်နေသော အကျင့်ရှိသောသူ)၊ အာဇီဝက(တက္ကတွန်း၊ ကိုယ်၌အဝတ်မကပ် အချည်းစည်းနေသောတိတ္ထိ)၊ နိဂဏ္ဌ(ကိလေသာအထုံးအဖွဲ့မရှိဟု ဆိုလေ့ရှိသော တက္ကတွန်း)၊ ဇဋိလ (ဆံကျစ်ထုံးသောရသေ့)၊ တာပသ (ခြိုးခြံသောအကျင့်ရှိသူ၊ ရသေ့) အစရှိသော အမည်များသည် တောထွက်၍ တရားကျင့်သူများ၏အမည်များ ဖြစ်ကြသည်။

(မှတ်ချက်။ သီလက္ခန်ဝဂ္ဂပါဠိတော်အရ သမဏဟူသော အမည်သည် ဘုရားရှင် မပွင့်မီက ရှိနှင့်နေပြီးဖြစ်သော ဝေါဟာရဖြစ်သည်။ ဘုရားရှင် ပွင့်တော်မူလာသောအခါ သမဏဟူသည် အမျက်ထွက်ခြင်းမရှိသော၊ နှလုံးမသာယာခြင်း မရှိသော၊ မေတ္တာနှင့်ယှဉ်သောစိတ်ကို ပွားများသော၊ အာသဝေါတရားတို့ ကုန်ခန်းသွားခြင်းကြောင့် အာသဝေါတရား မရှိသော၊ စိတ်၏ကိလေသာတို့မှ လွတ်ခြင်းရှိသော၊ ပညာဖြင့် စိတ်၏ ကိလေသာတို့မှ လွတ်မြောက်သော၊ ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍နေသော ပုဂ္ဂိုလ်ကို ခေါ်ကြောင်း ရှင်းပြတော်မူသည်။

စူဠနိဒ္ဒေသပါဠိတော်အရ အိမ်၌နေထိုင်ပြီး ကျင့်ကြံသူကို အဂါရမုနိဟုခေါ်ပြီး ရသေ့ရဟန်းဝတ်၍ တောထွက်ပြီး ကျင့်ကြံသူကို အနာဂါရမုနိ

ဟုခေါ်သည်။ စင်စစ်အားဖြင့် ဤမုနိဟူသောဝေါဟာရသည်လည်း ဘုရားရှင် မပွင့်မီကထဲက ရှိနှင့်နေပြီးဖြစ်သည်။ ဘုရားရှင် ပွင့်တော်မူလာသောအခါ ကိုယ်နှုတ်စိတ် သုံးပါးလုံးကို ထိန်းချုပ်နိုင်သောသူကိုသာ မုနိခေါ်နိုင်ကြောင်းနှင့် (၁) အဂါရမုနိ (၂)အနာဂါရမုနိ (၃) သေခမုနိ (၄) အသေခမုနိ (၅)ပစ္စေကမုနိ (၆)မုနိမုနိဟု မုနိ ခြောက်မျိုးရှိကြောင်း ရှင်းလင်းဟောကြားတော်မူသည်။)

ယင်းတို့ လက်တွေ့ကျင့်ကြံသော ရှေးဦးအကျင့်များမှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ ဟတ္ထိဝတ = ဆင်အကျင့်၊ ဆင်တို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင် စားသောက်သော အကျင့်

၂။ အဿဝတ = မြင်းအကျင့်၊ မြင်းတို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သော အကျင့်

၃။ ဂေါဝတ = နွားအကျင့်၊ နွားတို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သော အကျင့်

၄။ ကုက္ကုရဝတ = ခွေးအကျင့်၊ ခွေးတို့ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သော အကျင့်

၅။ ကာကဝတ = ကျီးအကျင့်၊ ကျီးတို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင် စားသောက်သောအကျင့်

၆။ ဝါသုဒေဝဝတ = ဝါသုဒေဝနတ်မင်း(ဗိဿနိုးနတ်)၏ နေထိုင်စားသောက်ပုံများကို အတုယူ၍နေထိုင်စားသောက်သောအကျင့်

၇။ ဗလဒေဝဝတ = ဗလဒေဝနတ်မင်း[ကြီး]၏ နေထိုင်စားသောက်ပုံများကို

| | | | |
|---|---|---|---|
| | | | အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၈။ | ဂန္ဓဗ္ဗဝတ | = | ဂန္ဓဗ္ဗနတ်မင်းကြီး၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင် စားသောက်သောအကျင့် |
| ၉။ | မဟာရာဇဝတ | = | နတ်မင်းကြီး၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၁၀။ | ဣန္ဒဝတ | = | သိကြားမင်း၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၁၁။ | ဗြဟ္မဝတ | = | ဗြဟ္မာမင်းကြီး၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၁၂။ | ဒေဝ ဝတ | = | နတ်တို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၁၃။ | ပုဏ္ဏဘဒ္ဒဝတ | = | ပုဏ္ဏဘဒ္ဒဘီလူး၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၁၄။ | မဏိဘဒ္ဒဝတ | = | မဏိဘဒ္ဒဘီလူး၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |
| ၁၅။ | နာဂဝတ | = | နဂါးတို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့် |

၂၆၈၁၅

၁၆။ သုပဏ္ဏဝတ = ဂဠုန်တို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့်
၁၇။ ယက္ခဝတ = ဘီလူးတို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့်
၁၈။ အသုရဝတ = အသုရာမည်သော ယုတ်ညံ့သောနတ်တို့၏ နေထိုင်စားသောက်ပုံများကို အတုယူ၍ နေထိုင်စားသောက်သောအကျင့်
၁၉။ အဂ္ဂိဝတ = မီး၏ အမှုအရာ စွမ်းရည်တို့ကို အတုယူ၍ ကျင့်ကြံသောအကျင့်
၂၀။ စန္ဒဝတ = လ၏ အမှုအရာ စွမ်းရည်တို့ကို အတုယူ၍ ကျင့်ကြံသောအကျင့်
၂၁။ သူရိယဝတ = နေ၏ အမှုအရာ စွမ်းရည်တို့ကို အတုယူ၍ ကျင့်ကြံသောအကျင့်
၂၂။ ဒိသာဝတ = အရှေ့အရပ်အစရှိသော အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၏ အစွမ်းဖြင့် ကောင်းစွာဆောက်တည်အပ်သော အရပ်မျက်နှာကဲ့သို့ ကျင့်ကြံသောအကျင့်

ဤ (၂၂) ပါးသော အကျင့်တို့တွင် နံပါတ် (၆.၇.၈.၉.၁၀.၁၁.၁၂) နှင့် (၁၈) အကျင့်တို့သည် လူသားတို့ မမြင်ဖူးသော တန်ခိုးရှင်တို့၏ အကျင့်များ ဖြစ်ကြသည်။ မမြင်ဖူးသော်လည်း ယင်းကဲ့သို့သောတန်ခိုးရှင်တို့သည် ဤသို့ဤပုံ ကျင့်ကြံနေထိုင်ကြခြင်း ဖြစ်လိမ့်မည်ဟု မှန်းဆပြီး အတုယူ၍ နေထိုင်ကျင့်ကြံကြခြင်း ဖြစ်ပေလိမ့်မည်။

ထိုအကျင့်များအပြင် အဝတ်အစားများကို ဝတ်ဆင်မှု မပြုခြင်း၊ အစာစားရာ၌ တင်းကြပ်လွန်းသော စည်းကမ်းများကို ချမှတ်၍ စားသုံးခြင်း၊ ဆံပင်များ၊ ငှက်၏အတောင်များဖြင့် ယက်လုပ်ထားသော ကြမ်းတမ်းသော အဝတ်အစားများကို ဝတ်ဆင်ခြင်း အစရှိသော တပအကျင့်များကိုလည်းကောင်း၊ မိမိကိုယ်ကို ညှဥ်းပန်းနှိပ်စက်သော အကျင့်များကိုလည်းကောင်း၊ ဝါယောကသိုဏ်းအစရှိသော ကသိုဏ်းပရိကံတို့ကို ဆင်ခြင်ပွားများခြင်းအစရှိသော သမထအကျင့်များကိုလည်းကောင်း ကျင့်ကြံအားထုတ်ကြကုန်၏။

# အခန်း (၃)

## အသိဉာဏ်ထူးများရရှိလာခြင်း

အသိဉာဏ်ရင့်သန်ပြီး တွေးခေါ်မြော်မြင်တတ်သော သူတို့သည် ကသိုဏ်းပရိကံကို စီးဖြန်းခြင်းအစရှိသော သမထ အလုပ်များကို လုပ်ကိုင်လာကြသောကြောင့် ဗုဒ္ဓပွင့်တော်မမူမီ အချိန်မှာပင် စိတ်ကို ငြိမ်သက်အောင် ထိန်းသိမ်းနိုင်သော ပုဂ္ဂိုလ်များ ဉာဏ်အမြင်ထူးများ ရရှိသောပုဂ္ဂိုလ်များ အများအပြား ပေါ်ထွန်းခဲ့သည်။

ဥပမာအားဖြင့် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏ ခမည်းတော်ဖြစ်သော သီဟဟနုမင်းကြီးလက်ထက်၌ မင်းကြီး၏ ဆရာဖြစ်သူ ကာဠဒေဝိလအမည်ရှိသော ပညာရှိအမတ်ကြီးသည် ရသေ့ရဟန်းဝတ်ပြီး ကသိုဏ်းပရိကံ ဘာဝနာကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ခဲ့သောကြောင့် ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်၊ စေတောပရိယအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ စုတူပပါတအဘိညာဉ်(ဒိဗ္ဗစက္ခုအဘိညာဉ်)ဟု ဆိုအပ်သော လောကီ အဘိညာဉ်ငါးပါးနှင့်တကွ သမာပတ်ရှစ်ပါးကို ရရှိခဲ့၏။

အာဠာရဂိုဏ်းဆရာကြီးသည် ကသိုဏ်ပရိကံများကို ပွားများအားထုတ်သောကြောင့် အာကိဉ္စညာယတနစျာန်တိုင်အောင်သော လောကီသမာပတ်ခုနစ်ပါးတို့ကို ရရှိခဲ့၏။ ဥဒကဂိုဏ်းဆရာကြီးနှင့် ၎င်း၏ဖခင် ရာမဆရာကြီးတို့သည်လည်း နေဝသညာနာသညာယတနစျာန်တိုင်အောင်သော လောကီသမာပတ်ရှစ်ပါးတို့ကို ရရှိခဲ့ကြသည်။ ထို့အပြင် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကိုရရှိသူနှင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိသူတို့လည်း အများအပြား ပေါ်ထွန်းလာခဲ့သည်။

ထိုကဲ့သို့ အသိဉာဏ်ထူးများရရှိသော ပုဂ္ဂိုလ်များတွင် အချို့သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရရှိသောပုဂ္ဂိုလ်များ သည် ဝိပဿနာအားထုတ်မှုမရှိသောကြောင့် ပညာစွမ်းအား နည်းကုန်၏။ ထို့ကြောင့် ရှေးအတိတ်ဘဝတို့ကို ပြည့်ပြည့်စုံစုံ အောက်မေ့ အမှတ်ရနိုင်မှု မရှိကုန်။

အချို့သည် ရှေးအတိတ်ဘဝ တစ်ခုကိုသာလျှင် အောက်မေ့ နိုင်ကုန်၏။ အချို့သည် ဘဝနှစ်ခုကို အောက်မေ့နိုင်ကုန်၏။ အချို့ သည် ဘဝသုံးခုကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝလေးခုကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝငါးခုကို အောက်မေ့နိုင်ကုန် ၏။ အချို့သည် ဘဝဆယ်ခုကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝနှစ်ဆယ်ကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝသုံးဆယ်ကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝလေးဆယ်ကို အောက်မေ့နိုင် ကုန်၏၊ အချို့သည် ဘဝငါးဆယ်ကို အောက်မေ့နိုင်ကုန်၏။ အချို့ သည် ဘဝတစ်ရာကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝ တစ်ထောင်ကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝတစ်သိန်းကို အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝပေါင်း သံဝဋ္ဋဝိဝဋ္ဋကပ် ဆယ်ကပ်အထိ အောက်မေ့နိုင်ကုန်၏။ အချို့သည် ဘဝပေါင်း သံဝဋ္ဋဝိဝဋ္ဋကပ် လေးဆယ်ကပ်အထိ အောက်မေ့နိုင်ကုန်၏။ ထို့ထက် ပို၍ မအောက်မေ့နိုင်ကုန်။

အချို့သော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရရှိသောပုဂ္ဂိုလ်တို့သည် သတ္တဝါတို့ စုတေသည်ကိုသာ မြင်နိုင်ကုန်၏။ ပဋိသန္ဓေကိုမြင်ခြင်းငှါ ပုဗ္ဗပယောဂ မရှိသောကြောင့်လည်းကောင်း၊ ပရိကံ (ကြိုတင်ပြင် ဆင်ခြင်း) ပြုခြင်း မရှိသောကြောင့်လည်းကောင်း ပဋိသန္ဓေကို မမြင်နိုင်ကုန်။ အချို့သည် သတ္တဝါတို့ စုတေသည်ကို မြင်ရသော်လည်း ပဋိသန္ဓေကို မကြည့်ရှုသောကြောင့် ပဋိသန္ဓေကို မမြင်နိုင်ကုန်။

မည်သို့ပင်ဖြစ်စေ ထိုပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်, စုတူပပါတအဘိညာဉ်ကို ရရှိသောပုဂ္ဂိုလ်တို့သည် သတ္တဝါတို့၏ ရှေ့ဘဝနောက်ဘဝများစွာတို့ကို မြင်နိုင်သောပုဂ္ဂိုလ်များ ဖြစ်ကြ

သောကြောင့် သတ္တဝါတို့သည် မိမိတို့ ပြုလုပ်ခဲ့သော ကံတို့ကြောင့် ကောင်းသောဘုံဘဝ၊ မကောင်းသောဘုံဘဝတို့သို့ ရောက်ကြရသည်ကိုလည်းကောင်း၊ ချမ်းသာမှု ဆင်းရဲမှုတို့ကို ခံစားကြရသည်ကိုလည်းကောင်း အဆင်းလှမလှ ကွဲပြားကြရသည်ကိုလည်းကောင်း၊ အမျိုး ယုတ် မြတ် ကွဲပြားကြရသည်ကိုလည်းကောင်း သိမြင်ကြကုန်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် ကံ၏ သဘောတရားကို ယုံကြည်လာကြသည်။ ကံ၏သဘောတရားကို လက်ခံဟောပြောလာကြသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူလာသောအချိန်တွင် ကံ၏ သဘောတရားကို ယုံကြည်လက်ခံလာမှုသည် ပို၍ထင်ရှားလာခဲ့သည်။ ကံ၏သဘောတရားကို သိမြင်မှုသည်လည်း ပို၍ပြည့်စုံလာခဲ့သည်။

ထိုကံ၏သဘောတရားကို ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် အလေးအနက်ထားပြီး ယုံကြည်လက်ခံခဲ့ကြသည်။ ထို့ကြောင့် ထိုဘာသာကြီး သုံးခုတို့ကို ကမ္မဝါဒများ (ကံတရားကို လက်ခံယုံကြည်သော ဘာသာများ)ဟု ခရစ်ယာန်၊အစ္စလာမ် အစရှိသော အခြားဘာသာကြီးတို့က အသိအမှတ် ပြုခဲ့ကြသည်။

သို့ရာတွင် ကံတရားအပေါ်၌ ထိုဘာသာကြီးသုံးခုတို့၏ ယုံကြည်မှုနှင့် ရှုမြင်သုံးသပ်မှုတို့သည် တူညီမှုမရှိချေ။ ယင်းဘာသာကြီးတို့၏ အခြေခံတရားတော်ဖြစ်သော အတ္တဝါဒနှင့် အနတ္တဝါဒတို့ အပေါ်တွင် မူတည်၍ အမျိုးမျိုး ကွဲပြားသွားသည်။

အပိုင်း (၂)

# ဟိန္ဒူဘာသာ၏

# ကံအယူအဆ

# အခန်း (၁)
# ဟိန္ဒူဘာသာ

ဟိန္ဒူဘာသာဟူသည် အိန္ဒိယလူမျိုး အများစု၏ ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုများနှင့် လက်တွေ့ကျင့်ကြံမှုတို့အတွက် ရည်ညွှန်းသော အနောက်တိုင်း ဝေါဟာရတစ်ခုဖြစ်သည်။ ယင်းဝေါဟာရသည် ဟိန္ဒူစတန်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ယင်းဟိန္ဒူစတန်ဟူသောအမည်သည် အိန္ဒူမြစ်ဝှမ်းတစ်လျှောက်၌ ရှိသောဒေသများကို ဝင်ရောက်တိုက်ခိုက်သူများဖြစ်ကြသော မဟာမေဒင်တို့က ပေးခဲ့သော ပါရှန်းအမည်ဖြစ်သည်။ ဟိန္ဒူဘာသာ၏ ဘာသာရေး အယူအဆတို့သည် ဗြာဟ္မဏဘာသာနှင့် တူညီသည်။

ထိုဟိန္ဒူဘာသာကို ဗုဒ္ဓဘာသာ အစ္စလာမ်ဘာသာ စသော အခြားသော ဘာသာကြီးတို့ကဲ့သို့ တစ်ဦးတစ်ယောက်တည်းက တည်ထောင်ထားခြင်းမဟုတ်ဘဲ များစွာသောပညာရှင်တို့က တစ်ယောက်တစ်မျိုးစီကြံဆ၍ တူညီမှုမရှိသော အမြင်မျိုးစုံကို ပေါင်းစည်း၍ တည်ထောင်ထားခြင်းဖြစ်သည်။

ခရစ်ယာန်ဘာသာအစရှိသော အနောက်တိုင်းဘာသာတို့ကဲ့သို့ တိတိကျကျ သတ်မှတ်ထားသော ယုံကြည်ချက်များ မရှိသည့်အပြင် အိန္ဒိယမြေတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဘာသာကဲ့သို့ ရှင်းရှင်းလင်းလင်း ပြဆိုထားသော လွတ်မြောက်မှုလမ်းစဉ်လည်း မရှိချေ။ ခေတ်အဆက်ဆက်တွင် တစ်မျိုးပြီးတစ်မျိုး ထွန်းကားလာပြီး အဆင့်ဆင့်ပြောင်းလဲ၍ တိုးတက်ကြီးထွားလာသော ဘာသာတစ်ခု ဖြစ်သည်။

ထိုဟိန္ဒူဘာသာ၌ ကိုးကွယ်ယုံကြည်မှုသည် နတ်ကိုးကွယ်မှု၊ တိရစ္ဆာန်တို့ကို ကိုးကွယ်မှု၊ ဘုရားအများကို ကိုးကွယ်မှုစသည်ဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးပါဝင်နေသည်။ သို့ရာတွင် အဓိကထား၍ ကိုးကွယ်ယုံကြည်မှုသည် ဖန်ဆင်းရှင်ဣသွာရ(Ishwar) ထာဝရ ဘုရားရှင်နှင့် အတ္တ(ātma) အယူအဆတို့ဖြစ်ကြသည်။

ဣသွာရ ထာဝရဘုရားရှင်သည် ဤကမ္ဘာလောကကြီး မပေါ်ပေါက်မီကပင် တည်ရှိနေပြီး ကမ္ဘာလောကကြီးနှင့် သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးကို ဖန်ဆင်းခဲ့သည်။ ယင်းဣသွာရဘုရားရှင်၏ ကိုယ်ပွားဘုရားတို့သည် ဗြဟ္မာ (Brāhma) ဗိဿနိုး (Wishnu)နှင့် သီဝ(Siva or Shīva) တို့ဖြစ်ကြသည်။

ထိုဘုရားသုံးဆူတို့တွင် ဗြဟ္မာသည် ကမ္ဘာလောကကြီးနှင့် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးကို စနစ်တကျ ဖန်ဆင်းခြင်း တာဝန်ကိုယူရသည်။ ဗိဿနိုးသည် ဗြဟ္မာဖန်ဆင်းထားသော အရာ အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း တာဝန်ကိုယူရသည်။ သီဝသည် ဗြဟ္မာဖန်ဆင်းထားသော အရာအားလုံးကို ပြုပြင်စီရင်ခြင်း (တစ်နည်းအားဖြင့်) စကြာဝဠာလောက၏ သင်္ခါရသဘောတရားကို ဆောင်ရွက်ခြင်း တာဝန်ကိုယူရသည်။

ထိုဘုရားသုံးဆူတို့၌ ကြင်ဖက်တစ်ဦးစီရှိကြသည်။ ဗြဟ္မာ၏ ကြင်ဖက်တော်သည် အသိဉာဏ်ပညာအလင်းရောင်ကို ပေးနိုင်သူ စာပေကျမ်းဂန်တို့ကို စောင့်ရှောက်ရသူဖြစ်သော သူရဿတီမယ်တော် ဖြစ်သည်။ လက္ခ်ီမီးမယ်တော်သည် ဗိဿနိုး၏ကြင်ဖက်တော်ဖြစ်ပြီး ဥစ္စာဓနတိုးပွားစေရန် ဆောင်ရွက်ပေးနိုင်သည်။ သီဝ၏ကြင်ဖက်တော် သည် ၎င်းနှင့်အကျင့်စရိုက်ချင်းတူညီသော ပါရ်ဝတီမယ်တော် ဖြစ်သည်။

ထိုဘုရားသုံးဆူတို့တွင် သီဝနှင့် ဗိဿနိုးဘုရားတို့သည် ဟိန္ဒူဘာသာ၏ ကိုးကွယ်ယုံကြည်မှု၌ ပို၍အရေးပါလာပြီး ဗြဟ္မာ၏ အရေးပါမှုသည် ဆုတ်ယုတ်သွားသည်။

သီဝဘုရားသည် ရက်စက် ကြမ်းတမ်းသော နတ်ဘုရားတစ်ဆူဖြစ်ပြီး ၎င်းဘုရား၏ သင်္ကေတအမှတ်အသားသည် ယောကျ်ား၏လိင်အင်္ဂါဇာတ်ဖြစ်သည်။

ဗိဿနိုးဘုရားသည် သနားကြင်နာတတ်ပြီး ချစ်ခင်ဖွယ်ကောင်းသော ကြွန်အင်လက္ခဏာရှိသည်။ လူသားတို့၏ ကောင်းကျိုးတရားများကို ဆောင်ရွက်နိုင်ရန် လူဝင်စားဘုရားများအဖြစ်ဖြင့် လူ့ပြည်သို့ ဆင်းသက်ခဲ့၏။

ထိုလူဝင်စားဘုရားတို့တွင် ရာမဘုရားနှင့် ကရိသျှနားဘုရားတို့ကို ဟိန္ဒူဘာသာဝင်တို့သည် အခြားသော လူဝင်စားဘုရားတို့ထက် ပို၍ကိုးကွယ်ကြကုန်၏။

ထို့အပြင် ဟိန္ဒူဘာသာဝင်တို့ အလေးအနက်ထား၍ ကိုးကွယ်ကြသော နတ်ဘုရားမများလည်း ရှိသေးသည်။ ၎င်းတို့မှာ ဒုရ်ဂ(စန္ဒီ)မယ်တော် (Durga=the Inaccessible)၊ ကာလီ မယ်တော် (Kālī) နှင့် သတ္တိမယ်တော် (Shakti)တို့ဖြစ်ကြသည်။ ယင်းတို့သည် ရက်စက်ကြမ်းတမ်းသော နတ်ဘုရားမများ ဖြစ်ကြသည်။

ဟိန္ဒူဘာသာဝင်တို့သည် ဗြဟ္မာရထာဝရဘုရားရှင်အား ပရမတ္တမထာဝရအတ္တဖြစ်သည်ဟု ယုံကြည်ကြသည်။ ဗြဟ္မာ ဗိဿနိုးနှင့် သီဝဘုရားတို့ အပါအဝင် သတ္တဝါအားလုံးတို့သည် ပရမတ္တမထာဝရအတ္တ၏ လက်အောက်ခံအတ္တ (တစ်နည်းအားဖြင့်) ခွဲထွက်လာသောအတ္တဖြစ်သည်ဟု ယူဆကြသည်။ သို့ရာတွင် ယင်းအတ္တဝိညာဉ်တို့သည် ထာဝရဘုရားရှင်၏ ပရမတ္တမထာဝရအတ္တနှင့် တူညီမှုမရှိဘဲ လက်အောက်ခံ အစိတ်အပိုင်းများအဖြစ် တသီးတခြား ဘည်ရှိနေကြသည်။

ထိုအတ္တသည် မည်သည့်အခါမျှ မပြိုကွဲ မပျက်စီးနိုင်သော အမြဲထာဝရ တည်ရှိနိုင်သော အနှစ်သာရဖြစ်ကြောင်း ယူဆကြသည်။

အတ္တသည် ရုပ်ခန္ဓာကိုယ်ကို ရယူလိုက်သောအခါ မွေးဖွားခြင်းတည်းဟူသော ဇာတိဖြစ်လာ၏။ ထိုသို့ ရုပ်ခန္ဓာကိုယ်ကို ရယူ

လိုက်ခြင်းဖြင့် သတ္တဝါတစ်ဦးအဖြစ် ရပ်တည်မိသောအခါ အမျိုးမျိုးသော အာရုံတို့ကို သိမှု ခံစားမှုစသည်တို့ ဖြစ်ပေါ်လာသည်။ ထိုအခါ ကုသိုလ်အကုသိုလ်ကံတို့ တဖြည်းဖြည်း တိုးပွားလာပြီး ယင်းကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးတရားများကို ခံစားနိုင်စေရန် အတ္တသည် အမျိုးမျိုးသော ရုပ်ခန္ဓာကိုယ်တို့ဖြင့် တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းရ၏။ ဤနည်းဖြင့် အတ္တဝိညာဉ်သည် သံသရာ၌ ကျင်လည်နေရသည်။

ထာဝရဘုရားသည် သံသရာမှ မလွတ်မြောက်သေးသော အတ္တဝိညာဉ်တို့အား ယင်းတို့၏ ဘဝအဆက်ဆက်၌ ပြုလုပ်ခဲ့သော ကုသိုလ်အကုသိုလ်ကံတို့ အားလျော်စွာ လူနတ်အစရှိသော ရုပ်ခန္ဓာကိုယ်တို့ဖြင့် သံသရာအတွင်း၌ ကျင်လည်စေရန် ခွင့်ပြုထားသည်။

ထိုအတ္တဝိညာဉ်အား သံသရာအတွင်းမှ လွတ်မြောက်စေရန် မသိမှုအဝိဇ္ဇာကို ပယ်ဖျောက်ပြီး အသိဉာဏ်တရားကို ရရှိအောင် ကြိုးစားရမည်။

အသိဉာဏ်တရားကို ရရှိနိုင်ရန် ဝေဒကျမ်းများကို လေ့လာခြင်း ထာဝရဘုရားရှင်အား အနုလုံပဋိလုံ ပုတီးစိပ်ခြင်း။ ရာမ ကရိသျှနားစသော ဘုရားတို့၏ ပုံသဏ္ဍာန်ကို ရှုမှတ်ခြင်း စသည်တို့ကို ပြုလုပ်ရမည်။ ယင်းအလုပ်တို့ကို ပြုလုပ်ခြင်းကြောင့် အသိဉာဏ်ကို ရရှိသောအခါ မိမိ၏ အတ္တဝိညာဉ်နှင့် ထာဝရဘုရားရှင်သည် တူညီကြောင်းသိမြင်လာပြီး အတ္တဝိညာဉ်အားထိန်းချုပ်ထားသော အနှောင်အဖွဲ့များ ပြတ်တောက်ကာ မူရင်းပရမတ္တမအတ္တနှင့် ပေါင်းစပ်မိသွားသည်။

ထိုသို့ မူရင်းထာဝရဘုရားရှင်၏ ပရမတ္တမအတ္တနှင့် ပေါင်းစပ်မိခြင်းသည်ပင်လျှင် အတ္တသည် သံသရာမှလွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်ရှိသွားခြင်းဖြစ်ကြောင်း ယူဆကြသည်။

## အခန်း (၂)

## ဟိန္ဒူဘာသာ၏ ကံအယူအဆ

ဟိန္ဒူဘာသာအလိုအရ ကံဟူသော စကားလုံးသည် အဓိပ္ပါယ် (၄) မျိုးကို ဖေါ်ဆောင်နေသည်။

၁။ သိလျက်နှင့်ဖြစ်စေ (သို့မဟုတ်) မသိသောကြောင့်ဖြစ်စေ ကောင်းသောအလုပ်၊ မကောင်းသော အလုပ်တို့ကို ပြုလုပ်ပြောဆို ကြံစည်ခြင်းသည် ကံမည်၏။

၂။ ပုဂ္ဂိုလ်သတ္တဝါတို့ လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ်စာရိတ္တနှင့် ပတ်သက်သောအလုပ်များကို လုပ်ဆောင်ခြင်းသည် ကံမည်၏။

၃။ ပုဂ္ဂိုလ်သတ္တဝါတို့ ပြုလုပ်မိလိုက်သော အလုပ်တစ်ခုခုမှ ဖြစ်ပေါ်လာသော အကျိုးတရားတစ်ခုခုသည် ကံမည်၏။ ဤအဓိပ္ပါယ်သည် ကံကြမ္မာ(Fate) ဟူသော စကားလုံးနှင့် အဓိပ္ပါယ်တူညီသည်။

၄။ သက်ရှိသတ္တဝါများ၏ ကံကြမ္မာများကို ပုံဖေါ်ပေးသော မျက်စိ နား နှာခေါင်း လျှာ ကိုယ် အစရှိသော ဣန္ဒြေများဖြင့် မမြင်ရ မသိရသော စွမ်းအားသည် ကံမည်၏။

ဤကဲ့သို့ အဓိပ္ပါယ်လေးမျိုးကို ဖေါ်ဆောင်နေသော်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်ကို တွေ့ရသည်။ နံပါတ်(၂) အဓိပ္ပါယ်ထွက်သောကံသည် ထိန်းချုပ်ကွပ်ကဲခြင်းအားဖြင့် ဖြစ်ပေါ်လာသောကံဖြစ်သည်။ နံပါတ် (၁) (၃) (၄) အဓိပ္ပါယ်ထွက်သော ကံများသည် ကံ၏သွယ်ဝိုက်သော အနက်အဓိပ္ပါယ်များဖြစ်ကြသည်။

ထို့အပြင် နံပါတ် (၁) (၂) (၄)တို့သည် လုပ်ဆောင်မှုကို ကံဟုခေါ်ဆိုကြောင်း ရည်ညွှန်းနေပြီး နံပါတ် (၃)အဓိပ္ပာယ်သည် အကျိုးတရားကို ကံဟုခေါ်ဆိုကြောင်း ရည်ညွှန်းနေသည်။

စုပုံနေသောစွမ်းအားနှင့် လုပ်ဆောင်ချက်တစ်ခုမှ ထွက်ပေါ်လာသောစွမ်းအားကို တစ်ဆင့်ခံ ကံဟုခေါ်သည်။

ကံတစ်ခုခုသည် တိကျသေချာသော အကျိုးတရားများကိုလည်းကောင်း၊ မတိကျ မသေချာသော အကျိုးတရားများကိုလည်းကောင်း ပေးသည်။

ကံတစ်ခုခုကို ပြုလုပ်ခဲ့လျှင် ထိုကံသည် သင့်လျော်လျောက်ပတ်သော အကျိုးတရားတစ်ခုခုကိုပေးရန် မည်သည့်အခါမျှ ပျက်ကွက်မှုမရှိဟု ယူဆကြသည်။

ကံကိုလုပ်ဆောင်သောအခါ၌ တစ်စုံတစ်ခုသော အပြစ်အနာအဆာရှိခဲ့လျှင်သော်လည်းကောင်း၊ အကျိုးတရားများ ဖြစ်ပေါ်လာမှုကို ဟန့်တားတတ်သော အင်အားကြီးမားသည့် အနှောင့်အယှက် အဟန့်အတား (pratibandhaka) ရှိနေသော အချိန်၌သော်လည်းကောင်း အကျိုးပေးခြင်းမရှိကုန်။ သို့ရာတွင် ပြုလုပ်ပြီးသော ကံ၏ အာနိသင်သည် ပျောက်ပျက်၍ မသွားပေ။ အခါအခွင့်သင့်သော အချိန်၌ အကျိုးပေးလိမ့်မည်။

ကံတစ်ခုခုသည် အကျိုးတရားများကို ချက်ချင်းလက်ငင်း အကျိုးပေးရန်မလိုအပ်ဟု ယူဆကြသည်။ အကျင့်စာရိတ္တနှင့် ပတ်သက်သောအလုပ်များ၌ ကံ၏အကျိုးတရားများကို မပျက်မကွက် တွေ့မြင်သိရှိစေရန်(ဒိဋ္ဌ) မလိုအပ်ပေ။ မတွေ့မြင် မသိရှိရခြင်း(အဒိဋ္ဌ) မျိုးလည်း မကြာခဏရှိသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ကုသိုလ်ကံကိုသော်လည်းကောင်း၊ အကုသိုလ်ကံကိုသော်လည်းကောင်း ပြုလုပ်ပြီးနောက် ကွယ်လွန်သွားလျှင် သူလုပ်ဆောင်ခဲ့သော ကံတို့၏ စွမ်းအင်များက သူ့အား အခြားဘဝတစ်ခုသို့ ပို့ဆောင်ပေးကြလိမ့်မည်။

ကုသိုလ်ကံတို့၏ စွမ်းအင်များက နတ်ဘုံနတ်ဘဝသို့လည်းကောင်း၊ လူ့ဘုံလူ့ဘဝသို့ လည်းကောင်း ပို့ဆောင်ပေးမည့်အပြင် အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာပေါများခြင်း၊ ရုပ်ရည်အဆင်းလှပခြင်း အစရှိသော ကောင်းကျိုးတရား များကိုလည်း ပေးကြလိမ့်မည်။ အကုသိုလ်ကံတို့၏ စွမ်းအင်များကတိရစ္ဆာန်ဘုံဘဝသို့လည်းကောင်း၊ ငရဲဘုံဘဝသို့လည်းကောင်း ပို့ဆောင်ပေးမည့်အပြင် အသက်တိုခြင်း၊ စည်းစိမ်ဥစ္စာ ချို့တဲ့ခြင်း၊ ရုပ်ရည်အဆင်းကြမ်းတမ်းခြင်း အစရှိသော မကောင်းသောအကျိုးတရားများကိုလည်းပေးကြလိမ့်မည်။

ဤသို့ဖြင့် ကံအယူအဆသည် အမြဲတည်သော အတ္တနှင့် နောက်ဘဝ (သို့မဟုတ်) ဘဝသစ်တစ်ဖန် မွေးဖွါးခြင်းတို့နှင့် ဆက်စပ်နေသည်။

ကုသိုလ်ကောင်းမှုကိုပြုလုပ်လျှင် မည်ကဲ့သို့သောပုဂ္ဂိုလ်ဖြစ်စေ ဤလောက၌သော်၎င်း၊ ပရလောက၌သော်၎င်း မည်သည့်အခါမျှ ဒုဂ္ဂတိဘဝသို့ မရောက်နိုင်ကုန်။ ယောဂ(အကျင့်တရား)မှ လျှောကျစေကာမူ ကောင်းမှုပြုသောသူသည် ကောင်းရာသုဂတိဘဝသို့ ရောက်၍ ထိုသုဂတိဘဝတွင် နှစ်ပရိစ္ဆေဒကြာမြင့်စွာနေရ၏။ သန့်ရှင်းသောအမျိုး၌ ဖြစ်ရ၏။ ပညာရှိသောယောဂီတို့၏ အမျိုး၌ ဖြစ်ရ၏။

ကံသည် ကမ္ဘာလောကကြီးကို စိုးမိုးထားသည့် လွတ်လပ်မှုအပြည့်အဝရှိသော စွမ်းအားတစ်ခုဖြစ်သည်။ မိမံသာဂိုဏ်း၏ အလိုအရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ယဇ်ပူဇော်မှုအစရှိသော ကုသိုလ်ကောင်းမှု အလုပ်များကိုသော်လည်းကောင်း၊ သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း အစရှိသော အကုသိုလ်မကောင်းမှု အလုပ်များကိုသော်လည်းကောင်း ပြုလုပ်ခဲ့လျှင် စွမ်းအားတစ်ခု ဖြစ်ပေါ်လာ၏။ ယင်းစွမ်းအားကို အပုဗ္ဗဟုခေါ်၏။ အပုဗ္ဗစွမ်းအားကြောင့် မည်သည့်ကံဖြစ်စေ အနာဂတ်ကာလ၌ သင့်တော်သည့်အချိန်အခါတွင် အကျိုးပေးနိုင်သည်။ ထို့ကြောင့် ဤလောက၌ ပြုလုပ်နေကြသော ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးများကို ပရလောကတွင် ခံစားနိုင်သည်။

သို့ဖြစ်၍ ကံ၏စွမ်းအားများသည် ပျောက်ပျက်၍မသွားသည်မှာ ထင်ရှားသည်။

ကံတစ်ခုသည် အကျိုးတရားတစ်ခု မလွဲမသွေ ပေးလိမ့်မည်ဟူသော အယူအဆမှ အောက်ပါအယူအဆကွဲများပေါ်ထွက်လာသည်။

၁။ လုပ်ဆောင်မှုတစ်ခုနှင့် ယင်းမှဖြစ်ပေါ်လာမည့် အကျိုးတရားတို့၏ ကြားထဲတွင် ကြားကာလ ရှိနေသောကြောင့် ယခုအခိုက်အတန့်၌ မရှိတော့သောအလုပ်နှင့် ယခုအချိန်၌ မဖြစ်ပေါ်သေးသော အကျိုးတရားတို့၏ကြားတွင် ဣန္ဒြေတို့ဖြင့် မသိရမမြင်ရသော ဆက်သွယ်မှုတစ်ခုရှိသည်။ ယင်းဆက်သွယ်မှု ချို့တဲ့လျှင် အကြောင်းတစ်စုံတစ်ရာမရှိဘဲနှင့် အကျိုးတရားတစ်ခုခု ဖြစ်လာမည်။

၂။ အကျိုးတရားသည် မမြင်ရမသိရသော်လည်း ရောက်လာမည်မှာ သေချာသည်။ ယင်းအခြေအနေမျိုး၌ အကျိုးတရားကို ဣန္ဒြေတို့ဖြင့် မသိရမမြင်ရပေ။

၃။ သေခြင်းတရားသည် ပြုလုပ်ခဲ့သော ကံတရား၏ အကျိုးတရားများ ဖြစ်ပေါ်လာခြင်းကို မတားဆီး မပိတ်ပင်နိုင်ပေ။

၄။ အတ္တတစ်ခုခုကို ကံတရားက ချည်နှောင်ထားသည်။

၅။ ဣန္ဒြေတို့ဖြင့် မမြင်ရမသိရသောကံ၏စွမ်းအင် သတ္တိသည် အတ္တကို ၎င်း၏ဆန္ဒမရှိစေကာမူ ခန္ဓာကိုယ်တစ်ခုမှ အခြားခန္ဓာကိုယ်တစ်ခုသို့ ပြောင်းရွှေ့ရန်အတင်းအကျပ် လုပ်ဆောင်စေသည်။

၆။ အတ္တ၏သံသရာမှ လွတ်မြောက်မှုသည် အတိတ်ကံတည်မြဲနေသမျှ အကန့်အသတ်ရှိသည်။ အတိတ်ကံများအားလုံး ကုန်သွားမှသာ အတ္တသည် သံသရာမှ လွတ်မြောက်နိုင်သည်။ အတိတ်ကံများသည် အကျိုးတရားများ ဖြစ်ထွန်းပြီးမှ ကုန်သွားသည်။

အကျင့်စာရိတ္တနှင့်မပတ်သက်သော ရိုးရိုးသာမညကံအကြောင်းကို နားလည်သဘောပေါက်မှသာလျှင် အကျင့်စာရိတ္တနှင့်ပတ်သက်သော ကံအကြောင်းကို နားလည်သဘောပေါက်နိုင်ရန် အထောက်အပံ့အကူအညီ ဖြစ်ပေမည်။

ဥပမာအားဖြင့် လက်သမားတစ်ယောက်သည် ကုလားထိုင်တစ်ခုကို ပြုလုပ်၏။ သစ်သားအပိုင်းအစများ၊ လက်သမားကြိယာတန်ဆာပလာများနှင့်တကွဖြစ်သော လက်သမား၏အလုပ်သည် လက်သမား၏ ကံဖြစ်သည်။ ကုလားထိုင်ဖြစ်သွားသောအခါ၌ လက်သမား၏ကံသည် ပြီးပြည့်စုံသွား၏။ လက်သမားသည် ကုလားထိုင်ကို ဈေး၌ရောင်းချလျှင် ကုလားထိုင်၏တန်ဘိုးအဖြစ် ငွေကြေးများရနိုင်၏။

ဤဥပမာ၌ လက်သမား၏ကံကြောင့် ကုလားထိုင်ဖြစ်သွားခြင်းနှင့် ငွေကြေးများ ရရှိခြင်းတည်းဟူသော အကျိုးတရားနှစ်မျိုးရှိ၏။

ကုလားထိုင် ဖြစ်သွားခြင်းသည် လက်သမားပြုလုပ်သော (တစ်နည်းအားဖြင့်) လက်သမားပိုင်ဆိုင်သောကံ၏ တိုက်ရိုက်အကျိုးတရားဖြစ်သည်။

ငွေကြေးသည် ကုလားထိုင်၏ တိုက်ရိုက်အကျိုးတရားဖြစ်သောကြောင့် လက်သမားပြုလုပ်သောကံ၏ တစ်ဆင့်ခံ အကျိုးတရားဖြစ်သည်။

လက်သမားသည် ကုလားထိုင်ကို ပြုလုပ်ရာ၌ ကုလားထိုင်တစ်ခု ဖြစ်သွားလိုမှုအတွက်မဟုတ်၊ ငွေကြေးရလိုမှုအတွက်သာဖြစ်သည်။ ကုလားထိုင်လုပ်ခြင်းကြောင့် ငွေကြေးရချင်မှရမည်။ ငွေကြေးရသော်လည်း လက်သမားမျှော်မှန်းထားသလောက် ရချင်မှရမည်။

ကုလားထိုင်လုပ်ခြင်းနှင့် ပတ်သက်၍မူ လက်သမားသည် သူကြိုက်သည့်ပုံစံအတိုင်း ကုလားထိုင်ကို လုပ်နိုင်သည်။ ကုလားထိုင်လုပ်ခြင်းအမှု (ကမ္မ)သည် သူ၏ထိန်းချုပ်ကွပ်ကဲမှုအောက်တွင်ရှိနေသည်။ သူပြုလုပ်သော ကံတရား၏ အကျိုးဆက်ဖြစ်သော တန်ဖိုးအဖြစ် ငွေကြေးရရှိခြင်းသည် ဈေးကွက်၌ ကုလားထိုင်ကို ဝယ်လိုအားနှင့် ဈေးပေးနိုင်မှုကဲ့သို့သော အခြားအခြေအနေအရပ်ရပ်အပေါ်တွင် မှီတည်နေသည်။

အကျင့်စာရိတ္တနယ်ပယ်၌ ကံတရားကို ယင်း၏အကျိုးတရား (တန်ဘိုး)မှတသီးတခြား ခွဲထုတ်၍ မရနိုင်ပေ။

အလုပ်တစ်ခုခုသည် စစ်မှန်သော ပင်ကိုယ်အရည်အသွေးအရ ကောင်းသော အလုပ်လည်းရှိသည်။ မကောင်းသော အလုပ်လည်း ရှိသည်။ ရရှိလာမည့်အကျိုးတရားများ အပေါ်မူတည်၍ အလုပ်တစ်ခုကို ကောင်းသောအလုပ်ဟူ၍လည်းကောင်း၊ မကောင်းသော အလုပ်ဟူ၍လည်းကောင်း သတ်မှတ်ခြင်းမဟုတ်။ ကောင်းကျိုး ဆိုးကျိုးများကို မျှော်ကိုး၍ ကုသိုလ်ကောင်းမှုအလုပ် အကုသိုလ် မကောင်းမှုအလုပ်တို့ကို ပြုလုပ်ခြင်းလည်း မဟုတ်ပေ။

ဥပမာအားဖြင့် ယဇ်ပူဇော်သည့်အခါ၌ ယဇ်ပူဇော်သော အလုပ်သည် သူ့အလိုလိုပင် ကောင်းသောအလုပ်ဖြစ်၍ အကျိုးပေးသည့်အခါ၌လည်း ကောင်းသောအကျိုးတရားများကိုသာ ပေးသည်။ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတစ်ယောက်ကို သတ်ဖြတ် ညှဉ်းဆဲမှုအစရှိသော အလုပ်တို့ကိုပြုလုပ်သည့်အခါ၌ ယင်းအလုပ် တို့သည် သူ့အလိုလိုပင် မကောင်းသောအလုပ်များဖြစ်ကြ၍ အကျိုးပေးသည့် အခါ၌လည်း မကောင်းသောအကျိုးတရားများကိုသာပေးသည်။

ယဇ်ကို အောင်မြင်ထမြောက်စွာ ပူဇော်ပြီးသောအခါ၌ ယဇ်ပူဇော်ခြင်းအလုပ်သည် ရပ်စဲသွား၏။ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်ကို သတ်ဖြတ်ညှဉ်းဆဲမှု အစရှိသောအလုပ်တို့ကို အောင်မြင်စွာ လုပ်ဆောင်ပြီးသောအခါ၌ ထိုအလုပ်တို့သည် ရပ်စဲသွား၏။ ကုလားထိုင်ဖြစ်သွားသောအခါ လက်သမား၏ အလုပ်သည် ရပ်စဲသွားသကဲ့သို့ ဖြစ်သည်။

ကုသိုလ်အလုပ်ဖြစ်စေ အကုသိုလ်အလုပ်ဖြစ်စေ လုပ်ဆောင် သော အလုပ်ပြီးဆုံးသွားခြင်းသည် ကံတစ်ခုခု၏ တိုက်ရိုက် အကျိုးတရားဖြစ်သည်။ ဒုစ္စရိုက်ကံများ၌ တစ်ဆင့်ခံအကျိုးပေးမှုကို စောင့်စားနေရသော်လည်း သုစရိုက်ကံများ၌မူ အလုပ်ပြီးပြတ် သွားသည်နှင့် တစ်ပြိုင်နက် တန်ဘိုးခေါ်တစ်ဆင့်ခံ အကျိုးတရားကို

ချက်ချင်းရရှိသည်ဟု ယူဆကြသည်။

ကုသိုလ်ကံကိုဖြစ်စေ၊ အကုသိုလ်ကံကိုဖြစ်စေ ပြုလုပ်ပြီး၍ ထိုကံတို့၏ ချက်ချင်းလက်ငင်းအကျိုးများကိုရရှိချိန်၌ပင် ကုသိုလ်ကံအတွက်ဖြစ်စေ၊ အကုသိုလ်ကံအတွက်ဖြစ်စေ နောက်ထပ်ရရှိလာမည့် ဆုလာဘ်ကို စောင့်ဆိုင်းရသည်။ အကျိုးတရားကို ရရှိခြင်းသည် ဆုလာဘ်ကို ရရှိခြင်းမဟုတ်ပေ။ ဆုလာဘ်သည် အကျိုးတရား၏ အပေါ်၌ရှိသော အရာဝတ္ထု ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အကူအညီပေးပါက အကူအညီပေးသူသည် သူပေးခဲ့သော အကူအညီအတွက် ဆုလာဘ်အဖြစ်ဖြင့် ကြီးပွားချမ်းသာသော ဘဝတစ်ခုကို ရရှိခြင်းသည် ကံကိုပြုလုပ်သော သူအား သူကိုယ်တိုင် အတုံ့အလှည့် အပြန်အလှန်သဘောဖြင့် တစ်စုံတစ်ခုကို ရရှိခြင်းသဘောပင် ဖြစ်သည်။

ယခုဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝတို့၌လည်းကောင်း ဆုလာဘ် အကျိုးပေးခြင်းမရှိသော အသတ်(asat) ဟုခေါ်သည့် ကံမျိုးလည်းရှိသည်။

သဒ္ဓါတရားမရှိဘဲ ပြုလုပ်သော ဟုမ်းပူဇော်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အကျင့်တရားများကိုကျင့်ခြင်းနှင့် အခြားကုသိုလ်ကောင်းမှု မှန်သမျှတို့သည် ထိုအလုပ်များပြီးဆုံးခြင်းဟူသော တိုက်ရိုက်အကျိုးကိုသာရရှိ၍ နတ်ဘုံ၌ ဖြစ်ရခြင်းအစရှိသော ဆုလာဘ်အကျိုးများကို ရရှိနိုင်ခြင်း မရှိကုန်။

ပရိညာတ=သိသူ၊ ဉာဏ=သိခြင်းနှင့်ဉေယျ=သိအပ်သော အရာ ဤသုံးမျိုးတို့သည် ကုသိုလ်အကုသိုလ်ကံတို့ကို ပြုလုပ်ရန် စေ့ဆော်တိုက်တွန်းပေးကုန်၏။ ကတ္တာ=ပြုလုပ်သူ၊ ကာရဏ= အကြောင်းနှင့် ကမ္မ=ပြုလုပ်ခြင်း ဤသုံးမျိုးတို့သည် ကံကို ပြုလုပ်ကုန်၏။

သို့ဖြစ်၍ ငါပြုလုပ်၏ဟု အသိဉာဏ်တွင် မရှိသော သူတို့သည် ပြုလုပ်သူအစရှိသော အကြောင်းသုံးမျိုးတို့ဖြင့် ကုသိုလ်ကံ

ကိုသော်လည်းကောင်း၊ အကုသိုလ်ကံကိုသော်လည်းကောင်း ပြုလုပ်မိသော်လည်း ပြုလုပ်ရာ မရောက်ချေ။ ထိုကုသိုလ် အကုသိုလ်ကံတို့၏ နောင်ဖွဲ့ခြင်းကိုလည်း မခံရချေ။ ကောင်းကျိုးဆိုးကျိုးများကို ခံစားရခြင်းမရှိဟု ဆိုလိုသည်။

ထို့အပြင် ကိုယ် နှုတ် စိတ်တို့ဖြင့် ကုသိုလ်ကံတို့ကိုဖြစ်စေ၊ အကုသိုလ်ကံတို့ကိုဖြစ်စေ ပြုလုပ်ရာ၌ ကံတစ်ခုခု ပြီးစီးအောင်မြင်စေရန် (၁) အဓိဋ္ဌာန = တည်ရာ (၂) ကတ္တာ = ပြုလုပ်ခြင်း (၃) ကာရက = အကြောင်းအမျိုးမျိုး (၄) စေတနာ = စေ့ဆော်တိုက်တွန်းမှု (၅) ဒေဝ = နတ်ဗြဟ္မာ ဟူ၍ အကြောင်းငါးမျိုးရှိသည်။

ထိုအကြောင်းငါးမျိုးတို့ကြောင့် ဖြစ်ပေါ်လာရသော ကံတရားသည် သတ္တဝါတို့အား စိုးမိုးအုပ်ချုပ်သည်။ သတ္တဝါတို့သည် မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ပင် ဖန်တီးကြသည်။ အတိတ်ဘဝများစွာတို့၌ ပြုလုပ်ခဲ့ကြသော ကုသိုလ်အကုသိုလ်ကံ တို့သည် နောင်အနာဂတ်ဘဝတို့သို့ အတားအဆီးမရှိဘဲ ရောက်ရှိ သွားကြသည်။ သတ္တဝါတို့သည် အတိတ်ဘဝတို့နှင့် မည်သည့်အခါမျှ ခွဲခွာ၍ မရနိုင်ကုန်။

ထာဝရဘုရားသခင်သည် လူသားအပါအဝင် သက်ရှိသက်မဲ့ ကမ္ဘာလောကကြီးကို ဖန်ဆင်းခြင်းနှင့်သာ သက်ဆိုင်ပြီး သတ္တဝါတို့ ပြုလုပ်သောကံတရားနှင့် သက်ဆိုင်ခြင်း မရှိချေ။

ဇီဝခေါ် ဝိညာဉ်၌ ရုပ်လောကကြီး၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော အကောင်းအဆိုး အမျိုးမျိုးသော အာရုံများကို ခံစားနိုင်သော အစွမ်းသတ္တိရှိသည်။

သတ္တဝါတို့၏ ဝိညာဉ်များသည် ရုပ်ခန္ဓာကိုယ်တို့ကို ပိုင်ဆိုင်လာသောအခါ အာရုံငါးပါးကိုခံစားသူများ ဖြစ်လာကြပြီး ကုသိုလ် အကုသိုလ်ကံများ ပွားများလာကြသည်။ ထိုအခါ ရုပ်ခန္ဓာ ကိုယ်က အမှီပြုရသော ဘဝများစွာကို ဖြတ်သန်းကူးပြောင်း လာရသည်။

ရှေးအတိတ်ဘဝတို့၌ ပြုခဲ့ဖူးသော ကုသိုလ်အကုသိုလ်ကံတို့ကို အခြေပြု၍ ထာဝရဘုရားသခင်သည် ဝိညာဉ်တစ်ခုချင်းအား ရုပ်ခန္ဓာကိုယ်အမျိုးမျိုးဖြင့် ဘဝသံသရာခရီးကိုဖြတ်သန်းခွင့်ပြုထားသည်။

သက်ရှိသက်မဲ့ ကမ္ဘာလောကကြီးကို ဖန်ဆင်းသည့်အချိန်မှ ဖျက်သိမ်းသည့်အချိန်တိုင်အောင်သော ကာလကို တစ်ကပ္ပဟုခေါ်သည်။ လူတို့၏ အနှစ်သန်းပေါင်း (၄၃၂) သန်းနှင့် ညီမျှသည်။ ထိုတစ်ကပ္ပအချိန်သည် ထာဝရဘုရားသခင်၏ တစ်နေ့တာအချိန်ဖြစ်သည်။ ထာဝရဘုရားသခင်သည် မိမိ၏တစ်နေ့တာအချိန်ကုန်ဆုံးသွားသောအခါ ရုပ်လောကကြီးကို ဖျက်သိမ်းလိုက်သည်။ ထိုအချိန်၌ ဝိညာဉ်များသည် လွတ်လပ်စွာ အနားယူခွင့်ရကြသည်။ သို့ရာတွင် ရှေးကုသိုလ်ကံ အကုသိုလ်ကံများ ကျန်ရှိနေသေးလျှင် ထာဝရဘုရားသခင်က နောက်ထပ် ရုပ်ကမ္ဘာ လောကအသစ်တစ်ခုကို ဖန်ဆင်းလိုက်သောအခါ ထိုဝိညာဉ်များသည် ရုပ်ခန္ဓာအသစ်တို့ဖြင့် ကမ္ဘာလောကကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်ကြရသည်။

ကံ၊ ပညာ နှင့် ဣန္ဒြေတို့သည် ဝိညာဉ်နှင့် အမြဲတမ်းတွဲစပ်နေသည်။ သတ္တဝါတို့ သေဆုံးသောအခါ ၎င်းတရားများသည် ဝိညာဉ်နှင့်အတူ ငရဲသွားလျှင် ငရဲအလျောက်၊ နတ်ပြည်သွားလျှင် နတ်ပြည်အလျောက် လိုက်ပါသွားကြသည်။ ဥပမာ ကလေးနှစ်ယောက်အတူတကွ ပညာသင်ကြားသောအခါ တစ်ယောက်သည် တတ်လွယ်၍ တစ်ယောက်သည် မတတ်လွယ်။ ထိုကဲ့သို့ ဖြစ်ခြင်းမှာ ရှေးဘဝမှ ပညာပါလာမှု ကွာခြားသောကြောင့်ဖြစ်သည်။

ဝိညာဉ်တို့တွင် တစ်ခုနှင့်တစ်ခု အတိတ်ကံမတူညီကြခြင်း ယုံကြည်ချက်မတူညီကြခြင်းတို့ကြောင့် ဝိညာဉ်အချင်းချင်းလည်း လွတ်မြောက်ပြီးသောဝိညာဉ်နှင့် အစဉ်အမြဲ လွတ်လပ်နေသောဝိညာဉ်ဟူ၍ နှစ်မျိုးကွဲပြားသည်။ ကံတရား၏ချုပ်နှောင်ခြင်းကို မခံရလျှင် ဝိညာဉ်သည် အစဉ်အမြဲ လွတ်လပ်နေမည်။

# အခန်း (၃)
# ကံအမျိုးအစားများ

ဟိန္ဒူဘာသာတွင် ကံအမျိုးအစားများကို ခွဲခြားပြဆိုထားရာ၌ (၁) လုပ်ဆောင်မှု (၂) အတိတ်နှင့်ပစ္စုပ္ပန်စသော အချိန်ကာလ ဟူသော အချက် (၂) ချက်ကို အခြေခံထားသည်ကို တွေ့ရှိရသည်။

## လုပ်ဆောင်မှုအပေါ်တွင် အခြေခံ၍ ခွဲခြားထားသောကံများ

သတ္တဝါတို့ လုပ်ဆောင်ထားသော ကံတို့ကို ယင်းတို့၏ လုပ်ဆောင်မှု အပေါ်တွင် အခြေခံ၍ အမည်ပေးခွဲခြားထားသောအခါ

(က) ခန္ဓာကိုယ်စသည်တို့ဖြင့် လုပ်ဆောင်သောကံ (၄) မျိုး

(ခ) ပါပစသော ကံ (၄) မျိုး

(ဂ) နိတျစသောကံ (၃) မျိုး

(ဃ) သာတွိကစသောကံ (၃) မျိုး

ဟူ၍ အမည်ကွဲများစွာ ပေးထားသည်ကို တွေ့ရသည်။

## ခန္ဓာကိုယ်စသည်တို့ဖြင့် လုပ်ဆောင်သောကံ (၄) မျိုး

လူသားတို့သည် ကောင်းသောအလုပ်ကိုဖြစ်စေ၊ မကောင်းသောအလုပ်ကိုဖြစ်စေ နေ့စဉ်နေ့တိုင်း ပြုလုပ်နေကြသည်။ ထိုသို့ပြုလုပ်ကြရာ၌–

(၁) ခန္ဓာကိုယ်ဖြင့်လုပ်ဆောင်သောကံ (ကာယကံ)

(၂) လျှာ(သို့မဟုတ်)နှုတ်ဖြင့် လုပ်ဆောင်သောကံ(ဝစီကံ)

(၃) စိတ်ဖြင့်လုပ်ဆောင်သောကံ(မနောကံ)

(၄) ငွေဖြင့်လုပ်ဆောင်သောကံဟူ၍ ကံ (၄) မျိုး ရှိနေသည်ကို တွေ့ရသည်။

(We sin in four different ways. With our body we do evil; with our tongue we speak untruth; with our mind we think evil; and with our money we do so much that is wicked. Hindu Darma - 7)

ထိုလေးမျိုးတို့တွင် လူသားတို့သည် မိမိတို့၏ ခန္ဓာကိုယ်ဖြင့် လောကကျင့်ဝတ်စည်းကမ်းများနှင့် လောကပါလ တရားတို့၏ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန် ကြကုန်၏။ ဘုရားသခင် ချမှတ်ပေးထားသော ဥပဒေများကို မထိမဲ့မြင်ပြုလုပ်ပြီး ဒုစ္စရိုက် လုပ်ငန်းများကို အမြဲမပြတ် ပြုလုပ်နေကြသည်။ ထိုလုပ်ဆောင်ချက် များကို ခန္ဓာကိုယ်ဖြင့် လုပ်ဆောင်သော အကုသိုလ်ကံ (အကုသိုလ် ကာယကံ)ဟုခေါ်သည်။

မိမိတို့၏ ခန္ဓာကိုယ်ဖြင့် အခြားသူတို့ကို ပြုစုလုပ်ကျွေး ကြ၏။ ထာဝရဘုရားသခင်အား ချဉ်းကပ်၍ ဦးညွှတ်ဝတ်တွားကြ၏။ ထိုလုပ်ဆောင်ချက်များကို ခန္ဓာကိုယ်ဖြင့် လုပ်ဆောင်သော ကုသိုလ်ကံ (ကုသိုလ်ကာယကံ) ဟုခေါ်သည်။

လျှာဖြင့် မမှန်သောစကားကို ပြောဆိုခြင်း၊ ရန့်ရင်း ကြမ်းတမ်းသော စကားကိုပြောဆိုခြင်း၊ ထာဝရဘုရား၏ အမည်ကို ရွတ်ဆိုမှု မပြုခြင်းတို့သည် လျှာဖြင့်လုပ်ဆောင်သော အကုသိုလ်ကံ (အကုသိုလ်ဝစီကံ)တို့ ဖြစ်ကြသည်။

လျှာဖြင့် မှန်သောစကားကို ပြောဆိုခြင်း၊ ဘုရားသခင်၏ အမည်ကို အဖန်ဖန်အထပ်ထပ် ရွတ်ဆိုခြင်းတို့သည် လျှာဖြင့် လုပ်ဆောင်သော ကုသိုလ်ကံ(ကုသိုလ်ဝစီကံ)တို့ ဖြစ်ကြသည်။

စိတ်သည် ဣသွာရဘုရား၏ ဘုံဗိမာန်ဖြစ်သည်။ ထိုစိတ်ကို ညစ်ပတ်စေရန် ပြုလုပ်လျှင်သော်လည်းကောင်း၊ မကောင်းသော အကြံအစည်တို့ကို စဉ်းစားနေလျှင်သော်လည်းကောင်း စိတ်ဖြင့် လုပ်ဆောင်သော အကုသိုလ်ကံ(အကုသိုလ်မနောကံ)ဖြစ်သွားသည်။

စိတ်ကို သန့်စင်စေရန် ပြုလုပ်ခြင်း၊ စိတ်ထဲတွင် ဘုရားသခင် ကို နေရာပေးခြင်း၊ တစ်နေ့လျှင် အနည်းဆုံး ငါးမိနစ်ခန့်မျှ

တရားထိုင်ခြင်း၊ တရားထိုင်ရန် သစ္စာပြုခြင်းတို့သည် စိတ်ဖြင့် လုပ်ဆောင်သော ကုသိုလ်ကံ(ကုသိုလ်မနောကံ)တို့ ဖြစ်ကြသည်။

ငွေဖြင့် ယုတ်မာသောအလုပ်တို့ကို များစွာပြုလုပ်ခြင်း၊ ငွေဖြင့် အခြားသူများ ဒုက္ခရောက်စေရန် ပြုလုပ်ခြင်းတို့သည် ငွေဖြင့်လုပ်ဆောင်သော အကုသိုလ်ကံတို့ဖြစ်ကြပြီး ငွေဖြင့် ဆင်းရဲသူများကို ကူညီခြင်း၊ ကောင်းသောအလုပ်တို့ကို လုပ်ကိုင်ခြင်းတို့သည် ငွေဖြင့်လုပ်ဆောင်သော ကုသိုလ်ကံတို့ ဖြစ်ကြသည်။

## ပါပစသောကံ (၄) မျိုး

သတ္တဝါတို့သည် နေ့စဉ်နေ့တိုင်း ကံတရားများစွာကို ကြိုးစားအားထုတ် ပြုလုပ်ကြကုန်၏။ ယင်းကံတရားတို့ကို လုပ်ဆောင်မှုအပေါ်တွင် အခြေခံ၍-

၁။ ပါပကံ (အကုသိုလ်ကံ)

၂။ ပုဏ္ဏကံ (ကုသိုလ်ကံ)

၃။ ပါပပုဏ္ဏကံ (ကုသိုလ်အကုသိုလ်အရောကံ)

၄။ ပါပပုဏ္ဏရဟိတကံ (ကုသိုလ်အကုသိုလ်မဟုတ်သောကံ)

ဟူ၍ (၄) မျိုး ခွဲခြားထားသည်။

ထိုလေးမျိုးတို့တွင် မကောင်းသောအလုပ်တို့ကို လုပ်ဆောင်ခြင်းသည် ပါပကံမည်၏။ အကုသိုလ်ကံဟုလည်း သုံးနှုန်းကြသည်။

ကိုယ်ကျင့်တရား ပျက်ပြားခြင်းနှင့် ဘုရားသခင်ကို မယုံကြည်ခြင်းတို့သည်လည်းကောင်း၊ ရာဂဒေါသတို့နှင့် ယှဉ်တွဲလျက် ပြုလုပ်သောအလုပ်တို့သည်လည်းကောင်း၊ ဆင်ခြင်စဉ်းစားဉာဏ်ကင်းမဲ့လျက် ပြုလုပ်သော အလုပ်တို့သည်လည်းကောင်း၊ လူမိုက်လူဆိုး သူခိုးတို့ပြုလုပ်သော အလုပ်တို့သည်လည်းကောင်း ပါပကံတို့ ဖြစ်ကြသည်။

ယင်းပါပကံ၌ (၁) ယနေ့မကောင်းမှုများကိုပြုလုပ်စေရန် သွေးထိုးလှုံ့ဆော်ပေးခြင်း (၂) မနက်ဖြန်မကောင်းမှုများကို ပြုလုပ်

စေရန် သွေးထိုးလှုံ့ဆော်ပေးခြင်းဟူ၍ မကောင်းသော စွမ်းရည်သတ္တိ နှစ်မျိုးရှိသည်။

သတ္တဝါအားလုံးတို့သည် သူတော်ကောင်းတရားဟုခေါ်သော ကုသိုလ်ကံ၏ အကျိုးတရားဖြစ်သော ကောင်းကျိုးချမ်းသာတို့ကို ခံစားချင်ကြသော်လည်း လောကကျင့်ဝတ်စည်းကမ်းများနှင့် လောကပါလတရား၏ စည်းမျဉ်းတို့ကို ဖေါက်ဖျက်ကျူးလွန်ကြသည်။ ဘုရားသခင် ချမှတ်ပေးထားသော ဥပဒေများကို မထိမဲ့မြင် ပြုလုပ်ကြသည်။ ကိုယ်ကျင့်တရားကိုလည်း စောင့်ထိန်းခြင်း မရှိကုန်။ ထို့ကြောင့် အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့ကိုသာ တွေ့ကြုံခံစားကြရသည်။ သေလွန်သောအခါ၌လည်း ငရဲဘဝ တိရစ္ဆာန်ဘဝ အစရှိသော ယုတ်နိမ့်သောဘဝတို့၌ဖြစ်ကြရပြီး ဆင်းရဲဒုက္ခများစွာတို့ကို အဆက်မပြတ် ခံစားကြရသည်။ ထိုကဲ့သို့ ယုတ်မာသော အကျိုးတရားတို့ကိုသာ ဖြစ်ပေါ်စေသော ပါပကံတို့ကို ဘဝတစ်သက်တာပတ်လုံး လုပ်ဆောင်သောသူကို ပါပသ်မက (Pāpasmaka) ပုဂ္ဂိုလ်ဟုခေါ်သည်။

အကျိုးကျေးဇူး ရလိုမှုအတွက် အလိုဆန္ဒမရှိဘဲ လုပ်ဆောင်သော အလုပ်တို့ကို ပုဏ္ဏကံဟုခေါ်သည်။ ကုသိုလ်ကံဟုလည်း သုံးနှုန်းကြသည်။

သူတစ်ပါးတို့အား ဒုက္ခမပေးဘဲ မိမိစိတ်ကို ထိန်းချုပ်ပြီး တရားနည်းလမ်းကျကျ လုပ်ကိုင်ပြောဆိုကြံစည်ခြင်းတို့သည် လည်းကောင်း၊ကျမ်းစာများကို ဖတ်ရှုလေ့လာခြင်းသည်လည်းကောင်း၊ တရားအားထုတ်ခြင်းသည်လည်းကောင်း၊ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ယှဉ်တွဲ လျက်လုပ်ဆောင်ခြင်းတို့သည်လည်းကောင်း ပုဏ္ဏကံတို့ ဖြစ်ကြသည်။

သတ္တဝါတို့သည် မိမိတို့၏ခန္ဓာကိုယ်ဖြင့် အခြားသူတို့ကို အလုပ်အကျွေး ပြုလုပ်ရမည်။ ထာဝရဘုရားရှင်၏ ရှေ့မှောက်၌ ဦးညွှတ်ဝတ်တွားရမည်။ ဘုရားသခင်၏အမည်ကို ထပ်ကာထပ်ကာ ရွတ်ဆိုခြင်းဖြင့် ကုသိုလ်တရား ဖြစ်ပွားစေရန် လျှာကို အသုံးပြုရမည်။ စိတ်သည် ထာဝရဘုရားသခင်၏ ဗိမာန်ဖြစ်သောကြောင့် စိတ်ကို

သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီး စိတ်အတွင်း၌ ဘုရားသခင်ကို နေရာပေးရမည်။ တစ်နေ့လျှင် အနည်းဆုံးငါးမိနစ်မျှ တရားထိုင်ရမည်။ မိမိအပေါ်သို့ ကမ္ဘာကြီးပြိုကျလာလျှင်သော်မှ တရားထိုင်ခြင်းအလုပ်ကိုပြုလုပ်ရန် သန္နိဋ္ဌာန်ချထား ရမည်။ သို့မှသာ အကုသိုလ်ကံကို ကျူးလွန်သော နည်းလမ်းလေးမျိုးမှ ကင်းဝေးပြီး ကုသိုလ်တရားများ ဖြစ်ပွားနေမည်။

ထိုကုသိုလ်ကံသည် Ishta ကုသိုလ်ကံနှင့် ကုသိုလ်ကံဟူ၍ နှစ်မျိုးရှိသည်။ မီးပူဇော်ခြင်း၊ တရားအားထုတ်ခြင်း၊ သစ္စာရှိခြင်း၊ ဓမ္မသတ်ကျမ်းများနှင့်အညီ လိုက်နာကျင့်သုံးခြင်း၊ ဧည့်ခံခြင်းနှင့် နတ်ဒေဝတာတို့အား ပူဇော်ပသပေးလှူခြင်းတို့သည် Ishta ကုသိုလ်ကံတို့ ဖြစ်ကြသည်။ Ishta ကုသိုလ်ကံကို Yagga ကုသိုလ်ကံ ဟုလည်း ခေါ်သည်။

ရေတွင်းရေကန် တူးဖော်ခြင်း၊ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဥယျာဉ်တည်ဆောက်ခြင်း၊ မဏ္ဍပ်ထိုးခြင်းနှင့် လကြပ်သောအချိန် (သို့မဟုတ်) လငပုပ်ဖမ်းသောအချိန်၌ လည်းကောင်း၊ နေမင်းကြီး အရပ်မျက်နှာပြောင်းရွှေ့သော အချိန်၌ လည်းကောင်း၊ နေ့ထူးနေ့မြတ်ဖြစ်သောရက်တို့၌လည်းကောင်း ပေးကမ်းလှူဒါန်းခြင်းတို့သည် Pūrta ကုသိုလ်ကံတို့ ဖြစ်ကြသည်။ Pūrta ကုသိုလ်ကံကို Dāna ကုသိုလ်ကံဟုလည်း ခေါ်သည်။ ထိုကုသိုလ်ကံတို့ကို ကြိုးစားအားထုတ် ပြုလုပ်သော သူကို ပုဏျသ်မက (Puṇyasmaka) ဟုခေါ်သည်။

ထိုသူသည် သေလွန်သောအခါ ပထမဆင့်အနေဖြင့် သံသရာမှ လွတ်မြောက်နိုင်၏။ သံသရာမှ မလွတ်မြောက်နိုင်သေးလျှင် ဒုတိယဆင့်အနေဖြင့် နတ်ပြည်၌ ဖြစ်နိုင်၏။ နတ်ပြည်၌ မဖြစ်ရလျှင် တတိယဆင့်အနေဖြင့် လူ့ပြည်၌ လူပြန်ဖြစ်ရပြီး မြင့်မြတ်သော အမျိုး၌ဖြစ်ရခြင်း၊ ရုပ်ရည်အဆင်းလှပခြင်း၊ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံခြင်းအစရှိသော ကောင်းကျိုးအမျိုးမျိုးကို ခံစားရ၏။

အပြစ်ဒေါသကင်းစင်သော ကရိသျှနားမြတ်စွာဘုရား ဟောကြားသော ဘဂဝါဂီတတရားတော်ကို သဒ္ဒါတရားဖြင့် ကြားနာ ရုံမျှ ကြားနာပါသော်လည်း ထိုကံကြောင့် မကောင်းမှုအကုသိုလ်ကံ တို့မှ လွတ်မြောက်၍ ကုသိုလ်ကောင်းမှုရှိသောသူတို့၏ လားရောက်ရာ ဖြစ်သော လူ့ပြည်နတ်ပြည်လောကတို့သို့ ရောက်နိုင်၏။

ကုသိုလ်ကံတို့ကြောင့် လူ့ဘဝ၏ပန်းတိုင်လေးမျိုးဖြစ်သော ဓမ္မ (Dharma)၊ ဓန(အတ္ထ) (Artha)၊ ကာမ (Kāma)နှင့် မောက္ခ (Mokṣa) တို့ကို ရရှိနိုင်သည်။ ကုသိုလ်ကံတို့ကို ကြိုးစားအားထုတ် ပြုလုပ်ခြင်းဖြင့် ဓမ္မကိုရရှိ၏။ ဓမ္မကိုရရှိခြင်းကြောင့် ဓန(စည်းစိမ်ဥစ္စာ) ကိုပါ ရရှိနိုင်၏။ ဓနကိုရရှိခြင်းကြောင့် ကာမ(အလိုဆန္ဒ)ကို ရရှိနိုင်၏။ အလိုဆန္ဒနှင့်ပြည့်စုံလျှင်(မောက္ခ)သံသရာမှ လွတ်မြောက်သွား၏။

အကုသိုလ်အလုပ်နှင့် ကုသိုလ်အလုပ်တို့ ရောနှောနေသော ကံကို ပါပပုဏျကံဟု ခေါ်သည်။

ဥပမာအားဖြင့် ငွေတစ်ရာ၌ သမ္မာအာဇီဝကျကျ ရှာဖွေ ရရှိထားသောငွေနှင့် အကုသိုလ် ဒုစ္စရိုက်အလုပ်ဖြင့် ရှာဖွေရရှိထားသော ငွေတို့ ရောထွေးပါဝင်နေ၏။ ထိုငွေတစ်ရာကို ပေးလှူခြင်းသည် ပါပပုဏျကံမည်၏။ ကြက် နွား အစရှိသည်တို့ကိုသတ်၍ ချက်ပြုတ် ကျွေးမွေးလှူဒါန်းခြင်းသည်လည်း ပါပပုဏျကံပင်ဖြစ်သည်။ ထိုပါပ ပုဏျကံကို ပြုလုပ်သောသူကို ပါပပုဏျသမကပုဂ္ဂိုလ် ဟုခေါ်သည်။

ထိုသူသည် သေလွန်သောအခါ ကုသိုလ်ကံက ပို၍ အားကောင်းလျှင် လူ့ပြည်နတ်ပြည်တို့၌ ဖြစ်ရ၏။ အကုသိုလ်ကံက ပို၍အားကောင်းလျှင် ငရဲပြည် တိရစ္ဆာန်ပြည်တို့၌ ဖြစ်ရ၏။

ကုသိုလ်ကံလည်းမမည် အကုသိုလ်ကံလည်းမမည်သော အလုပ်ကို ပါပပုဏျရဟိတ ကံဟုခေါ်သည်။ ငြိကပ်တွယ်တာမှု ချစ်ခင်မှုအစရှိသော သံယောဇဉ်တို့ကို ပယ်ဖြတ်ပြီး ကြာမြင့်စွာ တရားအားထုတ်ခြင်းသည်လည်းကောင်း၊ အလုံးစုံသောကံတို့ကို ဗြဟ္မာထံတွင်အပ်နှံပြီး တွယ်တာခြင်းကို စွန့်ပယ်ကာ ကံတို့ကို

ပြုလုပ်၏။ ထိုကံတို့သည်လည်းကောင်း၊ အကြင်သူသည် ရသမျှနှင့် ရောင့်ရဲတင်းတိမ်၏။ ချစ်ခြင်းမုန်းခြင်း အစရှိသော စုံတွဲသဘောကို လွန်မြောက်၏။ မနာလိုမှု ဝန်တိုမှုကင်း၍ အနိုင်နှင့်အရှုံးကို အညီအမျှ သဘောထား၏။ ထိုသူပြုလုပ်သောကံတို့သည်လည်းကောင်း၊ စိတ်ကို တွယ်တာမှုမှ ကင်းစေ၍ ဉာဏ်၌တည်ကာ ယဇ်အတွက်ကျင့်ခြင်းသည် လည်းကောင်း၊ ထာဝဘုရားသခင်အတွက်ပြုလုပ်သော အလုံးစုံသော ကံတို့သည်လည်းကောင်း ပါပပုဏ္ဏရဟိတကံများ ဖြစ်ကြသည်။

## နိတျစသောကံ (၃) မျိုး

တစ်နည်းအားဖြင့် ပြုလုပ်သော အလုပ်အပေါ်မူတည်၍

၁။ နိတျကံ (Nitya Karma)

၂။ နေမိတ္တိကကံ (Naimittika Karma)

၃။ ကာမျကံ (Kāmya Karma)

ဟူ၍ သုံးမျိုးခွဲခြားထားသည်။

ထိုသုံးမျိုးတို့တွင် နေ့စဉ်နေ့တိုင်း လုပ်ဆောင်ရမည်ဖြစ်သော ဘာသာရေးဆိုင်ရာ မင်္ဂလာအလုပ်များကို လုပ်ဆောင်ခြင်းသည် နိတျကံမည်၏။ ထိုနေ့စဉ်နေ့တိုင်း လုပ်ဆောင်ရမည်ဖြစ်သော ဘာသာရေးထုံးတမ်းဓလေ့အချို့ကို မလုပ်ဆောင်ခြင်းသည် မကောင်းမှု များကို ပြုလုပ်ရာရောက်၏။ ဒုက္ခမျိုးစုံကို ဖြစ်ပေါ်စေ၏။ လုပ်ဆောင်ခြင်းသည် ကောင်းမှုများကို ပြုလုပ်ရာရောက်၏။ ပျော်ရွှင်မှုမျိုးစုံကို ဖြစ်ပေါ်စေ၏။

တိကျသေချာသော ဦးတည်ချက် (သို့မဟုတ်) အကြောင်း တစ်ခုအတွက် ပြုလုပ်ရန် လမ်းညွှန်မှုပေးထားသော (သို့မဟုတ်) တိကျသေချာသော အချိန်အခါသမယ၌ ပြုလုပ်ရန် သတ်မှတ်ပေး ထားသော အလုပ်များကို လုပ်ဆောင်ခြင်းသည် နေမိတ္တိကကံမည်၏။ နေကြတ်ချိန်၊ လကြတ်ချိန် (သို့မဟုတ်) လပြည့်ဖမ်းချိန်၌ ရေချိုးခြင်း၊ ဖခင်တို့အား နတ်တင်ပြီးသောအရက် (Libation)တို့ကို ပေးလှူခြင်းနှင့် ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်ထူးများသည် မိမိတို့၏အိမ်သို့

ရောက်လာသောအချိန်တွင် အမျိုးဘာသာနှင့်စပ်ဆိုင်စွာ ထိုပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုပူဇော်ခြင်းတို့သည် နေမိတ္တိကကံတို့ ဖြစ်ကြသည်။

အထူးဦးတည်ချက်တစ်ခုရှိသော (သို့မဟုတ်) အကျိုးတရားတစ်ခုခုကို မျှော်ကိုး၍ လုပ်ဆောင်သော ဘာသာရေးထုံးတမ်းဓလေ့များကို လုပ်ဆောင်ခြင်းသည် ကာမျက်ကံ မည်၏။ မိုးခေါင်သောအချိန်၌ မိုးရွာစေရန် ဘုရားသခင်အား ဆုတောင်းခြင်း၊ သားသမီး ရလိုသောအခါ သားဆုပေးစေရန် ဘုရားသခင်အား ဝတ်ပြုဆုတောင်းခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံစေရန် ဘုရားဝတ်ပြုခြင်း စသည်တို့သည် ကာမျက်ကံတို့ ဖြစ်ကြသည်။

ထိုသုံးမျိုးတို့တွင် နိတျကံနှင့် နေမိတ္တိကကံတို့သည် မလုပ်မဖြစ်သောကံများဖြစ်ကြပြီး အားလုံးကိုလုပ်ဆောင်ရမည်။ မလုပ်လျှင် အကုသိုလ်ဖြစ်မည်။ လုပ်လျှင် ကုသိုလ်ဖြစ်မည်။ ထိုကံတို့သည် တိကျသေချာသော အကျိုးပေးမှုများကို ခန့်မှန်း၍ မရနိုင်သောကြောင့် တပ်မက်တွယ်တာ စွဲလမ်းစရာမရှိကုန်။ တိကျသေချာသော အကျိုးပေးမှုမရှိသော်လည်း မလိုလားအပ်သော အကျိုးတရားများကို ရှောင်ရှားသည့်သဘောဖြင့် မရေရာသော အကျိုးတရားများကိုကား ပေးနိုင်သေးသည်။

ကာမျက်ကံသည် မလုပ်လျှင်လည်း အပြစ်မရှိသောကံဖြစ်သည်။ အကျိုးကျေးဇူး ရလိုမှုအတွက် လိုလားတောင့်တမှုနှင့် ဆက်စပ်နေသဖြင့် ယင်းကံကိုပြုလုပ်သော ပုဂ္ဂိုလ်အား နောက်ဆက်တွဲ အကျိုးတရားများ ပေးလိမ့်မည်။

သတ္တဝါတို့သည် ကာမျက်ကံကို ပြုလုပ်သောအခါ၌ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးတရားများထံသို့ စိတ်ကရောက်ရှိနေသောကြောင့် ထိုကာမျက်ကံသည် တပ်မက်စွဲလမ်းစရာ တစ်ဆင့်ခံ အရာဝတ္ထုဖြစ်လာသည်။ ကာမျက်ကံ၏ နောက်ဆက်တွဲ အကျိုးကျေးဇူးကို ယခုဘဝတွင် သော်လည်းကောင်း၊ နောင်ဘဝ တစ်ခုခုတွင်သော်လည်းကောင်း မလွဲမသွေ ရရှိနိုင်သည်။

အကျိုးကျေးဇူးရရှိမှုသည် အလုပ်လုပ်ခြင်းကြောင့် မဟုတ်ဘဲ ထိုအလုပ်ကို လုပ်ဆောင်ရာ၌ဦးဆောင်သော အလိုဆန္ဒအတွက် ကြောင့်သာဖြစ်သည်။ ထိုကဲ့သို့ အလိုဆန္ဒနှင့် လုပ်ဆောင်သော ကာမျက်ကြောင့် သတ္တဝါတို့သည် ဘဝသစ်တဖန် ပြန်လည်မွေးဖွါး လာရသည်။ ထို့ကြောင့် ကာမျက်သည် ဘဝသံသရာ ကျင်လည်ရခြင်း၏ အဓိကအကြောင်း ကံကြီးတစ်ခုအနေဖြင့် တည်ရှိနေသည်။

## သာတွိကစသော ကံ (၃) မျိုး

တစ်နည်းအားဖြင့် ပြုလုပ်သော အလုပ်အပေါ်မူတည်၍

၁။ သာတွိကကံ (Sāttvika (sātvika) Karma)

၂။ ရာဇသကံ (Rājasa Karma)

၃။ တာမသကံ (Tāmasa Karma)

ဟူ၍ သုံးမျိုးခွဲခြားထားသည်။

ထကြွလုံ့လ ဝိရိယရှိစွာဖြင့် စွမ်းစွမ်းတမံ ပြုလုပ်သော ကံကို သာတွိကကံဟုခေါ်သည်။

ရှေးသူတော်ကောင်းတို့၏ အစဉ်အလာအတိုင်း ပြုလုပ်သော ကံတို့သည်လည်းကောင်း၊ မိမိပြုလုပ်သော အလုပ်အပေါ်၌ ငြိကပ်တွယ်တာမှုမရှိဘဲ အကျိုးရရှိမှုကို မျှော်လင့်တောင့်တမှုကင်းလျက် ပြုလုပ်သောကံတို့သည်လည်းကောင်း၊ ရာဂဒေါသတို့မှကင်းလျက် ပြုလုပ်သောကံတို့သည်လည်းကောင်း၊ ပေးလှူသင့်ပေးလှူထိုက်၏ဟု နှလုံးသွင်း၍ သင့်တင့်လျောက်ပတ်သော အချိန်အခါ၊ အရပ်ဒေသနှင့် အလှူခံပုဂ္ဂိုလ်တို့အား ကျေးဇူးတုံ့ပြန်မှုကို မျှော်လင့်ခြင်းမရှိဘဲ ပေးလှူသောအလှူတို့သည်လည်းကောင်း သာတွိကကံတို့ ဖြစ်ကြသည်။

တစ်နည်းအားဖြင့် ကောင်းမှုကံ၏ အကျိုးတရားကိုလည်း သန့်ရှင်းသော သာတွိကကံဟု ဆိုကြသည်။ ဤသာတွိကကံကြောင့် သံသရာမှလည်း လွတ်မြောက်နိုင်၏။ နတ်ပြည်အစရှိသော မြင့်မြတ်သော ဘုံဘဝတို့သို့လည်း ရောက်ရှိနိုင်၏။

ရာဂတရား၌ရှိသော ဂုဏ်သတ္တိ၏ ဩဇာလွှမ်းမိုးမှုကို ခံရလျှက် လုပ်ဆောင်သောကံကို ရာဇသကံဟုခေါ်သည်။

လွန်စွာဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းဖြင့် ပြုလုပ်သော ကံတို့သည်လည်းကောင်း၊ အကျိုးကျေးဇူးရရှိမှုကို မျှော်ကိုးလျှက် ပြုလုပ်သောကံတို့သည်လည်းကောင်း၊ မာန်မာနထောင်လွှားစွာဖြင့် ပြုလုပ်သောကံတို့သည်လည်းကောင်း ရာဇသကံတို့ ဖြစ်ကြသည်။ ဤရာဇသကံကြောင့် အလယ်အလတ်တန်းစား ဘုံဘဝဖြစ်သော လူ့ပြည်လောက၌ ဖြစ်ရ၏။

အသိဉာဏ်ပညာ ကင်းမဲ့စွာဖြင့် ပြုလုပ်သောကံကို တာမသကံဟု ခေါ်သည်။

အတိုင်းအဆမရှိဘဲ ပြုလုပ်သောကံတို့သည်လည်းကောင်း၊ ညှဉ်းဆဲနှိပ်စက်လျှက် ပြုလုပ်သောကံတို့သည်လည်းကောင်း၊ အသိဉာဏ်ကင်းလျှက် ပြုလုပ်သော ကံတို့သည်လည်းကောင်း တာမသကံတို့ ဖြစ်ကြသည်။ အသိဉာဏ်ကင်းမဲ့သောကြောင့် ကုသိုလ်ကံတို့ကို ပြုလုပ်ပါသော်လည်း အကုသိုလ်ကံတို့ကို ပြုလုပ်သကဲ့သို့ ဖြစ်သွားတတ်၏။ ဤတာမသကံကို ပြုလုပ်သော သတ္တဝါတို့သည် သေလွန်သောအခါ အသိဉာဏ် မရှိသော ဘုံဘဝ ဖြစ်သော ငရဲဘုံ၊ တိရစ္ဆာန်ဘုံတို့၌ ဖြစ်ကြရသည်။

## အတိတ် နှင့် ပစ္စုပ္ပန်ဟူသော အချိန်ကာလအပေါ်တွင် အခြေခံ၍ ခွဲခြားသောကံများ

ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးချင်း၌ရှိသော ရုပ်ခန္ဓာကိုယ်သည် ကောင်းမှုမကောင်းမှုတည်းဟူသော ကံတရားကို ဦးဆောင်နိုင်ခြင်း မရှိချေ။ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းနိုင်သော အတ္တဝိညာဉ် သည်သာ ကံတရားကို ဦးဆောင်နိုင်သည်။

ကံဆိုသည်မှာ ကိုယ် နှုတ် စိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အကောင်အထည် ဖေါ်ဆောင်ပေးသောအလုပ်များ၊ ထိုအလုပ်တို့၏

လက်ငင်းအကျိုးတရားများနှင့် အနာဂတ်ကာလများ၌သာ ဖြစ်ပေါ်လာမည့် အကျိုးဆက်များ၏ ဥပဒေသ တစ်ခုဖြစ်သည်။

သတ္တဝါတို့၏ ဘဝတို့ကို အတိတ်ကံတရားတို့က ချမှတ်ပေးထားသော အကျိုးတရားပုံစံများအတိုင်း တစ်သမတ်တည်းတည်ရှိနေကာ ပြုပြင်ပြောင်းလဲ၍ မရနိုင်သော ကံကြမ္မာတစ်ခုအဖြစ် အဓိပ္ပါယ်ဖော်ဆောင်၍ မရနိုင်ပေ။ ပစ္စုပ္ပန်ဘဝ၌ အတ္တဝိညာဉ်၏ လုပ်ဆောင်ချက်တို့နှင့် ဘာသာတရား၏ သွန်သင်ပြသဆုံးမမှုတို့သည် များစွာသော အတိတ်ကံတို့၏ အကျိုးတရားတို့ကို ပြုပြင်ပြောင်းလဲပြစ်နိုင်စွမ်းရှိသည်။ ထိုအတိတ်ကံတရားတို့နှင့် ပစ္စုပ္ပန်ကံတရားတို့အပေါ်မူတည်၍ ကံတရားတို့ကို–

(က) သံဆိတကံ (Sanchita Karma)

(ခ) ပရာရဒ္ဓကံ (Prārabdha (parāraddha) Karma)

(ဂ) ကရိယမနကံ (Kriyamana Karma)

ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားသည်။

ထိုသုံးမျိုးတို့တွင် စုဆောင်းထားသောကံတို့ကို သံဆိတကံဟုခေါ်သည်။ သတ္တဝါအားလုံးတို့သည် ဘဝပေါင်းများစွာ သံသရာ၌ ကျင်လည်ကြကုန်၏။ ကျင်လည်ရာဘဝတိုင်းဘဝတိုင်း၌ များစွာသော ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့ကို ပြုလုပ်ခဲ့ကြသည်။ ထိုကံတို့တွင် အချို့သောကံတို့သည် ပြုလုပ်ခဲ့သောဘဝ၌ပင် အကျိုးပေးခဲ့၍ ကုန်သွား၏။ အချို့သောကံတို့သည် နောင်ဘဝတစ်ခုခု၌ အကျိုးပေး၍ ကုန်သွား၏။ အချို့သောကံတို့သည် မည်သည့်ဘဝတွင်မှ အကျိုးမပေးသေးဘဲ ကျန်ရှိနေ၏။ ထိုသို့ အတိတ်ဘဝပေါင်း များစွာတို့၌ အကျိုးမပေးဘဲ ကျန်ရှိနေသောကံတို့သည် သံဆိတကံတို့ ဖြစ်ကြသည်။

ထိုသံဆိတကံတို့ကို မသိစိတ်၏ အတွင်းကျသော များစွာသော အစိတ်အပိုင်းတို့၌ သိုမှီးသိမ်းဆည်းထားသည်။

ထိုသံဆိတကံတို့ကြောင့် သတ္တဝါတို့သည် ယခုဘဝ၌ လူ့ပြည်နတ်ပြည်အစရှိသော ကောင်းမွန်မြင့်မြတ်သော ဘဝတို့၌ သော်လည်း ဖြစ်ကြရသည်။ ငရဲပြည် တိရစ္ဆာန်ပြည်အစရှိသော ယုတ်ညံ့ပြီး ဆင်းရဲဒုက္ခတို့နှင့် ပြည့်နှက်နေသောဘဝတို့၌သော်လည်း ဖြစ်ကြရသည်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို ခံစားရခြင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲဒုက္ခကို ခံစားရခြင်း အစရှိသော ခံစားမှု အမျိုးမျိုးကိုလည်း ခံစားကြရသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပြည့်စုံမှု ချို့တဲ့မှု၊ ရုပ်ရည်အဆင်း လှပမှု ကြမ်းတမ်းမှု၊ ပညာ တတ်မြောက်မှု ပညာမတတ်မှုစသည်တို့နှင့်လည်း တွေ့ကြုံကြရသည်။

ပစ္စုပ္ပန်ဘဝ၌ အောင်မြင်ထမြောက်သောကံဖြစ်အောင် စတင်ပြုလုပ်သောကံကို ပရာရဒ္ဓကံ ဟုခေါ်သည်။ ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်သောကံတို့တွင် အချို့သောကံတို့သည် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးသောကြောင့် ကုန်ဆုံးသွားသော်လည်း အချို့သော ကံတို့သည် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့်မရသောကြောင့် တစ်စုံတစ်ခု သော အနာဂတ်ဘဝ၌ အကျိုးပေးနိုင်ရန် စုဆောင်းသကဲ့သို့ ဖြစ်သွား၏။ ထို့ကြောင့် ဤပရာရဒ္ဓကံကို သံဆိတကံ၏ အစိတ်အပိုင်း တစ်ခုဖြစ်သောကံဟု ဆိုနိုင်သည်။

ဤပရာရဒ္ဓကံသည် သံဆိတကံ၏ အကျိုးဖြစ်သော လူ့ဘဝ၊ နတ်ဘဝ၊ တိရစ္ဆာန်ဘဝအစရှိသော လက်ရှိပစ္စုပ္ပန်ဘဝတို့ကို လည်းကောင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချို့တဲ့မှုတို့ကို လည်းကောင်း၊ ရုပ်ရည်အဆင်းလှပမှု ကြမ်းတမ်းမှုတို့ကိုလည်းကောင်း ပြောင်းလဲသွားစေခြင်းငှါ မစွမ်းဆောင်နိုင်သော်လည်း ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ပြည့်စုံသူကို ချို့တဲ့စေခြင်းငှါလည်းကောင်း၊ ချမ်းသာသောသူကို ဆင်းရဲစေခြင်းငှါလည်းကောင်း၊ ဆင်းရဲသူကို ချမ်းသာစေခြင်းငှါလည်းကောင်း ပြောင်းလဲပစ်နိုင်သည်။

နေ့စဉ်နေ့တိုင်း ဖွဲ့စည်းလုပ်ဆောင်ထားသောကံကို ကရိယမနကံဟုခေါ်သည်။ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် အလုပ်တာဝန်ကို မခိုမကပ် ကြိုးကြိုးစားစား လုပ်ဆောင်ခြင်းဟူသော လမ်းစဉ်ကို လိုက်နာခြင်းဖြင့် ကရိယမနကံတစ်ခုခုသည် ယင်း၏ ကံကြမ္မာကို ပုံဖော်ပေးနိုင်သည်။ အထမမြောက်သော သာမန်လုပ်ဆောင်သောကံများ၊ အလုံးစုံသောကံတို့ကို ပြဟ္မာထံတွင် အပ်နှံပြီး လုပ်ဆောင်သောကံများ၊ ထာဝရဘုရားသခင်အတွက် လုပ်ဆောင်ပေးသော ကံများနှင့် အချိန်ကြာမြင့်စွာ တရားအားထုတ်ခြင်းတို့သည် ကရိယမနကံတို့ ဖြစ်ကြသည်။

ဤကရိယမနကံသည် ပစ္စုပ္ပန်ဘဝတွင် လုပ်ဆောင်သောကံ ဖြစ်သော်လည်း ပရာရဒ္ဓကံမှ ခြားနားသည်။ ပရာရဒ္ဓကံသည် သံသရာ၌ ကျင်လည်စေခြင်းကိုဖြစ်စေနိုင်၏။ အထမမြောက်သော သာမန် လုပ်ဆောင်သောကံတို့မှတစ်ပါး ကြွင်းသောကရိယမနကံတို့သည် သံသရာမှ လွတ်မြောက်စေခြင်းကို ဖြစ်စေနိုင်သည်။

# အခန်း (၄)

## ဟိန္ဒူဘာသာ၏ ကံအယူအဆကို ခြုံငုံသုံးသပ်ချက်

ဟိန္ဒူဘာသာ၏ အဓိကယုံကြည်မှုသည် ထာဝရဘုရားရှင်နှင့် အတ္တသဘောတရားတို့ ဖြစ်သော်လည်း ကံ၏သဘောတရားကို ယူဆရာတွင် ထာဝရဘုရားအပေါ်တွင် အခြေခံထားခြင်းမရှိဘဲ အတ္တသဘောတရားအပေါ်၌သာ အခြေခံထားသည်ကို တွေ့ရသည်။

ဟိန္ဒူဘာသာအလိုအရ ကံတရားသည် အဓိပ္ပါယ်လေးမျိုးကို ဖေါ်ဆောင်နေသော်လည်း အကျဉ်းချုပ်လိုက်လျှင်မူ လုပ်ဆောင်မှုနှင့် အကျိုးတရားဟူ၍ အဓိပ္ပါယ်နှစ်မျိုးတည်းသာ ရှိနိုင်သည်။ နံပါတ် (၄) အဓိပ္ပါယ်အရ ဣန္ဒြေတို့ဖြင့် မမြင်ရသော စွမ်းအားသည် ကံမည်၏ဟု ဆိုထားခြင်းသည် ဗုဒ္ဓဘာသာ၌ပါရှိသောကံ၏ အဓိပ္ပါယ်နှင့် လွန်စွာတူညီနေသည်ကို တွေ့ရသည်။

ကံတစ်ခုခု၌ တိကျသေချာသော အကျိုးတရားနှင့် မတိကျမသေချာသော အကျိုးတရားဟူ၍ အကျိုးတရား နှစ်မျိုးရှိကြောင်း ယုံကြည်ကြသည်။ ထို့အပြင် ကံတရား၏ နယ်ပယ်ကို အကျင့်စာရိတ္တနယ်ပယ်နှင့် အကျင့်စာရိတ္တနှင့် မပတ်သက်သော နယ်ပယ်ဟူ၍ နှစ်မျိုးခွဲခြားထားသည်ကို တွေ့ရသည်။ ကောင်းမှုမကောင်းမှုဟူ၍ မသတ်မှတ်နိုင်သော အလုပ်များကို အကျင့်စာရိတ္တနှင့် မပတ်သက်သော သာမညကံဟုသုံးနှုန်းထားပြီး မည်သူကမျှ ကုသိုလ်အကုသိုလ်ဟု သတ်မှတ်ပေးထားခြင်းမဟုတ်ဘဲ အလိုအလျောက် ကုသိုလ်အကုသိုလ် ဖြစ်နေသော အလုပ်များကို အကျင့်စာရိတ္တနှင့် ပတ်သက်သောကံဟု သုံးနှုန်းထားသည်။

ကံတစ်ခုခုကို ပြုလုပ်ထားလျှင် ထိုကံသည် မည်သည့်အခါမျှ ပျောက်ပျက်မသွားကြောင်းနှင့် အခါအခွင့်သင့်သောအချိန်၌ အကျိုးပေးလိမ့်မည်ဖြစ်ကြောင်း ယူဆထားကြသည်။ ဤယူဆချက်သည် ဗုဒ္ဓဘာသာ၌ပါရှိသော အဟောသိကံနှင့် ခြားနားနေသည်။

ကံတရားကြောင့် အတ္တသည် သံသရာ၌ကျင်လည်နေရသည်။ ထို့ကြောင့် အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့သော ကံတရားတို့နှင့် ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ခဲ့သော ကံတရားတို့သည် အကျိုးပေးမှု မရှိသေးသမျှ အတ္တသည်သံသရာမှ မလွတ်မြောက်နိုင်ကြောင်း ယုံကြည်ကြသည်။

ဟိန္ဒူဘာသာ၌ ကံအမျိုးအစား ခွဲခြားထားမှုသည် လုပ်ဆောင်မှုနှင့် အချိန်ကာလအပေါ်တွင်သာ အခြေခံထားပြီး အကျိုးတရားဖြစ်ထွန်းမှုအပေါ်တွင် အခြေခံထားခြင်းမရှိပေ။

လုပ်ဆောင်မှုအပေါ်တွင် အခြေခံ၍ ခွဲခြားထားသော ကံတို့တွင် ခန္ဓာကိုယ်စသည်တို့ဖြင့် လုပ်ဆောင်သော ကံတရားများကို အမည်ပေးရာ၌ ကာယကံ ဝစီကံ မနောကံတို့အပြင် ငွေဖြင့် လုပ်ဆောင်သောကံကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ပါပစသောကံလေးမျိုးကို ဖော်ပြထားရာ၌ အကုသိုလ်ကံတို့သည် အကုသိုလ်အလုပ်တို့ကို အဆက်မပြတ် ပြုလုပ်စေရန် သွေးထိုးလှုံ့ဆော်ပေးနိုင်သော စွမ်းရည်သတ္တိရှိကြောင်း မှတ်သားဖွယ်တွေ့ရှိရသည်။ ကုသိုလ်ကံသည် အတ္တဝိညာဉ်အား ဘဝသံသရာမှ လွတ်မြောက်စေသည်အထိ အထောက်အပံ့ပြုနိုင်သည်။

နိတျစသော ကံသုံးမျိုးတို့တွင် နိတျကံနှင့် နေမိတ္တိကကံတို့သည် လုပ်သင့်လုပ်ထိုက်သော အလုပ်တို့ကို ရည်ညွှန်းထားသည်။ နေ့စဉ်နေ့တိုင်း လုပ်သင့်လုပ်ထိုက်သော ဘာသာရေးထုံးတမ်းဓလေ့များသည် နိတျဖြစ်၍ သတ်မှတ်ထားသော နေ့ထူးနေ့မြတ်တို့၌ လုပ်သင့်လုပ်ထိုက်သော ဘာသာရေးထုံးတမ်းဓလေ့များသည်

နေမိတ္တိကတို့ဖြစ်ကြောင်း သိရှိရသည်။ ကာမျက်ကိုမူ စိတ်၏ အလိုဆန္ဒအပေါ်တွင် အခြေခံထားသော ကုသိုလ်အလုပ်များကို ရည်ညွှန်းထားသည်။

သာတွိကစသော ကံသုံးပါးတို့သည် ကံ၏အဆင့်အတန်းကို သတ်မှတ်ပေးသကဲ့သို့ ဖြစ်နေသည်။ အကောင်းဆုံးကံသည် အကောင်းဆုံးအကျိုးကို ပေးနိုင်သည်။ အလယ်အလတ်တန်းစား ကံသည် အလယ်အလတ်ဖြစ်သော အကျိုးကိုပေးနိုင်သည်။ အညံ့ဆုံး ကံသည် အညံ့ဆုံးအကျိုးကို ပေးနိုင်သည်။ ဤကံသုံးမျိုးတို့သည် ကုသိုလ်ကံကိုသာ အထူးသဖြင့် ရည်ညွှန်းထားသည်။

အချိန်ကာလအပေါ်တွင် အခြေခံထားသော ကံသုံးမျိုးတို့တွင် သံဆိတကံသည် အတိတ်နှင့်ပစ္စုပ္ပန်ကာလနှစ်ပါးလုံးနှင့် သက်ဆိုင်၍ ပရာရဒ္ဓကံနှင့် ကရိယမကံတို့သည် ပစ္စုပ္ပန်ကာလနှင့်သာ သက်ဆိုင်သည်။ ကရိယမနကံသည် ဗုဒ္ဓဘာသာဥ္ပါရှိသော ကြိယာအလုပ်နှင့် တူညီခြင်းမရှိကြောင်း တွေ့ရသည်။

# အပိုင်း (၃)

# ဂျိန်းဘာသာ၏

# ကံအယူအဆ

# အခန်း (၁)
## ဂျိန်းဘာသာ

ဂျိန်းဘာသာသည် ဗုဒ္ဓဘာသာနှင့် မရှေးမနှောင်း ပေါ်ထွန်းခဲ့သော ဘာသာဖြစ်သည်။ ရှေးဦးစွာ တည်ထောင်သူမှာ ပါသွနာထ (Pārs'vanath)ဖြစ်သည်ဟု ဆိုကြသည်။ မဟာဝီရသည် ပါသွနာထ ဟောကြားခဲ့သော တရားတော်တို့ကို အနည်းငယ် ပြုပြင်ပြောင်းလဲ၍ ဟောကြားခဲ့ခြင်းဖြစ်သော်လည်း မဟာဝီရ လက်ထက်သို့ ရောက်သောအခါမှသာ တိုးတက်လာပြီး လူသိများ ထင်ရှားခဲ့သောကြောင့် မဟာဝီရကိုသာ ဂျိန်းဘာသာကို တည်ထောင်သောပုဂ္ဂိုလ်အဖြစ် အများကလက်ခံခဲ့ကြသည်။ ယုံကြည် ခဲ့ကြသည်။ အသိအမှတ် ပြုခဲ့ကြသည်။

ဂျိန်းဘာသာသည် အတ္တသဘောတရားကို လက်ခံသော ဘာသာဖြစ်သည်။ ဂျိန်းစာပေ ကျမ်းဂန်တို့၌ အတ္တကို ဇီဝ(Jīva) ဟူ၍လည်းကောင်း၊ ဝိညာဉ်ဟူ၍လည်းကောင်း သုံးနှုန်းထားသည်။ ၎င်းတို့ လက်ခံယုံကြည်သောအတ္တသည် ဒြပ်သားအနေဖြင့် အမြဲတည်ရှိ နေသော်လည်း ညစ်နွမ်းမှု ဖြူစင်မှုစသည်ဖြင့် ပြောင်းလဲတတ်၏။ မပျက်စီးသော သဘောရှိ၏။ ထိုအတ္တသည် ကံကိလေသာ အနှောင် အဖွဲ့မှ လွတ်မြောက်ပြီးသောအတ္တနှင့် မလွတ်မြောက်သေးသော အတ္တဟူ၍ နှစ်မျိုးရှိသည်။

ကံကိလေသာ အနှောင်အဖွဲ့မှ မလွတ်မြောက်သေးသော အတ္တသည် စကြာဝဠာအတွင်း၌ တည်ရှိနေသော ရုပ်ဝတ္ထုအားလုံး၌ တည်ရှိနေသည်ဟု ယုံကြည်ကြသည်။ ထိုအတ္တသည် လှုပ်ရှားနိုင်သော

သဘောရှိသော သက်ရှိရုပ်ဝတ္ထုတို့၌ တည်ရှိသောအခါ အာရုံနှစ်ပါးမှ ငါးပါးအထိ ခံစားနိုင်ပြီး မလှုပ်ရှားနိုင်သော သက်ရှိရုပ်ဝတ္ထုတို့၌ တည်ရှိသောအခါ ဖေါဋ္ဌဗ္ဗာရုံ တစ်ခုတည်းကိုသာ ခံစားနိုင်သည်။ ထိုကဲ့သို့ အာရုံငါးပါးတို့တွင် တစ်ပါးပါးကို ခံစားသောအခါ ကံတရားများ ဖြစ်ပေါ်လာသည်။ ထိုကံတရားတို့သည် အတ္တကို နှောင်ဖွဲ့ပြီး အိုမှုဒုက္ခ နာမှုဒုက္ခ သေမှုဒုက္ခ အစရှိသော အမျိုးမျိုးသော ဘေးဒုက္ခတို့နှင့် တွေ့ကြုံစေသည်။ ထို့ကြောင့် ကံတရားတို့ကို ကုန်ခန်းပျက်စီးစေခြင်းငှါလည်းကောင်း၊ ဘေးဒုက္ခအပေါင်းတို့မှ ကင်းလွတ်၍ ဝိမုတ္တိချမ်းသာကို ရရှိစေခြင်းငှါလည်းကောင်း တပ အကျင့်ကို ကျင့်ကြံရသည်။

ထိုကဲ့သို့ တပအကျင့်ကို ကျင့်ကြံနိုင်စေရန် အခြေခံအဖြစ်

၁။ ဂျိန်းဘုရားနှင့် တတ္တခုနှစ်ပါးတို့၌ အမှန်အတိုင်း သိမြင်ခြင်း(ဉာဏ) (Jñāna)

၂။ ဂျိန်းတရားတော်များကို ယုံကြည်ခြင်း(သဒ္ဓါ) (S'raddhā)

၃။ ပြင်ပအာရုံ ဗဟိဒ္ဓရုပ်လောက၌ ချစ်ခြင်း မုန်းခြင်းကို ရှောင်ရှား၍ ဥပေက္ခာရှုကာ မှန်မှန်ကန်ကန် ကျင့်ကြံခြင်း(စာရိတ္တ) (Cāritra)

ဟူသော ရတနာသုံးပါးကို ယုံကြည်ရသည်။

ဂျိန်းဘုရားဟုဆိုရာ၌ ဂျိန်းဘာသာတွင် တိတ္ထင်္ကရခေါ်သော ဘုရားနှစ်ဆယ့်လေးဆူရှိသည်။ ထိုဘုရားတို့တွင် မိမိနှစ်သက်ရာဘုရားကို ယုံကြည်ကိုးကွယ်နိုင်သည်။

တတ္တ (၇) ပါးတို့မှာ–

၁။ ဇီဝ (Jīva)

၂။ အဇီဝ (Ajīva)

၃။ အာသဝ (Āsrava)

၄။ ဗန္ဓ (Bandha)

၅။ သံဝရ (Samvara)

၆။ နဇ္ဇရ (Nirjarā)

၇။ မောက္ခ (mokṣa)

တို့ ဖြစ်ကြသည်။

ထိုခုနစ်ပါးတို့တွင် ဇီဝသည် နေရာအနှံ့အပြား၌ တည်ရှိနေပြီး သိတတ်ခြင်း၊ အမှုကိစ္စများကို ကိုယ်တိုင်ပြုလုပ်စီမံတတ်ခြင်း၊ သုခ ဒုက္ခကို ခံစားတတ်ခြင်းနှင့် မိမိကိုယ်ကိုလည်းကောင်း၊ အခြား အရာဝတ္ထုများကိုလည်းကောင်း ထွန်းလင်းတောက်ပစေခြင်းဟူသော ဂုဏ်သတ္တိတို့နှင့် ပြည့်စုံသည်။

အသိတရားသည် အတ္တ၌ အမြဲတည်ရှိနေပြီး အတ္တ၏ အနှစ်သာရလည်းဖြစ်သည်။ အသိတရား၏ အဆင့်အတန်းအနိမ့်အမြင့် ကွာခြားမှုအပေါ်မူတည်၍ အတ္တသည် အခြေအနေအမျိုးမျိုး ပြောင်းလဲ နေသည်။ အသိတရား မြင့်မားသောအခါ အတ္တသည် အပိုင်းအခြား မရှိသော အသိဉာဏ်ကိုရရှိ၍ သံသရာမှလွတ်မြောက်နိုင်ပြီး အသိတရား နိမ့်ကျသောအခါ အတိတ်ကပြုလုပ်ခဲ့သော ကံတရားတို့အလျောက် ရုပ်ခန္ဓာကိုယ်အသီးသီးထဲသို့ ဝင်ရောက်ရပြီး သံသရာ၌ ကျင်လည် နေရသည်။ အတ္တသည် ပုံသဏ္ဌာန်အားဖြင့် ထင်ရှားမရှိသော်လည်း မိမိဝင်ရောက်ရသော ရုပ်ခန္ဓာကိုယ်များကို အရွယ်အစားအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်စေသည်။

သိတတ်သော သဘောမရှိခြင်းကို အဇီဝဟုခေါ်သည်။ ထို အဇီဝကို ရူပနှင့် အရူပဟူ၍ နှစ်မျိုးခွဲနိုင်သည်။ ဣန္ဒြေငါးပါးဖြင့် သိနိုင်သောအရာကို ရူပ ဟုခေါ်သည်။ ပုဂ္ဂလ ဟူ၍လည်း သုံးနှုန်း ကြသည်။

ရုပ်သည် လောကကြီးတစ်ခုလုံး၏ အခြေခံဖြစ်ပြီး ရေတွက်၍ မရနိုင်သောအရာဖြစ်သည်။ ထိုရုပ်တို့သည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်မိ

သောအခါ ကြီးမားကျယ်ပြန့်လာပြီး ပြိုကွဲပျက်စီးသွားသောအခါ အဏုမြူမှ သေးငယ်သွားသောကြောင့် ပြောင်းလဲတတ်သောသဘော ရှိ၏။ အဏုမြူရုပ်တို့သည် ပျက်စီးပျောက်ကွယ်သွားခြင်း မရှိ။ အသစ်ဖြစ်ပေါ်လာခြင်းလည်း မရှိချေ။ အဏုမြူရုပ်ဝတ္ထုတို့ ပေါင်းစပ်သောအခါ ရုပ်ခန္ဓာများနှင့် သဘာဝအာရုံတရားတို့ ဖြစ်ပေါ်လာကြသည်။

ရုပ်၌ အသံ၊ စေးကပ်ပေါင်းစပ်မှု၊ ချောမွတ်မှု၊ ကြမ်းတမ်းမှု၊ ပုံသဏ္ဌာန်၊ အစိတ်အပိုင်း ရှိမှု၊ အမှောင်၊ အလင်း၊ အရိပ်၊ အပူဟူ၍ အပေါ်ယံအသွင်အပြင် ဆယ်မျိုးရှိသည်။ သဒ္ဒါရုံမှတစ်ပါး ကျန်သော အာရုံလေးပါး ရှိသည်။ တိုးတက်ပြောင်းလဲမှု အဆင့်ဆင့်အပေါ် မှုတည်၍ အနံ့ အရသာအစရှိသော အာရုံတရားများ တည်ရှိမှု ကွဲပြားသွားသည်။

အရူပ၌ ဓမ္မ၊ အဓမ္မ၊ ကာလ၊ အာကာသဟူ၍ လေးမျိုး ကွဲပြားသည်။ လှုပ်ရှားပြောင်းရွှေ့ခြင်းကို ဓမ္မဟုခေါ်၍ တည်ငြိမ်ခြင်းကို အဓမ္မ ဟုခေါ်သည်။ လှုပ်ရှားမှုရှိမှသာ ရုပ်အဏုမြူ အချင်းချင်း ပေါင်းစပ်နိုင်၏။ ထို့ကြောင့်ဓမ္မကို လိုအပ်၏။ ဓမ္မသည် မိမိကိုယ်တိုင် လှုပ်ရှား တတ်သောသဘော မရှိသော်လည်း ဇီဝနှင့် ရူပခေါ်ပုဂ္ဂလတို့ လှုပ်ရှားစေရန် အကူအညီပေးသည်။ လှုပ်ရှားမှုသည် လိုအပ်သည်ထက် ပိုလွန်နေပါကလည်း ရုပ်အဏုမြူ အချင်းချင်း ပေါင်းစပ်မှု မဖြစ်နိုင်ချေ။ ထို့ကြောင့် အဓမ္မကို လိုအပ်၏။ လှုပ်ရှားနေသော ရုပ်အဏုမြူသည် လိုအပ်သောနေရာ၌ ရုပ်တည်မှသာ ပေါင်းစပ်မှုဖြစ်နိုင်သည်။

ပြောင်းလဲခြင်းသဘောကို ဆက်စပ်ပေးခြင်းကို ကာလ ဟုခေါ်သည်။ ကမ္ဘာ့ဖြစ်စဉ်များသည် အတိတ်မှပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်သို့ အလျားလိုက် ရွေ့နေသည်။ ဒေါင်လိုက်နှင့် ကန့်လန့်ဖြတ် ရွေ့လျားမှုမရှိချေ။ ကာလ၏ အသေးငယ်ဆုံး အစိတ်အပိုင်းသည် သမယဖြစ်၏။ ပစ္စုပ္ပန်ကာလကို သမယတစ်ခုဟုခေါ်၏။ သမယ

တစ်ခုနှင့် အတိတ်အနာဂတ်တို့ကို ပေါင်းလိုက်လျှင် ကာလတစ်ခု ဖြစ်သွား၏။

အာကာသသည် လောကအာကာသနှင့် အလောက အာကာသဟူ၍ နှစ်မျိုးရှိသည်။ ရုပ်ဝတ္ထုများ တည်ရှိရာဒေသသည် လောကအာကာသမည်၏။ ရုပ်ဝတ္ထု တစ်စုံတစ်ရာမရှိဘဲ ကောင်းကင် သက်သက် တည်နေမှုသည် အလောကအာကာသမည်၏။ အာကာသသည် လှုပ်ရှားခြင်း၊ တည်ငြိမ်ခြင်း သဘောမရှိ။ ရုပ်ဝတ္ထု များအား နေရာပေးရုံသာပေးနိုင်၏။ အာကာသ၏ အသေးငယ်ဆုံး အစိတ်အပိုင်းသည် ပဒေသမည်၏။ ပဒေသ၌ ရုပ်အဏုမြူတစ်ခုမျှ ကိုသာ နေရာပေးနိုင်၏။

ဇီဝအတွင်းသို့ ရုပ်တရားများ စီးဝင်လာ၍ ကံအဖြစ်သို့ ပြောင်းလဲခြင်းကို အာသဝဟုခေါ်၍ ကံတရားတို့သည် ဇီဝကို ချုပ်နှောင်ကာ သုခဒုက္ခကို ခံစားစေခြင်းကို ဗန္ဓဟုခေါ်သည်။ ဇီဝအတွင်းသို့ ရုပ်တရားများ မဝင်အောင် တားဆီးပိတ်ဆို့ခြင်းသည် သံဝရမည်၏။ ဇီဝအတွင်း၌ ရှိနေပြီးဖြစ်သော ကံတရားများကို ကုန်ခန်းသွားအောင် တပအကျင့်ကိုကျင့်ခြင်းသည် နဇ္ဇရမည်၏။ တပအကျင့်ကို ကျင့်ခြင်းကြောင့် ကံတရားများ ကုန်ခန်းသွား၍ သန့်ရှင်းစင်ကြယ်သော ဇီဝသက်သက်သာ တည်ရှိနေမှုသည် မောက္ခ မည်၏။ မောက္ခဖြစ်ပြီးသော ဇီဝသည် သိဒ္ဓဘုံသို့ ရောက်ရှိသွား၍ အခြားသော လွတ်မြောက်ပြီးဖြစ်သော ဇီဝတို့နှင့် ရောနှောပေါင်းစပ် သွားသည်။

ဇီဝကို အနှောင်အဖွဲ့မှ လွတ်မြောက်စေရန်အတွက် ရတနာသုံးပါးကို ယုံကြည်ရမည့်အပြင်

၁။ ဇီဝမှန်သမျှကို သတ်ဖြတ်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း

၂။ ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ခြင်း

၃။ သူတစ်ပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း

၄။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

၅။ လောကီဝတ္ထုအားလုံးကို စွန့်လွှတ်၍ အဝတ်မဝတ်ခြင်း၊ ကိုယ်ကိုဆုံးမခြင်း၊ အပြစ်ကိုဝန်ခံခြင်း အစရှိသော တပအကျင့်ကို ကျင့်ကြံခြင်း

ဟူသော ငါးပါးသီလကိုလည်း လိုက်နာကျင့်သုံးရသည်။

ဇီဝမှန်သမျှကို သတ်ဖြတ်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရမည်ဆိုရာ၌ ဂျိန်းဘာသာသည် အခြားသောဘာသာများ အားလုံးထက် အသေးစိတ်လွန်းပြီး အထူးတင်းကြပ်ထားသည်။ ခန္ဓာကိုယ်ပေါ်၌ ရှိနေသော မြူမှုန်များကို ညှဉ်းပန်းရာရောက်နိုင်သောကြောင့် ရေမချိုးရခြင်း၊ ရေထဲ၌ရှိသော ရေပိုးရေမွှားများကို ထိခိုက်နိုင်သောကြောင့် ရေကို စစ်ပြီးမှ သောက်ရခြင်း၊ အသက်ရှူလိုက်လျှင် လေထဲ၌ရှိသော ပိုးမွှားများပါလာ၍ ပျက်စီးနိုင်သောကြောင့် ပုဝါပါးတို့ဖြင့် မျက်နှာကို ဖုံးအုပ်၍ အသက်ရှူရခြင်းစသည်ဖြင့် တင်းကြပ်လွန်းလှသည်။ မြေထဲ၌ ရှိသော ပိုးမွှားများကို ထိခိုက်နာကျင်မည်ကို ရှောင်ရှားသည့်အနေဖြင့် မြေပေါ်၌ ခုန်ပေါက်ပြေးလွှားခြင်း၊ ခြေထောက်ကို ဆောင့်နင်းခြင်းတို့မှ ရှောင်ကြဉ်ကြရသည်။

ဂျိန်းတို့၏ တပအကျင့်သည် အတ္တကိလမထာနုယောဂ အကျင့် (မိမိခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်သောအကျင့်) ဖြစ်သည်။ ဒုက္ခများစွာကို ခံစားခြင်းဖြင့် ကံများစွာကုန်ပြီး ဇီဝသည် ကံကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်သည်ဟု ယူဆကြသောကြောင့် မိမိတို့၏ခန္ဓာကိုယ်ကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကြသည်။ အဝတ်မဝတ်ခြင်း၊ အစာငတ်ခံခြင်း၊ မိမိကိုယ်ကို သတ်သေခြင်း စသည်တို့ကို ပြုကျင့်ကြသည်။

ထိုကဲ့သို့ တပအကျင့်ကို ကျင့်ခြင်းကြောင့်ဇီဝသည် အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီး အတိုင်းမသိသောအသိဉာဏ်ရှိသော အနန္တဉာဏ်ကိုလည်းကောင်း၊ နှိုင်းယှဉ်၍မရသော ချမ်းသာသုခရှိသောအနန္တသုခကိုလည်းကောင်း ရရှိကာ သိဒ္ဓဘုံဟုခေါ်သော နိဗ္ဗာန်ဘုံသို့ရောက်ရှိသွားသည်။ ဤသည်မှာဂျိန်းဘာသာဝင်တို့၏ အဓိကပန်းတိုင်ဖြစ်သည်။

## အခန်း (၂)
## ဂျိန်းဘာသာကိုတည်ထောင်သူ

မဟာဝီရကို ဝိဒေဟရာဇ်တိုင်း ဝေသာလီမြို့တော်၏ ဆင်ခြေဖုံးရွာငယ်လေးဖြစ်သော ကုဏ္ဍပုရရွာတွင် ဘီစီ-၅၉၉ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူ၏ခမည်းတော်မှာ နာဋိကခတ္တိယမျိုးနွယ်တို့၏ အကြီးအကဲ သိဒ္ဓတ္ထ (Siddhārtha) ဖြစ်ပြီး မယ်တော်မှာ လိစ္ဆဝီလူမျိုးတို့၏ အကြီးအကဲ စေတက၏ နှမတော်တိသလာ (Trishalā) မင်းသမီးဖြစ်သည်။ မဟာဝီရ၏ နာမည်အရင်းမှာ ဝဒ္ဓမာန (Vardhamāna) ဖြစ်သည်။ ၎င်းကို ဝေသာလိယ (ဝေသာလီပြည်သား) ဟူ၍လည်းကောင်း၊ နိဂဏ္ဌ (အနှောင်အဖွဲ့မရှိ) ဝါဒကို တည်ထောင်သောကြောင့် နိဂဏ္ဌဟူ၍လည်းကောင်း၊ နဋလူမျိုးတို့၏ အကြီးအကဲ၏ သားဖြစ်ခြင်းကြောင့် နာဋပုတ္တ ဟူ၍လည်းကောင်း၊ ထိုနှစ်မျိုးလုံးကို ပေါင်း၍ နိဂဏ္ဌနာဋပုတ္တဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

မဟာဝီရသည် မွေးချင်းညီအကိုနှစ်ယောက်အနက် သားအငယ်ဖြစ်၏။ သူ၏အကိုမှာ နန္ဒိဝဒ္ဓန (Nandivardhana) ဖြစ်သည်။ မဟာဝီရအရွယ်ရောက်သောအခါ ယသောဒါ (Yas'odā) မည်သော မင်းသမီးနှင့် လက်ထပ်ခဲ့ပြီး အနောဇာခေါ် ပိယဒဿနာ အမည်ရှိသော သမီးတော်တစ်ပါး ထွန်းကားခဲ့သည်။ မဟာဝီရ၏ မိဘနှစ်ပါးသည် မဟာဝီရ တောမထွက်မီ ကွယ်လွန်သွားခဲ့ကြသည်။

မဟာဝီရသည် လောကအပြစ်များကို တွေ့မြင်ရ၍ သံဝေဂတရားရရှိကာ အသက်(၃၀)အရွယ် ဆောင်းရာသီအချိန်တွင် အကိုဖြစ်သူ နန္ဒိဝဒ္ဓနထံ ခွင့်ပန်၍ တောထွက်ခဲ့သည်။

ထို့နောက် ပါသွနာထ ချမှတ်ခဲ့သော ဘာသာရေးကျင့်စဉ်တို့ကို (၁)နှစ်တာမျှ ကျင့်သုံးပြီးနောက် ဂျိန်းဘာသာဝင်ရဟန်းတစ်ပါးအဖြစ် ခံယူခဲ့သည်။ တောထွက်၍ (၁၃)လခန့်မျှ ကြာသောအခါ အာဇီဝကဂိုဏ်း၏ခေါင်းဆောင်ကြီး မက္ခလိဂေါသာလနှင့်ပူးပေါင်းမိပြီး အစာငတ်ခံခြင်း၊ အအေးဒဏ် အပူဒဏ်ကိုခံစားခြင်း အစရှိသော များစွာသော ဆင်းရဲဒုက္ခတို့ကိုခံစား၍ မိမိကိုယ်ကိုညှဉ်းဆဲနှိပ်စက်သောအကျင့်နှင့် ဝတ်လစ်စလစ် အကျင့်တို့ကို ကျင့်သုံးခဲ့သည်။ ဝတ်လစ်စလစ်အကျင့်ကို စတင်ကျင့်သုံးခါစတွင် ဆွေမျိုးပရိတ်သတ်တို့ လက်မခံမည်ကို စိုးရိမ်သောကြောင့် လေးဘက်လေးတန်တွင် နံရံများကာရံ၍ ပြင်ပလူများနှင့် အဆက်ဖြတ်ကာ (၂)နှစ်တိတိ နေထိုင်ခဲ့သည်။

နောက်ပိုင်းတွင် မက္ခလိဂေါသာလနှင့် အယူအဆ မတူညီကြသောကြောင့် ခွဲခွါခဲ့ကြပြီး အတွေးအခေါ် အယူအဆအသစ်တို့ဖြင့် တပအကျင့်ကို ကျင့်သုံးရန် အနောက်ဘင်္ဂလားနယ်နှင့် ဝဇ္ဇဘူမိ၊ သုဝဏ္ဏဘူမိဒေသများသို့ ခရီးထွက်ခဲ့သည်။

ထိုအရပ်ဒေသများ၌ လူကိုနှိပ်စက်တတ်သော မှက်၊ ခြင်၊ ယင်ရဲ၊ ပျားကောင်၊ မျှော့၊ ကျွတ်၊ မြွေအစရှိသော ပိုးမွှားတိရစ္ဆာန်တို့၏ အကိုက်အခဲကိုခံရခြင်း၊ စရိုက်ကြမ်းတမ်းသော ဒေသခံလူတို့၏ နှိပ်စက်ခြင်းကိုခံရခြင်း၊ အစားအသောက်ရရှိရန် ခက်ခဲခြင်း အစရှိသော များစွာသော ဆင်းရဲဒုက္ခတို့ကို အလွန်အကျွံ ခံစားခဲ့ရသည်။

တောထွက်ပြီးနောက် (၁၂) နှစ်ကြာသောအချိန် သက်တော် (၄၂) နှစ်အရွယ်တွင် ဥဇ္ဇာဝါလိယမြစ်၏ မြောက်ဘက်ကမ်း ဇမ္ဘိယရွာ၏အပြင်ဘက် သာမာဂလယ်သမားကြီး၏ လယ်ကွင်းထဲ၌ရှိသော အင်ကြင်းပင်အောက်၌ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။ မဟာဝီရသည် မတိ (အသိထူး)၊ သုတိ (အကြားထူး) နှင့် အဝဓိ(အမြင်ထူး)ဟူသော ဝိဇ္ဇာသုံးပါးကို ရရှိပြီးနောက် မဇ္ဈိမဒေသ တစ်ဝိုက်တွင် အနှစ်သုံးဆယ်ကြာအောင် လှည့်လည် တရားဟောခဲ့သည်။ ၎င်းသည် ပါသွနာထ၏

စာတုယာမသံဝရအပြင် ဗြဟ္မစရိယအကျင့်ကိုပါ ဖြည့်စွက်ထားခြင်း ကြောင့် ပါသွနာထ၏ နောက်လိုက်တပည့်များသည်လည်း မဟာဝီရ ထံ၌ တပည့်အဖြစ် ခံယူခဲ့ကြကုန်၏။ သို့ရာတွင် နောက်ပိုင်း၌ ၎င်းတို့သည် မဟာဝီရ၏ ဝတ်လစ်စလစ်အကျင့်ကို မနှစ်သက်ကြ သောကြောင့် ဒိဂမ္ဗရဂိုဏ်း နှင့် သွေတမ္ဗရဂိုဏ်းဟူ၍ ဂိုဏ်းနှစ်ဂိုဏ်း ကွဲခဲ့သည်။

(မှတ်ချက် ။ ။ အရပ်ရှစ်မျက်နှာသည်ပင် အဝတ်အထည် ဖြစ်သည်ဟုယူဆကာ ဝတ်လစ်စလစ် နေသောဂိုဏ်းကို ဒိဂမ္ဗရဂိုဏ်းဟုခေါ်သည်။ အဖြူရောင် အဝတ်အထည်ကို ဝတ်သောဂိုဏ်းကို သွေတမ္ဗရဂိုဏ်းဟုခေါ်သည်။)

မဟာဝီရသည် ခတ္တိယမျိုးနွယ်ဖြစ်၍ ဘုရင် မှူးမတ် သူဌေး သူကြွယ်အစရှိသော အထက်တန်းစားပုဂ္ဂိုလ်အများအပြား၏ ကြည်ညို လေးစားခြင်းကို ခံခဲ့ရသည်။ ၎င်းသည် ရာဇဂြိုဟ်၊ စမ္ပာ၊ ဝေသာလီနှင့် ပါဝါပြည်တို့ကို ဗဟိုပြု၍ အနှစ်သုံးဆယ်ကြာအောင် တရားဓမ္မများကို ဟောကြားပြီးနောက် ဘီစီ (၅၂၇) ခုနှစ် သက်တော် (၇၂) နှစ်အရွယ်တွင် ပါဝါမြို့၌ ကွယ်လွန်ခဲ့သည်။

# အခန်း (၃)

## ဂျိန်းဘာသာ၏ ကံအယူအဆ

ဂျိန်းဘာသာအလိုအရ ပုဂ္ဂိုလ်သတ္တဝါအားလုံးသည် ဝေဒနာကို ခံစားကြရ၏။ ယင်းခံစားမှုဟူသမျှသည် အတိတ်ကံ၏ ဒဏ်ခတ်မှုကြောင့်ဖြစ်၏။ ထို့ကြောင့် ကံဟုမသုံးဘဲ ဒဏ်ဟု သုံးနှုန်းထားသည်။ ထိုကဲ့သို့ အသုံးအနှုန်းကွဲပြားသော်လည်း အတိတ်ဘဝတို့က ပြုလုပ်ခဲ့ကြသော ကုသိုလ်အကုသိုလ်အလုပ်များ၏ ကောင်းကျိုးမကောင်းကျိုးတို့ကို ပစ္စုပ္ပန်ဘဝ၌ ခံစားကြရကုန်၏။ ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ကြသော ကုသိုလ်အကုသိုလ်အလုပ်တို့၏ ကောင်းကျိုးမကောင်းကျိုးတို့ကို နောင်တမလွန်ဘဝ(အနာဂတ်ဘဝ)တို့၌ ခံစားကြရမည် စသည်ဖြင့် ယူဆချက်များသည် ကမ္မဝါဒကို လက်ခံထားသော ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာတို့နှင့် တူညီသောကြောင့် ဂျိန်းဘာသာကိုလည်း ကမ္မဝါဒကို လက်ခံသောဘာသာဟု ဆိုရခြင်းဖြစ်သည်။

ကံဆိုသည်မှာ ဇီဝအတွင်းသို့ ထိုးဖေါက်ဝင်ရောက် ကပ်ငြိနေသော ရုပ်တရားများဖြစ်ကြသည်။ ပြင်ပ၌ရှိနေသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ရုပ်အာရုံငါးပါးသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဒွါရ (၆) ပါးမှတစ်ဆင့် ဇီဝအတွင်းသို့ ထိုးဖေါက်ဝင်ရောက်ပြီး ကံအဖြစ်သို့ ကူးပြောင်းသွားကြ၏။

(မှတ်ချက် ။ ။ ဂျိန်းဘာသာဝင်တို့သည် စကြာဝဠာ အတွင်း၌ရှိသော ကြယ်နက္ခတ်တာရာများမှ အစပြု၍ နှင်းပေါက်ယယ်များတိုင်အောင်သော ရုပ်ဝတ္ထုများ၌ ဇီဝရှိသည်ဟု ယူဆကြသည်။ မြေ ရေ လေ မီး သစ်ပင် တောတောင်များသည်လည်း သက်ရှိသတ္တဝါများ ဖြစ်ကြသည်ဟု ယုံကြည်ကြသည်။ ဗုဒ္ဓနှင့် ခေတ်ပြိုင်ဘုရားများ)

မျက်စိမှတစ်ဆင့် ဝင်ရောက်လာသော ရူပါရုံကို အကြောင်းပြု၍ သဘောကျမှု သဘောမကျမှုတပ်မက်မှု ငြီးငွေ့မှုအစရှိသော ခံစားချက်အမျိုးမျိုးတို့သည် ဧဝဠ်ဖြစ်ပေါ်လာ၏။ ထိုနည်းတူစွာ နားစသည်တို့မှတစ်ဆင့် ဝင်ရောက်လာသော သဒ္ဒါရုံစသည်တို့ကို အကြောင်းပြု၍လည်း အမျိုးမျိုးသော ခံစားချက်တို့သည် ဧဝဠ်ဖြစ်ပေါ်လာ၏။ ထိုသို့ဖြစ်ပေါ်လာသော ခံစားချက်တို့တွင် လောဘ ဒေါသ မောဟ အစရှိသော ရာဂတရားတို့နှင့် ယှဉ်တွဲလာသော ခံစားချက်တို့ကို အကုသိုလ်ကံဟုခေါ်၍ ရာဂတရားတို့နှင့် ယှဉ်တွဲခြင်းမရှိသော ခံစားချက်တို့ကို ကုသိုလ်ကံဟု ခေါ်သည်။

သတ္တဝါတို့ ပြုလုပ်ခဲ့သောကံတို့၏ အကျိုးဆက်တို့သည် ထိုကံတို့ကို ပြုလုပ်သူ သတ္တဝါတို့ထံသို့ ပြန်လာကြသည်။ ထို့ကြောင့် အာယာရံဂသုတ္တ၊ ပထမကဏ္ဍတွင် "သင်သတ်ရန် ကြံရွယ်နေသော သတ္တဝါသည် သင်ကိုယ်တိုင်ဖြစ်သည်။ သင်ရက်စက်စွာ ပြုကျင့်ရန် ကြံရွယ်နေသောသတ္တဝါသည် သင်ကိုယ်တိုင်ဖြစ်သည်။ သင်စော်ကားရန် ကြံရွယ်နေသော သတ္တဝါသည် သင်ကိုယ်တိုင်ဖြစ်သည်။ သင်ညှဉ်းပမ်းရန် ကြံရွယ်နေသော သတ္တဝါသည် သင်ကိုယ်တိုင် ဖြစ်သည်။ သင်နှိပ်ကွပ်ရန် ကြံရွယ်နေသော သတ္တဝါသည် သင်ကိုယ်တိုင်ဖြစ်သည်" ဟု ဖော်ပြထားသည်။

(မှတ်ချက် ။ ။ You yourself are the(being) which you intend to kill; you yourself are the(being) which you intend to ill-use; you yourself are the(being) which you intend to insult; you yourself are the(being) which you intend to torment; you yourself are the(being) which you intend to persecute. A History of Indian Literature. Vol; II.)

အထက်ပါဖော်ပြချက်သည် အကုသိုလ်ကံကို ဦးတည်၍ ဖော်ပြထားခြင်း ဖြစ်သည်။ ကုသိုလ်ကံအတွက်လည်း အထက်ပါ ဖော်ပြချက်ကို နည်းမှီ၍ "သင်လှူဒါန်းပေးကမ်းရန် ကြံရွယ်နေသော

သတ္တဝါသည် သင်ကိုယ်တိုင်ဖြစ်သည်” စသည်ဖြင့် ယူဆရမည် ဖြစ်သည်။

သတ္တဝါမှန်သမျှတို့သည် မိမိတို့ကိုယ်တိုင် ပြုလုပ်ထားသော ကံတို့၏အကျိုးပေးခြင်းမှ ဤဘဝတွင်လည်းကောင်း၊ နောင်ဘဝတို့တွင်လည်းကောင်း မလွတ်မြောက်နိုင်ကုန်။ တစ်စုံ တစ်ခုသောဘဝ၌ မုချကေန်အကျိုးပေးခြင်း ခံကြရမည်။ ၎င်းတို့ပြုလုပ်ထားသော ကံတို့သည် ပျောက်ပျက်၍မသွားပေ။ သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူရန်အတွက် နံရံကိုဖေါက်သော သူခိုးသည် နံရံပိ၍သေရခြင်းမှာ မိမိကိုယ်ကို မိမိအပြစ်ပေးသကဲ့သို့ဖြစ်သည်။ မိမိပြုလုပ်သော အကုသိုလ်ကံ၏ မကောင်းကျိုးကို ယခုဘဝ၌ပင် ခံစားရခြင်းဖြစ်သည်။

အတိတ်ကံတို့သည် အနာဂတ်ကံတို့ကို ပဲ့ကိုင်ကြသည်။ ထိန်းသိမ်းပေးကြသည်။ ပစ္စုပ္ပန်ကံတို့သည်လည်း အတိတ်ကံတို့အပေါ် မှီတည်နေကြသည်။ ဤပစ္စုပ္ပန်ဘဝ၌ ဒုစ္စရိုက်အလုပ်များကို ကျူးလွန်ခြင်းနှင့် သုစရိုက်အလုပ်များကို လုပ်ဆောင်ခြင်းတို့သည် အတိတ်ကံကြောင့်သာ ဖြစ်ကြရသည်။

ထို့အပြင်အတ္တသည် အတိတ်ကံကြောင့် မကောင်းမှုဒုစ္စရိုက်အလုပ်တို့ကိုကျူးလွန်ပြီး ထိုသို့ကျူးလွန်ရာမှ မကောင်းသော အကျိုးတရားများသည် ပြည့်စုံစွာပေါ်ပေါက်လာရသည်။ အတိတ်ကံကြောင့် ကောင်းသောအလုပ်တို့ကို လုပ်ဆောင်ပြီး ထိုသို့ လုပ်ဆောင်ရာမှ ကောင်းသောအကျိုးတရားတို့သည် ပြည့်စုံစွာပေါ်ပေါက်လာကြရသည်။ ထိုကောင်းသောအကျိုးတရားနှင့် မကောင်းသော အကျိုးတရားတို့ကို စဉ်ဆက်မပြတ် ခံစားနေရသောကြောင့် အတ္တသည် သံသရာမှ လွတ်အောင် ရုန်းမထွက်နိုင်ဘဲ ဖြစ်နေရသည်။

သတ္တဝါတို့၏ အသားအရောင်ကိုလည်း ကံတရားကပင် ဖန်တီးပေးသည်။ သာမန်မျက်စိဖြင့် မြင်ရသော အသားအရောင်ကို ဆိုလိုသည်မဟုတ်။ တန်ခိုးရှင်များသာမြင်ရသော အသားအရောင်ကို

ဆိုလိုသည်။ အမည်း၊ အညို၊ အပြာခြောက်၊ အဝါ၊ လိမ္မော်၊ အဖြူ ဟူ၍ အသားအရောင် (၆) မျိုး ရှိသည်။

သတ္တဝါတို့သည် မိမိတို့၌ ရှိနေသော အသားအရောင်တို့ အလျောက် ကောင်းမှုမကောင်းမှုတို့ကို ပြုကြရသည်။ ချမ်းသာ ဆင်းရဲကို ခံစားကြရသည်။ မကောင်းမှုပြုမည့်သူ၏ အသားအရောင် သည် အမည်းရောင်ဖြစ်သည်။ ကောင်းမှုပြုမည့်သူ၏ အသားအရောင် သည် အဖြူရောင်ဖြစ်သည်။ ထို့အပြင် လူတန်းစားကွဲပြားမှုသည်လည်း ကံတရားကြောင့်ပင်ဖြစ်သည်။

ကံတရားသည် သက်ရှိများတွင်သာမက သက်မဲ့အရာဝတ္ထု များ၌လည်း တည်ရှိသည်ဟု ယူဆသည်။ စိန်ရတနာချင်း တူသော် လည်း အချို့သောစိန်တို့သည် သရဖူ၌ တပ်ဆင်ခြင်းခံကြရပြီး အချို့သော စိန်တို့သည် မြေကြီးထဲ၌ ခြေနင်းဖပ် ဖြစ်နေကြရခြင်းမှာ အတိတ်ကံချင်း မတူသောကြောင့်ဖြစ်သည်။

မကောင်းမှုကို ကျူးလွန်ပြီးသော သတ္တဝါတိုင်းသည် မကောင်းသော အကျိုးတရားတို့ကို ခံစားကြရမည်ဖြစ်သော်လည်း အလွန်ဆိုးရွားသော ကံတစ်မျိုးမျိုးကို ကျူးလွန်ခြင်းမရှိလျှင် အနည်းငယ်သော အခြေအနေတို့အရ နတ်ပြည်တစ်ခုခု၌ ပြန်လည် မွေးဖွားလာနိုင်သေးသည်ဟု ယုံကြည်ကြသည်။

ကံတရားတို့သည် ပင်ကိုယ်သဘာဝအရ ဖြူစင်ပြီး ပေါ့ပါး သော သဘောရှိသော အတ္တဝိညာဉ်ဟုခေါ်သော ဇီဝကို ညစ်နွမ်းစေရန် ပြုလုပ်ကြသည်။ အထက်သို့ ပျံတက်နိုင်ခြင်း မရှိစေရန် ဆွဲငင် ထားကြသည်။ ချုပ်နှောင်ထားကြသည်။ ထို့ကြောင့် ဇီဝသည် နတ်များ အဖြစ်လည်းကောင်း၊ လူသားများအဖြစ်လည်းကောင်း၊ တိရစ္ဆာန်များ အဖြစ်လည်းကောင်း၊ ငရဲပြည်၌ နေထိုင်သူများအဖြစ်လည်းကောင်း အဖန်ဖန်အထပ်ထပ် ပြန်လည်မွေးဖွါးခဲ့ရပြီး ဘဝသံသရာအတွင်း၌ ကျင်လည်နေရသည်။ ထိုဇီဝကို သံသရာအတွင်းမှ လွတ်မြောက်

စေလိုသော် ဓိဝအတွင်းသို့ ကံအသစ်များစီးဝင်ခြင်း မရှိစေရန် တားဆီးပိတ်ပင်ပစ်ရမည်။ ဣန္ဒြေ(၆)ပါးတို့ကို လုံခြုံစေရန် ထိန်းချုပ်ခြင်းသည် ကံအသစ်များ ဝင်ရောက်နိုင်ခြင်း မရှိစေရန် တားဆီးပိတ်ပင်သော နည်းဖြစ်သည်။ ဓိဝအတွင်းသို့ ဝင်ရောက်ပြီးဖြစ်နေသော ကံဟောင်းများ အားလုံးကို ကုန်ခန်းသွားစေရန်လည်း ပြုလုပ်ကြရမည်။

နောင်တရခြင်း၊ စိတ်ကိုနှိမ့်ချခြင်း၊ ကမ္မဋ္ဌာန်းရှုခြင်းနှင့် အလိုဆန္ဒရမက်အားလုံးတို့ကို နှိမ်နင်းခြင်း အစရှိသော စိတ်နှင့်ဆိုင်သော တပအကျင့်တို့နှင့် အစာငတ်ခံခြင်း၊ ဆူးပေါ်၌အိပ်ခြင်းနှင့် မိမိကိုယ်ကို အချမ်းအပူဖြင့် နှိပ်စက်၍ ဒုက္ခခံစားခြင်း အစရှိသော ကိုယ်နှင့်ဆိုင်သော တပအကျင့်တို့သည် ဓိဝအတွင်း၌ ရှိနေပြီးဖြစ်သော ကံဟောင်းများကို ကုန်ခန်းစေသော နည်းလမ်းများ ဖြစ်ကြသည်။

ဥပမာအားဖြင့် ရေအိုင်ကြီးတစ်ခုအတွင်းသို့ ရေဝင်ပေါက် (၆) ခုမှ ရေများစီးဝင်လာသောအခါ ရွံ့ဗွက်အိုင်ကြီး ဖြစ်ပေါ်လာပြီး အနံ့ဆိုးများထွက်လာ၏။ ထိုရွံ့ဗွက်အိုင်ကြီး ခြောက်သွေ့ကာ သန့်ရှင်းသွားပြီး အနံ့ဆိုးများ ကင်းစင်သွားစေရန် ရေဝင်ပေါက်များ အားလုံးကို ပိတ်ပြစ်ရမည်။ နေပူခံခြင်းနှင့် ရေထုတ်မြောင်းများ ဖေါက်၍ ထုတ်ပစ်ခြင်းတို့ဖြင့် ရေအိုင်အတွင်း၌ရှိသော ရေများအားလုံး ကုန်ခန်းသွားစေရန် ပြုလုပ်ပြစ်ရမည်။

ဤဥပမာ၌ ဓိဝသည် ရေအိုင်ကြီး တစ်ခုနှင့်တူ၏။ ဓိဝအတွင်းသို့ ဣန္ဒြေ (၆) ပါးတို့မှ ကံတရားများ စီးဝင်လာခြင်းသည် ရေအိုင်ကြီးအတွင်းသို့ ရေဝင်ပေါက် (၆) ခုတို့မှ ရေများစီးဝင်လာသည်နှင့်တူ၏။ စီးဝင်လာသော ကံတရားတို့ကြောင့် ဓိဝသည် သုခ ဒုက္ခတို့ကို ခံစားရခြင်းသည် စီးဝင်လာသောရေတို့ကြောင့် ရွံ့ဗွက်အိုင်ကြီး ဖြစ်၍ အနံ့ဆိုးများ ထွက်သည်နှင့်တူ၏။ ကံအသစ်များ မဝင်နိုင်စေရန် ဣန္ဒြေ (၆) ပါးတို့ကို ပိတ်ဆို့ခြင်းသည် နောက်ထပ်ရေများ မဝင်နိုင်စေရန် ရေဝင်ပေါက် (၆)ခုတို့ကို ပိတ်သည်နှင့်တူ၏။ ဓိဝအတွင်း၌

ရှိနေသော ကံတရားများ ကုန်ခန်းသွားစေရန် တပအကျင့်ကို ကျင့်ကြံခြင်းနှင့် ဒုက္ခ ဝေဒနာတို့ကို များစွာခံစားခြင်းတို့သည် အိုင်အတွင်း၌ ရှိနေသောရေများ ကုန်ခန်းသွားစေရန် နေပူခံခြင်းနှင့် ရေထုတ်မြောင်းများဖေါက်၍ ထုတ်ပြစ်ခြင်းနှင့်တူ၏။

ကံတရားကြောင့် ဒုက္ခဝေဒနာတို့ကို ခံစားရခြင်းဖြစ်၏။ ဒုက္ခဝေဒနာကို များများခံစားရခြင်းဖြင့် အကြောင်းဖြစ်သော ကံတရားတို့လည်း များများကုန်သွားမည်။ အကျိုးပေးမည့်ကံတို့ကို လျင်မြန်စွာ ရင့်ကျက်စေပြီး အကျိုးပေးအောင် ပြုလုပ်ရမည်။ ဒုက္ခများများ ဖြစ်စေရန် ပြုလုပ်ပေးရမည်။ ဒုက္ခပေါင်းတစ်ထောင် ခံစားလိုက်လျှင် ကံပေါင်းတစ်ထောင် ကုန်ခန်းသွားမည်။ ဒုက္ခပေါင်းများစွာကို ခံစားခြင်းကြောင့် ကံတရားများအားလုံး ကုန်ခန်းသွားသောအခါ ဇီဝသည် စင်ကြယ်သွား၏။ ပေါ့ပါးသွား၏။ သိဒ္ဓဘုံဟုခေါ်သော နိဗ္ဗာန်ဘုံသို့ တစ်ခဏချင်း ပျံတက်နိုင်၏။ ရွှံ့ဗွက်အိုင်ကြီးခြောက်သွေ့၍ သန့်ရှင်းသွားပြီး အနံ့ဆိုးများ ကင်းစင်သွားသည်နှင့်တူ၏။

နိဗ္ဗာန်သို့ ရောက်ရှိသွားသော ဇီဝတို့သည် အကြီးအငယ် ကွဲပြားခြင်း မရှိ။ ဖြူစင်တောက်ပပြီး အရာအားလုံးကို သိမြင်နေကြ၏။ ဝမ်းနည်းဝမ်းသာ ခံစားခြင်းမရှိဘဲ အလုံးစုံကို ဥပေက္ခာပြုထားကြ၏။ ဤလောကကြီးနှင့် မည်သို့မျှ ဆက်စပ်ခြင်းမရှိကြကုန်။ ဤလောကသို့လည်း မည်သည့်အခါမျှ ပြန်လာခြင်း မရှိကြကုန်။ နိဗ္ဗာန်ဘုံ၌ သာလျှင် အစဉ်ထာဝရ နေထိုင်ကြကုန်၏။

# အခန်း (၄)

## ကံအမျိုးအစားများ

ဂျိန်းဘာသာ၌ ကံအမျိုးအစားများကို အမည်ပေးရာတွင်–

၁။ လုပ်ဆောင်မှု

၂။ အကျိုးပေးမှု

ဟူသော အချက် (၂) ချက်ပေါ်တွင် အခြေခံထားသည်ကို တွေ့ရသည်။

### လုပ်ဆောင်မှုအပေါ်တွင်အခြေခံ၍ အမည်ပေးထားသောကံများ

သတ္တဝါတို့ နေ့စဉ်နေ့တိုင်း လုပ်ဆောင်ထားသော ကံတို့ကို လုပ်ဆောင်မှုအပေါ်တွင် အခြေခံ၍ အမည်ပေးလျှင် သာမညအားဖြင့် ကုသိုလ် အကုသိုလ်ကံဟူ၍ နှစ်မျိုးသာ ရှိသည်။ ကုသိုလ်ကံကြောင့် အတ္တသည် နတ်ဘဝနှင့် ကောင်းမွန်မြင့်မြတ်သော လူ့ဘဝတို့၌ ပြန်လည် မွေးဖွါးရပြီး အမျိုးမျိုးသော ချမ်းသာသုခတို့ကို ခံစားရသည်။ အကုသိုလ်ကံကြောင့် အတ္တသည် ယုတ်ညံ့သော လူ့ဘဝ၊ တိရစ္ဆာန်ဘဝ၊ ငရဲဘဝနှင့် သက်မဲ့အရာဝတ္ထုများတိုင်အောင်သော လွန်စွာယုတ်ညံ့သော ဘဝတို့၌ ဖြစ်ရ၏။

ကံသည် ကုသိုလ်ကံအရာ၌ ဖြစ်စေ၊ အကုသိုလ်ကံအရာ၌ ဖြစ်စေ (က) ကာယကံ (ခ) ဝစီကံ (ဂ) မနောကံဟုသုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့၌ စေတနာတရားနှင့် စိတ်ဖြင့်ကြံစည်မှု အားလုံးတို့ ပါဝင်ကြသည်။ ဇီဝမှန်သမျှကို သတ်ဖြတ်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာတို့ကို ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ လိမ်ညာလှည့်ဖြား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

သူတစ်ပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပစ္စည်းဥစ္စာတို့ကို သိမ်းမိုးသိမ်းဆည်းခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော ကျင့်ဝတ်ငါးမျိုးတို့တွင် ကာယကံ ဝစီကံ မနောကံသုံးမျိုးလုံး ပါဝင်၏။ ယင်းကျင့်ဝတ်ငါးမျိုးတို့ကို ကိုယ်တိုင်စောင့်ထိန်းခြင်းသည် ကုသိုလ်ကာယကံဖြစ်၏။ ကိုယ်တိုင်ဖေါက်ဖျက် ကျူးလွန်ခြင်းသည် အကုသိုလ်ကာယကံဖြစ်၏။ သူတစ်ပါးတို့အား လိုက်နာစောင့်ထိန်းစေရန် တိုက်တွန်းခြင်းနှင့် စောင့်ထိန်းသည်ကို ချီးမွမ်းခြင်းတို့သည် ကုသိုလ် ဝစီကံတို့ဖြစ်ကြ၍ သူတစ်ပါးတို့အား ကျူးလွန်စေရန် တိုက်တွန်းခြင်းနှင့် ကျူးလွန်သည်ကို ချီးမွမ်းခြင်းတို့သည် အကုသိုလ် ဝစီကံတို့ဖြစ်ကြသည်။ ယင်းကျင့်ဝတ်ငါးမျိုးတို့ကို စောင့်ထိန်းရန် ကြံစည်ခြင်းသည် ကုသိုလ်မနောကံဖြစ်၍ ကျူးလွန်ရန်ကြံစည်ခြင်းသည် အကုသိုလ်မနောကံဖြစ်သည်။

ဇီဝမှန်သမျှကို သတ်ဖြတ်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရမည်ဟုဆိုရာ၌ အသေးငယ်ဆုံးဖြစ်သော ပိုးမွှားများကိုပင် မသတ်ရပေ။ ထို့အပြင် ခိုက်ရန်ဖြစ်ပွါးစေတတ်သော အလုပ်အကိုင် အပြောအဆိုအကြံအစည်တို့ကိုလည်းကောင်း၊ သက်ရှိသတ္တဝါတို့ကို ထိခိုက်နာကျင်စေတတ်သော ပေါ့ပေါ့ဆဆ လမ်းလျှောက်ခြင်းအစရှိသော အပြုအမူတို့ကိုလည်းကောင်း ရှောင်ကြဉ်ရမည်။ သို့မှသာ အဆင့်အတန်းမြင့်သော ကုသိုလ်ကံများ ဖြစ်နိုင်သည်။

## အကျိုးပေးမှုအပေါ်တွင်အခြေခံ၍ အမည်ပေးထားသောကံများ

လူသားတို့ ပြုလုပ်ထားသော ကံတို့၌ စွမ်းရည်သတ္တိအမျိုးမျိုးရှိသောကြောင့် အကျိုးပေးမှုလည်း အမျိုးမျိုးရှိသည်ကို တွေ့ရသည်။ ထိုအကျိုးပေးမှုအပေါ်တွင် အခြေခံ၍ ကံတရားတို့ကို အမည်ပေးသော အခါ

(က) ဒဿနာဝရဏီယစသော ကံ (၈) မျိုး
(ခ) ဩဒယိက စသော ကံ (၄) မျိုး
ဟူ၍ အုပ်စု (၂) စု ရှိသည်ကို တွေ့ရသည်။

**ဒဿနာဝရဏီယစသော ကံ (၈) မျိုး**

လွန်စွာနူးညံ့ သိမ်မွေ့သော ကိုယ်ကာယ(ကမ္မသရီရ) ကို တည်ဆောက်နိုင်သော ကံတရားတို့သည် အောက်ပါအတိုင်း (၈)မျိုး ရှိသည်ကို တွေ့ရသည်။

၁။ ဒဿနာဝရဏီယကံ (Dars'anāvaraṇīya Karma)
၂။ ဉာဏာဝရဏီယကံ (Jñāṇāvaraṇīya Karma)
၃။ ဝေဒနီယကံ (Vedanīya Karma)
၄။ မောဟနီယကံ (Mohanīya Karma)
၅။ အာယုကံ (Āyuska Karma)
၆။ နာမကံ (Nāma Karma)
၇။ ဂေါတ္တကံ (Gotra Karma)
၈။ အန္တရာယကံ (Antarāya Karma)

ထိုရှစ်မျိုးတို့တွင် ဇီဝ၏ မှန်ကန်သော မြင်နိုင်စွမ်းအားကို မှုန်ဝါးသွားစေရန် လုပ်ဆောင်သော ကံသည် ဒဿနာဝရဏီယကံ မည်၏။

အသေးစိတ် အချက်အလက်များအား မှန်မှန်ကန်ကန် သိရှိမှုကို တားဆီးသောကံသည် ဉာဏာဝရဏီယကံမည်၏။

ဤကံတို့အရ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော အာရုံငါးပါး ကာမဂုဏ်ရုပ်တရားတို့ကို ယူရမည်။ သတ္တဝါတို့၏ ရုပ်ခန္ဓာကိုယ်သို့ ပြင်ပမှ လာရောက်ပူးကပ်သော အာရုံငါးပါး ကာမဂုဏ် ရုပ်တရားတို့သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊

စိတ်ဟူသော ဒွါရ (၆) ပါးမှတစ်ဆင့် ဓိဝအတွင်းသို့ ဝင်ရောက်ပြီး ကံအဖြစ်သို့ကူးပြောင်း၍ ဓိဝကို ချုပ်နှောင်ကုန်၏။ ထိုအခါ ဓိဝသည် လွတ်လပ်စွာ လှုပ်ရှားနိုင်ခွင့်မရှိတော့ဘဲ ထိုအာရုံငါးပါး ကာမဂုဏ် ရုပ်တရားများနောက်သို့ အစဉ်အမြဲ လိုက်ပါနေရသည်။ ထို့ကြောင့် ဓိဝ၌ အမှန်တကယ်တည်ရှိနေသော၊ ပရမတ္ထသဘာဝကို မြင်နိုင်သော စွမ်းအားသည် မှုန်မှိုင်းသွား၏။ အမြဲလင်းနေသောဉာဏ်တုံးဉာဏ်ခဲကြီး တို့သည် ကွယ်ပျောက်သွားကုန်၏။

ဝိညာဉ်၏ ပင်ကိုယ်သဘာဝ တည်ရှိနေသော ချမ်းသာသုခကို ဖုံးကွယ်စေပြီး ချမ်းသာမှုဆင်းရဲမှုတို့ကို ဖြစ်စေသောကံကို ဝေဒနီယ ကံဟုခေါ်ပြီး ဝိညာဉ်၏ မှန်ကန်သောသဘောထား ရပ်တည်ချက်ကို နားလည်ခြင်း မရှိစေရန် ပြုလုပ်သောကံကို မောဟနီယကံ ဟုခေါ်၏။

သတ္တဝါတို့၏ သက်တမ်းအတိုအရှည်ကို ကွဲပြားစေသော ကံသည် အာယုကံမည်၍ သာမန်အရှည်အချင်းနှင့် သာမန်စွမ်းရည် သတ္တိရှိသော ခန္ဓာကိုယ်တို့ကိုလည်းကောင်း၊ ထူးခြားသော အရှည်အချင်းနှင့် ထူးခြားသော စွမ်းရည်သတ္တိရှိသော ခန္ဓာကိုယ်တို့ကို လည်းကောင်း ဖြစ်စေသောကံသည် နာမကံမည်၏။

အမျိုးအနွယ် လူတန်းစားအဆင့်အတန်းကို ဆုံးဖြတ်ပေး နိုင်သော ကံသည် ဂေါတ္တကံမည်၍ ကုသိုလ်ကောင်းမှု ပြုလုပ်လိုသော ဆန္ဒရှိသောအချိန်၌ ထိုဆန္ဒကို တားဆီးပိတ်ပင်ပြီး မကောင်းမှုလုပ်ရန် အားပေးသောကံသည် အန္တရာယကံမည်၏။

ဤကံ(၈)မျိုးတို့ကို အခြေခံ၍ တည်ဆောက်ထားသော ကမ္မသရီရကိုပင် လိင်္ဂသရီရ ဟုခေါ်သည်။ လွန်စွာနူးညံ့သိမ်မွေ့သော ရုပ်ခန္ဓာကိုယ်တစ်မျိုး ဖြစ်သည်။ သတ္တဝါတို့သေလျှင် ဤဘဝ၌ တွေ့မြင်နေရသော အကြမ်းစားရုပ်ခန္ဓာကိုယ်ကြီးဖြစ်သော ထူလသရီရ မှ သာမန်မျက်စိဖြင့် မမြင်တွေ့နိုင်သော ပုံစံတူလိင်္ဂသရီရသည်

ခွဲထွက်သွားပြီး နောက်ဘ၀တစ်ခုသို့ ကူးပြောင်းသွားသည်ဟု ယုံကြည်ကြသည်။ ဤနည်းဖြင့် ဝိညာဉ်သည် တစ်ဘ၀မှ တစ်ဘ၀သို့ ကူးပြောင်းကာ သံသရာအတွင်း၌ ကျင်လည်နေရသည်။

## ဩဒယိကစသော ကံ (၄) မျိုး

အကျိုးပေးမှု အပေါ်တွင် အခြေခံ၍ အမည်ပေးထားသော ကံတို့တွင် (၁) ဩဒယိကကံ (၂) ဩပသမိကကံ (၃) ခါယိကကံ (၄) ခါယောပသမိကကံဟူသော ကံ (၄)မျိုးလည်း ပါဝင်သည်။

ထိုလေးမျိုးတို့တွင် ကံသည် ပင်ကိုယ်သဘောအားဖြင့် အကျိုးဆက်ကိုသယ်ဆောင်ပြီး ယင်းကံနှင့်သင့်လျော်သော အကျိုးရလဒ်ကို ထုတ်ဆောင်ပေး၏။ ထိုသို့ ပင်ကိုယ်သဘောနှင့် လျော်ညီစွာ အကျိုးပေးမည့်ကံသည် ဩဒယိကကံမည်၏။

ကံသည် ရုပ်တစ်မျိုးသာဖြစ်သောကြောင့် အတိတ်ကံများကို မလှုပ်ရှားစေဘဲ ငြိမ်ဝပ်စေရန် ပြုလုပ်ထားလျှင် မီးခဲပြာဖုံး သဘောမျိုးဖြင့် အကျိုးပေးမှု ရပ်ဆိုင်းနေတတ်သည်။ ထိုသို့ ရပ်ဆိုင်းနေသောကံကို ဩပသမိကကံဟုခေါ်သည်။

ကံများကို အကျိုးပေးမှု ရပ်ဆိုင်းနေစေရန် ထိန်းချုပ်ထားရုံမျှသာမဟုတ်ဘဲ အကြွင်းမဲ့ပယ်သက်လိုက်သောအခါ ကံများအားလုံး ကုန်သွား၏။ ထိုသို့ ကုန်သွားသောကံများကို ခါယိကကံဟုခေါ်၏။

မကောင်းသောကံများကို ထိန်းချုပ်ခြင်း၊ အကြွင်းမဲ့ ပယ်သတ်ခြင်းတို့ကို ပြုလုပ်သောအခါ ကောင်းသောကံများသည် အကျိုးပေးခွင့်ရနေ၏။ ထိုသို့ ကောင်းသောကံများ အကျိုးပေးခွင့်ရနေခြင်းကို ခါယောပသမိကကံဟုခေါ်သည်။

## အခန်း (၅)

## ဂျိန်းဘာသာ၏ ကံအယူအဆကို ခြုံငုံသုံးသပ်ချက်

ဂျိန်းဘာသာ၏ အဓိကယုံကြည်မှုသည် အတ္တဝါဒဖြစ်ပြီး အဓိကအကျင့်တရားသည် အတ္တကိလမထာနုယောဂ အကျင့်ဖြစ်သည်။ ထို့ကြောင့် ကံ၏သဘောတရားကို ယူဆမှုသည် ယင်းအချက်နှစ်ချက် အပေါ်တွင် အခြေခံထားသည်ကို တွေ့ရသည်။

ပုဂ္ဂိုလ်သတ္တဝါအားလုံး၌ ခံစားရသော ဝေဒနာတို့သည် အတိတ်ကံ၏ ဒဏ်ခတ်မှုကြောင့်ဖြစ်သည်ဟုယူဆလျက် ဂျိန်းဘာသာ၌ ကံဟုမသုံးဘဲ ဒဏ်ဟုသာ သုံးနှုန်းထားသည်။ သို့ရာတွင် ကံ၏ သဘောတရားနှင့်တူညီသော ယူဆချက်ဖြစ်သောကြောင့် ဂျိန်းဘာသာ ကိုလည်း ကံ၏သဘောတရားကို လက်ခံသောဘာသာ(ကမ္မဝါဒ) ဟု ဆိုကြသည်။

ဂျိန်းဘာသာအလိုအရ ကံဆိုသည်မှာ သတ္တဝါတို့၏ ဒွါရ ခြောက်ပါးမှတစ်ဆင့် ဇီဝအတွင်းသို့ ဝင်ရောက်လာသော အာရုံငါးပါး ရုပ်တရားများပင် ဖြစ်သည်။ ယင်းအာရုံငါးပါး ရုပ်တရားတို့သည် ပြင်ပ၌ရှိနေစဉ် ရုပ်တရားများအဖြစ်သာ တည်ရှိနေ၍ ဇီဝအတွင်းသို့ ရောက်ရှိသောအခါ၌သာလျှင် ကံအဖြစ်သို့ ကူးပြောင်းသွားခြင်း ဖြစ်သည်ဟု ယူဆကြသည်။ ယင်းကံတရားတို့သည် ပျောက်ပျက်၍ မသွားဘဲ တစ်စုံတစ်ခုသောဘဝနှင့်အချိန်တို့၌ ကံကိုပြုသောသူတို့ ထံသို့ ပြန်လာလိမ့်မည်ဟု ယူဆထားကြောင်း သိရှိရသည်။

ထို့အပြင် အတိတ်ကံ အနာဂတ်ကံနှင့် ပစ္စုပ္ပန်ကံတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြောင်းနှင့် အတိတ်ကံတို့သည် သတ္တဝါ

တို့၏ ဘဝတွင် အရေးအကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရှိရသည်။ ထိုကံတရားသည် သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံး၌ တည်ရှိနေသည့်အပြင် အသားအရောင်ကွဲပြားမှုနှင့် လူတန်းစား ကွဲပြားမှုကိုလည်း ဖန်တီးပေးသည်။

အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတရားတို့ ကုန်ခန်းသွားမှသာလျှင် အချုပ်နှောင်ခံ ဇီဝသည် လွတ်မြောက်မှုရရှိပြီး သိဒ္ဓဘုံဟုခေါ်သော နိဗ္ဗာန်ဘုံသို့ ရောက်ရှိနိုင်ကြောင်း သိရှိရသည်။

ဂျိန်းဘာသာ၌ ကံအမျိုးအစားများကို ခွဲခြားပြဆိုမှုသည် လုပ်ဆောင်မှုနှင့် အကျိုးပေးမှုအပေါ်တွင် အခြေခံထားသည်ကို တွေ့ရသည်။ လုပ်ဆောင်မှုအပေါ်တွင် အခြေခံထားသော ကံတို့တွင် ကာယကံသည် ဝစီကံ မနောကံတို့ထက်ပို၍ အပြစ်ကြီးကြောင်းနှင့် သူတစ်ပါးအသက်ကို သတ်ခြင်းတည်းဟူသော အကုသိုလ်ကာယကံမှု ကို ရှောင်ကြဉ်ခြင်း၌ လွန်စွာအသေးစိတ် တင်းကြပ်ထားကြောင်း တွေ့ရသည်။

အကျိုးပေးမှုကို အခြေခံထားသော ဒဿနာဝရဏီယ စသော ကံ(၈)ပါးတို့တွင် ဒဿနာဝရဏီယကံ ဉာဏာဝရဏီယကံ ဝေဒနီယ ကံ မောဟနီယကံတို့သည် ဇီဝ၏ ပကတိသဘောအမှန်ကို ဖုံးကွယ်ပြီးမှ အကျိုးပေးသော ကံများဖြစ်ကြပြီး ကြွင်းသော ကံ(၄)မျိုးတို့သည် ဘဝအဆင့်အတန်း သက်တမ်းအတိုအရှည် ရုပ်ရည်အဆင်း လှပမှုနှင့် ကြမ်းတမ်းမှုတို့ကို ကွဲပြားစေတတ်သော ကံများဖြစ်ကြသည်ကို သိရှိရသည်။

သြဒယိကစသော ကံ(၄)မျိုးတို့သည် ဗုဒ္ဓဘာသာ၌ ပါရှိသော ဇနကစသော ကံ(၄)မျိုးတို့နှင့် လွန်စွာတူညီနေသည်ကို တွေ့ရသည်။

အပိုင်း (၄)

# ဗုဒ္ဓဘာသာ၏

# ကံအယူအဆ

# အခန်း (၁)

## ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သောဘာသာ တစ်ခုဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးနောက် ဘီစီ-၅၂၈ ခုနှစ်မှစ၍ တရားဓမ္မများကို ဟောကြားတော်မူပြီး သာသနာပြုခဲ့သည်။ ထိုအချိန်မှစတင်၍ ဗုဒ္ဓဘာသာပေါ်ထွန်းလာခြင်းဖြစ်သည်ဟုဆိုရမည်။ ဗုဒ္ဓဘာသာသည် အိန္ဒိယမြေ၌ ပေါ်ထွန်းခဲ့သော အခြားဘာသာများကဲ့သို့ ကမ္မဝါဒနှင့်သံသရာဝါဒကို လက်ခံသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ အများစု လက်ခံယုံကြည်သော ဖန်ဆင်းရှင် ထာဝရဘုရားနှင့် အတ္တဝါဒကို လက်မခံဘဲ ငြင်းပယ်တော်မူသည်။

အတ္တဝါဒကိုလက်မခံဘဲ အနတ္တဝါဒကိုသာ အလေးထားထုတ်ဖော်ဟောကြားသည်ကို ကြည့်ခြင်းဖြင့် ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်ရှိ အခြားသော မည်သည့်ဘာသာနှင့်မျှ ဆက်နွယ်မှုမရှိကြောင်း ထင်ရှားသည်။ ဟိန္ဒူဘာသာဝင်တို့က ဂေါတမဗုဒ္ဓကို ၎င်းတို့ဘာသာ၏ အဝတာရ ဘုရားဆယ်ဆူအတွင်း၌ ပါဝင်သော ဟိန္ဒူဘုရားတစ်ဆူဖြစ်သည်ဟု ဆိုကြသည်။ ထိုအဆိုသည် မဖြစ်နိုင်ကြောင်း အောက်ပါကွဲလွဲချက်များကို ကြည့်၍သိနိုင်သည်။

(၁) ဟိန္ဒူဘာသာ၏ သုံးပါးတစ်ဆူတွင်ပါဝင်သော ဗိဿနိုးဘုရားသည် ကမ္ဘာလောကကြီးကို ကြည့်ရှုစောင့်ရှောက်၏။ လူသတ္တဝါအပေါင်းတို့အား ကောင်းမြတ်သော သုခချမ်းသာ တန်ခိုးအာနိသင်တို့ကို ပေး၏။ လူ့ပြည်သို့ဆင်း၍ လူ့အဖြစ်ကို ခံယူကာ မသ်စယ၊

ကူးရံမ၊ ဗုဒ္ဓဂေါတမ အစရှိသော ဘုရားများအဖြစ် ပွင့်တော်မူခဲ့၏။ ထိုဗိဿနိုးဘုရားသည် ဣသွာရဘုရားဟုခေါ်သော တစ်ဆူတည်းသော ဖန်ဆင်းရှင် ထာဝရဘုရားသခင်မှ ခွဲထွက်လာသော ကိုယ်ပွါးဘုရား တစ်ဆူ ဖြစ်သည်။ ဂေါတမဗုဒ္ဓသည် ဣသွာရထာဝရဘုရားရှင်၏ ကိုယ်ပွါးဗိဿနိုးဘုရား၏ လူ့ဝင်စားဘုရား ဖြစ်သည်ဟုဆိုလျှင် ထာဝရဘုရားရှင်ကို လက်ခံယုံကြည်ရမည်။ ကမ္ဘာလောကကြီးကို ထာဝရဘုရားသခင်က ဖန်ဆင်းသည်ဟူသောအချက်ကို လက်ခံရမည်။ သို့ရာတွင် ဂေါတမဗုဒ္ဓသည် ထာဝရဘုရားရှင်ကိုလည်းကောင်း၊ ကမ္ဘာလောကကြီးကို ထာဝရဘုရားသခင်က ဖန်ဆင်းသည်ဟူသော အချက်ကိုလည်းကောင်း လုံးဝလက်မခံဘဲ ငြင်းပယ်တော်မူခဲ့သည်။

(၂) ဟိန္ဒူဘာသာက အတ္တဝါဒကို လက်ခံသည်။ ဂေါတမဗုဒ္ဓသည် အတ္တဝါဒ၏ဆန့်ကျင်ဘက် အနတ္တဝါဒကို လက်ခံသည်။

(၃) ဂေါတမဗုဒ္ဓသည် ဟိန္ဒူဘုရားဟုဆိုလျှင် ဂေါတမဗုဒ္ဓ ပွင့်တော်မူချိန်၌ ဟိန္ဒူဘာသာ၏ မူရင်းဘာသာဖြစ်သော ဗြာဟ္မဏ ဘာသာသည် မရှိသင့်ချေ။ သို့ရာတွင် ဗြာဟ္မဏဘာသာသည် အထင်အရှား ရှိနေခဲ့၏။ ဝေဒကျမ်းများကို သင်ယူရသော ပညာရှိဗြာဟ္မဏ များ၊ သံသရာမှလွတ်မြောက်အောင် တရားကျင့်ကြံနေကြသော ပညာရှိ ဗြာဟ္မဏများ၊ ယဇ်ပူဇော်ပေးသော ဗြာဟ္မဏများနှင့် ၎င်းတို့အား ကိုးကွယ်ကြသော ဗြာဟ္မဏဘာသာဝင်များ အများအပြားရှိခဲ့သည်။ ပေါက္ခရသာတိ၊ သောဏဒဏ္ဍ၊ ကူဋဒန္တ၊ လောဟိစ္စ၊ ဝါသေဋ္ဌ၊ဘာရဒွါဇ အစရှိသောသူတို့သည် ဗြာဟ္မဏဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်း လာသူများ ဖြစ်ကြသည်။

(၄) ဗြာဟ္မဏဘာသာသည် အတ္တဝိညာဉ်၏ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းခြင်းကို သံသရာ၌ကျင်လည်နေရခြင်းဟု ခေါ်ပြီး အတ္တဝိညာဉ်၏ ဗြဟ္မာကြီးနှင့် ပေါင်းဆုံသွားခြင်းကို သံသရာမှ လွတ်မြောက်ခြင်းဖြစ်သည်ဟု ယူဆသည်။ ဂေါတမဗုဒ္ဓက ရုပ်နှင့်နာမ်

တို့သည် ပဋိစ္စသမုပ္ပါဒ်နည်းအရ အကြောင်းအကျိုးဆက်စပ်၍ ဖြစ်နေခြင်းကို သံသရာ၌ ကျင်လည်နေရခြင်းဟုခေါ်ပြီး ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ရောက်ခြင်းကို သံသရာမှ လွတ်မြောက်ခြင်းဖြစ်သည်ဟု ယူဆသည်။

ဤသို့စသည်ဖြင့် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့၏ များစွာသော အဓိကတရားတို့သည် လွန်စွာကွဲပြားခြားနားနေသည်။ထို့ကြောင့် ဂေါတမဗုဒ္ဓသည် ဟိန္ဒူဘာသာနှင့် မည်သို့မျှဆက်နွယ်မှုမရှိချေ။

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်၌ရှိသော အခြားဘာသာများနည်းတူ သတ္တလောကကြီးအား ကောင်းကျိုးချမ်းသာ အမျိုးမျိုးရရှိအောင် လမ်းညွှန်ပေးသည်။ လူသားတို့ ယဉ်ကျေးသိမ်မွေ့စေရန် ကိုယ်ကျင့်တရားများကို ချမှတ်ပေးသည်။ လူတို့၏ ကိုယ်ကျင့်တရားနှင့် သံဃာတော်တို့၏ ကိုယ်ကျင့်တရားဟူ၍ နှစ်မျိုးခွဲခြားထားသည်။ သံဃာတော်တို့အတွက် လွန်စွာမြင့်မားသော ကိုယ်ကျင့်တရားများကို သတ်မှတ်ပေး၍ လူသားတို့အတွက် သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းအစရှိသော ငါးပါးသီလကို အခြေခံအဖြစ် သတ်မှတ်ပေးသည်။ ရှစ်ပါးသီလ ကိုးပါးသီလတို့ကိုလည်း အနည်းငယ်မြင့်မားသော ကိုယ်ကျင့်တရားများအဖြစ် သတ်မှတ်ပေးသည်။ ကိုယ်ကျင့်တရား၏ အခြေခံအဖြစ် သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကိုလည်း လမ်းညွှန်ပေးထားသည်။ ဤကိုယ်ကျင့်တရားများကို လိုက်နာကျင့်သုံးလျှင် အပြောနှင့်အလုပ်တို့သည် ယဉ်ကျေးသိမ်မွေ့လာမည်။ အပြောနှင့်အလုပ် ယဉ်ကျေးသိမ်မွေ့ခြင်းသည် ဗုဒ္ဓဘာသာ၏ ပထမအဆင့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

ဗုဒ္ဓဘာသာ၏ ဒုတိယအဆင့် ရည်မှန်းချက်ပန်းတိုင်သည် စိတ်အကြံအစည် ယဉ်ကျေးသိမ်မွေ့မှုဖြစ်သည်။ စိတ်အကြံအစည် ယဉ်ကျေးသိမ်မွေ့စေရန် သမာဓိတရားကိုရရှိအောင် ကြိုးစားအားထုတ်ရမည်။ ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာ့ဂုဏ်တော်တို့ကို

ပွါးများခြင်း၊ မြေကသိုဏ်းအစရှိသော ကသိုဏ်းပရိကံတို့ကို ပွါးများခြင်း အစရှိသော သမထအလုပ်ကို ကြိုးစားအားထုတ်ခြင်းသည် သမာဓိကိုရစေသည်။

ဗုဒ္ဓဘာသာ၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်သည် ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်ရာ၊ ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိရေးဖြစ်သည်။ အပြောအလုပ် အကြံအစည် သုံးမျိုးလုံး ယဉ်ကျေးသိမ်မွေ့ပြီးနောက် ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ များရရှိအောင် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ရမည်။ ရှိရှိသမျှ ဖြစ်ဖြစ်သမျှသော ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်း၊ တည်တံ့ခြင်း၊ ပျက်ခြင်းသဘောတရားတို့ကိုလည်းကောင်း၊ အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ မိမိအလိုသို့မလိုက် အစိုးမရခြင်း သဘောတရားတို့ကိုလည်းကောင်း သိမြင်အောင် ဆင်ခြင်ခြင်းဖြင့် အဆင့်ဆင့်သော ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာတို့ကို ရရှိနိုင်သည်။ ထိုပညာတို့ကို ပြည့်ပြည့်စုံစုံ ရရှိသောအခါ နိဗ္ဗာန်သို့ ရောက်ရှိသွားသည်။

ဗုဒ္ဓဘာသာသည် အဆင့်ဆင့်သောကောင်းကျိုးချမ်းသာတို့ကို ရရှိရေးအတွက် အဆင့်ဆင့်သော ကိုယ်ကျင့်တရားများကို သတ်မှတ်ပေးထားသည်။ မိမိ၏အကျိုးစီးပွါးကို အလိုရှိသောသူသည် ဗုဒ္ဓဘာသာက သတ်မှတ်ပေးထားသော ကိုယ်ကျင့်တရားများကို မိမိကိုယ်တိုင် လိုက်နာကျင့်ကြံမှသာ မိမိလိုက်နာကျင့်ကြံသလောက် အကျိုးစီးပွါးကို ရရှိလိမ့်မည်။ ဗုဒ္ဓထံ၌ ဆုတောင်းနေရုံမျှဖြင့် ရရှိလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ဗုဒ္ဓဘာသာသည် **အတ္တာဟိ အတ္တနောနာထော** ဟူသော ဒေသနာတော်နှင့်အညီ ကိုယ်ကျိုးစီးပွါးအတွက် ကိုယ့်ကိုယ်ကိုသာ အားကိုးရမည်ဟု လမ်းညွှန်ထားသော ဘာသာတစ်ခုဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဘာသာ၏ အဓိကလမ်းစဉ်သည် **မဇ္ဈိမပဋိပဒါလမ်းစဉ်** ဖြစ်သည်။ ကာမဂုဏ်ချမ်းသာတို့ကို အလွန်အကျွံလိုက်စား

ခြင်းတည်းဟူသော **ကာမသုခလ္လိကာနုယောဂလမ်းစဉ်** နှင့် မိမိခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်၍ ကျင်းကြံခြင်းတည်းဟူသော **အတ္တကိလမထာနုယောဂလမ်းစဉ်** တို့ကို ရှောင်ရှားကာ အလယ်အလတ်လမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ကြံပြီး သစ္စာလေးပါးကို သိမြင်ကာ နိဗ္ဗာန်သို့ ရောက်ရှိရေးသည် ဗုဒ္ဓဘာသာ၏ အဓိကပန်းတိုင်ဖြစ်သည်။

## အခန်း (၂)

## ဗုဒ္ဓဘာသာကို တည်ထောင်သူ

ဂေါတမဗုဒ္ဓ အလောင်းအလျာဖြစ်သော သိဒ္ဓတ္ထမင်းသားကို ဘီစီ (၅၆၃)ခု၊ မဟာသက္ကရာဇ် (၆၈)ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် ကပိလဝတ်ပြည်၏ အရှေ့ဘက်၌ရှိသော လုမ္ဗိနီဥယျာဉ်၌ ဖွါးမြင်တော်မူခဲ့သည်။ ခမည်းတော်မယ်တော်တို့မှာ ကပိလဝတ်ပြည့်ရှင် သကျသာကီဝင် ဘုရင်သုဒ္ဓေါဒနနှင့် မာယာဒေဝီမိဖုရားကြီးတို့ ဖြစ်ကြသည်။ မာယာဒေဝီမိဖုရားကြီးသည် သားတော်ဖွါးမြင်ပြီးနောက် (၇) ရက်မြောက်သောနေ့တွင် နတ်ရွာစံသွားသောကြောင့် သိဒ္ဓတ္ထမင်းသားကို မိထွေးတော်ဂေါတမီက ပြုစုစောင့်ရှောက်ခဲ့ရသည်။

အသက်(၁၆)နှစ်အရွယ်တွင် ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏ သမီးတော် ယသောဓရာမင်းသမီးနှင့် လက်ထပ်ခဲ့ပြီး ထီးနန်းစည်းစိမ်ကိုရရှိခဲ့သည်။ ဆောင်းရာသီ၌ စံမြန်းတော်မူရန် ဆောက်လုပ်ထားသော ရမ္မနန်းပြာသာဒ်၊ မိုးရာသီ၌ စံမြန်းတော်မူရန် ဆောက်လုပ်ထားသော သုဘနန်းပြာသာဒ်၊ နွေရာသီ၌ စံမြန်းတော်မူရန် ဆောက်လုပ်ထားသော သုရမ္မနန်းပြာသာဒ်ဟူသော နန်းပြာသာဒ်သုံးဆောင်၌ အလှည့်ကျစံမြန်းပြီး ထီးနန်းစည်းစိမ်ကို အပြည့်အဝခံစားခဲ့သည်။

အသက်(၂၉)နှစ်အရွယ်တွင် သားတော်ရာဟုလာကို ဖွါးမြင်ခဲ့သည်။ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူသောကြောင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကိုလည်းကောင်း၊ အာရုံငါးပါး ကာမဂုဏ်တရားတို့၏ စက်ဆုပ်ရွံရှာဖွယ်ကိုလည်းကောင်း ဆင်ခြင်သိမြင်တော်မူပြီး သတိ

သံဝေဂ ကြီးစွာရလျှက် တောထွက်၍ ရဟန်းပြုနိုင်ရန် လွန်စွာစိတ်အား ထက်သန်တော်မူခဲ့သည်။ ထို့ကြောင့် မဟာသက္ကရာဇ်(၉၇)ခု၊ ဝါဆို လပြည့်၊ တနင်္လာနေ့၊ သားတော်ရာဟုလာ ဖွါးမြင်တော်မူသည့်နေ့ မှာပင် ထီးနန်းစည်းစိမ်နှင့် သားမယားတို့ကိုစွန့်ခွါပြီး တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။

ဘုရားအလောင်းသည် ကျော်စောထင်ရှားသော ဗြာဟ္မဏ ဆရာကြီးများထံသို့ ရှေးဦးစွာ ချဉ်းကပ်ခဲ့သည်။ "ယဇ်ပူဇော်ခြင်းနှင့် မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် လုံ့လပြုခြင်းတို့ဖြင့် အတ္တသည် သံသရာမှ လွတ်မြောက်နိုင်သည်" ဟူသော ဗြာဟ္မဏ ဆရာကြီးတို့၏ ဟောပြောချက်ကို သဘောမကျသောကြောင့် တပည့်သုံးရာအခြံအရံ တို့ဖြင့် နေထိုင်သော ကာလာမနွယ်ဝင် အာဠာရဂိုဏ်း ဆရာကြီးထံသို့ သွားရောက်ခဲ့သည်။

ထိုအာဠာရဂိုဏ်းဆရာကြီးထံမှ အကျင့်လမ်းစဉ်ကို နာယူ သင်ကြား၍ ကသိုဏ်းပရိကံတို့ကို ကြိုးစား အားထုတ်စီးဖြန်းတော် မူသောအခါ အာကိဉ္စညာယတန ဈာန်တိုင်အောင်သော လောကီဈာန် သမာပတ် (၇) ပါးတို့ကို ရရှိခဲ့သည်။

ထိုသမာပတ် (၇)ပါးတို့ကို ရရှိတော်မူပြီးနောက် မကြာမီ ကာလအတွင်းမှာပင် ရှေးရှေးဘဝတို့၌ ထိုဈာန်သမာပတ်တို့ကို အလေ့အကျက်ရပြီးသူဖြစ်သောကြောင့်လည်းကောင်း၊ ပညာဉာဏ် ကြီးမြတ်သူဖြစ်သောကြောင့်လည်းကောင်း ထိုလောကီသမာပတ် (၇)ပါးတို့သည် အမြင့်ဆုံးအကျိုးအဖြစ် မဟာကပ်ပေါင်း ခြောက်သောင်း အသက်ရှည်သည့် အာကိဉ္စညာယတနဗြဟ္မာ့ဘုံသို့ ရောက်နိုင်ရုံမျှသာဖြစ်သည်ကိုလည်းကောင်း၊ ထိုဗြဟ္မာ့ဘုံသည်လည်း ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေးတို့မှ မလွတ်မြောက် နိုင်သော ဌာနဖြစ်သည်ကိုလည်းကောင်း ကောင်းစွာသိမြင်တော်မူခဲ့ လေသည်။ ထို့ကြောင့် လောကီသမာပတ် (၇)ပါးတို့သည် ဝဋ်ဆင်းရဲ၌

အကျိုးဝင်သော တရားများသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ရာဂ အစရှိသော ကိလေသာတို့ ချုပ်ငြိမ်းရန်မဖြစ်နိုင်ဟူ၍လည်းကောင်း၊ ကိလေသာအားလုံး ငြိမ်းအေးရန် မဖြစ်နိုင်ဟူ၍လည်းကောင်း၊ သိသင့်သိထိုက်သော တရားအားလုံးကို သိမြင်ရန်မဖြစ်နိုင်ဟူ၍လည်းကောင်း၊ မဂ်ဉာဏ်လေးပါးကို ရရှိရန် မဖြစ်နိုင်ဟူ၍လည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်နိုင်ဟူ၍လည်းကောင်း စဉ်းစားဆင်ခြင်မိခဲ့သည်။ ထိုအခါ ယင်းသမာပတ် (၇)ပါးတို့အား ငြီးငွေ့လာ၍ အာဠာရဂိုဏ်းဆရာကြီးထံမှ ထွက်ခွါတော်မူခဲ့သည်။

ထို့နောက် အလောင်းတော်သည် တပည့်ခုနစ်ရာတို့ဖြင့် ခြံရံလျှက်နေထိုင်သော ရာမပုတ္တဥဒကဂိုဏ်းဆရာကြီးထံသို့ ချဉ်းကပ်တော်မူခဲ့သည်။ ထိုဥဒကဂိုဏ်းဆရာကြီး သင်ကြားပြသသည်နှင့်အညီ ကသိုဏ်းပရိကံတို့ကို ကြိုးစားအားထုတ် ကျင့်ကြံတော်မူသောအခါ နေဝသညာနာသညာယတနစျာန်တိုင်အောင်သော လောကီသမာပတ် (၈)ပါးတို့ကို ရရှိခဲ့သည်။ ထို လောကီသမာပတ် (၈)ပါးတို့သည် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်သောအဖြစ်ကို သိမြင်တော်မူသောအခါ၌လည်း ဥဒကဂိုဏ်းဆရာကြီးထံမှ ထွက်ခွါတော်မူခဲ့ပြန်သည်။

သံသရာမှလွတ်မြောက်ရေးကို မရမနေရှာမှီးနေသော အလောင်းတော်သည် သေနာနိဂုံး၏ အနီး၌ရှိသော ဥရုဝေလတောအုပ်သို့ ရောက်ရှိခဲ့သည်။ ထိုဥရုဝေလတောအုပ်၏အနီး၌ ကောင်းမွန်သော ရေချိုးဆိပ်များနှင့် ကြည်လင်သန့်ရှင်းသော ရေရှိသော နေရဥ္စရာမြစ်ကိုလည်းကောင်း၊ ဆွမ်းခံ၍ ရလွယ်နိုင်မည့် ရွာငယ်ကလေးများကိုလည်းကောင်း မြင်တော်မူသောအခါ ထိုတောအုပ်၌ပင် နေထိုင်ပြီး ကမ္မဋ္ဌာန်းအားထုတ်ရန် ဆုံးဖြတ်တော်မူခဲ့သည်။

ထိုတောအုပ်သို့ရောက်လာကြသော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိဟူသော ငါးဦးသောအုပ်စုဝင်(ပဥ္စဝဂ္ဂီ)တို့သည်

အလောင်းတော်အား ရေပူရေချမ်း ကမ်းလှမ်းခြင်း၊ အလောင်းတော် နေထိုင်ရာအရပ်တို့ကို တံမြက်လှည်းခြင်းအစရှိသော ဝတ်ကြီးဝတ်ငယ် တို့ဖြင့် ပြုစုလုပ်ကျွေးခဲ့ကြသည်။

အလောင်းတော်သည် အစာကိုလျှော့စားခြင်းနှင့် ထွက်သက် ဝင်သက်တို့ကို မထွက်နိုင်မဝင်နိုင်အောင်ချုပ်တည်း၍ အောင့်ထားခြင်း အစရှိသော မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်ခြင်း (အတ္တကိလမထာ နုယောဂ) သဘောရှိသော ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံအားထုတ် တော် မူခဲ့သည်။ ဒုက္ကရစရိယာ အကျင့်ကို (၆)နှစ်တာ ကာလပတ်လုံး ကျင့်ကြံအားထုတ်ပါသော်လည်း အလိုရှိအပ်သော တရားထူး (သဗ္ဗညုတဉာဏ်)ကို မရခဲ့သောကြောင့် ထိုအကျင့်ကို စွန့်ပယ်တော် မူခဲ့သည်။

ထို့နောက် အလောင်းတော်သည် မိမိကိုယ်ကို အင်အား ဖြည့်တင်းသည့်အနေဖြင့် အစာအာဟာရတို့ကို ဘုန်းပေးသုံးဆောင် တော်မူ၍ ညှိုးနွမ်းနေသော ခန္ဓာကိုယ်ကို မျှတလန်းဆန်းစေတော်မူပြီး အာနာပါနသမာဓိဈာန်ရအောင် ကြိုးစားအားထုတ်တော်မူခဲ့သည်။ ထိုအခါ မဇ္ဈိမပဋိပဒါဟူသော လမ်းမှန်သို့ရောက်ရှိသွားသည်။

အလောင်းတော်သည် ဘီစီ(၅၂၈)ခု၊ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ နံနက်အချိန်တွင် သေနာနိဂုံး၌ နေထိုင်သော သုဇာတာသူဌေးသမီး လှူဒါန်းသော နို့ဃနာဆွမ်းကို ခံယူဘုန်းပေးတော်မူပြီးနောက် မဟာဗောဓိပင်ရှိရာအရပ်သို့ ကြွတော်မူ ခဲ့သည်။

လမ်းခရီး၌ သောတ္ထိယမည်သော ပုဏ္ဏားလှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့သည်။ ထိုမြက်ရှစ်ဆုပ်ကို မဟာ ဗောဓိပင်၏ အရှေ့ဘက်အရပ်၌ ကြဲဖြန့်လိုက်သောအခါ တစ်ဆယ့် လေးတောင် ပမာဏရှိသော ရတနာပလ္လင်ကြီး ပေါ်ပေါက်လာခဲ့သည်။ အလောင်းတော်မြတ်သည် မဟာဗောဓိပင်ကို နောက်ကျော၌ ခံထား၍

အရှေ့အရပ်သို့ မျက်နှာမူပြီး ရတနာပလ္လင်ထက်၌ တင်ပလ္လင်ဖွဲ့ခွေထိုင်နေတော်မူလျှက်–

၁။ အရေမျှ ကျန်လိုလျှင် ကျန်စေ

၂။ အကြောမျှ ကျန်လိုလျှင် ကျန်စေ

၃။ အရိုးမျှ ကျန်လိုလျှင် ကျန်စေ

၄။ အသွေးအသားတို့ အားလုံးခန်းခြောက်၍ သွားလိုလျှင် သွားစေ ဟူသော အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်ကာ "ငါသည်ဘုရား မဖြစ်သမျှ ဤနေရာမှ မထ" ဟူသော အဓိဋ္ဌာန်ကို ဆောက်တည်တော်မူခဲ့သည်။ ထို့နောက် အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်တော်မူခဲ့သည်။

ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေချမ်းအချိန်၌ ဘုရားဖြစ်မည်ကို နှောင့်ယှက်ဖျက်ဆီးရန်လာသော ဝသဝတ္တိနတ်ပြည်သား ဒေဝပုတ္တမာရ်နတ်ကို နေမဝင်မီ အောင်မြင်တော်မူခဲ့သည်။ ထိုနေ့ ညဦးယံအချိန်၌ ရှေး၌ဖြစ်ဖူးသော ဘဝအစဉ်ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူခဲ့သည်။ သန်းခေါင်ယံအချိန်၌ အထူးသဖြင့်စင်ကြယ်သော၊ လူတို့၏မျက်စိအမြင်ကိုလွန်သော၊ နတ်တို့၏မျက်စိနှင့်တူသောမျက်စိဖြင့် စုတိဆဲ (သေဆုံးဆဲ) ဖြစ်သော သတ္တဝါ၊ ပဋိသန္ဓေနေဆဲဖြစ်သောသတ္တဝါ၊ ယုတ်ညံ့သောသတ္တဝါ၊ မြင့်မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသော သတ္တဝါ၊ ကောင်းသောဘုံဘဝသို့ ရောက်ရှိနိုင်မည့်သတ္တဝါ၊ မကောင်းသောဘုံဘဝသို့ ရောက်ရှိနိုင်မည့်သတ္တဝါတို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကိုရတော်မူခဲ့၏။ ညဥ့်၏နောက်ဆုံးဖြစ်သော မိုးသောက်ယံအချိန်၌ အာသဝက္ခယအမည်ရှိသော အရဟတ္တမဂ်ဉာဏ်ကို ရတော်မူပြီး သစ္စာလေးပါး တရားမြတ်ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိမြင်တော်မူသဖြင့် မသိမှုအဝိဇ္ဇာကင်းပျောက်၍ သိမှုဝိဇ္ဇာဉာဏ် အလင်းရောင်ဖြစ်ပေါ်လာလျှက် သတ္တလောက၊ သင်္ခါရလောက၊

ဩကာသလောကဟုဆိုအပ်သော လောကသုံးပါး၌ အမြင့်မြတ်ဆုံးဖြစ်သော သဗ္ဗညုတဉာဏ်ကိုရတော်မူကာ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သည်။

ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေချမ်းအချိန်မှ စတင်၍ ဝေနေယျသတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေခြင်းငှါလည်းကောင်း၊ လောကီလောကုတ္တရာ အကျိုးစီးပွါးများစေခြင်းငှါလည်းကောင်း ဓမ္မစက္ကပဝတ္တနသုတ္တန်၊ အနတ္တလက္ခဏာသုတ္တန် အစရှိသော တရားဓမ္မများကို မနားမနေ ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် (၄၅)နှစ်ပတ်လုံး တရားဓမ္မများကို ဟောကြားတော်မူပြီးနောက် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝအရ၊ ဘီစီ(၄၈၃)ခုနှစ်၊ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။

# အခန်း (၃)

## မဟာကမ္မဝိဘင်္ဂဉာဏ်

ပိဋကတ်အားဖြင့်သုံးပုံ နိကာယ်အားဖြင့်ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိကုန်သော တရားဓမ္မတို့ကို ဟောကြားတော်မူခဲ့သော မြတ်စွာဘုရားရှင်သည် ကံ ကံ၏အကျိုးကို ပြည့်စုံစွာ သိရှိနိုင်သော မဟာကမ္မဝိဘင်္ဂဉာဏ်ရှင် ဖြစ်တော်မူခဲ့သည်။

နတ်တို့၏ မျက်စိကဲ့သို့ သတ္တဝါတို့၏ ရှေးဘဝကို ထိုက်သင့်သည် အားလျော်စွာ အနည်းငယ်သာမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိကြသော ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း၊ မိမိ၏ရှေးဘဝ အနည်းငယ်ကိုသာ မြင်နိုင်သော ဇာတိဿရဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း ကုသိုလ်အကုသိုလ်ကံနှင့် ထိုကံတို့၏ အကျိုးတို့ကို ပြည့်ပြည့်စုံစုံ မသိနိုင်ကုန်။ ၎င်းတို့မြင်ရသော ကံ ကံ၏အကျိုးမျှဖြင့် ဤကံကြောင့် ဤအကျိုးဖြစ်၏ဟု တထစ်ချ သတ်မှတ်ခြင်းသည် မှားယွင်းနိုင်၏။ ကံကိုပြုလုပ်ရာ၌ အဆက်ဆက်အခါခါ ရှိသကဲ့သို့ အကျိုးပေးသောအခါ၌လည်း အဆက်ဆက်အခါခါ ရှိကုန်၏။

ထိုဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့နှင့် ဇာတိဿရဉာဏ်ရှင်ပုဂ္ဂိုလ်တို့သည် ကုသိုလ်အကုသိုလ် ကံအကြောင်းတစ်ခုနှင့် ကုသိုလ်အကုသိုလ် ဥပပဇ္ဇဝေဒနီယကံ အကျိုးတစ်ခုကိုသာ မြင်နိုင်ကုန်၏။ ၎င်းတို့မြင်ရသော ကုသိုလ်အကုသိုလ်ကံတို့၏ ရှေး၌ဖြစ်သော ကုသိုလ်အကုသိုလ်ကံ အကြောင်းတို့ကိုလည်းကောင်း၊ နောက်၌ ဖြစ်သော ကုသိုလ်အကုသိုလ်ကံ အကြောင်းတို့ကိုလည်းကောင်း၊ သေခါနီးအချိန်၌ဖြစ်သော (မရဏာသန္နဇောစောချိန်) နှလုံးသွင်း

အယူမှားယွင်းမှု မှန်ကန်မှုဟု ဆိုအပ်သော ကုသိုလ်အကုသိုလ်ကံ အကြောင်းတို့ကိုလည်းကောင်းမမြင် မသိကြကုန်။ ထို့အပြင် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးနှင့် အပရာပရိယဝေဒနီယကံ၏ အကျိုးတို့ကိုလည်း မမြင်မသိကြကုန်။

## ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့ အယူမှားကြပုံ(၁)

အချို့သော ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့သည် မိမိတို့မြင်သိရသော မပြည့်စုံသော ကံ ကံ၏ အကျိုးတို့ကို အကြောင်းပြု၍ အောက်ပါအတိုင်း အယူမှားသွားကုန်၏။

သူတစ်ပါးအသက်ကို သတ်ခြင်း၊ ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်း အစရှိသော ဒုစ္စရိုက်ဆယ်ပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်သောပုဂ္ဂိုလ်သည် ထိုဘဝမှသေလွန်သောအခါ ငရဲသို့ကျရောက်သွားသည်။ ထိုအကြောင်းကို မြင်သိရသော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရရှိသော ရဟန်းပုဏ္ဏားတို့သည် အောက်ပါအချက်ငါးချက်တို့ကို အခိုင်အမြဲစွဲယူ၍ ပြောဆိုကုန်၏။

၁။ အကုသိုလ်ကံ နှင့် အကုသိုလ်ကံ၏ အကျိုးတို့သည် ရှိကုန်၏။

၂။ အကုသိုလ်ကံတို့ကို ပြုလုပ်၍ ငရဲသို့ ကျရောက်သော သူတို့ကို မြင်၏။

၃။ အကုသိုလ်ကံတို့ကို ပြုလုပ်သူအားလုံးတို့သည် ငရဲသို့ ကျရောက်ကုန်၏။

၄။ အကုသိုလ်ကံတို့ကို ပြုလုပ်သူအားလုံးတို့သည် ငရဲသို့ ကျရောက်ကုန်၏ဟု သိမြင်ကုန်သော သူတို့သည်သာလျှင် အမှန်အတိုင်း သိမြင်သူများ ဖြစ်ကြ၍ ကုသိုလ်ကံတို့ကို ပြုလုပ်သူတို့သည် ငရဲသို့ကျရောက်ကုန်၏ဟု သိမြင်ကုန်သောသူတို့သည် အမှန်အတိုင်း သိမြင်သူများ မဟုတ်ကြကုန်။

၅။ ဤ ငါ့အယူသာမှန်၏။ အကုသိုလ်ကံတို့ကို ပြုလုပ်သူတို့သည် နတ်ပြည်သို့ ရောက်ကုန်၏ဟုဆိုသော အခြားသောအယူတို့သည် မှားယွင်းကုန်၏။

ဤအယူငါးမျိုးတို့တွင် နံပါတ် (၁)နှင့် (၂)အချက်တို့ကိုသာ ဘုရားရှင်လက်ခံတော်မူ၍ ကြွင်းသောအချက်တို့ကို ဘုရားရှင် ပယ်မြစ်တော်မူ၏။

ထိုရဟန်းပုဏ္ဏားတို့သည် အကုသိုလ်ကံ အကြောင်းတစ်ခုနှင့် အကုသိုလ် ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးတစ်ခုကိုသာ မြင်ကြရကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်ရသော အကုသိုလ်ကံတို့ကို မပြုလုပ်မီ ရှေးအခါ၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကိုလည်းကောင်း၊ ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်ရသော အကုသိုလ်ကံတို့ကို ပြုလုပ်ပြီးသည်မှ နောက်ကာလ၌ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကိုလည်းကောင်း၊ သေခါနီးအချိန်၌ "ဗြဟ္မာကြီးသည် မြတ်၏။ ဖန်ဆင်းရှင် တန်ခိုးရှင်အစရှိသူတို့သည် ကမ္ဘာလောကကြီးကို ဖန်ဆင်းကုန်၏"စသည်ဖြင့် မှားယွင်းစွာယူဆခြင်းနှင့် ပြုခဲ့ဘူးသော အကုသိုလ်ကံတို့ကို နှလုံးသွင်းခြင်းတို့ကိုလည်းကောင်း ထိုဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့သည် မတွေ့မမြင်နိုင်ကုန်။ ၎င်းတို့မြင်ရသော ငရဲသို့ကျရောက်ရသော ပုဂ္ဂိုလ်သည် ၎င်းတို့မြင်ရသော အကုသိုလ်ကံတို့ကြောင့် ငရဲသို့ကျရောက်ရခြင်းလည်း ဖြစ်နိုင်၏။ ၎င်းတို့မမြင်ရသော ရှေး၌ပြုခဲ့သော အကုသိုလ်ကံတို့ကြောင့်သော်လည်းကောင်း၊ နောက်၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကြောင့်သော်လည်းကောင်း၊ သေခါနီးအချိန်၌ အယူမှားခြင်း၊ နှလုံးသွင်းမှားခြင်းတို့ကြောင့်သော်လည်းကောင်း ငရဲသို့ကျရောက်ရခြင်းလည်း ဖြစ်နိုင်၏။ ငရဲသို့ကျရောက်ရခြင်းသည် အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးနှင့် အကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးတို့လည်း ဖြစ်နိုင်ကုန်၏။

စင်စစ်အားဖြင့် မကောင်းမှုအကုသိုလ်ကံကို ကျူးလွန်သူတိုင်းသည် အပါယ်ငရဲသို့ ကျရောက်ကြသည် မဟုတ်ကုန်။ များရာအကုသိုလ်ကံအလိုက် အကျိုးပေးခြင်း မဟုတ်ကုန်။

"ငါသည် ဤမည်သောမကောင်းမှုအကုသိုလ်ကံကို ကျူးလွန်မိသောကြောင့် အပါယ်ငရဲသို့ ကေန်မုချ ကျရောက်ရလိမ့်မည်" ဟု စိတ်စွဲလမ်းမှုဖြင့် နေထိုင်ကြလျှင် အကုသိုလ်ကံတို့ကို တိုးပွါးစေရာရောက်သောကြောင့် အပါယ်ငရဲသို့ မလွဲမသွေ ကျရောက်နိုင်သည်။ ထို့ကြောင့် မိမိကျူးလွန်မိသော အကုသိုလ်ကံတို့ကို စိတ်စွဲလမ်းခြင်း မပြုဘဲ ထိုကံတို့ကို စွန့်ပယ်ပစ်ရမည်။ ကုသိုလ်ကံတို့ကို ကြိုးစားအားထုတ် ပြုလုပ်ရမည်။ သို့မှသာ မကောင်းမှုအကုသိုလ်ကံတို့ကို စွန့်ပယ်ရာ လွန်မြောက်ရာ ရောက်ပေလိမ့်မည်။

မကောင်းမှုမှရှောင်ကြဉ်၍ အပိုင်းအခြား အကန့်အသတ်မရှိသော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့နှင့်ယှဉ်သော စိတ်ကောင်း စိတ်မြတ်ဖြင့် အရပ်လေးမျက်နှာနှင့် အထက်အောက် အရပ်တို့ကို ပျံ့နှံ့စေ၍ နေထိုင်မည်ဆိုလျှင် အပိုင်းအခြားကို ပြုတတ်သော အကုသိုလ်ကံတို့သည် ကင်းစင်ပပျောက်နိုင်သည်။

ဥပမာအားဖြင့် အားကောင်းသော ခရုသင်းမှုတ်သူသည် သက်သက်သာသာဖြင့်ပင် အရပ်လေးမျက်နှာ၌ နေထိုင်ကြသော လူအပေါင်းအား ခရုသင်းသံကို ကြားစေနိုင်သကဲ့သို့၊ ခရုသင်းသံဖြင့် လွှမ်းမိုးစေနိုင်သကဲ့သို့ အပိုင်းအခြားမရှိသော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့နှင့်ယှဉ်သော စိတ်ကောင်းစိတ်မြတ်ကို ကြိမ်ဖန်များစွာ ပွါးများခြင်းသည် အကုသိုလ်ကံတို့ကို လွှမ်းမိုးနိုင်ပေလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ထိုဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့ ယူဆပြောဆိုသော နံပါတ် (၃)(၄)နှင့်(၅)အချက်တို့ကို ပယ်မြစ်ရခြင်းဖြစ်သည်။

ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်ရသောကံကို အဘဗ္ဗအဘဗ္ဗာ

ဘာသကံ = အကုသိုလ်ဖြစ်ပြီး အကုသိုလ်အားဖြင့် ထင်လာသောကံဟု ဆိုရမည်။ အကုသိုလ်ကံလည်းဖြစ်၊ အကုသိုလ်ကံ၏ အကျိုးပေးရာ ဖြစ်သော ငရဲ၌ထင်လာခြင်းလည်း ဖြစ်သည်။

## ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့ အယူမှားကြပုံ(၂)

သူတစ်ပါးအသက်ကိုသတ်ခြင်း၊ ပိုင်ရှင်မပေးသော သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်းအစရှိသော ဒုစ္စရိုက်ဆယ်ပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်သောပုဂ္ဂိုလ်သည် ထိုဘဝမှ သေလွန်သောအခါ နတ်ပြည်သို့ ရောက်သွားသည်။ ထိုပုဂ္ဂိုလ် ကျူးလွန်သော အကုသိုလ် ကံကိုလည်းကောင်း၊ ထိုပုဂ္ဂိုလ် နတ်ပြည်သို့ ရောက်သွားခြင်းကို လည်းကောင်း မြင်သိရသော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရရှိသော အချို့သော ရဟန်းပုဏ္ဏားတို့သည် အောက်ပါအချက် ငါးချက်တို့ကို အခိုင်အမြဲ စွဲယူ၍ ပြောဆိုကြကုန်၏။

၁။ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးတို့သည် မရှိကုန်။

၂။ အကုသိုလ်ကံတို့ကို ပြုလုပ်၍ သုဂတိဘုံဘဝသို့ ရောက်သူတို့ကို မြင်၏။

၃။ အကုသိုလ်ကံတို့ကို ပြုလုပ်သူအားလုံးတို့သည် သုဂတိဘုံဘဝသို့ ရောက်ကုန်၏။

၄။ အကုသိုလ်ကံတို့ကို ပြုလုပ်သူအားလုံးတို့သည် သုဂတိ ဘုံဘဝသို့ ရောက်ကုန်၏ဟု သိမြင်ကုန်သောသူတို့သည်သာလျှင် အမှန်အတိုင်း သိမြင်သူများဖြစ်ကြ၍ ကုသိုလ်ကံတို့ကို ပြုလုပ်သူ တို့သည် သုဂတိဘုံဘဝသို့ ရောက်ကုန်၏ဟု သိမြင်ကုန်သော သူတို့သည် အမှန်အတိုင်း သိမြင်သူများမဟုတ်ကြကုန်။

၅။ ဤ ငါ့ အယူသာ မှန်၏။ အကုသိုလ်ကံတို့ကို ပြုလုပ်သူ တို့သည် ငရဲသို့ကျရောက်ကုန်၏ဟုဆိုသော အခြားသောအယူ

တို့သည် မှားယွင်းကုန်၏။

ဤအယူငါးမျိုးတို့တွင် နံပါတ် (၂)အယူကိုသာ ဘုရားရှင် လက်ခံတော်မူ၍ ကြွင်းသောအချက်တို့ကို ဘုရားရှင် ပယ်မြစ်တော်မူ၏။

ထိုရဟန်းပုဏ္ဏားတို့သည် အကုသိုလ်ကံအကြောင်းတစ်ခုနှင့် ကုသိုလ်ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးတစ်ခုကိုသာ မြင်ကြရကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်ရသော အကုသိုလ်ကံတို့ကို မပြုလုပ်မီ ရှေးအခါ၌ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကိုလည်းကောင်း၊ နောက်ကာလ၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကိုလည်းကောင်း၊ သေခါနီး အချိန်၌ အယူအစွဲ မှန်ကန်ခြင်းနှင့် ပြုခဲ့ဖူးသော ကုသိုလ်ကံတို့ကို နှလုံးသွင်းခြင်းတို့ကိုလည်းကောင်း ထိုရဟန်းပုဏ္ဏားတို့သည် မတွေ့မမြင်နိုင်ကုန်။ ၎င်းတို့တွေ့မြင်ရသော နတ်ပြည်သို့ ရောက်ရသော ပုဂ္ဂိုလ်သည် ၎င်းတို့မြင်ရသော အကုသိုလ်ကံတို့ကြောင့် နတ်ပြည်သို့ ရောက်ရခြင်းမဟုတ်။ ၎င်းတို့မမြင်ရသော ရှေး၌ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကြောင့်သော်လည်းကောင်း၊ နောက်၌ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကြောင့်သော်လည်းကောင်း၊ သေခါနီးအချိန်၌ အယူအစွဲ မှန်ကန်ခြင်းနှင့် ပြုခဲ့ဖူးသော ကုသိုလ်ကံတို့ကို နှလုံးသွင်းခြင်းကြောင့် သော်လည်းကောင်း နတ်ပြည်သို့ရောက်ရခြင်း ဖြစ်နိုင်သည်။ ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးနှင့်ကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးတို့ကြောင့်လည်း ဖြစ်နိုင်သည်။

## အလာတအမတ် အယူမှားပုံ

ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားဟူသော ဘုရားနှစ်ဆူတို့၏ ကြားကာလ၌ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ကို အစိုးရသော အင်္ဂတိမင်းကြီးတွင် အမှုကြီးငယ်ကို ဆုံးဖြတ်တတ်သော အလာတအမည်ရှိသော အမတ်ကြီးတစ်ဦးရှိခဲ့သည်။

ထိုအမတ်ကြီးသည် ဇာတိဿရဉာဏ်ကို ရသူဖြစ်၍ ရှေးဘဝ တစ်ခုကိုမြင်နိုင်၏။ ထိုရှေးဘဝက သူသည် ဗာရာဏသီပြည်၌ လွန်စွာ ကြမ်းကြုတ်သော ပိဂ်လအမည်ရှိသော နွားသတ်သမားတစ်ယောက် ဖြစ်ခဲ့သည်။ ထိုဘဝ၌ ကျွဲ နွား ဝက် ဆိတ်တို့ကို သတ်ဖြတ်၍ များစွာ သော မကောင်းမှုအကုသိုလ်ကံတို့ကို ပြုလုပ်ခဲ့၏။ ထိုနွားသတ် ယောက်ျားအဖြစ်မှ သေလွန်သောအခါမိထိလာပြည်တွင် စစ်သူကြီး အမျိုး၌ မွေးဖွားလာရပြီး အလာတအမတ်ကြီးဟု ထင်ရှားလာသည်။ ထိုအကြောင်းကို သိမြင်ရသောကြောင့် သူသည် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးတို့သည် မရှိကုန်ဟု ယူဆွဲသွားသည်။

အမှန်စင်စစ် အလာတအမတ်ကြီး ဖြစ်ရခြင်းသည် သူမမြင် ရသော နွားသတ်သမားဘဝမရောက်မီ ရှေးဘဝက ကဿပ မြတ်စွာဘုရား၏ စေတီတော်တွင် နှော်ဇာပန်းဆွဲကို လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် ဖြစ်သည်။ နွားသတ်ယောက်ျားဘဝက ပြုလုပ်ခဲ့ သော အကုသိုလ်ကံတို့သည် အကျိုးပေးခွင့် မရသေးသောကြောင့် မီးခဲပြာဖုံးပမာ ငုပ်နေ၏။ နိဗ္ဗာန်မရမီ ကြားကာလ၌ အကျိုးပေးချိန် ရောက်၍ အကျိုးပေးခွင့် ကြုံလာလျှင် အကျိုးပေးလိမ့်မည်။ အလာတ အမတ်ကြီးသည် ရှေးရှေးဘဝက သူပြုလုပ်ခဲ့သော နှော်ဇာပန်းဆွဲ လှူဒါန်းရခြင်းတည်းဟူသော ကုသိုလ်ကံကို မမြင်ရသောကြောင့် အယူမှားသွားခြင်း ဖြစ်သည်။

ဤကဲ့သို့သောကံကို အဘဗ္ဗ ဘဗ္ဗာဘာသကံ = အကုသိုလ် ဖြစ်ပြီး ကုသိုလ်အားဖြင့် ထင်လာသော ကံဟုဆိုရမည်။ အကုသိုလ်ကံ ဖြစ်သော်လည်း ကုသိုလ်ကံ၏ အကျိုးဖြစ်သော သုဂတိဘုံဘဝ၌ ထင်လာခြင်း ဖြစ်သည်။

## ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့ အယူမှားကြပုံ(၃)

သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း အစရှိသော ကုသိုလ်ကံတရားတို့ကို ပြုလုပ်သော ပုဂ္ဂိုလ်သည် ထိုဘဝမှ သေလွန်သောအခါ သုဂတိဘုံဘဝသို့ ရောက်သွားသည်။ ထိုပုဂ္ဂိုလ် ပြုလုပ်သော ကုသိုလ်ကံကိုလည်းကောင်း၊ ထိုပုဂ္ဂိုလ် သုဂတိဘုံဘဝသို့ ရောက်သွားခြင်းကိုလည်းကောင်း မြင်သိရသော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိသော အချို့သော ရဟန်းပုဏ္ဏားတို့သည် အောက်ပါအချက်ငါးချက်တို့ကို အခိုင်အမြဲစွဲယူ၍ ပြောဆိုကြကုန်၏။

၁။ ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတို့သည် ရှိကုန်၏။

၂။ ကုသိုလ်ကံတို့ကို ပြုလုပ်၍ သုဂတိဘုံဘဝသို့ ရောက်သူတို့ကို မြင်၏။

၃။ ကုသိုလ်ကံတို့ကို ပြုလုပ်သူ အားလုံးတို့သည် သုဂတိဘုံဘဝသို့ ရောက်ကုန်၏။

၄။ ကုသိုလ်ကံတို့ကို ပြုလုပ်သူ အားလုံးတို့သည် သုဂတိဘုံဘဝသို့ရောက်ကုန်၏ဟု သိမြင်ကုန်သော သူတို့သည်သာလျှင် အမှန်အတိုင်း သိမြင်သူများဖြစ်ကြ၍ အကုသိုလ်ကံတို့ကို ပြုလုပ်သူတို့သည် သုဂတိဘုံဘဝသို့ ရောက်ကုန်၏ဟု သိမြင်ကုန်သော သူတို့သည် အမှန်အတိုင်း သိမြင်သူများ မဟုတ်ကြကုန်။

၅။ ဤ ငါ့အယူသာမှန်၏။ ကုသိုလ်ကံတို့ကို ပြုလုပ်သူတို့သည် ငရဲသို့ကျရောက်ကုန်၏ဟုဆိုသော အခြားသောအယူတို့သည် မှားယွင်းကုန်၏။

ဤ အယူငါးမျိုးတို့တွင်လည်း နံပါတ် (၁) နှင့် (၂)အချက်တို့ကိုသာ ဘုရားရှင်လက်ခံတော်မူ၍ ကြွင်းသောအချက်တို့ကို ပယ်မြစ်တော်မူ၏။

ထိုရဟန်းပုဏ္ဏားတို့သည် ကုသိုလ်ကံ အကြောင်းတစ်ခုနှင့် ကုသိုလ်ဥပဇ္ဇဝေဒနီယကံ၏ အကျိုးတစ်ခုကိုသာ မြင်ကြရကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်ရသော ကုသိုလ်ကံတို့ကို မပြုလုပ်မီ ရှေးအခါ၌ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကိုလည်းကောင်း၊ နောက်ကာလ ၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကိုလည်းကောင်း၊ သေခါနီးအချိန်၌ အယူစွဲမှန်ကန်ခြင်းနှင့် ပြုခဲ့ဖူးသောကုသိုလ်ကံတို့ကို နှလုံးသွင်းခြင်း တို့ကိုလည်းကောင်း ထိုရဟန်းပုဏ္ဏားတို့သည် မတွေ့မမြင်နိုင်ကုန်။ ၎င်းတို့မြင်ရသော သုဂတိဘုံဘဝသို့ ရောက်သောပုဂ္ဂိုလ်သည် ၎င်းတို့ မြင်ရသော ကုသိုလ်ကံတို့ကြောင့် သုဂတိဘုံဘဝသို့ ရောက်ရခြင်းလည်း ဖြစ်နိုင်၏။ ၎င်းတို့မမြင်ရသော ရှေး၌ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ ကြောင့်သော်လည်းကောင်း၊ နောက်ကာလ၌ပြုလုပ်ခဲ့သော ကုသိုလ်ကံ တို့ကြောင့်သော်လည်းကောင်း၊ သေခါနီးအချိန်၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကြောင့်သော်လည်းကောင်း သုဂတိဘုံဘဝသို့ ရောက်ရ ခြင်းလည်း ဖြစ်နိုင်၏။ သုဂတိဘုံဘဝသို့ ရောက်ရခြင်းသည် ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးနှင့် ကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးတို့လည်း ဖြစ်နိုင်ကုန်၏။

ထိုရဟန်းပုဏ္ဏားတို့တွေ့မြင်ရသောကံကို ဘဗ္ဗံဘဗ္ဗာဘာသကံ = ကုသိုလ်ဖြစ်ပြီး ကုသိုလ်အားဖြင့် ထင်လာသောကံဟု ဆိုရမည်။ ကုသိုလ်ကံလည်းဖြစ်၊ ကုသိုလ်ကံ၏အကျိုးပေးရာဖြစ်သော သုဂတိ ဘုံဘဝ၌ ထင်လာခြင်းလည်းဖြစ်သည်။

## ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့ အယူမှားကြပုံ(၄)

သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိုင်ရှင် မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း အစ ရှိသော ကုသိုလ်ကံတရားတို့ကို ပြုလုပ်သောပုဂ္ဂိုလ်သည် ထိုဘဝမှ သေလွန်သောအခါ ငရဲသို့ ကျရောက်သွား၏။ ထိုပုဂ္ဂိုလ်ပြုလုပ်သော

ကုသိုလ်ကံတို့ကိုလည်းကောင်း၊ ထိုပုဂ္ဂိုလ် ဒုဂ္ဂတိဘုံဘဝသို့ ရောက်သွားခြင်းကိုလည်းကောင်း မြင်သိရသော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိသော အချို့သောရဟန်းပုဏ္ဏားတို့သည် အောက်ပါအချက်ငါးချက်တို့ကို အခိုင်အမြဲစွဲယူ၍ ပြောဆိုကုန်၏။

၁။ ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတို့သည် မရှိကုန်။

၂။ ကုသိုလ်ကံတို့ကို ပြုလုပ်၍ ငရဲသို့ကျရောက်သူတို့ကို မြင်၏။

၃။ ကုသိုလ်ကံတို့ကို ပြုလုပ်သူအားလုံးတို့သည် ဒုဂ္ဂတိဘုံဘဝသို့ ရောက်ကုန်၏။

၄။ ကုသိုလ်ကံတို့ကို ပြုလုပ်သူအားလုံးတို့သည် ဒုဂ္ဂတိဘုံဘဝသို့ရောက်ကုန်၏ဟု သိမြင်ကုန်သော သူတို့သည်သာလျှင် အမှန်အတိုင်း သိမြင်သူများဖြစ်ကြ၍ အကုသိုလ်ကံတို့ကို ပြုလုပ်သူတို့သည် ဒုဂ္ဂတိဘုံဘဝသို့ရောက်ကုန်၏ဟု သိမြင်ကုန်သော သူတို့သည် အမှန်အတိုင်း သိမြင်သူများမဟုတ်ကြကုန်။

၅။ ဤငါ့အယူသာမှန်၏။ ကုသိုလ်ကံတို့ကို ပြုလုပ်သူတို့သည် သုဂတိဘုံဘဝသို့ရောက်ကုန်၏ဟုဆိုသော အခြားသော အယူတို့သည် မှားယွင်းကုန်၏။

✓ ဤအယူငါးမျိုးတို့တွင် နံပါတ်(၂)အချက်ကိုသာ ဘုရားရှင် လက်ခံတော်မူ၍ ကြွင်းသောအချက်တို့ကို ပယ်မြစ်တော်မူ၏။

ထိုရဟန်းပုဏ္ဏားတို့သည် ကုသိုလ်ကံအကြောင်း တစ်ခုနှင့် အကုသိုလ် ဥပပဇ္ဇဝေဒနီယကံ အကျိုးတစ်ခုကိုသာ မြင်ကြရကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်ရသော ကုသိုလ်ကံတို့ကို မပြုလုပ်မီ ရှေးအခါ၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကိုလည်းကောင်း၊ နောက်ကာလ၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကိုလည်းကောင်း၊ သေခါနီးအချိန်၌ အကုသိုလ်ကံတို့ကို နှလုံးသွင်းခြင်းကိုလည်းကောင်း ထိုရဟန်းပုဏ္ဏားတို့သည် မတွေ့မမြင်နိုင်ကုန်။ ထိုရဟန်းပုဏ္ဏားတို့ တွေ့မြင်

ရသော ဒုဂ္ဂတိဘုံဘဝသို့ ရောက်သောပုဂ္ဂိုလ်သည် ၎င်းတို့မြင်ရသော ကုသိုလ်ကံတို့ကြောင့် ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်းမဟုတ်။ ၎င်းတို့ မမြင်ရသော ရှေး၌ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကြောင့်သော် လည်းကောင်း၊ နောက်ကာလ၌ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကြောင့် သော်လည်းကောင်း၊ သေခါနီးအချိန်၌ နှလုံးသွင်းမိခဲ့သော အကုသိုလ် ကံတို့ကြောင့်သော်လည်းကောင်း ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်း ဖြစ်နိုင်သည်။ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်းသည် အကုသိုလ်ဒိဋ္ဌဓမ္မ ဝေဒနီယကံ၏အကျိုးနှင့် အကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးတို့လည်း ဖြစ်နိုင်ကုန်၏။

## ဗီဇကကျွန် အယူမှားပုံ

ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ကိုအစိုးရသော အင်္ဂတိ မင်းကြီးလက်ထက်တွင် ဗီဇကအမည်ရှိသော ကျွန်တစ်ယောက်သည် ရှေးဘဝတစ်ခုကို မြင်နိုင်သော ဇာတိဿရဉာဏ်ကို ရရှိသူဖြစ်သည်။ ထိုရှေးဘဝက သူသည် သာကေတပြည်တွင် သီလဆောက်တည်ခြင်း၌ မွေ့လျော်သော ဘာဝအမည်ရှိသော သူဌေးကြီးဖြစ်ခဲ့သည်။ ပေးလှူခြင်း အစရှိသော ကုသိုလ်ကောင်းမှုများကိုသာ ပြုလုပ်၍ အကုသိုလ် မကောင်းမှုများကို မပြုလုပ်ခဲ့။ ထိုသူဌေးဘဝမှ သေလွန်သောအခါ မိထိလာပြည်တွင် အိုးထိန်းကျွန်မဖြစ်သော သူဆင်းရဲမဝမ်း၌ ပဋိသန္ဓေ နေ၍ ဗီဇကအမည်ရှိသော ကျွန်ဖြစ်လာရသည်။ ထိုအကြောင်းကို သိမြင်ရသောကြောင့် သူသည် ကုသိုလ်ကံနှင့်ကုသိုလ်ကံ၏ အကျိုး တို့သည် မရှိကုန်ဟု ယူစွဲသွားသည်။

အမှန်စင်စစ် ဗီဇကအမည်ရှိသော ကျွန်ဖြစ်ရခြင်းသည် သူမမြင်ရသော သူဌေးဘဝ မရောက်မီ ရှေးဘဝက ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့်ဖြစ်သည်။ ဗီဇကသည် ကဿပဘုရားရှင် လက်ထက်တော်၌ မထင်ရှားသောအမျိုးသားတစ်ဦးဖြစ်ခဲ့၏။ ထိုဘဝ၌

တစ်နေ့သောအခါ နွားပျောက်သောကြောင့် တောအရပ်၌ လှည့်လည် ရှာဖွေခဲ့၏။ ထိုအချိန်၌ တောထဲတွင် ခရီးမှား၍ မျက်စိလည်နေသော ရဟန်းတစ်ပါးနှင့် ဆုံမိခဲ့၏။ ထိုရဟန်းက လမ်းခရီးကို မေးမြန်း သောအခါ နွားရှာမရ၍ စိတ်ပင်ပန်းခြင်းဖြစ်နေသောကြောင့် ဒေါသ ထွက်ကာ "သင်သည် ကျွန်မသား ရဟန်းလော၊ အလွန်နှုတ်ကြမ်း၏" ဟု ပြောဆိုခဲ့၏။ ထိုအကုသိုလ်ဝစီကံသည် ထိုယောကျ်ားဘဝမှ ဒုတိယမြောက်ဘဝ၌ အကျိုးမပေးခဲ့။ ထိုယောကျ်ားအဖြစ်မှ သေလွန် သောအခါ အခြားသောကံတို့သည်သာ အကျိုးပေး၍ သံသရာ၌ ကျင်လည်နေခဲ့ရ၏။ ရှေးဘဝတစ်ခုခု၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံ တို့ကြောင့် သာကေတပြည်၌ ဘာဝအမည်ရှိသော သူဌေးကြီးဖြစ်ခဲ့၏။ ကုသိုလ်ကောင်းမှုများကိုသာ ပြုလုပ်ခဲ့၏။ ထိုဘဝ၌ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့သည် ထိုဘဝမှနောက် ဒုတိယမြောက်ဘဝ၌ အကျိုး ပေးခွင့်မရဘဲ ကဿပဘုရားရှင်လက်ထက်က ပြုလုပ်ခဲ့သောအကုသိုလ် ဝစီကံသည် အကျိုးပေးသောကြောင့် ဗီဇကအမည်ရှိသော ကျွန်ဖြစ်လာ ရသည်။ ဗီဇကသည် ရှေးကပြုလုပ်ခဲ့သော အကုသိုလ်ဝစီကံကို မမြင်ရ သောကြောင့် အယူမှားသွားခြင်းဖြစ်သည်။

ဤကဲ့သို့သောကံကို ဘဝ္ဗအဘဗ္ဗာဘာသကံ = ကုသိုလ်ဖြစ်ပြီး အကုသိုလ်အားဖြင့် ထင်လာသောကံဟုဆိုရမည်။ ကုသိုလ်ကံ ဖြစ်သော်လည်း အကုသိုလ်ကံ၏ အကျိုးဖြစ်သော ဒုဂ္ဂတိဘုံဘဝ၌ ထင်လာခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏားတို့ မြင်ရသောကံအကြောင်းတစ်ခုကိုလည်းကောင်း၊ မမြင်ရသော ကံ အကြောင်းသုံးခုတို့ကိုလည်းကောင်း၊ ဒိဗ္ဗစက္ခုဉာဏ်ရှင် ရဟန်းပုဏ္ဏား တို့ မြင်ရသော ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးတစ်ခုကိုလည်းကောင်း၊ မမြင်ရသော ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးနှင့် အပရာပရိယဝေဒနီယကံ ၏ အကျိုးတို့ကိုလည်းကောင်း မြင်သိတော်မူ၏။ ထိုသို့ ကံအကြောင်း

လေးမျိုးနှင့် ကံအကျိုးသုံးမျိုးတို့ကို မြင်သိသော မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ကို မဟာကမ္မဝိဘင်္ဂဉာဏ်တော်ဟုခေါ်သည်။

မဟာကမ္မဝိဘင်္ဂဉာဏ်ရှင် မြတ်စွာဘုရားသည် ကံ ကံ၏ အကျိုးကို ပြည့်စုံစွာ ဟောတော်မူခဲ့သည်။ ထို့ကြောင့် အလှူဒါန ပြုလုပ်ပြီးနောက် အိမ်မီးလောင်၍ ဆင်းရဲဒုက္ခရောက်ကြသူများ ကုသိုလ်ကောင်းမှု များစွာပြုလုပ်နေပါသော်လည်း ဆင်းရဲဒုက္ခ ရောက်နေကြသူများသည် အထက်ပါ အယူမှားကြသူများကဲ့သို့ ကံ၏အကျိုးကို ယုံမှားသံသယမဖြစ်သင့်ပေ။ မိမိတို့ ဆင်းရဲဒုက္ခ ရောက်ရခြင်းသည် အားကောင်းနေသော အတိတ်ဘဝက အကုသိုလ် ကံများကို ပစ္စုပ္ပန်ကုသိုလ်ကံတို့က ဖြတ်တောက်မှုမပြုနိုင်ခြင်းကြောင့် ဖြစ်သည်။ ယခုပြုလုပ်ပြီးသော ကုသိုလ်ကံတို့က အတိတ်ဘဝက ပြုလုပ်ခဲ့သော အားကြီးသော အကုသိုလ်ကံများကို နှိပ်စက်နိုင်သော ကြောင့် ဤမျှသာ ဒုက္ခရောက်ရခြင်းဖြစ်သည်။ ယခုပြုလုပ်ထားသော ကုသိုလ်ကံတို့သည် အကျိုးပေးချိန်ရောက်၍ အကျိုးပေးခွင့် ကြုံလာလျှင် မုချကေန် အကျိုးပေးမည်စသည်ဖြင့် နှလုံးသွင်း၍ ပြုလုပ်ပြီးသော ကုသိုလ်ကံတို့ကို အားကောင်းစေရန် ဆင်ခြင် ဝမ်းမြောက်ရမည်။ မပြုလုပ်ရသေးသော ကုသိုလ်ကံတို့ကို ကြိုးစား အားထုတ် ပြုလုပ်ရမည်။ သို့မှသာ သံသရာဝဋ်ဆင်းရဲမှ လျှင်မြန်စွာ လွတ်ကင်းပေလိမ့်မည်။

# အခန်း (၄)
## ဗုဒ္ဓဘာသာ၏ ကံအယူအဆ
### စေတနာသည် ကံ

ဗုဒ္ဓဘာသာ၏ အလိုအရ ကံဆိုသည်မှာ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" ဟူသော ဒေသနာတော်နှင့်အညီ စေ့ဆော်တိုက်တွန်းမှု စေတနာကို ဆိုလိုသည်။ စေတနာဖြင့် စေ့ဆော်တိုက်တွန်းမှသာလျှင် ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့်ပြောဆိုမှု၊ စိတ်ဖြင့်ကြံစည်မှုတို့သည် ပြီးစီးအောင်မြင် ထမြောက်နိုင်သည်။ ထို့ကြောင့် စေတနာသည် အကောင်းအဆိုး အမျိုးမျိုးသော ကိုယ်အလုပ် နှုတ်အလုပ် စိတ်အလုပ် တို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာဖြစ်၍ မည်သည့် ပြုလုပ်မှုကိစ္စမဆို စေတနာမပါလျှင် မထမြောက်မအောင်မြင်နိုင်။ စေတနာပါရှိမှသာ ထမြောက်အောင်မြင်နိုင်သည်။ အမှန်စင်စစ် ကံ၏မှချအမည်ရင်းမှာ အကောင်းအဆိုး အမျိုးမျိုးသော ကိုယ်အလုပ် နှုတ်အလုပ် စိတ်အလုပ်တို့ဖြစ်ကြသည်။ သို့ရာတွင် ကိုယ်အလုပ် နှုတ်အလုပ် စိတ်အလုပ်တို့သည် စေတနာကြောင့်သာ ပြီးစီးအောင်မြင် ရသောကြောင့် စေတနာကိုသာ ကံဟုခေါ်ဆိုရခြင်းဖြစ်သည်။

### စေတနာ (၂)မျိုးနှင့် ကံအမည်ရသောစေတနာ

ထိုစေတနာသည် သဟဇာတစေတနာ နာနက္ခဏိက စေတနာဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ချက်ချင်းလက်ငင်း အကျိုးကိစ္စများကို ပြီးစီးစေတတ်သော လုပ်ဆောင်မှုတို့သည် သဟဇာတစေတနာမည်၏။ အိမ်ဖြစ်ပေါ်လာမှုအကျိုးကိစ္စကို ပြီးစီးစေ

တတ်သော လက်သမား ပန်းရံ စသည်တို့၏ လုပ်ဆောင်မှုများ၊ ထမင်းစားခြင်းကိစ္စကို ပြီးစီးစေတတ်သော လက် ပါးစပ် လျှာ သွား စသည်တို့၏ လုပ်ဆောင်မှုများ၊ အလှူကိစ္စကို ပြီးစီးစေတတ်သော စီမံချက်ပြုတ်မှု လှူဒါန်းမှုများ၊ သူတပါး အသက်သေဆုံးခြင်း ကိစ္စကို ဖြစ်ပေါ်စေတတ်သော ကိုယ် လက် လှုပ်ရှားမှုများ၊ စာပေ တို့ကို မိမိစိတ်ထဲ၌ မှတ်မိခြင်းကိစ္စကို ပြီးစီးစေတတ်သော စာကျက် မှုများ စသည်တို့သည် သဟဇာတစေတနာများ ဖြစ်ကြသည်။ လုပ်ဆောင်ချက်ပြီးလျှင်ပြီးချင်း ပြီးစီးသော အကျိုးရှိသည်ကို သဟဇာတစေတနာ အကျိုးပေးသည်ဟုခေါ်သည်။ ထိုသဟဇာတ စေတနာသည် ဒိဋ္ဌဓမ္မစသော အကျိုးများကို မပေးနိုင်။

စေတနာက တိုက်တွန်းနှိုးဆော်သောကြောင့် ကုသိုလ်(အပြစ် မရှိသော) အလုပ် အကုသိုလ် (အပြစ်နှင့်တကွဖြစ်သော) အလုပ်တို့ကို လုပ်ဆောင်၏။ ထိုကုသိုလ်အကုသိုလ်အလုပ်များတွင် စိတ်၏အရှိန် အဟုန်များရှိကုန်၏။ ထိုစိတ်၏ အရှိန်အဟုန်တို့သည် ပြုလုပ်သော ခဏ၌သာ ကာယကံ (ကိုယ်အလုပ်)၊ ဝစီကံ(နှုတ်အလုပ်)၊ မနောကံ (စိတ်အလုပ်) တို့ကို ဖြစ်ပေါ်စေသည်မဟုတ်ကုန်။ ကိုယ်အလုပ် နှုတ်အလုပ် စိတ်အလုပ်တို့ ပြီးဆုံးသွားသည့် နောက်၌လည်း ထိုအရှိန်အဟုန်များ(ဇောစိတ်၏စွမ်းအင်သတ္တိများ) ကျန်ရှိနေကြ သေး၏။ ထိုစွမ်းအင်သတ္တိများသည် နာနက္ခဏိကစေတနာများ ဖြစ်ကြသည်။

ထိုနာနက္ခဏိကစေတနာသည် အချိန်ကာလခြားပြီး နောက် အခါအခွင့်သင့်လျှင် ယခုဘဝ၌သော်လည်းကောင်း၊ ဒုတိယဘဝ၌ သော်လည်းကောင်း၊ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သော်လည်းကောင်း အကျိုးပေးနိုင်၏။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင် အလိုကျ စေတနာကို ကံဟုခေါ်ရမည်ဆိုရာ၌ နာနက္ခဏိကစေတနာ ကိုသာ ကံဟုခေါ်ရမည်ဟု ဆိုလိုသည်။

## နာနက္ခဏိကစေတနာအကျိုးပေးပုံ

ဤနာနက္ခဏိကစေတနာက အကျိုးပေးသောကြောင့် ရုပ်ခာတ် နာမ်ခာတ်များ ဖြစ်ပေါ်လာသည်။ လျှပ်စစ်စွမ်းအင်ကြောင့် မီးလင်းမှု၊ လျှပ်စစ်စွမ်းအင်သုံး စက်ပစ္စည်း ကိရိယာများ အလုပ်လုပ်မှု စသည်တို့ ဖြစ်ပေါ်လာသော်လည်း လျှပ်စစ်စွမ်းအင်ကို မတွေ့မမြင်ရသကဲ့သို့လည်းကောင်း၊ အသံလွှင့်ဌာနများမှ အသံလွှင့်ထုတ်မှုကြောင့် ရေဒီယိုစသည်တို့မှ အသံကို ကြားရသော်လည်း လွှင့်ထုတ်သော အသံကို မမြင်ရသကဲ့သို့လည်းကောင်း၊ ရုပ်မြင်သံကြား ဗဟိုဌာနမှ အရုပ်အသံများကို လွှင့်ထုတ်မှုကြောင့် ရုပ်မြင်သံကြား၌ ရုပ်နှင့်အသံတို့ကို မြင်ရကြားရသော်လည်း ပြင်ပ၌ ထိုထုတ်လွှင့်လိုက်သော ရုပ်နှင့်အသံတို့ကို မမြင်ရမကြားရသကဲ့သို့လည်းကောင်း နာနက္ခဏိကကံ၏ စွမ်းအင်သတ္တိကြောင့် ရုပ်ခာတ် နာမ်ခာတ်တို့ ဖြစ်ပေါ်လာသော်လည်း ထိုနာနက္ခဏိကကံ၏ စွမ်းအင်သတ္တိကိုမူ မတွေ့မမြင်နိုင်ကုန်။

ဥပမာတစ်နည်းအားဖြင့် သစ်ပင်ကြီးတစ်ပင်၌ အပွင့်အသီးများ ပွင့်နိုင်သီးနိုင်သော စွမ်းရည်သတ္တိများ ရှိကြ၏။ ထိုစွမ်းရည်သတ္တိများသည် သစ်ပင်၏ မည်သည့်နေရာ၌ရှိသည်ဟူ၍လည်းကောင်း၊ မည်သည့်အချိန်အခါ၌ ပွင့်ကြသီးကြလိမ့်မည်ဟူ၍လည်းကောင်း မသိရဘဲ ပွင့်ချိန်သီးချိန်ရောက်၍ ပွင့်ကြသီးကြသော အခါမှသာ "ပွင့်လာပေသည်၊ သီးလာပေသည်၊ပွင့်နိုင် သီးနိုင်သော စွမ်းရည်သတ္တိများ ရှိကြပေသည်" ဟူ၍ သိရကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတို့ ပြုလုပ်ထားသော ကံစွမ်းအင်တို့သည် အကျိုးပေးချိန်ရောက်ခြင်းနှင့် အကျိုးပေးခွင့်ကြုံလာခြင်းတို့ကြောင့် အကျိုးတရားများ ဖြစ်ထွန်းလာကြသောအခါမှသာ "အကျိုးတရားများ ဖြစ်ထွန်းလာကြပေသည်၊ ကံတရား၏ စွမ်းအင်သတ္တိများသည် အမှန်တကယ် တည်ရှိကြပေသည်" ဟူ၍သိရသည်။

နာနက္ခဏိကစေတနာက ရုပ်ခာတ် နာမ်ခာတ်များ စတင်

တည်ဆောက်ပေးခြင်းကို ပဋိသန္ဓေတည်သည်ဟုခေါ်သည်။ ကျွမ်းကျင်သော အင်ဂျင်နီယာတစ်ယောက်သည် မိမိတည်ဆောက်သော အိမ်တံတားစသည်တို့၌ လိုအပ်ချက်မရှိအောင် အပြည့်အဝ ဖေါ်ဆောင်တပ်ဆင်ပေးသကဲ့သို့ နာနက္ခဏိကစေတနာသည်လည်း သတ္တဝါတစ်ဦးဦး၏ ရုပ်ဓာတ် နာမ်ဓာတ်များကို စတင်တည်ဆောက်ပေးရာ၌ လိုအပ်ချက်မရှိအောင် အပြည့်အဝ ဖေါ်ဆောင်တပ်ဆင်ပေးသည်။

လွန်စွာတော်သော အင်ဂျင်နီယာတို့ တည်ဆောက်သော အိမ် တံတား စသော အဆောက်အဦတို့သည် ချို့ယွင်းချက်မရှိ၊ လွန်စွာကောင်းမွန်ကြပြီး လွန်စွာညံ့သော အင်ဂျင်နီယာတို့ တည်ဆောက်သော အိမ်တံတားစသော အဆောက်အဦတို့သည် ချို့ယွင်းချက်များ အပြစ်အနာအဆာများနှင့်တကွဖြစ်ကာ လွန်စွာညံ့ကြသကဲ့သို့ လွန်စွာကောင်းမွန်သော နာနက္ခဏိကစေတနာက တည်ဆောက်ပေးသော ရုပ်နာမ်ခန္ဓာတို့သည် ချို့ယွင်းချက်မရှိ၊ ပြည့်ပြည့်စုံစုံဖြင့် လွန်စွာကောင်းမွန်ကြပြီး လွန်စွာညံ့သော နာနက္ခဏိကစေတနာက တည်ဆောက်ပေးသော ရုပ်နာမ်ခန္ဓာတို့သည် ချို့ယွင်းချက်များ အပြစ်အနာအဆာများနှင့် ရောနှောနေပြီး လွန်စွာညံ့ကုန်၏။

လွန်စွာကောင်းမွန်သော နာနက္ခဏိကစေတနာကြောင့် ရုပ်ရည်အဆင်း လှပခြင်း၊ အသံသာယာခြင်း၊ စိတ်ဓါတ်ကောင်းမွန်ခြင်း စသည်တို့ ဖြစ်ပေါ်လာကုန်၏။ ယုတ်ညံ့သော နာနက္ခဏိကစေတနာကြောင့် ရုပ်ရည်အဆင်း ကြမ်းတမ်းခြင်း၊ အသံမကောင်းခြင်း၊ ကိုယ်ခန္ဓာချို့တဲ့ခြင်း၊ မျက်စိကန်းခြင်း၊ နားပင်းခြင်းအစရှိသော ပဋိသန္ဓေအကျိုးများ ဖြစ်ပေါ်လာကုန်၏။

ဖြစ်ပေါ်လာသော ရုပ်ဓာတ် နာမ်ဓာတ်များကို အစဉ်သဖြင့် တည်ရှိနိုင်စေရန် ဆက်လက်ကြီးထွားလာစေရန် ထိန်းသိမ်းကူညီပေးခြင်းကိုလည်းကောင်း၊ ချမ်းချမ်းသာသာ နေရခြင်း၊ ဆင်းဆင်းရဲရဲ

နေရခြင်း၊ ပစ္စည်းဥစ္စာ ပေါများခြင်း၊ ပစ္စည်းဥစ္စာ နည်းပါးခြင်း အစရှိသော အကျိုးများကိုလည်းကောင်း နာနက္ခဏိကစေတနာကပင် လုပ်ဆောင်ပေးသည်။ ထိုသို့လုပ်ဆောင်ပေးခြင်းကို ပဝတ္တိအကျိုး ပေးသည်ဟုခေါ်သည်။

## စေတနာ၏ အရေးပါပုံ

ထိုစေတနာသည် ဗုဒ္ဓစာပေကျမ်းဂန်တို့၌ သဉ္စေတနာ ကံ အဘိသင်္ခါရ ဘဝအစရှိသော အမည်အမျိုးမျိုးတို့ဖြင့် တည်ရှိပြီး သတ္တဝါမှန်သမျှတို့၏ စိတ်အစဉ်တွင် လွန်စွာအရေးပါသော တရား ဖြစ်သည်။ တွေ့ထိမှု(ဖဿ)၊ ခံစားမှု(ဝေဒနာ)၊ လိုချင်မှု(လောဘ)၊ အမျက်ထွက်မှု(ဒေါသ)၊ ယုံကြည်မှု (သဒ္ဓါ)၊ အားထုတ်မှု(ဝီရိယ)၊ အသိဉာဏ်ရှိမှု(ပညာ) အစရှိသော နာမ်တရားအားလုံးသည် စေတနာ ၌သာ ပါဝင်ကြကုန်၏။ သုံးဆယ့်တစ်ဘုံလုံး၌ ကိုယ် နှုတ် စိတ် တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်မှုမှန်သမျှတို့သည် စေတနာ၏ အမှု ကိစ္စများသာ ဖြစ်ကုန်၏။ ထို့ကြောင့် စေတနာမပါသော ကိုယ်မှု နှုတ်မှု ကြံစည်မှုတို့ကို ကံဟုမခေါ်နိုင်ကုန်။

ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့်ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှုတို့ကို လောကီလောကုတ္တရာ၌ အပြစ်မရှိသော လောကီလောကုတ္တရာအတွက် အကျိုးစီးပွါးရှိသော ကောင်းမွန်မြင့်မြတ်သော စေတနာဖြင့် လုပ်ဆောင် လျှင် ကုသိုလ်ကံဟုခေါ်ကုန်၏။

ထိုကုသိုလ်ကံတို့ကို ပစ္စည်းဥစ္စာတို့အပေါ်၌ လိုချင်တပ်မက်မှု မရှိဘဲ စွန့်ကြဲပေးကမ်းလိုခြင်း(အလောဘ)၊ စိတ်ဖေါက်ပြန်မှုမရှိဘဲ မေတ္တာစိတ်ဓာတ် ပြည့်ဝခြင်း(အဒေါသ)၊ အသိဉာဏ်ပညာရှိခြင်း (အမောဟ)၊ နှလုံးသွင်းမှန်ကန်ခြင်း(ယောနိသောမနသိကာရ)၊ စိတ်ဓာတ် ဖြောင့်မတ်မှန်ကန်ခြင်း (သမ္မာပဏိဟိတစိတ္တ)ဟူသော အကြောင်း ငါးမျိုးတို့ကြောင့် ပြုလုပ်ကြကုန်၏။ ကုသိုလ်ကံတို့ဖြစ်ပေါ်လာ ကုန်၏။

## နှောင်ဖွဲ့ကံနှင့် လွတ်မြောက်ကံ

ထိုကဲ့သို့ဖြစ်ပေါ်လာသော ကုသိုလ်ကံတို့တွင် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌ လူအဖြစ် နတ်အဖြစ် ဗြဟ္မာအဖြစ်ကို ဖြစ်စေတတ်သော လောကီကုသိုလ်ကံတို့ကိုလည်းကောင်း၊ စည်းစိမ်ဥစ္စာ အမျိုးမျိုးကို ဖြစ်စေတတ်သော လောကီကုသိုလ်ကံတို့ကိုလည်းကောင်း၊ ရုပ်ရည် အဆင်း လှပခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ အသက်ရှည်ခြင်းအစ ရှိသော ကောင်းကျိုးအမျိုးမျိုးကို ဖြစ်စေတတ်သော လောကီကုသိုလ်ကံ တို့ကိုလည်းကောင်း ကမ္မဝဋ် ဝိပါကဝဋ် ကိလေသဝဋ်ဟု ဆိုအပ်သော ဝဋ်ဒုက္ခသုံးပါး၌ မပြတ်ကျင်လည်စေတတ် နှောင်ဖွဲ့တတ်သောကြောင့် ဝဋ္ဋဂါမိကံဟုခေါ်၏။ လောကီချမ်းသာအမျိုးမျိုးကို ဖြတ်တောက်လျက် လောကုတ္တရာချမ်းသာဟုဆိုအပ်သော နိဗ္ဗာန်ချမ်းသာကို ဖြစ်စေ တတ်သော လောကုတ္တရာကုသိုလ်ကံ(မဂ်ကံ)တို့ကို ဝဋ်ဒုက္ခသုံးပါးမှ လွတ်မြောက်စေတတ်သောကြောင့် ဝိဝဋ္ဋဂါမိကံဟုခေါ်၏။

## ကိုယ်ပိုင်ကံနှင့် ကိုယ်ပိုင်မဟုတ်သောကံ

ထိုကုသိုလ်ကံတို့သည် လောကီလောကုတ္တရာ အကျိုးစီးပွါး အမျိုးမျိုးကို ဖြစ်စေတတ်သောကြောင့် မိမိကိုယ်တိုင် ပြုလုပ်သည် ဖြစ်စေ၊ အခြားသူများ ပြုလုပ်သည်ဖြစ်စေ သကကံ = ကိုယ်ပိုင်ကံ မည်ကုန်၏။

ကိုယ်ဖြင့်ပြုလုပ်မှု နှုတ်ဖြင့်ပြောဆိုမှု စိတ်ဖြင့်ကြံစည်မှုတို့ကို လောကီလောကုတ္တရာ၌ အပြစ်ရှိသော လောကီလောကုတ္တရာအတွက် အကျိုးစီးပွါးမရှိသော မကောင်းသောစေတနာဖြင့် လုပ်ဆောင်လျှင် အကုသိုလ်ကံဟုခေါ်ကုန်၏။

ထိုအကုသိုလ်ကံတို့ကို ပစ္စည်းဥစ္စာတို့အပေါ်၌ လိုချင်တပ်မက် မှုများ၍ စွန့်ကြဲပေးကမ်းလိုမှုမရှိခြင်း(လောဘ)၊ အမျက်ဒေါသကြီးပြီး မေတ္တာစိတ်ခါတ်နည်းပါးခြင်းနှင့် မေတ္တာစိတ်ခါတ်မရှိခြင်း(ဒေါသ)၊

အသိဉာဏ်ပညာမရှိခြင်း(မောဟ)၊ နှလုံးသွင်းဆင်ခြင်ရာ၌ မှန်ကန်မှု မရှိခြင်း(အယောနိသောမနသိကာရ)၊ စိတ်ဓါတ်ဖြောင့်မတ်မှန်ကန်မှု မရှိခြင်း(မိစ္ဆာပဏိဟိတစိတ္တ)ဟူသော အကြောင်းငါးမျိုးတို့ကြောင့် ပြုလုပ်ကြကုန်၏။ အကုသိုလ်ကံတို့ဖြစ်ပေါ်လာကုန်၏။

ထိုအကုသိုလ်ကံတို့သည် လောကီလောကုတ္တရာ အကျိုးစီးပွါးတို့ကို ဖျက်ဆီးတတ်သောကြောင့် မိမိကိုယ်တိုင်ပြုလုပ်သည်ဖြစ်စေ၊ အခြားသူများ ပြုလုပ်သည်ဖြစ်စေ နောသကကံ =ကိုယ်ပိုင်မဟုတ်သော ကံ မည်ကုန်၏။

## ကမ္မဿကာစသည်မည်ပုံ

မိမိနှင့်သာစပ်ဆိုင်သော သူတစ်ပါးတို့နှင့်ဆက်နွှယ်မှုမရှိသော ရွှေငွေအစရှိသော ရတနာတို့သည် မိမိကိုယ်ပိုင်ပစ္စည်းဥစ္စာ မည်သကဲ့သို့ မိမိပြုလုပ်ထားသော ကုသိုလ်ကံအကုသိုလ်ကံတို့သည် ဘဝပေါင်း အရာအထောင်တို့ တိုင်အောင်သော်လည်းကောင်း၊ ဘဝပေါင်း ကမ္ဘာအရာ ကမ္ဘာအထောင်တို့ တိုင်အောင်သော်လည်းကောင်း မိမိနှင့်သာစပ်ဆိုင်ကုန်၏။ သူတစ်ပါးတို့နှင့် စပ်ဆိုင်ခြင်း မရှိကုန်။ ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်သောသူဟူသော ရန်သူမျိုး ငါးပါးတို့သည်လည်း မဖျက်ဆီးနိုင်ကုန်။ ထို့ကြောင့် မိမိပြုလုပ်ထားသော ကုသိုလ်ကံအကုသိုလ်ကံတို့သည် မိမိ၏ကိုယ်ပိုင်ဥစ္စာ မည်ကုန်၏။ ထို့ကြောင့် ကမ္မဿကာ သတ္တာဟူ၍ မြတ်စွာဘုရားရှင် ဟောတော်မူခဲ့၏။

သာသနာတော်၏အမွေကို ခံယူသောပုဂ္ဂိုလ်တို့ကို သာသနာ့ဒါယာဒ (သာသနာ့ အမွေခံ)ဟူ၍လည်းကောင်း၊ မိဘဘိုးဘွားတို့၏ ပစ္စည်းဥစ္စာအမွေကို ခံယူကြသော သားသမီးမြေးမြစ်တို့ကို အမွေခံ ဒါယာဒဟူ၍လည်းကောင်း ခေါ်ဆိုအပ်ကုန်သကဲ့သို့ မိမိပြုလုပ်ထားသော ကုသိုလ်ကံအကုသိုလ်ကံတို့၏ ကောင်းကျိုးဆိုးကျိုးတို့ကို

ခံယူကြရသော သတ္တဝါတို့ကိုကမ္မဒါယာဒဟူ၍ **ခေါ်အပ်ကုန်၏**။ သတ္တဝါမှန်သမျှတို့သည် မိမိတို့ပြုလုပ်ထားသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကောင်းမွေဆိုးမွေတို့ကို ဘဝပေါင်းများစွာ အစဉ်အဆက် ခံစားကြရကုန်၏။ ထို့ကြောင့် သတ္တဝါမှန်သမျှတို့ကို ကမ္မဒါယာဒဟူ၍ ဆိုလိုခြင်းဖြစ်သည်။

သတ္တဝါတို့ တွေ့ကြုံခံစားနေကြရသော **ဘဝအနိမ့်အမြင့်** ချမ်းသာဆင်းရဲ မှန်သမျှတို့သည် ကုသိုလ်အကုသိုလ်**ကံဟူသော** အကြောင်းရှိကုန်၏။ ထို့ကြောင့် သတ္တဝါမှန်သမျှတို့သည် **ကမ္မယောနိ** (ကံဟုဆိုအပ်သော ဘဝအနိမ့်အမြင့် ချမ်းသာကြောင်း ဆင်းရဲကြောင်း ရှိသော သတ္တဝါ) မည်ကုန်၏။

မိမိနှင့် ပေါင်းသင်းဆက်ဆံနေရသော သူတို့ကို မိတ်ဆွေဟု ခေါ်ရသကဲ့သို့ ဘဝအဆက်ဆက် ပေါင်းသင်းဆက်**ဆံနေရသော**ကံတို့ကိုလည်း မိတ်ဆွေဟုခေါ်အပ်ကုန်၏။ သတ္တဝါမှန်**သမျှ**တို့အား မိတ်**ဆွေဟုဆို**အပ်သော ကံတို့ရှိကြသောကြောင့် **ကမ္မဗန္ဓု**ဟု ခေါ်ရ**မည်**။ မိမိအကျိုးစီးပွါးကို ဆောင်ရွက်ပေးသော၊ **မိမိအတွက်** ကောင်း**ကျိုး**အမျိုးမျိုးကိုဖြစ်စေသော မိတ်ဆွေရှိသော**သူကို မိတ်ဆွေ** ကောင်း **ရှိသူ**ဟု ဆိုအပ်သကဲ့သို့ မိမိအတွက် ကောင်း**ကျိုးအမျိုး**မျိုးကို ဖြစ်**စေသော** ကံရှိသောသူကို ကံကောင်းရှိသောသူ **ကံကောင်းသော**သူဟု **ဆိုကြ၏**။ မိမိအကျိုးစီးပွါးကို ဖျက်ဆီးတတ်**သော**၊ **မိမိအတွက်** ဆိုး**ကျိုးအမျိုး**မျိုးကိုဖြစ်စေသော မိတ်ဆွေရှိသော**သူကို မိတ်ဆွေဆိုး** ရှိသော**သူဟု ဆို**အပ်သကဲ့သို့ မိမိအား ဆိုးကျိုးအမျိုးမျိုး**ကို ဖြစ်စေ**သော ကံရှိသော**သူကို** ကံဆိုးသောသူဟု ဆိုကြ၏။

**အမြဲမပြတ် ကိုးကွယ်အားထားအပ်သော**ကြောင့် **ဗိဿကိုး** နတ် ယာမနတ် **အစရှိသည်တို့သည် ပဋိသရဏ မည်ကုန်**သကဲ့သို့ ဘဝအဆက်ဆက် **ကမ္ဘာအဆက်ဆက် ကိုးကွယ်အား**ထားအပ် သောကြောင့် ကံကိုလည်း ပဋိသရဏဟုဆိုရမည်။ လောက၌ သတ္တဝါ

အားလုံးတို့သည် ကံကိုသာလျှင် ကိုးကွယ်အားထားရာ ရှိကြသော ကြောင့် ကေန်စင်စစ် ကမ္မပဋိသရဏာများ ဖြစ်ကြသည်။

## ပုဂ္ဂိုလ်(၄)မျိုး

သတ္တဝါအားလုံးတို့သည် ကံစီမံရာကိုသာ နာခံကြရကုန်၏။ မိမိတို့ပြုလုပ်ထားသော ကုသိုလ်အကုသိုလ်ကံတို့အလျောက် ဘဝ အနိမ့်အမြင့် ချမ်းသာခြင်း ဆင်းရဲခြင်းတို့ကို ရရှိခံစားကြရပြီး မိမိတို့ ပြုလုပ်ဆဲဖြစ်သော ကုသိုလ်အကုသိုလ် ကံတို့အလျောက်လည်း နောင်အခါ၌ ဘဝအနိမ့်အမြင့် ချမ်းသာခြင်း ဆင်းရဲခြင်းတို့ကို ရရှိခံစားကြရပေလိမ့်မည်။

ထိုကဲ့သို့ကံစီမံရာ နာခံကြရသော သတ္တဝါတို့တွင် အချို့သော သူတို့သည် ရှေးဘဝတို့၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကြောင့် ယခုဘဝ၌ ဆင်းရဲနိမ့်ကျသော လူတန်းစားမျိုး၌ဖြစ်ကြ၍ အဝတ်အစား အသုံးအဆောင်တို့ကို ခက်ခက်ခဲခဲ ရှာဖွေသုံးဆောင်ကြရကုန်၏။ ရုပ်ရည်အဆင်း ကြမ်းတမ်းကုန်၏။ အနာရောဂါ ထူပြောကုန်၏။ ထိုသူတို့သည် ယခုဘဝ၌လည်း ကိုယ် နှုတ် စိတ်တို့ဖြင့် အကုသိုလ် ဒုစ္စရိုက်ကံတို့ကို ပြုကျင့်ကြသောကြောင့် သေလွန်သောအခါ အပါယ် ငရဲသို့ ကျရောက်ကြရပေလိမ့်မည်။ ထိုသူတို့ကို အမှောင်မှလာ၍ အမှောင်သို့သွားသောသူများဟု ခေါ်အပ်ကုန်၏။

အချို့သောသူတို့သည် ရှေးဘဝတို့၌ပြုလုပ်ခဲ့သော အကုသိုလ် ကံတို့ကြောင့်ယခုဘဝ၌ ဆင်းရဲနိမ့်ကျသော လူတန်းစားမျိုး၌ဖြစ်ကြ၍ အဝတ်အစား အသုံးအဆောင်တို့ကို ခက်ခက်ခဲခဲ ရှာဖွေသုံးဆောင် ကြရကုန်၏။ ရုပ်ရည်အဆင်း ကြမ်းတမ်းကုန်၏။ အနာရောဂါ ထူပြောကုန်၏။ သို့ရာတွင် ထိုသူတို့သည် ယခုဘဝ၌ ကိုယ် နှုတ် စိတ်တို့ဖြင့် ကုသိုလ်သုစရိုက်ကံတို့ကို ပြုကျင့်ကြသောကြောင့် သေလွန် သောအခါ နတ်ပြည်သို့ ရောက်ကြရပေလိမ့်မည်။ ထိုသူတို့ကို

အမှောင်မှလာ၍ အလင်းသို့သွားသောသူများဟု ခေါ်အပ်ကုန်၏။

အချို့သောသူတို့သည် ရှေးဘဝတို့၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကြောင့် ယခုဘဝ၌ ချမ်းသာကြွယ်ဝပြီး မြင့်မြတ်သော လူတန်းစားမျိုး၌ဖြစ်ကြ၍ အဝတ်အစား အသုံးအဆောင်တို့ကို လွယ်လွယ်ကူကူ ရှာဖွေသုံးဆောင်ကြရကုန်၏။ ရုပ်ရည်အဆင်း လှပကုန်၏။ အနာရောဂါ ကင်းရှင်းကုန်၏။ သို့ရာတွင် ထိုသူတို့သည် ယခုဘဝ၌ ကိုယ် နှုတ် စိတ်တို့ဖြင့် အကုသိုလ် ဒုစ္စရိုက်ကံတို့ကို ပြုကျင့်ကြသောကြောင့် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်ကြရပေလိမ့်မည်။ ထိုသူတို့ကို အလင်းမှလာ၍ အမှောင်သို့သွားသော သူများဟု ခေါ်အပ်ကုန်၏။

အချို့သောသူတို့သည် ရှေးဘဝ၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကြောင့် ယခုဘဝ၌ ချမ်းသာကြွယ်ဝပြီး မြင့်မြတ်သော လူတန်းစားမျိုး၌ ဖြစ်ကြ၍ အဝတ်အစား အသုံးအဆောင်တို့ကို လွယ်လွယ်ကူကူ ရှာဖွေသုံးဆောင်ကြရကုန်၏။ ရုပ်ရည်အဆင်း လှပတင့်တယ် ခန့်ငြားကုန်၏။ အနာရောဂါ ကင်းရှင်းကုန်၏။ ထိုသူတို့သည် ယခုဘဝ၌လည်း ကိုယ် နှုတ် စိတ် တို့ဖြင့် ကုသိုလ်သုစရိုက်ကံတို့ကို ပြုကျင့်ကြသောကြောင့် သေလွန်သောအခါ နတ်ပြည်သို့ရောက်ကြရပေလိမ့်မည်။ ထိုသူတို့ကို အလင်းမှလာ၍ အလင်းသို့ သွားသောသူများဟု ခေါ်အပ်ကုန်၏။

အထက်ပါအတိုင်း ဖြစ်ကြရခြင်းသည် ကံ၏စီမံမှုကြောင့် ဖြစ်၏။ ထို့ကြောင့် "ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ" ဟု ဘုရားရှင်ဟောတော်မူခြင်း ဖြစ်သည်။

## ကံကိုချည်းသာ ရိုးမယ်မဖွဲ့ရာ

အရာရာတိုင်း၌ မကောင်းလည်းကံ ကောင်းလည်းကံဟု ကံတရားကိုချည်း ပုံချ၍မရချေ။ ဉာဏ်နှင့်ယှဉ်တွဲပြီး ကြိုးစားအားထုတ်လုပ်ကိုင်နေထိုင်ကြမှသာ ထိုက်သင့်သော ကောင်းကျိုးတရားများ ဖြစ်ထွန်းလာလိမ့်မည်။

ရုတ်တရက်ထိခိုက်မိ၍ အသက်သေဆုံးခြင်း၊ လက်ခြေ အစရှိသော ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခု၌ ဒဏ်ရာရရှိခြင်း၊ လေဖြတ်၍ ကိုယ်တစ်ပိုင်းသေခြင်း အစရှိသော ဒုက္ခဝေဒနာတို့ကို ခံစားရခြင်းကိုသည်–

၁။ လေပျက်ခြင်း
၂။ သည်းခြေပျက်ခြင်း
၃။ သလိပ်ပျက်ခြင်း
၄။ လေ သည်းခြေ သလိပ် သုံးမျိုးတို့ပေါင်းဆုံ၍ပျက်ခြင်း
၅။ ဥတုဖေါက်ပြန်ခြင်း
၆။ အစားအသောက် မှားယွင်းခြင်း
၇။ တစ်စုံတစ်ခုသော လုံ့လပယောဂက ဖြစ်စေခြင်း
၈။ ကံ အကျိုးပေးခြင်း

ဟူသော အကြောင်းရှစ်မျိုးတို့တွင် တစ်မျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ ထို့ကြောင့် မကောင်းသော ဒုက္ခဝေဒနာ မှန်သမျှတို့သည် အကုသိုလ်ကံ၏ အကျိုးတို့တည်းဟု ကံတရားကိုသာ လွှဲချ၍မရပေ။ **အသက်ဉာဏ်စောင့်** ဆိုသည်နှင့်အညီ ဉာဏ်နှင့်ယှဉ်တွဲပြီး နေထိုင်စားသောက်မှသာ အသက်ရှည်၍ ရောဂါကင်းနိုင်ပေလိမ့်မည်။ ဉာဏ်နှင့်ယှဉ်တွဲပြီး နေထိုင်ပါလျက် ရောဂါဝေဒနာ ဖြစ်ပေါ်လာပါမှ အကုသိုလ်ကံ၏ အကျိုးတည်းဟု ဆိုနိုင်ပေမည်။

သတ္တဝါတို့၏ ရုပ်ခန္ဓာကိုယ်ကို မြေ ရေ လေ မီးဟူသော ဓာတ်ကြီးလေးပါးတို့ဖြင့် တည်ဆောက်ထားသည်။ ထိုဓာတ်ကြီး

လေးပါးတို့တွင် တစ်ပါးပါးသည် လွန်ကဲစွာတည်ရှိမှု လွန်ကဲစွာ ယုတ်လျော့မှုတို့ကြောင့် ဖောက်ပြန်ပျက်စီးခဲ့လျှင် ရောဂါဝေဒနာ ဖြစ်ပေါ်လာတတ်သည်။ ဓာတ်ကြီးလေးပါးတို့တွင် လေဓာတ်ပျက်စီး ခြင်းသည် အအေး၊ အပူ၊ အစာမစားရခြင်း၊ ရေမသောက်ရခြင်း၊ အလွန်အကျွံ စားသောက်ခြင်း၊ အလွန်အကျွံ ရပ်ခြင်း ထိုင်ခြင်း၊ လိုအပ်သည်ထက်ပို၍ အလုပ်လုပ်ခြင်း၊ အပြေးအလွှားများခြင်း၊ လုံ့လ ပယောဂရှိခြင်းနှင့် ကံ၏အကျိုးဟူသော အကြောင်းဆယ်မျိုးတို့ကြောင့် ဖြစ်သည်။ ထိုဆယ်မျိုးတို့တွင် ရှေ့ကိုးမျိုးတို့သည် အတိတ်ဘဝ အနာဂတ်ဘဝတို့နှင့် သက်ဆိုင်ခြင်းမရှိကုန်။ ပစ္စုပ္ပန်ဘဝနှင့်သာ သက်ဆိုင်ကုန်၏။ နောက်ဆုံးဖြစ်သော ကံ၏အကျိုးဟူသော အကြောင်းသည်သာ အတိတ် အနာဂတ် ပစ္စုပ္ပန် ဘဝသုံးပါးလုံးနှင့် သက်ဆိုင်သည်။

အအေး၊ အပူ၊ မသင့်မတင့်သော အစားအစာဟူသော အကြောင်းသုံးမျိုးတို့ကြောင်း သည်းခြေပျက်နိုင်ပြီး အအေး၊ အပူ၊ ထမင်းအဖျော်ဟူသော အကြောင်းသုံးမျိုးတို့ကြောင့် သလိပ်ပျက်နိုင်၏။ လေ၊ သည်းခြေ၊ သလိပ်သုံးပါးတို့ ပျက်စီးကြ၍ ပေါင်းဆုံမိသည် ရှိသော် ထိုသုံးပါးတို့နှင့်သက်ဆိုင်သော ရောဂါဝေဒနာတို့သည် တိုးပွါး ဖြစ်ထွန်းနိုင်သည်။

ဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဝေဒနာနှင့် မသင့်မတင့်သော အစာအာဟာရတို့ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ တို့သည် ဥတုဖောက်ပြန်မှု အတိုင်းအတာနှင့် စားသောက်မှု ပမာဏတို့ အပေါ်မူတည်၍ ဖြစ်ပေါ်လာကြသည်။ ဥတုဖောက်ပြန်မှုနှင့် စားသောက်မှု ပမာဏကြီးမားလျှင် ရောဂါဝေဒနာကြီးမားပြင်းထန်၍ အသက်သေဆုံးရသည်အထိဖြစ်နိုင်ပြီး ပမာဏနည်းလျှင် ရောဂါ ဝေဒနာ သေးငယ်ပေမည်။

တစ်စုံတစ်ခုသော လုံ့လပယောဂကြောင့် ဖြစ်ပေါ်လာသော ရောဂါဝေဒနာတို့တွင် တစ်စုံတစ်ယောက်သောသူ၏ အပြုအမူကြောင့် ဖြစ်ရသော ရောဂါဝေဒနာတို့လည်းရှိကုန်၏။ မိမိပြုလုပ်ခဲ့သော ကံ၏အကျိုးကြောင့်ဖြစ်ရသော ရောဂါဝေဒနာတို့လည်း ရှိကုန်၏။ တစ်စုံတစ်ယောက်သောသူ၏ လုံ့လပယောဂ အပြုအမူသည် ရောဂါ ဝေဒနာတို့ကို ဖြစ်ပေါ်စေရုံမျှသာမက အသက်သေဆုံးရခြင်း စည်းစိမ် ဥစ္စာပျက်စီးရခြင်းအစရှိသော မကောင်းသောအကျိုးတရားတို့ကိုများစွာ ဖြစ်ပေါ်စေနိုင်သည်။

၁၉၄၅–ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့နှင့် (၉) ရက်နေ့ တို့တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆကီမြို့တို့မှ ဂျပန် လူမျိုးပေါင်း တစ်သိန်းလေးသောင်းကျော် သေဆုံးခဲ့ရခြင်း၊ များစွာ သောလူတို့သည် အဏုမြူဓာတ်ရောင်ခြည်သင့်မှုကြောင့် ရောဂါ ဝေဒနာများကို မျိုးဆက်ပေါင်းများစွာ အဆက်ဆက်ခံစားရခြင်း၊ တိုက်တာအဆောက်အဦများ ပျက်စီးခြင်းစသည်တို့သည် အဏုမြူဗုံး ကြဲချခဲ့ကြသော အမေရိကန်နိုင်ငံသားတို့၏ ပယောဂကြောင့်ဖြစ်သည် ဟု ဆိုနိုင်သည်။ ရှေးအကုသိုလ်ကံ၏ အကျိုးပေးမှုကြောင့် သေဆုံးရသူ ဒဏ်ရာရသူများလည်း ပါဝင်နိုင်သည်။

ခြေမတော်ကို ကျောက်ချပ်ထိမိ၍ ဘုရားရှင် ခံစားရသော ဆင်းရဲဝေဒနာတို့သည် ဒေဝဒတ်၏ လုံ့လပယောဂကြောင့် ဖြစ်ပေါ် လာကြရသည်။ အကုသိုလ်ကံ၏ အကျိုးတရားတို့လည်း ပါဝင် နိုင်သည်။ လေပျက်ခြင်း သည်းခြေပျက်ခြင်းအစရှိသော အခြားသော အကြောင်းတို့ကြောင့် မဟုတ်ကုန်။ အလားတူ ဘုရားရှင်ခံစားရသော ဝမ်းသွေးသွန်ရောဂါဝေဒနာသည်လည်း လေပျက်ခြင်း၊ သည်းခြေ ပျက်ခြင်း၊ သလိပ်ပျက်ခြင်းဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာရသည်။ ကံ၏အကျိုးစသော အခြားသောအကြောင်း တရားတို့လည်း ပါဝင်နိုင်သည်။

ဒုက္ခဝေဒနာတို့ကို ဖြစ်ပေါ်စေသော အထက်ပါအကြောင်းရှစ်မျိုးတို့တွင် ရှေ့အကြောင်း ခုနစ်မျိုးတို့ကို ကံတရားအတွင်းသို့ ထည့်သွင်းမည်ဆိုလျှင် ပစ္စုပ္ပန်ကံများအတွင်းသို့လည်းကောင်း၊ ဥပစ္ဆေဒကကံအတွင်းသို့ လည်းကောင်း ထည့်သွင်းနိုင်ဖွယ်ရှိသည်။ အကြောင်းမှာ ပစ္စုပ္ပန်ဘဝ၌ လေပျက်ခြင်းစသော အကြောင်းတရားများ ဖြစ်ပေါ်လာအောင် လုပ်ကိုင်နေထိုင်သောကြောင့်လည်းကောင်း၊ လေပျက်ခြင်း စသည်တို့သည် ကုသိုလ်ကံ၏ အကျိုးတရားများကို ကပ်၍သတ်သကဲ့သို့ ဖြစ်နေသောကြောင့်လည်းကောင်း ထိုကံများအတွင်းသို့ ထည့်သွင်းနိုင်ဖွယ်ရှိသည်။

ထိုကဲ့သို့ သတ္တဝါတို့အား အုပ်စိုးချယ်လှယ်နေသော ကံတရားတို့၏ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်ဖြစ်သည်။ ထိုနိဗ္ဗာန်သို့ ရောက်ရှိနိုင်ရန်အတွက် ရုပ်ဓာတ် နာမ်ဓာတ်တို့၏မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ မိမိအလိုဆန္ဒအတိုင်း မဖြစ်နိုင်သောကြောင့် အစိုးမရခြင်း အနတ္တသဘောတရားတို့ကို သိမြင်အောင်ကြိုးစားရမည်။ ထို့အပြင် မှန်ကန်စွာသိမြင်ခြင်း၊ မှန်ကန်စွာ ကျင့်ကြံခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာ လုပ်ဆောင်ခြင်း၊ မှန်ကန်စွာ အသက်မွေးခြင်း၊ မှန်ကန်စွာ လုံ့လပြုခြင်း၊ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်း သဘောတရားများကို သိမြင်စေခြင်းငှါ မှန်ကန်သော သတိရှိခြင်း၊ မှန်ကန်စွာ တည်ကြည်ခြင်းဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကို လိုက်နာကျင့်သုံးရမည်။ ကံချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ရှိခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ အဓိကပန်းတိုင်ဖြစ်သည်။

## တူသောအကျိုးကိုသာ ပေးတတ်ပုံ

ထိုကုသိုလ် အကုသိုလ်ကံတို့သည် အကျိုးပေးသောအခါ တူသောအကျိုးကိုသာပေးသောကြောင့် မျိုးစေ့နှင့်တူကုန်၏။ သရက်စေ့ကို စိုက်ပျိုးလျှင် သရက်ပင်သာပေါက်မည်ဖြစ်ပြီး အခြားသောအပင်

များ မပေါက်နိုင်သကဲ့သို့လည်းကောင်း၊ စပါးစေ့ကို စိုက်ပျိုးလျှင် စပါးပင်သာ ပေါက်မည်ဖြစ်ပြီး အခြားသောအပင်များ မပေါက်နိုင်သကဲ့သို့လည်းကောင်း အဝတ်အထည်တို့ကို လှူဒါန်းခြင်းတည်းဟူသော ကုသိုလ်ကံတို့ကို ပြုလုပ်ကြလျှင် ထိုကံတို့အတွက် အကျိုးပေးသောအခါ အဝတ်အထည်တို့နှင့် ဆက်နွယ်နေသော ကောင်းကျိုးများကိုသာ ပေးလိမ့်မည်။

ဥပမာအားဖြင့် မိမိပေးလှူလိုက်သော အဝတ်အထည်တို့ကို ဝတ်ဆင်သောသူသည် ထိုအဝတ်အထည်တို့ကြောင့် တင့်တင့်တယ်တယ် ဖြစ်သွားလျှင် မိမိသည် ထိုအကျိုးတရားကိုလည်း ပေးလှူရာရောက်သောကြောင့် မိမိအားလည်း ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းဟူသော အကျိုးကိုပေးလိမ့်မည်။

အစားအစာတို့ကို လှူဒါန်းခြင်းတည်းဟူသော ကုသိုလ်ကံတို့ကို ပြုလုပ်လျှင် ထိုကံတို့အတွက် အကျိုးပေးသောအခါ အစားအစာနှင့် ဆက်နွယ်နေသော ကောင်းကျိုးများကိုသာပေးလိမ့်မည်။

ဥပမာအားဖြင့် မိမိလှူဒါန်းလိုက်သော အစားအစာကို စားသောက်သောသူသည် ထိုအစားအစာကြောင့် အားအင်ဗလပြည့်ဖြိုးခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ စိတ်ချမ်းသာကိုယ်ကျန်းမာရှိခြင်း၊ ဉာဏ်ပညာကောင်းမွန်ခြင်းဟူသော အကျိုးတရားများကို ခံစားရရှိလျှင် မိမိသည် ထိုအကျိုးတရားများကို ပေးလှူရာရောက်သောကြောင့် မိမိအားလည်း ထိုအကျိုးတရားများကိုသာ ပေးလိမ့်မည်။

သူတစ်ပါးအသက်ကိုသတ်ခြင်းတည်းဟူသော အကုသိုလ်ကံတို့ကို ပြုလုပ်လျှင် ထိုကံတို့အတွက် အကျိုးပေးသောအခါ အသက်ခန္ဓာနှင့် ဆက်နွယ်နေသော မကောင်းကျိုးတို့ကိုသာ ပေးလိမ့်မည်။

ဥပမာအားဖြင့် မိမိသည် သူတစ်ပါးအသက်ကို သတ်လိုက်သောအခါ သူတစ်ပါးအား အသက်တိုခြင်းကိုဖြစ်စေရာ ရောက်သော

ကြောင့် မိမိအားလည်း အသက်တိုခြင်းဟူသော အကျိုးကိုပေးလိမ့်မည်။

ရှေးအခါက ဘုရင်ကိုသတ်လျှင် ဘုရင်ဖြစ်၏ဟု ဆိုရာ၌ ဘုရင်ဖြစ်ခြင်းသည် ဘုရင်ကိုသတ်ခြင်း၏ အကျိုးမဟုတ်။ ရှေးဘဝတို့၌ ဘုရင်ဖြစ်နိုင်သော ကံတို့ကိုပြုလုပ်ခဲ့သောကြောင့်သာ ဘုရင်ဖြစ်ရသည်။ ဘုရင်ကိုသတ်ခြင်းတည်းဟူသော အကုသိုလ်ကံ၏ အကျိုးကို အကျိုးပေးချိန်ရောက်၍ အကျိုးပေးခွင့်ကြုံလာလျှင် အသက်တိုခြင်းဟူသော အကျိုးကိုပေးခြင်း ခံရလိမ့်မည်။ ဤသည်မှာ ကမ္မနိယာမ၏ သဘောတရားပင်ဖြစ်သည်။

## ကုသိုလ်ကံက အကုသိုလ်ကံထက် ပို၍အကျိုးပေးအားကောင်းပုံ

ထိုကုသိုလ်ကံ အကုသိုလ်ကံနှစ်မျိုးတို့တွင် ကုသိုလ်ကံသည် အကုသိုလ်ကံထက် အကျိုးပေးရာ၌ ပို၍အားကောင်းသည်။

ကုသိုလ်ကံ၏ ဒိဋ္ဌဓမ္မအကျိုးအဖြစ် မန္တာတုစကြာမင်း၊ နေမိမင်း၊ သာဓိနမင်းနှင့် ဂုတ္တိလစောင်းသမားတို့သည် မျက်မှောက်ဘဝ ခန္ဓာကိုယ်ဖြင့်ပင် တာဝတိံသာနတ်ပြည်သို့ရောက်ရ၏။

ပုဏ္ဏအမည်ရှိသောကျွန်သည် အရှင်သာရိပုတ္တရာအား ဆွမ်းလှူဒါန်းရသော ကုသိုလ်ကံကြောင့် ထိုနေ့၌ပင် သူဌေးအရာကိုရ၏။

ဂေါပါလမာတာအမည်ရှိသော အမျိုးသမီးသည် မိမိ၏ ဆံပင်ကို ရောင်း၍ရသော အသပြာရှစ်ကျပ်ဖြင့် အရှင်မဟာကစ္စည်း အမှူးရှိသော သံဃာတော်ရှစ်ပါးတို့အား ဆွမ်းလှူရသော ကုသိုလ်ကံကြောင့် ထိုနေ့မှာပင် စဏ္ဍပဇ္ဇောတမင်း၏ မိဖုရားကြီးဖြစ်ရ၏။

သုပ္ပိယအမည်ရှိသော အမျိုးသမီးသည် မကျန်းမာသော ရဟန်းတစ်ပါးအား မိမိ၏ပေါင်သားဖြင့်ဖုံးအုပ်၍ လှူဒါန်းရသော ကုသိုလ်ကံကြောင့် နောက်တစ်နေ့မှာပင် အသားနုတက်၍ အသားပြန်ပြည့်ပြီး အနာရောဂါပျောက်ကင်း၏။

မလ္လိကာသည် တစ်ညဉ့်လွန်ပြီးသော မုယောမုန့်ကို ဘုရားရှင်

အား လျှော်ဒါန်းရသော ကုသိုလ်ကံကြောင့် ထိုနေ့မှာပင် ကောသလ မင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်ရ၏။

သုမနပန်းသည်မသည် ပန်းရှစ်ဆုပ်တို့ကို ဘုရားရှင်အား လှူဒါန်းရသော ကုသိုလ်ကံကြောင့် ထိုနေ့မှာပင် စည်းစိမ်ဥစ္စာပြည့်စုံစွာ ရရှိ၏။

အကုသိုလ်ကံ၏ ဒိဋ္ဌဓမ္မအကျိုးတရားများ ခံစားနေရသည်ကို လောက၌ အများအပြား တွေ့မြင်နေရသည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားခြင်း၊ လိမ်လည်လှည့်ဖြား ပြောဆိုခြင်း၊ ရပ်ရွာများကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ လမ်းခရီး၌ လုယက်ခြင်းအစရှိသော အကုသိုလ်ကံတို့ကို ပြုလုပ်သော သူတို့သည် မရေမတွက်နိုင်အောင် များပြားကုန်၏။ ထိုသူတို့သည် ၎င်းတို့ပြုလုပ်သော အကုသိုလ်ကံတို့ကြောင့်ယခုဘဝ၌ပင် လက်ဖြတ် ခံရခြင်း၊ ခြေဖြတ်ခံရခြင်း၊ အချုပ်အနှောင်ခံရခြင်း၊ အသတ်ခံရခြင်း အစရှိသော အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့ကို ခံစားကြရ၏။ ထို့အပြင် နန္ဒကုလမင်း၏ ဘဒ္ဒသာလစစ်သူကြီးနှင့် စန္ဒဂုတ်မင်းတို့ စစ်တိုက်သော အခါ၌လည်း အကုသိုလ်ကံ၏ မျက်မှောက်အကျိုးအဖြစ် နှစ်ဘက် သော စစ်သည်ဗိုလ်ပါတို့မှ ဦးခေါင်းဖြတ်ခံရသူ ရှစ်ဆယ်မျှရှိကုန်၏။

ဤသို့ ကုသိုလ်ကံ၏ ချက်ချင်းလက်ငင်း အကျိုးပေးမှုနှင့် အကုသိုလ်ကံ၏ ချက်ချင်းလက်ငင်း အကျိုးပေးမှု နှစ်ရပ်တို့တွင် အကုသိုလ်၏ အကျိုးပေးမှုက ပို၍သာလွန်များပြားနေသည်ကို တွေ့ရ သောကြောင့် အကုသိုလ်ကံသည် ကုသိုလ်ကံထက် ပို၍အားကောင်း သည်ဟု ထင်ရသည်။ သို့ရာတွင် "အကုသလံ သာဝဇ္ဇဒုက္ခဝိပါက လက္ခဏံ"ဟူသော ဒေသနာတော်နှင့်အညီ အကုသိုလ်အလုပ်သည် အပြစ်နှင့်တကွဖြစ်၏။ မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာ ရှိ၏။ "ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏံ"ဟူသော ဒေသနာတော် နှင့်အညီ ကုသိုလ်အလုပ်သည် အပြစ်မရှိ၊ ကောင်းသောအကျိုးကို

ပေးခြင်း လက္ခဏာရှိ၏။ ထို့ကြောင့်တိုင်းပြည်ကို အုပ်ချုပ်သော သူတို့သည် အပြစ်ကိုကျူးလွန်သော သူတို့ကို ပြစ်ဒဏ်များချမှတ်ရန် စည်းမျဉ်းဥပဒေများ ရေးဆွဲခဲ့ကြ၏။ သို့ဖြစ်၍ အကုသိုလ်အလုပ်ကို လုပ်ဆောင်သောသူတို့သည် ချက်ချင်းလက်ငင်း အကျိုးပေးခြင်း ခံကြရသည်။

စင်စစ်အားဖြင့် ကုသိုလ်ကံ အကုသိုလ်ကံနှစ်ရပ်တို့တွင် ကုသိုလ်ကံကသာ ပို၍အားကောင်းသည်။ အကြောင်းမှာ အကုသိုလ်ကံတို့သည် တိုးပွါးရန်မလွယ်၍ ကုသိုလ်ကံတို့သည်သာ တိုးပွါးရန် လွယ်ကူသောကြောင့်ဖြစ်သည်။ အကုသိုလ်အလုပ်ကို လုပ်မိသော သူသည် "ငါသည် မကောင်းသောအလုပ်ကို လုပ်မိပြီ" ဟူ၍ စိတ်နှလုံး မသာယာမှုဖြစ်၏။ သို့ဖြစ်၍ မိမိပြုလုပ်မိသော အကုသိုလ် အလုပ်တို့ကို မေ့နိုင်အောင် ကြိုးစားကြသောကြောင့် အကုသိုလ်ကံ တို့သည် တိုးပွါး၍မလာတော့ချေ။ ကုသိုလ်အလုပ်ကို လုပ်မိသော သူတို့သည်ကား "ငါသည် ကုသိုလ်ကံတို့ကို လုပ်ခဲ့ပြီးပြီ"ဟူ၍ စိတ်နှလုံး သာယာမှုဖြစ်၏။ စိတ်နှလုံးသာယာသောသူအား ဝမ်းမြောက် ဝမ်းသာမှုဖြစ်၏။ ဝမ်းမြောက်ဝမ်းသာမှုဖြစ်သောသူအား နှစ်သက်မှု ဖြစ်၏။ နှစ်သက်မှုဖြစ်သောသူအား ကိုယ်၏ငြိမ်းအေးခြင်းဖြစ်၏။ ကိုယ်၏ငြိမ်းအေးခြင်းရှိသောသူအား ချမ်းသာကိုခံစားရ၏။ ချမ်းသာကို ခံစားရသူ၏ စိတ်သည် တည်ကြည်၏။ စိတ်တည်ကြည်သောသူသည် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ထို့ကြောင့် ကုသိုလ်ကံတို့သည် တိုးပွါး ကုန်၏။

လက်ခြေတို့ပြတ်နေသော ယောကျ်ားတစ်ယောက်သည် ဘုရားရှင်အား ကြာလက် ကြာခိုင်တစ်ခုကို လှူဒါန်းခဲ့၏။ ထိုကုသိုလ် ကံတို့သည် တိုးပွါးလာသောကြောင့် ကိုးဆယ့်တစ်ကမ္ဘာတိုင်တိုင် အပါယ်သို့မကျ။ ထို့ကြောင့်ကုသိုလ်ကံတို့သည် အကုသိုလ်ကံတို့ထက် ပို၍အားကောင်းသည်။

## ကံတရားများ မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်ပုံ

ထိုကုသိုလ်ကံ အကုသိုလ်ကံနှစ်မျိုးတို့တွင် အချို့သော သူတို့သည် အနည်းငယ်သော အကုသိုလ်ကံတို့ကို ကျူးလွန်မိသည် ရှိသော် ထိုအကုသိုလ်ကံ၏ အကျိုးတို့ကို ယခုဘဝ၌လည်း ခံစားကြရကုန်၏။ နောင်တမလွန်ဘဝတို့၌လည်း ခံစားကြရကုန်၏။ အချို့သော သူတို့သည် အနည်းငယ်သော အကုသိုလ်ကံတို့ကို ကျူးလွန်မိသည် ရှိသော် ထိုအကုသိုလ်ကံ၏ အကျိုးတို့ကို မခံစားကြရကုန်။

ဥပမာအားဖြင့် သေးငယ်သောရေခွက်၌ ဆားကိုထည့်လျှင် ဆားငန်ရေ ဖြစ်သွားသကဲ့သို့လည်းကောင်း၊ ပစ္စည်းဥစ္စာနည်းပါး၍ ဆင်းရဲသောသူသည် အနည်းငယ်သော အသပြာဖြင့် နှောင်ဖွဲ့ခြင်းကို ခံရသကဲ့သို့လည်းကောင်း၊ ဆိတ်ပိုင်ရှင်နှင့် ဆိတ်သတ်သမားတို့သည် မိမိတို့ဆိတ်ကို ခိုးယူသော ဆင်းရဲသောသူကိုသတ်ခြင်း နှောင်ဖွဲ့ခြင်း စသည်တို့ကို ပြုလုပ်နိုင်သကဲ့သို့လည်းကောင်း ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ် အချင်းအရာကို ရှုမှတ်ပွါးများမှုမပြုသော ပုဂ္ဂိုလ်၏ လည်းကောင်း၊ စိတ်၏ ဖြစ်ပျက်မှုကို ရှုမှတ်ပွါးများမှု မပြုသောပုဂ္ဂိုလ်၏ လည်းကောင်း၊ သီလနှင့် မပြည့်စုံသောပုဂ္ဂိုလ်၏ လည်ကောင်း၊ ပညာနှင့်မပြည့်စုံသော ပုဂ္ဂိုလ်၏ လည်းကောင်း၊ သေးသိမ်သောဂုဏ်ရှိသော ပုဂ္ဂိုလ်၏ လည်းကောင်း၊ အကျင့်ဂုဏ်အားဖြင့် သေးသိမ်သော ကိုယ်ရှိသော ပုဂ္ဂိုလ်၏ လည်းကောင်း၊ အနည်းငယ်မျှသော မကောင်းမှုဖြင့် ဆင်းရဲစွာ နေရသော ပုဂ္ဂိုလ်၏ လည်းကောင်း အနည်းငယ်မျှပြုအပ်သော မကောင်းမှုကံတို့သည် မကောင်းကျိုး အမျိုးမျိုးကိုပေးနိုင်ကုန်၏။ အပါယ်ငရဲသို့ ရောက်စေနိုင်ကုန်၏။

ဂင်္ဂါမြစ်ထဲ၌ အနည်းငယ်သော ဆားကိုထည့်သည်ရှိသော် ဆားငန်ရေ မဖြစ်သကဲ့သို့လည်းကောင်း၊ ပစ္စည်းဥစ္စာပေါများ၍ ချမ်းသာသောသူတို့သည် အနည်းငယ်သော အသပြာဖြင့် နှောင်ဖွဲ့ ခြင်းကို မခံရသကဲ့သို့လည်းကောင်း၊ ဆိတ်ပိုင်ရှင်နှင့်ဆိတ်သတ်သမား

တို့သည် မိမိတို့ဆိတ်ကိုခိုးယူသော ချမ်းသာသောသူတို့နှင့် မင်း၏အမတ်စသော ရာထူးအာဏာရှိသောသူတို့ကို သတ်ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းစသည်တို့ကို မပြုလုပ်နိုင်သကဲ့သို့လည်းကောင်း ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ် အချင်းအရာကို ရှုမှတ်ပွါးများသောပုဂ္ဂိုလ်၏ လည်းကောင်း၊ စိတ်၏ဖြစ်ပျက်မှုကို ရှုမှတ်ပွါးများသောပုဂ္ဂိုလ်၏ လည်းကောင်း၊ တိုးပွါးသော သီလရှိသောပုဂ္ဂိုလ်၏ လည်းကောင်း၊ တိုးပွါးသော ပညာရှိသောပုဂ္ဂိုလ်၏ လည်းကောင်း၊ မသေးသိမ်သော ဂုဏ်ရှိသောပုဂ္ဂိုလ်၏ လည်းကောင်း၊ အကျင့်ဂုဏ်အားဖြင့် မသေးသိမ်သော ကိုယ်ရှိသောပုဂ္ဂိုလ်၏ လည်းကောင်း၊ ရာဂစသည်တို့မရှိသည် ဖြစ်၍ နေလေ့ရှိသောပုဂ္ဂိုလ်၏ လည်းကောင်း အနည်းငယ်မျှပြုအပ်သော အကုသိုလ်ကံတို့သည် မကောင်းသောအကျိုးတို့ကို မပေးနိုင်ကုန်။ အနည်းငယ်သော အခြေအနေအရ အကျိုးပေးနိုင်လျှင်လည်း ပစ္စုပ္ပန်ဘဝ၌သာ အကျိုးပေးနိုင်၍ ဒုတိယဘဝစသည်တို့၌ အကျိုးမပေးနိုင်ကုန်။

## သံသရာလည်ပုံ

ရုပ်, နာမ် နှင့် ကံတို့သည် စွမ်းအားရှိသော အရာများဖြစ်ကြသည်။ ထိုသုံးမျိုးတို့သည် တစ်ခုနှင့်တစ်ခု အထောက်အကူ ပြုနေကြသည်။ တစ်ခုနှင့်တစ်ခု ဆက်သွယ်ပေါင်းစပ်၍ အလုပ်လုပ်နေကြသည်။ ရုပ်နှင့်နာမ်တရားတို့ ရှိနေသောကြောင့် ကံတရားများ ပေါ်ထွက်လာကြသည်။ တစ်ဖန်ထိုကံတရားများကလည်း ရုပ်အသစ် နာမ်အသစ်များ ဖြစ်ပေါ်လာအောင် လုပ်ဆောင်ပေးကြသည်။

ကံဟူသော အကြောင်းတရားကြောင့် ရုပ် နာမ်ဟူသော အကျိုးတရားများ ဖြစ်ပေါ်လာခြင်းကို ဝိပါကဟုခေါ်သည်။ ထိုအကျိုးရုပ်နာမ်များ ဘဝတစ်ခုပြီးတစ်ခု လည်ပတ်နေခြင်းကို ဝိပါကဝဋ် (အကျိုးတရားများ လည်ပတ်နေခြင်း)ဟုခေါ်သည်။

နတ်၏ခန္ဓာကိုယ်၊ လူ၏ခန္ဓာကိုယ် အစရှိသော မြင့်မြတ်ကောင်းမွန်သော ခန္ဓာကိုယ်များ ဖြစ်ပေါ်လာစေရန် ကုသိုလ်ကံက လုပ်ဆောင်ပေးပြီး တိရစ္ဆာန်, ပြိတ္တာအစရှိသော ယုတ်ညံ့သောခန္ဓာကိုယ်များ ဖြစ်ပေါ်လာစေရန် အကုသိုလ်ကံက လုပ်ဆောင်ပေးသည်။

ကံတရားများကြောင့် ဖြစ်ပေါ်လာရသော အကောင်းအဆိုး အမျိုးမျိုးသော ရုပ်များကို ကမ္မဇရုပ်ဟုခေါ်သည်။ ထိုကမ္မဇရုပ်သည် ပဋိသန္ဓေ ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်ဟု နှစ်မျိုးရှိသည်။ ပဋိသန္ဓေတည်နေချိန်၌ ဖြစ်ပေါ်လာသောရုပ်များကို ပဋိသန္ဓေ ကမ္မဇရုပ်ဟု ခေါ်သည်။ ထိုပဋိသန္ဓေ ကမ္မဇရုပ်များ ဆက်လက်ကြီးထွားလာစေရန်နှင့် ဆက်လက်တည်တံ့နေစေရန် ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားလေးပါးတို့က ထောက်ပံ့ပေးထားကြသည်။

ထိုလေးမျိုးတို့တွင် ကံဟူသောအကြောင်းတရားကြောင့် ဆက်လက်ကြီးထွားလာသော ရုပ်များနှင့် ဆက်လက်တည်တံ့နေသော ရုပ်များကို ပဝတ္တိကမ္မဇရုပ်ဟုခေါ်သည်။ ထိုကမ္မဇရုပ်များတွင် အဖိုကို ဖြစ်စေသောရုပ်၊ အမကိုဖြစ်စေသောရုပ်, နာမ်ဓာတ်များနှင့် ဆက်သွယ်ပေးသော ဝတ္ထုရုပ်နှင့် မျက်စိအကြည် နားအကြည်စသော အကြည်ရုပ်စသည်ဖြင့် ရုပ်အမျိုးမျိုးပါဝင်သည်။

ထို့အပြင် ကံတရားကြောင့် မြင်စိတ် ကြားစိတ် နံစိတ် အရသာခံစိတ် တွေ့ထိစိတ် သိစိတ်ဟုဆိုအပ်သော အကျိုးစိတ်များ ဖြစ်ပေါ်လာရသည်။ ထိုအကျိုးစိတ်များ အဆက်မပြတ် ဖြစ်ပေါ်လာစေရန်လည်း ကံတရားကပင် ထောက်ပံ့ပေးနေရသည်။ ဥတုနှင့် အာဟာရတို့ကလည်း အထိုက်အလျောက် ထောက်ပံ့ပေးနေကြသည်။

ဥပမာအားဖြင့် မြင်စိတ်တစ်ခု ဖြစ်ပေါ်လာစေရန် အဆင်းရူပါရုံနှင့် အလင်း(အာလောက)နှစ်မျိုးကို လိုအပ်သည်။ ထိုနှစ်မျိုးတို့သည် မျက်စိအကြည်ဓာတ်တွင် ပေါင်းမိသောအခါ အရိပ်ပုံပေါ်သည်။ ထိုအရိပ်ပုံကို လူပုံ တိရစ္ဆာန်ပုံ အဖြူ အမဲ စသည်ဖြင့် ခွဲခြား၍

သိခြင်းသည် မြင်စိတ်ဖြစ်သည်။ ထို မြင်စိတ် ကြားစိတ်စသည်တို့သည် မြင်ခြင်းကိစ္စ ကြားခြင်းကိစ္စစသည်တို့ကိုသာ ဆောင်ရွက်ပေးနိုင်သည်။ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ထုတ်လုပ်ပေးနိုင်စွမ်း မရှိသောကြောင့် ဘဝစဉ်ဆက်ကို ဖေါ်ဆောင်ပေးနိုင်သည့် ကံစွမ်းအင်များကိုမူ ဖြစ်ပေါ်လာစေရန် မစွမ်းဆောင်နိုင်ကုန်။ သို့ရာတွင် ကံစွမ်းအင်များ ဖြစ်ပေါ်လာစေရန် အထောက်အပံ့ကိုမူ ပေးနိုင်သည်။

ထိုမြင်စိတ် ကြားစိတ်စသည်တို့ရှိမှသာ ထိုစိတ်တို့ကို ကိလေသာတရားများသည် ပုဂ္ဂိုလ် သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမစသည်ဖြစ်စေရန် ပြောင်းလဲပေးသည်။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမစသောအဖြစ်နှင့် ပေါ်လာသော စိတ်၏အာရုံကို တစ်ဆင့်တက်၍ ချစ်စရာမုန်းစရာစသော အဖြစ်ဖြင့် သတ်မှတ်ပေးသည်။

ကိလေသာက ချစ်စရာဟု သတ်မှတ်ပေးသောအခါ တွယ်တာခြင်း စွဲလမ်းခြင်း ပိုင်ဆိုင်လိုခြင်းများ ဖြစ်ပေါ်လာကြသည်။ ထိုချစ်စရာများကို စေတနာနှင့်လောဘ (အကုသိုလ်)တရားများက ဦးဆောင်ကြသည်။ တွယ်တာခြင်း စွဲလမ်းခြင်း ပိုင်ဆိုင်လိုခြင်းတို့သည် စိတ်၏ အညစ်အကြေးများဟု နားလည်သဘောပေါက်လာသောအခါ ထို တွယ်တာခြင်းစသည်တို့ကို ဖြတ်တောက်လိုစိတ် ဖြစ်ပေါ်လာသည်။ ထိုသို့ ဖြတ်တောက်ခြင်းကို စေတနာနှင့် အလောဘ(ကုသိုလ်)တရားက ဦးဆောင်သည်။

ကိလေသာက မုန်းစရာဟု သတ်မှတ်ပေးသောအခါ မကြိုက်ခြင်း၊ မနှစ်သက်ခြင်း၊ မလိုလားခြင်း၊ မုန်းတီးခြင်း၊ စိတ်ဆိုးခြင်း စသည်တို့ ဖြစ်ပေါ်လာကြသည်။ ထိုမုန်းစရာများကို စေတနာနှင့် ဒေါသ(အကုသိုလ်) တရားများက ဦးဆောင်သည်။ မကြိုက်ခြင်း မနှစ်သက်ခြင်းစသည်တို့သည် စိတ်ကိုပူလောင်စေတတ်သောတရားများဟု သိမြင်လာသောအခါ ထိုမကြိုက်ခြင်း မနှစ်သက်ခြင်းစသည်

တို့ကို ပယ်သတ်လာကြသည်။ ထိုသို့ ပယ်သတ်ခြင်းကို စေတနာနှင့် အဒေါသ(ကုသိုလ်)တရားများက ဦးဆောင်သည်။

လောဘနှင့်ဒေါသ(အကုသိုလ်) ဖြစ်ရခြင်းသည် ရုပ်နာမ် တရားတို့၌ အမှန်အတိုင်း သိမြင်မှုမရှိခြင်း မောဟ(အကုသိုလ်)တရားကြောင့်ဖြစ်သည်။ အလောဘ အဒေါသ ကုသိုလ်ဖြစ်ရခြင်းသည် ရုပ်နာမ် တရားတို့၌ အမှန်အတိုင်း သိမြင်မှု အမောဟ(ကုသိုလ်) တရားကြောင့်ဖြစ်သည်။

ထို့ကြောင့် ကိလေသဝဋ်သည် ကံကြောင့်ဖြစ်ပေါ်လာသော မြင်စိတ် ကြားစိတ်အစရှိသော အကျိုးစိတ်တို့ကို ဘဝအစဉ်အဆက် ဖြစ်ပေါ်လာစေရန် ဖော်ဆောင်ပေးနိုင်သည့် ကံစွမ်းအင်များအဖြစ် ပြောင်းလဲပေးသည်။ ဤသည်ကို ကိလေသဝဋ်လည်သည်ဟုခေါ်သည်။

ကိလေသဝဋ်ကြောင့် ဖြစ်ပေါ်လာသော ကံစွမ်းအင်၏ အကျိုးဆက်များအဖြစ် လူ နတ် တိရစ္ဆာန် ပြိတ္တာ အစရှိသော ဘဝတို့၌ ဖြစ်ရခြင်း၊ ချမ်းသာမှု ဆင်းရဲမှုတို့ကို ခံစားရခြင်း အစရှိသော ကောင်းကျိုးဆိုးကျိုးအမျိုးမျိုး ဖြစ်ပေါ်လာစေရန် ဖော်ဆောင်ပေးခြင်းကို ကမ္မဝဋ်လည်သည်ဟုခေါ်သည်။

ထိုကမ္မဝဋ်ကြောင့် ဝိပါကဝဋ်လည်ခြင်း၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်လည်ခြင်း၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်လည်ခြင်းကို သံသရာလည်သည်ဟု ခေါ်သည်။ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်သတ္တဝါတို့ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းနေရခြင်းကို သံသရာလည်သည် ဟုလည်း ခေါ်ကြသည်။

## အခန်း (၅)

## ကံအမျိုးအစားများ

လွန်စွာသိမ်မွေ့နူးညံ့ပြီး သာမန်လူသားတို့ ကြံစည်၍ မရနိုင်သော အကျိုးတရားတို့ကို ပေးစွမ်းနိုင်သော ကံတရားကို ဗုဒ္ဓဘာသာ၌ (၁) လုပ်ဆောင်မှု (၂) အချိန်ကာလ (၃) အကျိုးပေးမှု ဟူသော အချက်သုံးချက်အပေါ်တွင် အခြေခံ၍ အမည်အမျိုးမျိုး ပေးထားသည်ကို တွေ့ရှိရသည်။

ထိုသုံးမျိုးတို့တွင် လုပ်ဆောင်မှုဟူသည် ကုသိုလ်ကံကိုဖြစ်စေ အကုသိုလ်ကံကိုဖြစ်စေ ကြိုးစားအားထုတ် ပြုလုပ်ခြင်းကို ဆိုလိုသည်။ အချိန်ကာလဟူသည် ကံတရားကို လုပ်ဆောင်သောအချိန်နှင့် ကံတရား၏ အကျိုးတရားတို့ ဖြစ်ပေါ်သောအချိန်တို့ကို ဆိုလိုသည်။ အကျိုးတရား ဖြစ်ပေါ်လာပုံကို အကျိုးပေးမှုဟု မှတ်ယူရမည်။

### လုပ်ဆောင်မှုအပေါ်တွင်အခြေခံ၍ အမည်ပေးထားသော ကံများ

လူသားတို့သည် အိပ်ပျော်နေသောအခါ သတိလစ်မေ့မျော နေသောအခါတို့မှတစ်ပါး ကြွင်းသောအချိန်တို့၌ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွါးရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့အတွက် အမှုကြီးငယ် မှန်သမျှတို့ကို အမြဲမပြတ် ပြုလုပ်နေကြရသည်။ ထိုလုပ်ဆောင်ချက်တို့ အပေါ်တွင် အခြေခံပြီး (က) ကာယကံ (ခ) ဝစီကံ (ဂ) မနောကံ ဟူ၍ အမည်သုံးမျိုး ပေးထားသည်။

ထိုသုံးမျိုးတို့တွင် ကာယကံဟူသည် ကာယနှင့်ကမ္မနှစ်ပုဒ်ကို ပေါင်း၍ ဆိုထားခြင်းဖြစ်သည်။ ၎င်းနှစ်ပုဒ်သည် တသီးတခြားစီ ဖြစ်၏။ ကာယအရ ကာယဝိညတ်ရုပ်ကို ယူရမည်။ ကုသိုလ်အကုသိုလ်

ကြိယာစိတ်တို့ပါဝင်သော ရှေ့သို့သွားခြင်း၊ နောက်သို့ဆုတ်ခြင်း၊ ရှေ့တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့၍ကြည့်ခြင်း၊ လက်ခြေစသည်တို့ကို ကွေးခြင်း ဆန့်ခြင်းအစရှိသော အမူအရာတို့ကို ထောက်ပံ့တတ် သိစေတတ်သောရုပ်ကို ကာယဝိညတ်ရုပ်ဟုခေါ်သည်။ ထိုကာယ ဝိညတ်ရုပ်ကိုပင် ကာယကံဖြစ်ခြင်း၏အကြောင်းရင်းဖြစ်သောကြောင့် ကာယကမ္မဒွါရဟုလည်း ခေါ်ရသည်။ ကမ္မအရ ထိုကာယကမ္မဒွါရ၌ အထင်အရှား တည်ရှိသောစေတနာကို ယူရမည်။ ထိုသို့ကာယနှင့် ကမ္မတို့သည် တသီးတခြားစီဖြစ်သော်လည်း ကာယဒွါရဖြင့် ကံကို ပြုအပ်သည်၏အဖြစ်ကြောင့် ကာယကံဟူ၍ ဆိုရခြင်းဖြစ်သည်။ လက်ခြေအစရှိသောခန္ဓာကိုယ် အစိတ်အပိုင်းတစ်မျိုးမျိုးဖြင့် အားထုတ် လုပ်ဆောင်မှုကို ကာယကံဟုဆိုလိုသည်။

ဤကာယကံအရ လက်ခြေအစရှိသော ခန္ဓာကိုယ်ဖြင့် ကောင်းသော လုပ်ဆောင်ဆောင်မှုတို့ကို ဖြစ်စေတတ်သော ကာမ ဘုံသားတို့ပြုလုပ်သော ကုသိုလ်စေတနာနှင့် မကောင်းသောလုပ်ဆောင် မှုတို့ကို ဖြစ်စေတတ်သော အကုသိုလ်စေတနာတို့ကိုယူရမည်။ ထိုကာယကံသည် ကုသိုလ်ကာယကံနှင့်အကုသိုလ်ကာယကံဟူ၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် ကုသိုလ်ကာယကံဆိုသည်မှာ-

၁။ လူ တိရစ္ဆာန်အစရှိသော သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်းတို့ကို မပြုလုပ်ခြင်း

၂။ ပိုင်ရှင်ကမပေးသော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာတို့ကို ခိုးယူခြင်း၊ ဖျက်ဆီးခြင်းတို့ကို မပြုလုပ်ခြင်း

၃။ ကာမဂုဏ်ဖြင့် မလွန်ကျူးထိုက်သော မိန်းမယောကျ်ား တို့၌ ကာမဂုဏ်ဖြင့် လွန်ကျူးခြင်းကို မပြုလုပ်ခြင်းတို့ ဖြစ်ကြသည်။

(မှတ်ချက် ။ ။ ယောကျ်ားများအတွက် ကာမဂုဏ်ဖြင့် မလွန်ကျူး ထိုက်သော မိန်းမများမှာ (၁) အမေစောင့်ရှောက်ထားသောမိန်းမ (၂) အဖေ

စောင့်ရှောက်ထားသောမိန်းမ (၃) အမေ အဖေနှစ်ဦးစလုံး စောင့်ရှောက်ထားသော မိန်းမ (၄) အကို မောင်ငယ် စောင့်ရှောက်ထားသောမိန်းမ (၅) အမ ညီမ စောင့်ရှောက်ထားသောမိန်းမ (၆) ဆွေမျိုးများ စောင့်ရှောက်ထားသောမိန်းမ (၇) အမျိုးအနွယ်တူသူတို့ စောင့်ရှောက်ထားသောမိန်းမ (၈) တရားကျင့်ဖော်တို့ စောင့်ရှောက်ထားသောမိန်းမ (၉) စေ့စပ်ထားသော (သို့မဟုတ်) လင်ဖြစ်လိမ့်မည် ဖြစ်သော ယောကျ်ားရှိသောမိန်းမ (၁၀) ဤမိန်းမအား ကျူးလွန်လျှင် အပြစ် ပေးမည်ဟု မင်းဒဏ်နှင့်တကွဖြစ်သောမိန်းမ (၁၁) အခြားသူများဥစ္စာဖြင့် ဝယ်ထားသောမိန်းမ (၁၂) အလိုဆန္ဒ တူညီသောကြောင့် အခြားယောကျ်ားနှင့် အတူနေသော မိန်းမ (၁၃) စည်းစိမ်ဥစ္စာကြောင့် အခြားယောကျ်ားနှင့် အတူ နေသောမိန်းမ (၁၄) အဝတ်အထည်ကြောင့် အခြားယောကျ်ားနှင့် အတူနေသော မိန်းမ (၁၅) အခြားယောကျ်ားနှင့် ရေခွက်၌လက်စုံချ၍ လက်ထပ်ထားသောမိန်းမ (၁၆) အခြားယောကျ်ားနှင့် ခေါင်းခုချ၍ လက်ထပ်ထားသောမိန်းမ (၁၇) အခြား သူများ၏ကျွန်မယား (၁၈) အခြားသူများ၏ အလုပ်သမ မယား (၁၉) သုံးပန့် မယား (၂၀) အခြားသူများက ငွေပေး၍ ပျော်ပါးနေသောမယားတို့ဖြစ်ကြသည်။

နံပါတ် (၉) မှ (၂၀) အထိသော မိန်းမ (၁၂) ယောက်တို့အတွက် ကာမဂုဏ်ဖြင့် မလွန်ကျူးထိုက်သောယောကျ်ားများမှာ မိမိကိုပိုင်ဆိုင်သော ယောကျ်ားများမှ အခြားယောကျ်ားများအားလုံး ဖြစ်သည်။ နံပါတ် (၁) မှ (၈) အထိ မိန်းမများအတွက်မူ မိမိ၏ကာမကို မိမိသာပိုင်ဆိုင်သောကြောင့် မည်သည့်ယောကျ်ားနှင့်မဆို ကျူးလွန်သော်လည်း ကာမေသုမိစ္ဆာစာရကံ မထိုက်ပေ။)

အကုသိုလ် ကာယကံ ဆိုသည်မှာ–

၁။ လူ တိရစ္ဆာန် အစရှိသော သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း

၂။ ပိုင်ရှင်က မပေးသော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာတို့ကို ခိုးယူခြင်း၊ ဖျက်ဆီးခြင်း

၃။ ကာမဂုဏ်ဖြင့် မလွန်ကျူးထိုက်သော မိန်းမယောကျ်ား တို့၌ ကာမဂုဏ်ဖြင့် လွန်ကျူးခြင်းတို့ ဖြစ်ကြသည်။

ဤကုသိုလ် ကာယကံ (၃)ပါး၊ အကုသိုလ် ကာယကံ(၃)ပါး တို့သည် ဝစီဒွါရ၌လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ကာယဒွါရ၌သာ

အဖြစ်များသောကြောင့် ကာယကံဟုသာ ခေါ်ရခြင်းဖြစ်သည်။

ဝစီကံဟူသည် ဝစီနှင့်ကမ္မနှစ်ပုဒ်ကို ပေါင်း၍ဆိုထားခြင်းဖြစ်သည်။ ၎င်းနှစ်ပုဒ်သည် တသီးတခြားစီဖြစ်၏။ ဝစီအရ ဝစီဝိညတ်ရုပ်ကိုယူရမည်။ ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့ပါရှိသော ပြောဆိုအပ်သော စကား၏အသံကို သိစေတတ်သောရုပ်ကို ဝစီဝိညတ်ရုပ်ဟု ခေါ်သည်။ ထိုဝစီဝိညတ်ရုပ်ကိုပင် ဝစီကံဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝစီကမ္မဒွါရဟုလည်း ခေါ်ရသည်။ ကမ္မအရ ဝစီကမ္မဒွါရ၌ အထင်အရှားတည်ရှိသော စေတနာကိုယူရမည်။ ထိုသို့ ဝစီနှင့်ကမ္မတို့သည် တသီးတခြားစီဖြစ်သော်လည်း ဝစီဒွါရဖြင့် ကံကိုပြုအပ်သောကြောင့် ဝစီကံဟူ၍ ဆိုရခြင်းဖြစ်သည်။ နှုတ်ဖြင့် အားထုတ်ပြောဆိုမှုကို ဝစီကံဟုဆိုလိုသည်။

ဤဝစီကံအရ နှုတ်ဖြင့်ကောင်းသောပြောဆိုမှုတို့ကို ပြောဆိုတတ်သော ကာမဘုံသားတို့ပြုလုပ်သော ကုသိုလ်စေတနာနှင့်မကောင်းသော ပြောဆိုမှုတို့ကို ဖြစ်စေတတ်သော အကုသိုလ်စေတနာတို့ကို ယူရမည်။ ထိုဝစီကံသည်လည်း ကုသိုလ်ဝစီကံ အကုသိုလ်ဝစီကံဟု နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် ကုသိုလ်ဝစီကံဆိုသည်မှာ–

၁။ မှန်သော စကားကို ဆိုခြင်း

၂။ နှစ်ယောက် (သို့မဟုတ်) အုပ်စုများအကြား၌ ချစ်ခင်မှု ညီညွတ်မှုယုံကြည်မှုတို့ကို ဖြစ်ပေါ်စေတတ်သော စကားတို့ကို ပြောဆိုခြင်း

၃။ နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုခြင်း

၄။ ပညာဖြင့် ချင့်ချိန်၍ ပြောဆိုခြင်းတို့ ဖြစ်ကြသည်။

အကုသိုလ် ဝစီကံဆိုသည်မှာ–

၁။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း

၂။ နှစ်ယောက် (သို့မဟုတ်) အုပ်စုများအကြား၌ ချစ်ခင်မှု

ညီညွတ်မှု ယုံကြည်မှုတို့ကို ပျက်ပြားစေတတ်သော စကားကိုပြောဆိုခြင်း

၃။ သူတစ်ပါးတို့ မနှစ်သက်သော၊ နားမခံသာနိုင်သော၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း

၄။ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း ယခုလက်ရှိဘဝ၌လည်း လောကီလောကုတ္တရာ အကျိုးစီးပွါးမရှိ၊နောင်တမလွန်ဘဝတို့၌လည်း လောကီလောကုတ္တရာ အကျိုးစီးပွါးမရှိသောစကားကို ပြောဆိုခြင်းတို့ ဖြစ်ကြသည်။

ဤကုသိုလ်ဝစီကံလေးပါးနှင့် အကုသိုလ်ဝစီကံလေးပါးတို့သည် ကာယဒွါရ၌လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ဝစီဒွါရ၌သာ အဖြစ်များသောကြောင့် ဝစီကံဟုသာ ခေါ်ရခြင်းဖြစ်သည်။

မနောကံဟူသည် မနောနှင့်ကမ္မနှစ်ပုဒ်ကိုပေါင်း၍ ဆိုထားခြင်း ဖြစ်၏။ မနောအရ မနောကမ္မဒွါရကို ယူရမည်။ ကာမဘုံ ရူပဘုံ အရူပဘုံတို့၌ဖြစ်သော ကုသိုလ်အကုသိုလ်စိတ်တို့သည် မနောကမ္မဒွါရမည်၏။ ကမ္မအရ မနောကမ္မဒွါရ၌ အထင်အရှားတည်ရှိသော စေတနာကိုယူရမည်။ မနောဒွါရဖြင့် ကံကိုပြုလုပ်အပ်သောကြောင့် မနောကံဟုခေါ်၏။ စိတ်ဖြင့်အားထုတ်ကြံစည်ခြင်းကို ဆိုလိုသည်။

ဤမနောကံအရ စိတ်ဖြင့်ကောင်းသောကြံစည်မှုတို့ကို ဖြစ်စေတတ်သော ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ အရူပါဝစရကုသိုလ်စေတနာနှင့် မကောင်းသောကြံစည်မှုတို့ကို ဖြစ်စေတတ်သော အကုသိုလ်စေတနာတို့ကိုယူရမည်။ ဤမနောကံသည်လည်း ကုသိုလ်မနောကံနှင့်အကုသိုလ်မနောကံဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင် ကုသိုလ်မနောကံဆိုသည်မှာ–

၁။ အခြားသူများ ပိုင်ဆိုင်သော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာများကို၊ ငါ့ပစ္စည်းဥစ္စာများဖြစ်လာလျှင် ကောင်းမှာပဲဟု မတောင့်တခြင်း

၂။ အခြားသက်ရှိ သတ္တဝါများ သေကြေပျက်စီးကုန်သော် ကောင်းမှာပဲဟု မတောင့်တခြင်း

၃။ ပေးကမ်း လှူဒါန်းခြင်း၏ အကျိုးသည်ရှိ၏။ မိခင်ဖခင်တို့အပေါ်၌ ပြုအပ်သောကောင်းမှု မကောင်းမှုတို့၏ အကျိုးသည်ရှိ၏ အစရှိသည်ဖြင့် မှန်ကန်သော အယူရှိခြင်းတို့ဖြစ်ကြသည်။

အကုသိုလ် မနောကံများမှာ–

၁။ အခြားသူများ ပိုင်ဆိုင်သော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာများကိုငါ့ပစ္စည်းဥစ္စာများဖြစ်လာလျှင် ကောင်းမှာပဲဟု တောင့်တခြင်း

၂။ အခြားသက်ရှိ သတ္တဝါများ သေကြေပျက်စီးကုန်သော် ကောင်းမှာပဲဟု တောင့်တခြင်း

၃။ ပေးကမ်းလှူဒါန်းခြင်း၏ အကျိုးသည်မရှိ၊ မိခင်ဖခင်တို့အပေါ်၌ပြုအပ်သော ကောင်းမှုမကောင်းမှုတို့၏ အကျိုးသည်မရှိ အစရှိသည်ဖြင့် မှားယွင်းစွာ ယုံကြည်ခြင်းတို့ ဖြစ်ကြသည်။

ဤကုသိုလ်မနောကံသုံးပါးနှင့် အကုသိုလ်မနောကံသုံးပါးတို့သည်မနောဒွါရ၌သာ အဖြစ်များသောကြောင့် မနောကံဟုသာ ခေါ်ရခြင်းဖြစ်၏။

ဤကံတို့တွင် ကုသိုလ်ကာယကံသုံးပါး၊ ကုသိုလ်ဝစီကံလေးပါး၊ ကုသိုလ်မနောကံသုံးပါး ဤဆယ်ပါးတို့ကို သုစရိုက်ဆယ်ပါးဟု ခေါ်၏။ အကုသိုလ်ကာယကံသုံးပါး၊ အကုသိုလ် ဝစီကံလေးပါး၊ အကုသိုလ်မနောကံသုံးပါး ဤဆယ်ပါးတို့ကို ဒုစ္စရိုက်ဆယ်ပါးဟု ခေါ်၏။

စေတနာကောင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း၊ ပစ္စည်းဥစ္စာရှာဖွေခြင်း၊ ပညာရှာဖွေခြင်း၊ ကုန်ရောင်းကုန်ဝယ်ပြုခြင်း၊ စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ အစိုးရဝန်ထမ်း အလုပ်ကိုလုပ်ခြင်း အစရှိသော အလုပ်တို့ကိုပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်းတို့သည် ယခုဘဝအတွက် ပြုလုပ်ကြသော ကုသိုလ် ကာယကံ ဝစီကံ မနောကံများဖြစ်ကြ၏။ မကောင်းသော စေတနာတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုခြင်း၊ ပစ္စည်းဥစ္စာရှာဖွေခြင်း၊ ကုန်ရောင်းကုန်ဝယ်ပြုခြင်း အစ

ရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်းတို့သည် ယခုဘဝအတွက် ပြုလုပ်ကြသော အကုသိုလ် ကာယကံ ဝစီကံ မနောကံများ ဖြစ်ကြသည်။

ပေးကမ်းလှူဒါန်းခြင်း၊ ငါးပါးသီလ ရှစ်ပါးသီလ အစရှိသည်တို့ကို မိမိတို့သဏ္ဍာန်၌တည်စေခြင်း၊ သမထအလုပ် ဝိပဿနာအလုပ်တို့ကို ပွါးများအားထုတ်ခြင်း၊ မိမိတို့ထက် အသက်အရွယ်ဂုဏ်သိက္ခာကြီးမြတ်သူတို့အား အရိုအသေပြုခြင်း၊ ရတနာသုံးပါး မိဘဆရာသမားတို့၏ ကိစ္စကြီးငယ်တို့ကို ပြုလုပ်ပေးခြင်း၊ မိမိပြုလုပ်သောကုသိုလ်ကောင်းမှုတို့ကို သူတစ်ပါးတို့အား အမျှအတမ်းပေးဝေခြင်း၊ သူတစ်ပါးတို့ ပြုလုပ်သော ကုသိုလ်ကောင်းမှုတို့ကို ဝမ်းမြောက်ဝမ်းသာကောင်းချီးပေးခြင်း၊ အခြားသူများ ဟောကြားသော တရားတော်များကို ရိုရိုသေသေ နာယူခြင်း၊ သူတစ်ပါးတို့အား တရားစကားပြောကြားခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၏ အကျိုးသည်ရှိ၏ အစရှိသည်ဖြင့် မှန်ကန်စွာယုံကြည်ခြင်းဟုဆိုအပ်သော လူတို့ပြုလုပ်နိုင်သော ဤဆယ်မျိုးသောကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခြင်းသည် နောက်နောက်ဘဝတို့၌ကောင်းမွန်သော ဘုံဘဝတို့သို့ ရောက်ရှိစေရန်နှင့် ချမ်းသာသုခအမျိုးမျိုးတို့ကို ခံစားနိုင်စေရန်အတွက် ကြိုတင်၍ပြုလုပ်ထားကြသော ကုသိုလ်ကာယကံ ဝစီကံ မနောကံများဖြစ်ကြသည်။

သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း အစရှိသော ဒုစ္စရိုက်ဆယ်ပါးတို့ကို ကျူးလွန်ခြင်းသည် နောက်နောက်ဘဝတို့၌ မကောင်းသောဘုံဘဝတို့သို့ ရောက်ရှိစေရန်နှင့် ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ခံစားနိုင်စေရန်အတွက် ကြိုတင်၍ ပြုလုပ်ထားကြသော အကုသိုလ် ကာယကံ ဝစီကံ မနောကံများ ဖြစ်ကြသည်။

ထိုကံသုံးပါးတို့တွင် ကုသိုလ်မနောကံသည် ကုသိုလ်ကာယကံ ဝစီကံတို့ထက် ပို၍အားကောင်း၏။ အကုသိုလ် မနောကံသည် အကုသိုလ် ကာယကံ ဝစီကံတို့ထက် ပို၍အပြစ်ကြီး၏။

ဥပမာအားဖြင့် နိဂဏ္ဍဂိုဏ်းသားတစ်ယောက်သည် သည်းခြေရောဂါ ကြောင့် ရေအေးနှင့်သာတည့်၏။ သို့ရာတွင် နိဂဏ္ဍဂိုဏ်း၏ ကျင့်စဉ်၌ ရေအေးတွင် သက်ရှိသတ္တဝါများ ပါဝင်နေသောကြောင့် ရေအေးကို မသုံးဆောင်ကောင်းချေ။ ထိုနိဂဏ္ဍဂိုဏ်းသားသည် ရေအေး ကို မသောက်ရသည့်အတွက် သေလွန်သောအခါ ရေအေးကိုစွဲလမ်း မှုကြောင့် မနောသတ္တနတ် (စိတ်စွဲလန်းမှုကြောင့် ဖြစ်ရသောနတ်)မျိုး၌ ဖြစ်ရ၏။ ဤဥပမာ၌ မနောကံ၏အားကောင်းမှုသည် ထင်ရှား၏။

နိဂဏ္ဍဂိုဏ်း၏ဆရာနာဋပုတ္တသည် ပါဏာတိပါတ၊ အဒိန္နာ ဒါန၊ အဗြဟ္မစရိယ၊ မုသာဝါဒတို့မှ ရှောင်ကြဉ်၏။ မကောင်းမှုအားလုံး ကို တားမြစ်၏။ ထိုနာဋပုတ္တ ခရီးသွားသောအခါ သတ္တဝါငယ်ကလေး များကို နင်းမိ၍ သေကြေပျက်စီးကြသော်လည်း စေတနာ(မနောကံ) မပါသောကြောင့် အပြစ်မရှိချေ။ ထို့ကြောင့်မနောကံသည် ကာယကံ ထက် ပို၍အားကြီးကြောင်း ပေါ်လွင်၏။

ငါးကျိပ်သော ယောကျ်ားတို့သည် သန်လျက်တို့ကို စွဲကိုင်ပြီး နာဠန္ဒမြို့၌ ရှိသမျှ သတ္တဝါအားလုံးကို တစ်ခဏချင်း သတ်ဖြတ်၍ အသားပုံကြီးတစ်ခုဖြစ်အောင် မပြုလုပ်နိုင်သော်လည်း စိတ်တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန်းပုဏ္ဏားတစ်ယောက်သည် တစ်ကြိမ် စိတ်ဆိုးကာမျှဖြင့် နာဠန္ဒမြို့ကဲ့သို့သော မြို့ပေါင်းငါးဆယ်ကိုပင် အသားပုံကြီးတစ်ခုဖြစ်အောင် လုပ်နိုင်ရုံမျှမက ပြာကျသွားအောင် စွမ်းဆောင်နိုင်၏။ ထို့ကြောင့် မနောကံသည် ကာယကံထက် ပို၍ စွမ်းအားကြီးကြောင်း သိသာ၏။ ထို့အပြင် ရသေ့တို့၏ အမျက်ဒေါသ ကြောင့် ဒဏ္ဍကီတိုင်း၊ ကာလိင်္ဂတိုင်း၊ မဇ္ဈတိုင်း၊ မာတင်္ဂတိုင်းတို့ တောကြီးဖြစ်သွားရခြင်းကို ထောက်ဆ၍လည်း မနောကံ၏ စွမ်းအား ကြီးမားမှုသည် ထင်ရှားနေသည်။

## အချိန်ကာလအပေါ်တွင်အခြေခံ၍ အမည်ပေးထားသောကံများ

အချိန်ကာလအပေါ်တွင် အခြေခံ၍ ကံတရားကို အမည်ပေးရာ၌ (က) ယခုဘဝ ဒုတိယမြောက်ဘဝစသော အချိန်ကာလ (ခ) ပစ္စုပ္ပန်စသောအချိန်ကာလဟူ၍ အုပ်စု(၂)စု ခွဲနိုင်သည်ကို တွေ့ရသည်။

## ယခုဘဝ ဒုတိယမြောက်ဘဝစသော အချိန်ကာလအပေါ်တွင် အခြေခံ၍ အမည်ပေးထားသောကံများ

လွန်စွာရှည်လျားလှသော ဘဝသံသရာအတွင်း၌ ကျင်လည်နေကြရသောသတ္တဝါ အားလုံးသည် သံသရာမှမလွတ်မြောက်သေးသမျှ အချိန်အတွင်း၌ ကုသိုလ်ကံ အကုသိုလ်ကံနှစ်မျိုးအနက် တစ်မျိုးမျိုးကိုပြုလုပ်နေကြသည်။ ၎င်းတို့ပြုလုပ်ထားကြသော ကုသိုလ် အကုသိုလ်ကံမှန်သမျှတို့သည် အကျိုးပေးလိုသည့်ဘဝတို့၌ အကျိုးပေးကြသည်မဟုတ်ကုန်။ အကျိုးပေးခွင့်ရှိသောဘဝတို့၌သာ အကျိုးပေးကြရသည်။ အကျိုးပေးခွင့်ရှိသောဘဝတို့၌ အကျိုးပေးခွင့်မရခဲ့လျှင် အချည်းနှီး အလဟဿဖြစ်သော ကံများဖြစ်သွားကြသည်။

အကျိုးပေးရာ ဘဝအပေါ်တွင် အခြေခံ၍ ကံတရားကို အမည်ပေးသောအခါ

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ = ယခုဘဝတွင် အကျိုးပေးမည့်ကံ

၂။ ဥပပဇ္ဇဝေဒနီယကံ=နောက်ဘဝတွင် အကျိုးပေးမည့်ကံ

၃။ အပရာပရိယဝေဒနီယကံ = နောက်နောက်ဘဝတွင် အကျိုးပေးမည့်ကံ

၄။ အဟောသိကံ = အကျိုးပေးခွင့်မရသောကံ

ဟူ၍ လေးမျိုးရှိသည်ကို တွေ့ရသည်။

## ယခုဘဝတွင် အကျိုးပေးမည့်ကံ

ကံကိုပြုလုပ်သော ဘဝအတွင်း၌ပင် အကျိုးပေးသောကံသည် ယခုဘဝတွင် အကျိုးပေးမည့်ကံမည်၏။ ပါဠိလို "ဒိဋ္ဌဓမ္မဝေဒနီယကံ" ဟုခေါ်သည်။ ကုသိုလ်ကံကိုဖြစ်စေ, အကုသိုလ်ကံကိုဖြစ်စေ ကံ တစ်ခုခုကို ပြုလုပ်လျှင် ထိုကံကို ပြီးမြောက်အောင်မြင်စေမည့် ဇောစိတ်များသည် အကြိမ်များစွာ ဖြစ်ကြရသည်။ ထိုဇောစိတ် အကြိမ် များစွာတို့တွင် ပထမဦးဆုံးဖြစ်သည့် ဇောအကြိမ်ကို ပထမဇောစေတနာ ဟုခေါ်သည်။ ဤပထမဇောစေတနာကို ဒိဋ္ဌဓမ္မဝေဒနီယကံအရ ယူရမည်။

(မှတ်ချက် ။ ။ အဟုန်ပြင်းစွာ ပြေးသွားသောသူကဲ့သို့ စွန့်ကြဲပေးကမ်း လှူဒါန်းမှု, သူတစ်ပါးအသက်သတ်မှုစသော ထိုထို ကုသိုလ်, အကုသိုလ် အမှု ကိစ္စကို ပြီးမြောက်စေတတ်သောအားဖြင့် တစ်ကြိမ်သော်လည်းကောင်း၊ အကြိမ် များစွာသော်လည်းကောင်း အဟုန်ပြင်းစွာဖြစ်တတ်သောကြောင့် ဇောဟုခေါ်သည်။ ကုသိုလ်အလုပ်ကိုဖြစ်စေ၊ အကုသိုလ်အလုပ်ကိုဖြစ်စေ လုပ်ဆောင်ရာ၌ ပထမဇောမှစ၍ သတ္တမဇောတိုင်အောင်ပါဝင်သော ဇောစိတ်အကြိမ်တို့ အကြိမ်ပေါင်းများစွာ ပါဝင်သည်။)

ဤစေတနာကို အားကြီးသည်ထက်အားကြီးစေရန် အခြား သော စေတနာများ၏ ကူညီထောက်ပံ့မှုကို မရသောကြောင့် ဤပထမဇောစေတနာသည် ကံကိုပြုလုပ်ရာဘဝ၌သာ အကျိုးပေးနိုင် သည်။ သို့ရာတွင် အခါခပ်သိမ်း အကျိုးပေးနိုင်သည်မဟုတ်၊ အကြောင်း အထောက်အပံ့များစွာ ပြည့်စုံမှ အကျိုးပေးနိုင်သည်။

ဤကံသည် လွန်စွာအားနည်း၏။ ထို့ကြောင့် ကုသိုလ် ဒိဋ္ဌဓမ္မ ဝေဒနီယကံဖြစ်လျှင် ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့၏ နှောင့်ယှက်ဖျက်ဆီးခြင်းကို မခံရသောအခါ၌သော်လည်းကောင်း၊ အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်လျှင် ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်တရားတို့၏ နှောင့်ယှက်ဖျက်ဆီးခြင်းကို မခံရသောအခါ၌ သော်လည်းကောင်း၊ ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်လျှင် ဂတိသမ္ပတ္တိ၊

ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိဟူသော အကြောင်း အထောက်အပံ့အထူးများ ရှိသောအခါ၌သော်လည်းကောင်း၊ အကုသိုလ်ကံဖြစ်လျှင် ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ကာလဝိပတ္တိ၊ ပယောဂဝိပတ္တိဟူသော အကြောင်းအထောက်အပံ့အထူးများ ရှိသောအခါ၌သော်လည်းကောင်း ဤကံသည်အားကောင်းလာမည်။ ယင်းသို့ အားကောင်းလာသည်ရှိသော် ကံကိုပြုလုပ်သောဘဝ၌ပင် အကျိုးပေးနိုင်သည်။

ထို့အပြင် အမြင့်မြတ်ဆုံးဖြစ်သော ဘုရား ရဟန္တာ အစရှိသော ပုဂ္ဂိုလ်တို့၌ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကုသိုလ်ကံတို့ကို ပြုလုပ်လျှင်သော်လည်းကောင်း၊ အကုသိုလ်ကံတို့ကို ပြုလုပ်လျှင်သော်လည်းကောင်း ထိုပြုလုပ်သော ဘဝ၌ပင် အကျိုးပေးနိုင်သည်။

တရားဥပဒေနှင့်အညီ အလုပ်ကိုကြိုးကြိုးစားစား လုပ်ကိုင်ခြင်းကြောင်း စီးပွါးဥစ္စာ တိုးတက်ခြင်း၊ ရာထူးတက်ခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ သူတော်ကောင်းတို့၏ ချီးမွမ်းခြင်းကို ခံရခြင်းစသည်တို့ကို ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးများဟု ဆိုနိုင်သည်။

တရားဥပဒေနှင့် ဆန့်ကျင်သော မကောင်းမှုဒုစ္စရိုက် အမျိုးမျိုးကို ပြုလုပ်ခြင်းကြောင့် စီးပွါးဥစ္စာပျက်စီးခြင်း၊ အဖမ်းအဆီး အချုပ်အနှောင် ခံရခြင်း၊ ထောင်ဒဏ် ငွေဒဏ် အပြစ်ပေးခံရခြင်း၊ ရာထူးပြုတ်ခြင်း၊ လူအများ၏ ကဲ့ရဲ့မှုကို ခံရခြင်းစသည်တို့ကို အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးများဟု ဆိုနိုင်သည်။

ကုသိုလ်အကုသိုလ်အလုပ်တစ်ခု၌ ဒိဋ္ဌဓမ္မဝေဒနီယကံ များစွာဖြစ်ပွားပါသော်လည်း တစ်ခုသောဒိဋ္ဌဓမ္မဝေဒနီယကံသည်သာ အကျိုးပေးနိုင်ပြီး ကြွင်းသောဒိဋ္ဌဓမ္မဝေဒနီယကံတို့သည် အကျိုးမပေးနိုင်ကုန်။

ပုဏ္ဏအမည်ရှိသော သူဆင်းရဲယောကျာ်း၊ ဇနီးဖြစ်သူနှင့် သမီး ဥတ္တရာတို့သည် နိရောဓသမာပတ်မှ ထပြီးခါစဖြစ်သော အရှင်သာရိပုတ္တရာအား ရေ ဒန်ပူနှင့် ဆွမ်းတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းရသော ကောင်းမှုကုသိုလ်ကံတို့ကြောင့်

ထိုဘဝ၌ပင် စည်းစိမ်ဥစ္စာများစွာကိုပိုင်ဆိုင်ပြီး ဗဟုခနသူဌေးဟူသော အမည်ဖြင့် သူဌေးရာထူးကို ရရှိခဲ့ခြင်းသည် ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယ ကံ၏ အကျိုးပေးမှုပင်ဖြစ်သည်။

နန္ဒနွားသတ်သမားသည် နှစ်ပေါင်းငါးဆယ့်ငါးနှစ်တိုင်တိုင် နွားတို့ကို သတ်ဖြတ်ခဲ့၏။ ကုသိုလ်ကောင်းမှုကို မည်သည့်အခါမျှ ပြုလုပ်ခြင်းမရှိ။ အသားနှင့်ကင်း၍ အစာမစားတတ်။ တစ်နေ့တွင် အသားမရှိသောကြောင့် အသက်ရှင်နေသေးသော နွား၏လျှာကိုဖြတ်၍ ချက်ပြုတ်စားသောက်၏။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ထိုဘဝ ၌ပင် လျှာပြတ်ကျ၏။ ခံတွင်းမှ သွေးများယိုစီးလျှက် လေးဘက် ထောက်သွားကာ နွားကဲ့သို့ လှည့်လည်အော်မြည်နေရ၏။ ဤသို့ ဖြစ်ရခြင်းသည် အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးမှုပင် ဖြစ်သည်။

## နောက်ဘဝတွင် အကျိုးပေးမည့်ကံ

ကံကိုပြုလုပ်သောဘဝနှင့် ဒုတိယမြောက်ဘဝတို့၏ အဆက် အစပ်(ပဋိသန္ဓေ)၌လည်းကောင်း၊ ဒုတိယမြောက် ဘဝတစ်ခုလုံး၌ လည်းကောင်း အကျိုးပေးသောကံသည် နောက်ဘဝတွင် အကျိုးပေး မည့်ကံမည်၏။ ပါဠိလို "ဥပပဇ္ဇဝေဒနီယကံ"ဟုခေါ်သည်။ ကုသိုလ် ကံကို ပြုလုပ်ရာ၌လည်းကောင်း၊ အကုသိုလ်ကံကို ပြုလုပ်ရာ၌ လည်းကောင်း ဇောစိတ်များစွာဖြစ်ပေါ်ရာတွင် နောက်ဆုံးမှဖြစ်သည့် ဇောအကြိမ်သည် သတ္တမဇောစေတနာမည်၏။ ဤကံအရ ယင်းသတ္တမ ဇောစေတနာကို ယူရမည်။

ဤသတ္တမဇောစေတနာသည် ထိုကံကို ပြုလုပ်သောဘဝ သေဆုံးပြီးနောက် ဒုတိယမြောက်ဘဝအစ ပဋိသန္ဓေ အကျိုးကို လည်းကောင်း၊ ပဝတ္တိအကျိုးကိုလည်းကောင်း ပေးနိုင်၏။ သို့ရာတွင် ပဋိသန္ဓေ အကျိုးကိုပေးမှ ပဝတ္တိအကျိုးကိုလည်း ပေးနိုင်သည်။ ပဋိသန္ဓေအကျိုးကိုမပေးလျှင် ပဝတ္တိအကျိုးကိုလည်းမပေးနိုင်။

(မှတ်ချက်။ ။ တစ်ဘဝနှင့်တစ်ဘဝ ဆက်စပ်ပေးခြင်းကို ပဋိသန္ဓေဟုခေါ်၏။ လူ့ဘဝနှင့်တိရစ္ဆာန်ဘဝဆက်စပ်ပေး၍ တိရစ္ဆာန်ဖြစ်ရခြင်း၊ လူ့ဘဝနှင့် နတ်ဘဝဆက်စပ်ပေး၍ နတ်ဖြစ်ရခြင်းစသည်တို့ကို ပဋိသန္ဓေနေသည်ဟုခေါ်သည်။ ဤဘဝ၌ဖြစ်ခြင်း၊ ဆက်ကာဆက်ကာဖြစ်ခြင်းကို ပဝတ္တိဟုခေါ်၏။ ပဋိသန္ဓေနေပြီး နောက်ကာလမှ သေသည်အထိ ဆက်ကာဆက်ကာဖြစ်စဉ်သဘောပင် ဖြစ်သည်။)

ကုသိုလ်ကံအရာ၌ ရှစ်ပါးသောသမာပတ်စေတနာ၊ အကုသိုလ်ကံအရာ၌ ငါးပါးသောအာနန္တရိယကံတို့သည် ထင်ရှားသော ဥပပဇ္ဇဝေဒနီယကံများ ဖြစ်ကြသည်။

သမာပတ်ရှစ်ပါး(သို့မဟုတ်)ခုနစ်ပါးကို ရရှိသော ပုဂ္ဂိုလ်၏ တစ်ခုသောသမာပတ်စေတနာသည် ဗြဟ္မာ့ဘုံ၌ဖြစ်ရခြင်းတည်းဟူသော ပဋိသန္ဓေအကျိုးကိုလည်းကောင်း၊ ဗြဟ္မာ့ဘုံ၌ ချမ်းသာသုခအမျိုးမျိုးကို ခံစားရခြင်းတည်းဟူသော ပဝတ္တိအကျိုးကိုလည်းကောင်း ပေး၏။ ကြွင်းသောသမာပတ်စေတနာတို့သည် အကျိုးမပေးကြတော့ချေ။

ပဉ္စာနန္တရိယကံငါးပါးကို ကျူးလွန်သောပုဂ္ဂိုလ်၏တစ်ခုသော အာနန္တရိယကံသည် ငရဲဘုံ၌ဖြစ်ရခြင်းတည်းဟူသော ပဋိသန္ဓေအကျိုးကိုလည်းကောင်း၊ ငရဲဘုံ၌ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရခြင်းတည်းဟူသော ပဝတ္တိအကျိုးကိုလည်းကောင်းပေး၏။ ကြွင်းသောအာနန္တရိယကံတို့သည် အကျိုးမပေးတော့ချေ။

လူ့ဘဝနတ်ဘဝအစရှိသော မြင့်မြတ်သော ဘုံဘဝတို့၌ ဖြစ်ရခြင်း၊ ကိုယ်အင်္ဂါအစိတ် အပိုင်းများ ချို့ယွင်းချက်မရှိ ပြည့်ပြည့်စုံစုံပါရှိခြင်း၊ ရုပ်ရည်အဆင်း လှပခြင်း၊ မရှည်လွန်း မတိုလွန်းသော အရပ်အမောင်းရှိခြင်း စသည်တို့ကို ကုသိုလ်ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးများဟု ဆိုနိုင်သည်။

တိရစ္ဆာန်ဘဝ ပြိတ္တာဘဝအစရှိသော နိမ့်ကျသောဘုံဘဝတို့၌ ဖြစ်ရခြင်း၊ လူ့ဘဝ၌ ဖြစ်ရသော်လည်း ကိုယ်အင်္ဂါအစိတ်အပိုင်းများ

ပြည့်စုံမှုမရှိခြင်း၊ လက်ကောက်ခြင်း၊ ခြေခွင်ခြင်း၊ ခါးကုန်းခြင်း၊ ဆွံ့အခြင်း၊ အရပ်ရှည်လွန်းခြင်း၊ အရပ်ပုလွန်းခြင်း၊ ကြမ်းတမ်းပြီး ကြောက်မက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိခြင်း စသည်တို့ကို အကုသိုလ်ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးများဟု ဆိုနိုင်သည်။

ပါလိလေယျကဆင်မင်းသည် ဘုရားရှင် သီတင်းသုံးနေတော်မူရာဖြစ်သော ဘဒ္ဒသာလ အင်ကြင်းပင်ကြီးနှင့် ကျောင်းသခ်ၤန်းတို့၏ ပတ်ဝန်းကျင်၌ အမှိုက်သရိုက်များကို ရှင်းလင်းသုတ်သင်ခြင်း၊ ဘုရားရှင်၏ ဝေယျာဝစ္စ အမှုကြီးအမှုငယ် မှန်သမျှတို့ကို ပြုလုပ်ခြင်း၊ ဘုရားရှင်အား သောက်ရေသုံးဆောင်ရေတို့ကို လှူဒါန်းခြင်း၊ ဒန်ပူကို လှူဒါန်းခြင်း၊ အနံ့အရသာနှင့်ပြည့်စုံသော သစ်သီးကြီးငယ် အမျိုးမျိုးတို့ကို လှူဒါန်းခြင်းအစရှိသော ကုသိုလ်ကောင်းမှုအမျိုးမျိုးတို့ကို ပြုလုပ်ခဲ့၏။

ထိုကုသိုလ်ကောင်းမှုတို့ကြောင့် ထိုဘဝမှသေလွန်သောအခါ တိရစ္ဆာန်ဘဝနှင့် နတ်သားဘဝကို ဆက်စပ်ပေးခြင်းတည်းဟူသော ပဋိသန္ဓေအကျိုးကိုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တွင် ယူဇနာသုံးဆယ်အကျယ်အဝန်းရှိသော ရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင် ခြံရံလျက် ချမ်းသာသုခအမျိုးမျိုးကို ခံစားရခြင်းတည်းဟူသော ပဝတ္တိအကျိုးကိုလည်းကောင်း ရရှိခံစားခဲ့ရသည်။ ဤသည်မှာ ကုသိုလ်ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးမှုပင်ဖြစ်သည်။

မဏ္ဍာနှင့်တိဿာအမည်ရှိသော အမျိုးသမီးနှစ်ယောက်တို့သည် တစ်ခုသောဘဝ၌ ယောက်ျားတစ်ယောက်၏ ဇနီးများဖြစ်ခဲ့ကြသည်။ ထိုဘဝ၌ မဏ္ဍာသည် တိဿာကို ပြောစရာစောင်းမြောင်း မကောင်းသောစကားကို ဆိုခဲ့၏။ တိဿာ၏ ခန္ဓာကိုယ်ပေါ်သို့ မြေမှုန့်တို့ဖြင့် ကြဲချခဲ့၏။ တိဿာ၏အိပ်ရာပေါ်သို့ ခွေးလှေးသီးများ ကြဲချခဲ့၏။ တိဿာ၏ အဝတ်အထည်များကို ခိုးယူခဲ့၏။ တိဿာ၏ နံ့သာပန်း နံ့သာပျောင်းတို့ကို မစင်တွင်းထဲသို့ ပစ်ချခဲ့၏။ ပစ္စည်းဥစ္စာ

များစွာရှိပါလျက် ပေးကမ်းလှူဒါန်းခြင်းမရှိ။ နှမြောတွန့်တို၏။

ထိုအကုသိုလ်ကံတို့ကြောင့် ထိုဘဝမှသေလွန်သောအခါ လူ့ဘဝနှင့်ပြိတ္တာဘဝကို ဆက်စပ်ပေးခြင်းတည်းဟူသော ပဋိသန္ဓေအကျိုးကိုလည်းကောင်း၊ ပြိတ္တာဘဝ၌ မြေမှုန့်တို့ဖြင့် လိမ်းကျံထားသော ခန္ဓာကိုယ်ရှိခြင်း၊ ဝဲရောဂါဖြင့် နှိပ်စက်ခံရခြင်း၊ မကောင်းသောအနံ့ရှိခြင်း၊ ခန္ဓာကိုယ်၌ အဝတ်အထည်မရှိခြင်း၊ လွန်စွာကြုံလှီပြီး နံရိုးပြိုင်းပြိုင်းထွက်လျက် စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်ရှိခြင်း အစရှိသော ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရခြင်းတည်းဟူသော ပဝတ္တိအကျိုးကိုလည်းကောင်း ခံစားခဲ့ရခြင်းသည် အကုသိုလ်ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးမှုပင်ဖြစ်သည်။

## နောက်နောက်ဘဝတွင် အကျိုးပေးမည့်ကံ

ကံကိုပြုလုပ်သောဘဝမှ နောက်တတိယမြောက်ဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခါအခွင့်သင့်တိုင်း အကျိုးပေးသောကံသည် နောက်နောက်ဘဝတွင် အကျိုးပေးမည့်ကံမည်၏။ ပါဠိလို အပရာပရိယဝေဒနီယကံဟုခေါ်သည်။ ကံတစ်ခုကိုပြုလုပ်ရာ၌ဇောစိတ်များစွာဖြစ်ပေါ်ရာတွင် ပထမဦးဆုံးဖြစ်သည့်ဇောနှင့် နောက်ဆုံးမှဖြစ်သော ဇောတို့၏အကြား၌ ဖြစ်သောဇောများကို အလယ်ဇောစေတနာများဟုခေါ်၏။ ထိုအလယ်ဇောစေတနာများကို ဤကံအရယူရမည်။

ဤအပရာပရိယဝေဒနီယကံသည် ကံကိုပြုလုပ်သောဘဝမှ နောက်တတိယမြောက် ဘဝမှစ၍ နိဗ္ဗာန်သို့မရောက်မချင်း အခါအခွင့်သင့်တိုင်း ပဋိသန္ဓေအကျိုးကိုလည်း ပေးနိုင်၏။ ပဝတ္တိအကျိုးကိုလည်း ပေးနိုင်၏။ သတ္တဝါမှန်သမျှတို့၌ ဤကံသည်ရှိနေ၏။ ဤကံနှင့်ကင်းသော သတ္တဝါတို့မည်သည် မရှိနိုင်ကုန်။ နိဗ္ဗာန်သို့ ရောက်မှသာလျှင် ဤကံမှ ကင်းလွတ်၏။

ယခုဘဝ၌ စည်းစိမ်ဥစ္စာချမ်းသာကြွယ်ဝခြင်း၊ အသိဉာဏ်ပညာရှိခြင်း၊ အသက်ရှည်ခြင်း၊ အနာရောဂါ ကင်းရှင်းခြင်း၊ ရဲဝံ့ပြတ်သားခြင်း၊ သတိရှိခြင်းစသည်တို့သည် ကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးများဖြစ်နိုင်သည်။

ယခုဘဝ၌ စည်းစိမ်ဥစ္စာမရှိ ဆင်းရဲချို့တဲ့ခြင်း၊ အသိဉာဏ်ပညာမရှိခြင်း၊ အသက်တိုခြင်း၊ အနာရောဂါ ထူပြောခြင်း၊ သူရဲဘောကြောင်ခြင်း၊ မေ့လျော့တတ်ခြင်းစသည်တို့သည် အကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးများဖြစ်နိုင်သည်။

ခုဇ္ဇုတ္တရာသည် အဆူဆူသော ဘုရားရှင်တို့၏ ကြားကာလများစွာတို့၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ဆင်စွယ်လက်ကောက်ကို ပေးလှူခဲ့ရသော ကုသိုလ်ကံကြောင့် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ပညာရှိကြီး ဖြစ်ရခြင်းသည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ခစားလုပ်ကျွေးခဲ့ဖူးသော ကုသိုလ်ကံကြောင့် သောတာပတ္တိဖိုလ်ကို အလွယ်တကူ ရရှိခဲ့ခြင်းသည်လည်းကောင်း ကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးပေးမှုများဖြစ်ကြသည်။

သာမာဝတီနှင့်ခုဇ္ဇုတ္တရာအပါအဝင် အမျိုးသမီးငါးရာတို့သည် တစ်စုံတစ်ခုသော ရှေးဘဝ၌ ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်၏ အလုပ်အကျွေးများဖြစ်ကုန်၏။ ၎င်းတို့သည် ထိုဘဝ၌ ဈာန်သမာပတ်ဝင်စားနေသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးအား မီးဖြင့်ရှို့ခဲ့ဖူးကုန်၏။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ အနှစ်တစ်သိန်းခံခဲ့ရ၏။ ဂေါတမဘုရားရှင်လက်ထက် သာမာဝတီ မိဖုရားဘဝ၌ ၎င်းတို့အားလုံးကို မာဂဏ္ဍီမိဖုရားက မီးဖြင့်ရှို့သတ်ခဲ့၏။ ဤသည်မှာ အကုသိုလ်အပရာပရိယဝေဒနီယကံ၏ အကျိုးပေးခြင်းပင်ဖြစ်သည်။

## အကျိုးပေးခွင့်မရသောကံ

ကံကိုပြုလုပ်သော ဘဝ၌လည်း အကျိုးမပေး၊ ကံကို ပြုလုပ်သောဘဝမှနောက် ဒုတိယမြောက်ဘဝ၌လည်း အကျိုးမပေး၊ ကံကိုပြုလုပ်သော ဘဝမှနောက် တတိမြောက်ဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်လည်း အကျိုးမပေးသောကံကို အဟောသိကံဟု ခေါ်သည်။ ကုသိုလ်အကုသိုလ်ကံတို့ ပြုလုပ်ခဲ့သော်လည်း မည်သည့် အချိန်ကာလတွင်မှ အကျိုးမပေးတော့သော ကံတို့ကိုဆိုလိုသည်။

ဤအဟောသိကံအရ ကံကိုပြုလုပ်သောဘဝ၌ အကျိုးပေးခွင့် မရသော ပထမဇောစေတနာကိုလည်းကောင်း၊ ကံကို ပြုလုပ်သော ဘဝမှနောက် ဒုတိယမြောက်ဘဝ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ပေးခွင့်မရသော သတ္တမဇောစေတနာကိုလည်းကောင်း၊ ကံကိုပြုလုပ် သော ဘဝမှနောက် တတိယမြောက်ဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးခွင့်မရသော အလယ်ဇောစေတနာတို့ကို လည်းကောင်း ယူရမည်။ ထို့အပြင် အာနန္တရိယကံငါးပါးကို ကျူးလွန် ရာ၌ အစွမ်းသတ္တိအထက်ဆုံး အပြစ်အကြီးဆုံး ကံသည်သာ အကျိုး ပေးပြီး ကြွင်းသောအာနန္တရိယကံတို့သည် အကျိုးမပေးနိုင်တော့ သောကြောင့် ကြွင်းသောအာနန္တရိယကံတို့ကိုလည်းကောင်း၊ သမာပတ် ခုနစ်ပါး (သို့မဟုတ်) ရှစ်ပါးကို ရငြားသော်လည်း အဆင့်အမြင့်ဆုံး သမာပတ်(သို့မဟုတ်) မိမိအလိုဆန္ဒရှိသော သမာပတ်စေတနာတစ်ခု သာလျှင် အကျိုးပေးပြီး ကြွင်းသောသမာပတ်တို့သည် အကျိုးမပေးနိုင် တော့သောကြောင့် ကြွင်းသောသမာပတ်တို့ကိုလည်းကောင်း ယူနိုင် သည်။

ဥဂ္ဂသူဌေးသည် "မိမိနှစ်သက်အပ် မြတ်နိုးအပ်သော အရာကို လှူဒါန်းသောသူသည် မိမိနှစ်သက်မြတ်နိုးသော အကျိုးကိုရ၏ဟူ၍ ဘုရားရှင်သည် ဟောကြားတော်မူခဲ့သည်ကို ကြားနာဖူးလေပြီ" ဟု စဉ်းစားမိသောကြောင့် သူအနှစ်သက်ဆုံးသောဖြစ်သော အင်ကြင်းပွင့်

အဆင်းရှိသော ခဲဖွယ်၊ ဆီးသီးဖြင့်စီမံထားသော ဝက်သားဟင်း၊ ကန်စွန်းရွက်ဆီပြန်ကြော်၊ သလေးဆွမ်း၊ ကာသိတိုင်း၌ဖြစ်သောအဝတ်၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ပန်းပြောက်ချယ်ထားသော သားမွေးအခင်း၊ ဝံပိုင့်ရေအခင်း၊ နီသောမျက်နှာကျက်နှင့် အုံးနီနှစ်ဖက်ရှိသည့်နေရာတို့ကို လှူဒါန်းခဲ့၏။ ထိုဘဝမှ သေလွန်သောအခါ ဗြဟ္မာ့ပြည်၌ ဥဂ္ဂဗြဟ္မာဖြစ်သွားပြီး အရဟတ္တဖိုလ်သို့ရောက်ရှိကာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသောကြောင့် ၎င်းပြုလုပ်ထားသော ကုသိုလ်ကောင်းမှုတို့သည် အကျိုးပေးခွင့်မရတော့ဘဲ အဟောသိကံ ဖြစ်သွားကြရသည်။

အင်္ဂုလိမာလသည် လူပေါင်းတစ်ထောင်ကျော်ကို သတ်ဖြတ်ပြီး လက်ညှိုးများကို ဖြတ်ယူခဲ့၏။ ၎င်း၏မိခင်ကိုပင် သတ်ဖြတ်ရန် ရည်ရွယ်၍ ဓားဖြင့်လိုက်ခဲ့၏။ မြတ်စွာဘုရားရှင်နှင့်တွေ့ရှိပြီး တရားတော်ကို နာယူကာ ကျင့်ကြံအားထုတ်ခဲ့သောကြောင့် ထိုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရှိကာ နိဗ္ဗာန်ကိုမျက်မှောက်ပြုသွား၏။ ထို့ကြောင့် သူပြုခဲ့သော အကုသိုလ်ကံများသည် အကျိုးပေးခွင့်မရတော့ပဲ အဟောသိကံ ဖြစ်သွားကြရသည်။

ဒေဝဒတ်သည် သံဃဘေဒကကံ၊ လောဟိတုပ္ပါဒကကံ ဟူသောအာနန္တရိယကံနှစ်ပါးကို ကျူးလွန်ခဲ့၏။ ထိုကံနှစ်ပါးတို့တွင် ပို၍အစွမ်းထက်သော သံဃဘေဒကအာနန္တရိယကံကြောင့် အဝီစိငရဲသို့ ကျရောက်သွား၏။ ကြွင်းသော လောဟိတုပ္ပါဒကအာနန္တရိယကံသည် အကျိုးပေးခွင့်မရတော့ဘဲ အဟောသိကံဖြစ်သွား၏။

သတ္တဝါတို့သည် မိမိတို့ပြုလုပ်သမျှသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးတို့ကို မလွဲမသွေ ခံစားရမည်ဟူ၍ လည်းကောင်း၊ ထိုကံတို့၏ အကျိုးများကို မည်သည့်နည်းနှင့်မျှ ပိတ်ပင်တားဆီး၍မရဟူ၍လည်းကောင်း ယူဆကြလျှင် အရိယာမဂ်တည်းဟူသော မြတ်သောအကျင့်ကို သတ္တဝါအားလုံးတို့သည် ကျင့်သုံးကြ

တော့မည် မဟုတ်ကုန်။ အကြောင်းမှာ အရိယာမဂ်သည် ကုသိုလ် အကုသိုလ်ကံတို့ကို ကုန်ခန်းစေတတ်သောကြောင့်ဖြစ်သည်။

သတ္တဝါတို့ ပြုလုပ်ခဲ့သောကံတို့တွင် အချို့သောကံသည် မျက်မှောက်ဘဝ၌ ချက်ချင်းလက်ငင်း အကျိုးပေးနိုင်ဟူ၍ လည်းကောင်း၊ အချို့သောကံသည် ဒုတိယမြောက်ဘဝ၌ အကျိုးပေး လိမ့်မည်ဟူ၍လည်းကောင်း၊ အချို့သောကံသည် တတိယမြောက်ဘဝ မှ အစပြု၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးလိမ့်မည် ဟူ၍လည်းကောင်း၊ အချို့သောကံသည် အကြောင်းချို့ယွင်းသော ကြောင့် မည်သည့်အခါမှ အကျိုးပေးခြင်းရှိလိမ့်မည်မဟုတ်ဟူ၍ လည်းကောင်း ယူဆကြမှသာ ကုသိုလ်အကုသိုလ်ကံတို့ကို ကုန်ခန်း စေတတ်သော အရိယာမဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံး ကြပေမည်။

## အကျိုးတရားဖြစ်ပေါ်ခြင်း အကြောင်းများ

စေတနာပါဝင်သောကြောင့် ကမ္မပထမြောက်သော ကံတရား တို့သည် အကျိုးတရား ဖြစ်ထွန်းလာရန်–

၁။ စေတနာသမင်္ဂီတာ = စေ့ဆော်ပြုလုပ်မှုနှင့်ပြည့်စုံခြင်း (စေတနာပါဝင်ခြင်း)

၂။ ကမ္မသမင်္ဂီတာ = စေတနာ၏ အမှုအရာ အစွမ်းသတ္တိ ထူးနှင့် ပြည့်စုံခြင်း

၃။ ဥပဋ္ဌာနသမင်္ဂီတာ = ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုး ထင်မြင်မှုနှင့် ပြည့်စုံခြင်း

၄။ ဝိပါကသမင်္ဂီတာ = အကျိုးဝိပါက်နှင့် ပြည့်စုံခြင်း

ဟူ၍ အဆင့်(၄)ဆင့်ရှိသည်။

ကမ္မပထမြောက်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို

ပြုလုပ်သောအခါ ထိုအမှုကိစ္စတို့ကို အောင်မြင်ထမြောက် ပြီးစီးစေတတ်သော ကုသိုလ်အကုသိုလ်စေတနာတို့သည် ဖြစ်ပေါ်လာကြသည်။ ထိုစေတနာတို့သည် ခဏပစ္စုပ္ပန်အနေအားဖြင့် တစ်ခဏမျှတည်ရှိပြီးနောက် ချုပ်ပျောက်သွားကြ၏။ မချုပ်ပျောက်မီ ခဏပစ္စုပ္ပန်အနေအားဖြင့် တစ်ခဏမျှ တည်ရှိနေခိုက်သည် စေတနာသမင်္ဂီတာမည်၏။

ကုသိုလ်အကုသိုလ်စေတနာတို့သည် ခဏပစ္စုပ္ပန်အနေအားဖြင့် တစ်ခဏမျှ တည်ရှိပြီးနောက် ချုပ်ပျောက်သွားကြသောအခါ အချိန်အခါ အခွင့်အလမ်းတို့နှင့် ကြုံကြိုက်လျှင် အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော အမှုအရာစွမ်းရည် သတ္တိအထူးကို ချန်ရစ်ခဲ့ကြသည်။ ထိုစေတနာ၏ အမှုအရာစွမ်းရည်သတ္တိအထူးသည် အဟောသိကံ မဖြစ်သေးသမျှ ကာလပတ်လုံး သတ္တဝါတို့စိတ်သန္တာန်အစဉ်၌ ကိန်းဝပ်လိုက်ပါနေသည်။ ထိုသို့ကိန်းဝပ်လိုက်ပါနေသော စေတနာ၏ အမှုအရာစွမ်းရည်သတ္တိအထူးသည် ကမ္မသမင်္ဂီတာမည်၏။

သတ္တဝါတို့၏ စိတ်သန္တာန်၌ ကိန်းဝပ်လိုက်ပါနေသော စေတနာ၏ အမှုအရာစွမ်းရည်သတ္တိအထူးသည် အကျိုးပေးချိန်ရောက်၍ အကျိုးပေးခွင့်ကြုံသောအခါ သက်ဆိုင်ရာဒွါရတို့၌ ပြုလုပ်ခဲ့သော ရင့်ကျက်လတ္တံ့ဖြစ်သော ဒါနမှု သီလမှု ပါဏာတိပါတမှု စသည်တို့အလျောက် အလှူကိုပေးလှူသကဲ့သို့လည်းကောင်း၊ သီလကို စောင့်ထိန်းသကဲ့သို့လည်းကောင်း၊ သူတစ်ပါးအသက်ကို သတ်ဖြတ်သကဲ့သို့လည်းကောင်း ထင်မြင်လာနိုင်၏။

သို့မဟုတ် အကျိုးပေးလတ္တံ့ ဖြစ်သောကံကို ပြုလုပ်စဉ်က ထိုကံထမြောက်အောင်မြင်ကြောင်း ဝတ္ထုပစ္စည်းဖြစ်သော လှူဘွယ်ဝတ္ထုအစရှိသော အာရုံ၊ ဓားလက်နက် အစရှိသော အာရုံတို့နှင့် အခြားသောအာရုံတို့သည် လက်အတွင်းသို့ ရောက်လာဘိသကဲ့သို့ ထင်မြင်လာခြင်းတည်းဟူသော ကမ္မနိမိတ်သည် ထင်မြင်လာနိုင်၏။

သို့မဟုတ် အကျိုးပေးလတ္တံ့ဖြစ်သော ကံ၏အကျိုးတရားဖြစ်သော နတ်ဗိမာန်အစရှိသော အာရုံများ၊ ငရဲမီးလျှံ အစရှိသော အာရုံများ ဖြစ်လတ္တံ့ ဆဲဆဲဖြစ်သောဘဝ၌ ရလတ္တံ့ဖြစ်သော အာရုံများနှင့် ခံစားလတ္တံ့ဖြစ်သော အာရုံများ ထင်မြင်လာခြင်းတည်းဟူသော ဂတိနိမိတ်သည် ထင်မြင်လာနိုင်၏။ ထိုသုံးမျိုးတို့တွင် တစ်မျိုးမျိုးနှင့် ထင်မြင်လာခြင်းသည် ဥပဋ္ဌာနသမင်္ဂီတာမည်၏။

သေခါနီးအချိန်၌ ထင်မြင်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့ အားလျော်စွာ လူ့ပြည် နတ်ပြည် ငရဲပြည် အစရှိသော ထိုက်သင့်ရာဘဝတစ်ခုခု၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ ဖြစ်ပေါ်လာကုန်၏။ ထိုသို့ အကျိုးတရားများ ဖြစ်ပေါ်လာမှုသည် ဝိပါကသမင်္ဂီတာမည်၏။

ဤကဲ့သို့ အဆင့်(၄)ဆင့် သတ်မှတ်ခြင်းသည် အနာဂတ်ဘဝတို့ကို ရည်ညွှန်းချက်ပါဝင်သောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် သက်ဆိုင်ခြင်းမရှိပေ။ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယ ဝေဒနီယကံတို့နှင့်သာ သက်ဆိုင်သည်။ အထူးသဖြင့် ဥပဋ္ဌာနသမင်္ဂီတာသည် ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံတို့ကိုသာ ရည်ညွှန်းနေသည်။ ကျန်အချက်(၃)မျိုးအလိုအရမူ ဒိဋ္ဌဓမ္မဝေဒနီယကံနှင့်လည်း သက်ဆိုင်နိုင်သည်။

## ပစ္စုပ္ပန်စသော အချိန်ကာလအပေါ်တွင်အခြေခံ၍ အမည်ပေးထားသောကံများ

သတ္တဝါတို့သည် ဘဝများစွာ သံသရာခရီးကို ဖြတ်ကျော်ခဲ့ရသည်။ ထို့ကြောင့် သတ္တဝါတိုင်း၌ အတိတ် ပစ္စုပ္ပန် အနာဂတ်ဟု ဆိုအပ်သော ကာလသုံးမျိုးရှိခဲ့ကြသည်။ ထိုကာလသုံးပါးတို့အပေါ်တွင် အခြေခံ၍ ကံတရားကို အမည်ပေးသောအခါ (၁) အတိတ်ကံ(၆)မျိုး (၂) ပစ္စုပ္ပန်ကံ (၄) မျိုး (၃) အနာဂတ်ကံ (၂) မျိုးဟူ၍ (၁၂)မျိုး ရှိသည်ကို တွေ့ရှိရသည်။

## အတိတ်ကံ (၆) မျိုး

၁။ အတိတ်ဘဝတို့၌ပြုအပ်ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကံ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံတို့သည် မိမိတို့၏အကျိုးပေးချိန်အားလျော်စွာ အတိတ်ဘဝတို့၌ပင် အကျိုးပေးခဲ့ကြ၏။ ထိုကံမျိုးကို "ကံကိုပြုလုပ်ခဲ့ပြီးဖြစ်၍ ကံ၏အကျိုးလည်းပေးခဲ့ပြီးသော အတိတ်ကံ" ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် ဘဝများစွာကို ဖြတ်ကျော်ခဲ့ရသောကြောင့် ပစ္စုပ္ပန်ဘဝ၏ အတိတ်ကာလ၌ ဘဝများစွာရှိခဲ့သည်မှာ ယုံမှားစရာမရှိပေ။ ထိုအတိတ်ဘဝ များစွာတို့တွင်လည်း ကံပေါင်းများစွာကို ပြုလုပ်ခဲ့ပေမည်။ ထိုပြုလုပ်ခဲ့သော ကံများစွာတို့တွင် ပြုလုပ်ခဲ့သောဘဝမှာပင် အကျိုးပေးမည့်ကံသည် ပြုလုပ်ခဲ့သောဘဝမှာပင် အကျိုးပေးပြီးခဲ့ခြင်းကိုလည်းကောင်း၊ ပြုလုပ်ခဲ့သောဘဝ၏နောက် ဒုတိယမြောက်ဘဝ၌ အကျိုးပေးမည့်ကံသည် ထိုဒုတိယမြောက်ဘဝ၌ အကျိုးပေးခဲ့ခြင်းကိုလည်းကောင်း၊ ပြုလုပ်ခဲ့သောဘဝ၏နောက် တတိယမြောက်ဘဝမှစ၍ ယခုပစ္စုပ္ပန်ဘဝ၏ ရှေ့ဘဝအထိ အကျိုးပေးမည့်ကံသည် ထိုတတိယမြောက် ဘဝမှစ၍ ပစ္စုပ္ပန်ဘဝ၏ ရှေ့ဘဝအထိ အကျိုးပေးခဲ့ခြင်းကိုလည်းကောင်း ကံကိုပြုလုပ်ခဲ့ပြီးဖြစ်၍ ကံ၏အကျိုးလည်း ပေးခဲ့ပြီးသော အတိတ်ကံဟုခေါ်ဆိုရမည်။

၂။ အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့ပြီးသော ကံတို့သည် အကြောင်းချို့တဲ့သောကြောင့်သော်လည်းကောင်း၊ အတိတ်ဘဝတို့၌ပင် ပရိနိဗ္ဗာန်ပြုသွားသောကြောင့်သော်လည်းကောင်း၊ အတိတ်ဘဝတို့၌ အကျိုးမပေးခဲ့ရကုန်။ ထိုကံမျိုးကို "ကံကို ပြုလုပ်ခဲ့ပြီးသော်လည်း ကံ၏အကျိုးသည် မပေးခဲ့ရသေးသော အတိတ်ကံ" ဟုခေါ်၏။

အတိတ်ဘဝတစ်ခု၌ ဒိဋ္ဌဓမ္မဝေဒနီယကံများစွာကို ပြုလုပ်ခဲ့ပါသော်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံ တစ်ခုကသာလျှင် ထိုကံကို ပြုလုပ်သောဘဝ၌ အကျိုးပေး၏။ ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံ

တို့သည် အကျိုးမပေးကုန်။ ထိုကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့ကို လည်းကောင်း၊ အတိတ်ဘဝတစ်ခု၌ ဥပပဇ္ဇဝေဒနီယကံများစွာကို ပြုလုပ်ခဲ့ပါသော်လည်း တစ်ခုသော ဥပပဇ္ဇဝေဒနီယကံသည်သာလျှင် ထိုကံကို ပြုလုပ်သောဘဝမှနောက် ဒုတိယမြောက်ဘဝ၌ အကျိုးပေး၏။ ကြွင်းသောကံတို့သည် အကျိုးမပေးကုန်။ ထိုကြွင်းသော ကံတို့ကိုလည်းကောင်း၊ အတိတ်ဘဝတစ်ခု၌ ဒိဋ္ဌဓမ္မဝေဒနီယကံ အပရာပရိယဝေဒနီယကံတို့ကို ပြုလုပ်ခဲ့၏။ ထိုကံတို့ အကျိုးပေးချိန် မရောက်မီ အရဟတ္တဖိုလ်ကိုရရှိပြီး နိဗ္ဗာန်သို့မျက်မှောက်ပြုသွားသောကြောင့် အကျိုးပေးခွင့်မရ။ ထိုကဲ့သို့ အကျိုးပေးခွင့်မရသောကံတို့ကိုလည်းကောင်း၊ အတိတ်ဘဝတစ်ခု၌ အာနန္တရိယကံ များစွာကို ပြုလုပ်ခဲ့ပါသော်လည်း အားအကြီးဆုံးဖြစ်သော အာနန္တရိယကံတစ်ခုကသာလျှင် ထိုကံကို ပြုလုပ်ခဲ့သောဘဝမှနောက် ဒုတိယမြောက်ဘဝ၌ အကျိုးပေး၏။ ကြွင်းသော အာနန္တရိယကံတို့သည် အကျိုးမပေးကုန်။ ထိုကြွင်းသော အာနန္တရိယကံတို့ကိုလည်းကောင်း၊ သမာပတ်ရှစ်ပါးကို ရခဲ့ငြားသော်လည်း သမာပတ်စေတနာတစ်ခုသာလျှင် ဗြဟ္မာ့ဘုံ၌ ဖြစ်ခြင်းဟူသောအကျိုးကိုပေး၏။ ကြွင်းသောသမာပတ်စေတနာ တို့သည် အကျိုးမပေးကုန်။ ထိုကြွင်းသော သမာပတ်စေတနာတို့ကို လည်းကောင်း ဤကံအရ ယူရမည်။

၃။ အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့ပြီးသောကံတို့သည် အတိတ်ဘဝတို့၌ အကျိုးမပေးခဲ့မူ၍ ယခုလက်ရှိဘဝ၌ အကြောင်းပြည့်စုံသဖြင့် အကျိုးပေးဆဲ ဖြစ်ကုန်၏။ ထိုကံမျိုးကို "ကံကို ပြုလုပ်ပြီးသော်လည်း ကံ၏အကျိုးသည် ပေးဆဲဖြစ်သော အတိတ်ကံ"ဟုခေါ်၏။

ဤကံအရ ယခုလက်ရှိ ဘဝမှရှေ့ဘဝ၌ ပြုလုပ်ခဲ့ပြီးသော ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယမြောက်ဘဝဖြစ်သော ယခုလက်ရှိ ဘဝ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကိုပေး၏။ ထိုကံမျိုးကို လည်းကောင်း၊ အတိတ်ဘဝများစွာတို့၌ ပြုလုပ်ခဲ့ပြီးသော အပရာပရိယ

ဝေဒနီယကံတို့သည် အကြောင်းညီညွတ်သဖြင့် ယခုဘဝ၌ အကျိုးပေးဆဲဖြစ်၏။ ထိုကံမျိုးကိုလည်းကောင်း ယူရမည်။

၄။ အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့ပြီးသော ကံတို့သည် အတိတ်ဘဝတို့၌လည်းကောင်း၊ ယခုလက်ရှိဘဝ၌လည်းကောင်း အကျိုးပေးခွင့်ကို မရသောကြောင့် အဟောသိကံဖြစ်သွားလျှင်သော်လည်းကောင်း၊ အဟောသိကံမဖြစ်သော်လည်း ယခုလက်ရှိဘဝ၌ ထိုကံတို့ အကျိုးမပေးမီ ပရိနိဗ္ဗာန်ပြုသွားလျှင်သော်လည်းကောင်း အကျိုးမပေးနိုင်ကုန်။ ထိုကံမျိုးကို "ကံကိုပြုလုပ်ပြီးသော်လည်း ကံ၏အကျိုးသည် ပေးဆဲမဟုတ်သော အတိတ်ကံ"ဟုခေါ်၏။

၅။ အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့ပြီးသော၊ ကေန်မုချ အကျိုးပေးမည်ဖြစ်ပြီး အကျိုးမပေးသေးသောကံတို့သည် အနာဂတ်ဘဝတို့၌ အကြောင်းညီညွတ်လျှင် အကျိုးပေးကြလိမ့်မည်ဖြစ်၏။ ထိုကံမျိုးကို "ကံကိုပြုလုပ်ပြီး၍ ကံ၏အကျိုး ပေးလိမ့်မည်ဖြစ်သော ကံ"ဟု ခေါ်၏။

ယခုလက်ရှိဘဝ၏ ရှေ့ဘဝ၌ ပြုလုပ်ခဲ့သော အပရာပရိယဝေဒနီယကံတို့သည် ဒုတိယမြောက်ဘဝဖြစ်သော ယခုလက်ရှိ ဘဝမှနောက် တတိယမြောက်ဘဝဖြစ်သော အနာဂတ်ဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးလိမ့်မည်။ ထိုကံမျိုးကို ဆိုလိုခြင်းဖြစ်သည်။

၆။ အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့ပြီးသောကံတို့သည် အကျိုးပေးမည့် ကာလလွန်သွားသောကြောင့်သော်လည်းကောင်း၊ အနာဂတ်ဘဝတို့၌ အကျိုးမပေးမီ ပရိနိဗ္ဗာန်ပြုလိမ့်မည် ဖြစ်သောကြောင့်သော်လည်းကောင်း အနာဂတ်ဘဝတို့၌ အကျိုးပေးလိမ့်မည်မဟုတ်ကုန်။ ထိုကံမျိုးကို "ကံကိုပြုလုပ်ပြီးသော်လည်း ကံ၏အကျိုး ပေးလိမ့်မည်မဟုတ်သော အတိတ်ကံ"ဟုခေါ်၏။

ဤကံအရ အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့သော ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံတို့ကိုလည်းကောင်း၊ နောင်ဘဝတို့၌ ပရိနိဗ္ဗာန်ပြုလိမ့်မည်ဖြစ်သောကြောင့် အကျိုးပေးခွင့်မရတော့သော အပရာပရိယဝေဒနီယကံတို့ကိုလည်းကောင်း ယူရမည်။

ဤခြောက်မျိုးတို့သည် အတိတ်ကံများဖြစ်ကြသည်။ အတိတ်ဘဝကပြုခဲ့သော သုစရိုက်ကံ ဒုစ္စရိုက်ကံများကြောင့် ကောင်းမွန်မြင့်မြတ်သော သုဂတိဘုံဘဝ၊ ဆင်းရဲနိမ့်ကျသော ဒုဂ္ဂတိဘုံဘဝတို့၌ ပဋိသန္ဓေလေးမျိုးတို့တွင် တမျိုးမျိုးသောပဋိသန္ဓေဖြင့် ပဋိသန္ဓေတည်နေရခြင်းသည်လည်းကောင်း၊ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝတို့တွင်လည်း မြင့်မြတ်သော အမျိုး၊ ယုတ်ညံ့သောအမျိုးတို့၌ ဖြစ်ရခြင်းသည်လည်းကောင်း၊ ပဋိသန္ဓေတည်နေသောအခါမှစ၍ မျက်စိ၊ နားစသည်တို့ ပြည့်စုံခြင်း၊ ချွတ်ယွင်းခြင်းတို့သည်လည်းကောင်း၊ ပဋိသန္ဓေဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ ချွတ်ယွင်းခြင်းတို့သည်လည်းကောင်း၊ လက်ခြေစသော အင်္ဂါကြီးငယ် ခန္ဓာကိုယ်အနေအထား တင့်တယ်မှု၊ မတင့်တယ်မှု၊ ပြည့်စုံမှု၊ ချွတ်ယွင်းမှုစသည်တို့သည်လည်းကောင်း ဖြစ်ပေါ်လာရသည်။

အတိတ်ကံကြောင့် ဖြစ်ပေါ်လာရသော ထိုအကျိုးတရားများကို ပစ္စုပ္ပန်ကံဖြင့် တားမြစ်၍လည်းမရ။ ပြီးစီးဖြစ်ပေါ်လာအောင်လည်း လုပ်၍မရပေ။ ပစ္စုပ္ပန်၌ အတိတ်ကံကြောင့် သုဂတိဘုံဘဝတို့၌ ဖြစ်ကြရသော သတ္တဝါတို့ကို ဉာဏ်စွမ်း ဝီရိယစွမ်း ပစ္စုပ္ပန်ကံစွမ်းတို့ဖြင့် ဒုဂ္ဂတိဘုံဘဝတို့သို့ရောက်အောင် မလုပ်နိုင်ကုန်။ ပစ္စုပ္ပန်၌ အတိတ်ကံကြောင့် ဒုဂ္ဂတိဘုံဘဝတို့၌ ဖြစ်ကြရသော သတ္တဝါတို့ကို ပစ္စုပ္ပန်ကံတို့ဖြင့် သုဂတိဘုံဘဝတို့သို့ရောက်အောင် မလုပ်နိုင်ကုန်။ အတိတ်ကံကြောင့် ပဋိသန္ဓေတည်နေစဉ်အခါ၌ မျက်စိ နားစသည် ချို့တဲ့သော သူတို့အား ပစ္စုပ္ပန်၌ မျက်စိ နားစသည်တို့ ဖြစ်ပေါ်လာရန်သော်လည်းကောင်း၊ အတိတ်ကံကြောင့် ဖြစ်ပေါ်လာရသော မျက်စိ နားစသည်တို့သည် ပစ္စုပ္ပန်၌ တစ်စုံတစ်ခုသောဘေးအန္တရာယ်ကြောင့်

လုံးဝပျက်စီးသွားသောသူတို့အား ပစ္စုပ္ပန်ဘဝ၌ပင် မျက်စိ နားစသည်တို့ ပြန်လည်ကောင်းမွန်လာစေရန်သော်လည်းကောင်း တစ်စုံတစ်ယောက်သော လူနတ်ဗြဟ္မာတို့သည်လည်းကောင်း၊ ဖန်ဆင်းရှင် တန်ခိုးရှင်တို့သည်လည်းကောင်း ဉာဏ်ပညာစွမ်း ဝီရိယအစွမ်း တန်ခိုးအစွမ်းတို့ဖြင့် မလုပ်နိုင်ကုန်။

အတိတ်ကံ အလွန်ကြီးမားသောကြောင့် ပစ္စုပ္ပန်ဘဝ၌ရာထူးအာဏာ စည်းစိမ်ဥစ္စာ ကြီးမားများပြားသော မင်းမျိုး သူဌေးမျိုးတို့၌ ဖြစ်ကြရသောသူတို့သည် ကြီးပွားတိုးတက်စေနိုင်သော ပစ္စုပ္ပန်ကံတို့ကို ကြိုးစားအားထုတ် ပြုလုပ်ကြလျှင် ရရှိထားပြီးဖြစ်သော ရာထူးအာဏာ စည်းစိမ်ဥစ္စာတို့သည် မြင့်မားနိုင်ကုန်၏။ တိုးတက်နိုင်ကုန်၏။ များပြားနိုင်ကုန်၏။ ရရှိထားပြီးဖြစ်သော ရာထူးအာဏာ စည်းစိမ်ဥစ္စာတို့ တည်တံ့ခိုင်မြဲ နိုင်ရုံမျှသာဖြစ်သော ပစ္စုပ္ပန်ကံတို့ကို ပြုလုပ်ကြလျှင် ထိုရာထူးအာဏာ စည်းစိမ်ဥစ္စာတို့သည် တိုးတက်မှု၊ ကြီးပွားမှုလည်း မရှိနိုင်ကုန်။ ဆုတ်ယုတ်မှု၊ နည်းပါးမှုလည်း မဖြစ်နိုင်ကုန်။ အရှိအတိုင်းသာ တည်တံ့နိုင်ကုန်၏။ ရရှိထားပြီးဖြစ်သော ရာထူးအာဏာ စည်းစိမ်ဥစ္စာတို့ ဆုတ်ယုတ်သွားစေနိုင်သော ပစ္စုပ္ပန်ကံတို့ကိုပြုလုပ်ကြလျှင် ထိုရာထူးအာဏာ စည်းစိမ်ဥစ္စာတို့သည် ကြီးပွားတိုးတက်မှု မရှိတော့ဘဲ ဆုတ်ယုတ်သွားမည်သာဖြစ်သည်။

အလယ်အလတ်တန်းစားဖြစ်သော အတိတ်ကံကြောင့်ပစ္စုပ္ပန်ဘဝ၌ ရာထူးအာဏာ စည်းစိမ်ဥစ္စာ အသင့်အတင့်ပြည့်စုံသောသူတို့သည် ကြီးပွားတိုးတက်စေနိုင်သော ပစ္စုပ္ပန်ကံတို့ကို ကြိုးစားအားထုတ် ပြုလုပ်ကြလျှင် ထိုရာထူးအာဏာ စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တခြား တိုးတက်မြင့်မားနိုင်ကုန်၏။ ကြီးပွားများပြားနိုင်ကုန်၏။ ရရှိထားပြီးဖြစ်သော ရာထူးအာဏာ စည်းစိမ်ဥစ္စာတို့ တည်တံ့ခိုင်မြဲနိုင်ရုံမျှသာဖြစ်သော ပစ္စုပ္ပန်ကံတို့ကို ပြုလုပ်ကြလျှင် ထိုရာထူးအာဏာ ဉာဏ်ပညာနှင့် စည်းစိမ်ဥစ္စာတို့သည် ရရှိထားသည့်အတိုင်း တည်တံ့နေမည်သာဖြစ်သည်။ တိုးတက်ကြီးပွားမှု မရှိနိုင်ကုန်။

ဆုတ်ယုတ်နည်းပါးမှု မဖြစ်နိုင်ကုန်။ ရရှိထားပြီးသော ရာထူးအာဏာ ဉာဏ်ပညာနှင့် စည်းစိမ်ဥစ္စာတို့ ဆုတ်ယုတ်ကြောင်းဖြစ်သော ပစ္စုပ္ပန် ကံတို့ကိုပြုလုပ်ကြလျှင် ထိုရာထူးအာဏာ စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တခြား ဆုတ်ယုတ်နည်းပါးသွားမည်သာဖြစ်သည်။ ကြီးပွား တိုးတက်နိုင်ဖို့ ဝေးစွ၊ တည်တံ့ခိုင်မြဲမှုပင် မရှိနိုင်ကုန်။

အတိတ်ကံနည်းသောကြောင့် ပစ္စုပ္ပန်ဘဝ၌ ရာထူးအာဏာ မရှိသောအမျိုး၊ စည်းစိမ်ဥစ္စာနည်းပါးသော သူဆင်းရဲအမျိုးတို့၌ ဖြစ်ကြရသောသူတို့သည် ကြီးပွားတိုးတက်ကြောင်းဖြစ်သော ပစ္စုပ္ပန် ကံတို့ကို ကြိုးစားအားထုတ်ပြုလုပ်ကြလျှင် မရရှိသေးသော ရာထူး အာဏာတို့ကို ရရှိနိုင်ကုန်၏။ မပြည့်စုံသေးသော စည်းစိမ်ဥစ္စာတို့သည် ဒီရေအလား တစ်နေ့တခြား တိုးတက်ပြည့်စုံနိုင်ကုန်၏။ ရှိရင်းစွဲအတိုင်း တည်တံ့ခိုင်မြဲစေနိုင်သော ပစ္စုပ္ပန်ကံတို့ကို ပြုလုပ်ကြလျှင် ရှိရင်းစွဲ အနေအထားအတိုင်းသာ တည်ရှိနေမည်ဖြစ်၏။ တိုးတက်ကြီးပွားမှု မဖြစ်နိုင်ကုန်။ ဆုတ်ယုတ်လျော့ပါးမှု မဖြစ်နိုင်ကုန်။ ရှိရင်းစွဲအောက် ယုတ်လျော့စေနိုင်သော ပစ္စုပ္ပန်ကံတို့ကို ပြုလုပ်ကြလျှင် ဆင်းရဲတွင်း နက်သည်ထက် နက်လာမည်။ ဒုက္ခအမျိုးမျိုးကို ခံစားရမည်။ တိုးတက် မှု တည်တံ့ခိုင်မြဲမှုတို့နှင့် ဝေးနေမည်သာဖြစ်သည်။

အတိတ်ဘဝတို့၌ သူတစ်ပါးအသက်ကို သတ်ဖြတ်ခဲ့သော သူတို့သည် ပစ္စုပ္ပန်ဘဝ၌ အသက်တိုကုန်၏။ သူတစ်ပါးအသက်ကို သတ်ဖြတ်မှုမပြုသော သူတို့သည် ပစ္စုပ္ပန်ဘဝ၌ အသက်ရှည်ကုန်၏။ သူတစ်ပါးတို့ကို ညှဉ်းဆဲနှိပ်စက်ခဲ့သောသူတို့သည် ပစ္စုပ္ပန်ဘဝ၌ အနာ ရောဂါ ပေါများကုန်၏။ ကျန်းမာကြံ့ခိုင်မှု မရှိနိုင်ကုန်။ သူတစ်ပါးတို့ကို ညှဉ်းဆဲနှိပ်စက်ခြင်းကို မပြုခဲ့သောသူတို့သည် ပစ္စုပ္ပန်ဘဝ၌ အနာ ရောဂါ ကင်းကုန်၏။ ကျန်းမာကြံ့ခိုင်ခြင်းနှင့် ပြည့်စုံကုန်၏။

အတိတ်ဘဝတို့၌ ဒေါသကြီးခဲ့သောသူတို့သည် ပစ္စုပ္ပန် ဘဝ၌ ရုပ်ရည်အဆင်းလှပခြင်းမရှိကုန်။ အကျည်းတန်ကုန်၏။ အမျက်

ဒေါသနည်းခဲ့သောသူတို့သည် ပစ္စုပ္ပန်ဘဝ၌ ရုပ်ရည်အဆင်း လှပကုန်၏။ မြင်သူတိုင်းချစ်ခင်ကုန်၏။ အတိတ်ဘဝတို့၌ သူတစ်ပါးတို့ကြီးပွားချမ်းသာသည်ကို ငြူစူစောင်းမြောင်း မနာလိုသောသူတို့သည် ပစ္စုပ္ပန်ဘဝ၌ ဘုန်းကံနိမ့်ကုန်၏။ အခြွေအရံ နည်းပါးကုန်၏။ အတိတ်ဘဝတို့၌ သူတစ်ပါးကြီးပွားချမ်းသာသည်ကို မနာလိုခြင်းမရှိဘဲ ဝမ်းမြောက်တတ်သောသူတို့သည် ဘုန်းကံကြီးမားကုန်၏။ အခြွေအရံ အပေါင်းအသင်း ပေါများကုန်၏။

အတိတ်ဘဝတို့၌ ရဟန်း ပုဏ္ဏားစသော အလှူခံပုဂ္ဂိုလ်တို့အား အစားအသောက် အဝတ်အထည် ယာဉ်စသည်တို့ကို ပေးလှူခြင်း မပြုခဲ့သောသူတို့သည် ပစ္စုပ္ပန်ဘဝ၌ စည်းစိမ်ဥစ္စာနည်းပါးပြီး ဆင်းဆင်းရဲရဲ နေရကုန်၏။ ဆင်းဆင်းရဲရဲ လုပ်ကိုင်ရကုန်၏။ ပေးလှူခဲ့သော သူတို့သည် ပစ္စုပ္ပန်ဘဝ၌ စည်းစိမ်ဥစ္စာ ပေါများကုန်။ ချမ်းချမ်းသာသာ နေရကုန်၏။ ချမ်းချမ်းသာသာ လုပ်ကိုင်ရကုန်၏။

အတိတ်ဘဝတို့၌ မာနကြီးပြီး ရှိခိုးပူဇော်ထိုက်ကုန်သော သူတို့အား ရှိခိုးပူဇော်ခြင်း ရိုသေထိုက်ကုန်သော သူတို့အား ရိုသေခြင်း စသည်တို့ကို မပြုလုပ်ခဲ့သောသူတို့သည် ပစ္စုပ္ပန်ဘဝ၌ ယုတ်ညံ့သော သူတောင်းစားစသော အမျိုးတို့၌ ဖြစ်ရကုန်၏။ ပြုလုပ်ခဲ့သော သူတို့သည် မင်းမျိုး သူဌေးသူကြွယ်မျိုးစသော မြင့်မြတ်သောအမျိုးတို့၌ ဖြစ်ရကုန်၏။

အတိတ်ဘဝတို့၌ မည်သည့်အလုပ်များသည် ကုသိုလ် အကုသိုလ်အလုပ်များ ဖြစ်ပါသနည်း။ မည်သည့်အလုပ်များသည် အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပါသနည်းစသည်ဖြင့် လောကီလောကုတ္တရာ အကျိုးစီးပွား ဖြစ်ထွန်းနိုင်သော အကြောင်းအရာတို့ကို ရဟန်းပုဏ္ဏားအစရှိသော တတ်သိနားလည်သောသူတို့အား မေးမြန်းမှုကိုမပြုခဲ့သော သူတို့သည် ပညာဉာဏ်မရှိသောအမျိုး၌ ဖြစ်ကုန်၏။ အသိဉာဏ် နည်းပါးကုန်၏။ မေးမြန်းမှုကိုပြုခဲ့သောသူတို့သည် ဉာဏ်ပညာနှင့် ပြည့်စုံသော အမျိုးတို့၌ ဖြစ်ကုန်၏။ အသိဉာဏ်ပညာ ကြီးမားကုန်၏။

## ပစ္စုပ္ပန်ကံ (၄)မျိုး

၁။ ယခုလက်ရှိဘဝ၌ ပြုလုပ်သော ကံတို့သည် ယခုလက်ရှိဘဝ၌ပင် အကျိုးပေးကုန်၏။ ထိုကံမျိုးကို "ကံကိုလည်း ပြုလုပ်ဆဲ၊ ကံ၏အကျိုးလည်း ပေးဆဲဖြစ်သောကံ"ဟုခေါ်သည်။ ဤကံအရ ယခုလက်ရှိဘဝ၌ ပြုလုပ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံတို့တွင် ဒိဋ္ဌဓမ္မဝေဒနီယကံကိုသာ ယူရမည်။ ထိုဒိဋ္ဌဓမ္မဝေဒနီယကံတွင်လည်း ယခုလက်ရှိဘဝ၌ အကျိုးပေးခွင့်ရသော ကံကိုသာယူရမည်။ အကျိုးပေးခွင့်မရသောကံကို မယူရပေ။

၂။ ယခုလက်ရှိဘဝ၌ ပြုလုပ်သောကံတို့သည် အကြောင်းချို့တဲ့သောကြောင့်သော်လည်းကောင်း၊ ယခုဘဝ၌ပင် ပရိနိဗ္ဗာန်ပြုမည်ဖြစ်သောကြောင့်သော်လည်းကောင်း၊ ယခုဘဝ၌ အကျိုးမပေးနိုင်ကုန်။ ထိုကံမျိုးကို "ကံကို ပြုလုပ်ဆဲဖြစ်သော်လည်း ကံ၏အကျိုးပေးမည် မဟုတ်သော ကံ"ဟုခေါ်၏။ ဤကံအရ ယခုဘဝ၌ ဒိဋ္ဌဓမ္မဝေဒနီယကံများစွာကို ပြုလုပ်ပါသော်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံ တစ်ခုကသာ အကျိုးပေးနိုင်၏။ ကြွင်းသောကံတို့သည် အကျိုးမပေးနိုင်ကုန်။ ထိုကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့ကိုလည်းကောင်း၊ ဒိဋ္ဌဓမ္မဝေဒနီယကံတို့ကို ပြုလုပ်ပါသော်လည်း ယခုဘဝ၌ပင် ထိုကံတို့အကျိုးမပေးမီ အရဟတ္တဖိုလ်သို့ရောက်မည်ဖြစ်သောကြောင့် အကျိုးပေးခွင့်မရနိုင်ကုန်။ ထိုဒိဋ္ဌဓမ္မဝေဒနီယကံတို့ကိုလည်းကောင်း ယူရမည်။

၃။ ယခုလက်ရှိဘဝ၌ ပြုလုပ်သောကံတို့သည် အနာဂတ်ဘဝတို့၌ မုချအကျိုးပေးကြမည်ဖြစ်၏။ ထိုကံမျိုးကို "ကံကို ပြုလုပ်ထား၍ ကံ၏အကျိုးပေးလိမ့်မည်ဖြစ်သောကံ"ဟုခေါ်၏။ ဤကံအရ အကျိုးပေးခွင့်ရကြမည်ဖြစ်သော ဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံတို့ကို ယူရမည်။

၄။ ယခုဘဝ၌ ပြုလုပ်သောကံတို့သည် အနာဂတ်ဘဝတို့၌လည်း အကျိုးပေးကြလိမ့်မည်မဟုတ်။ ထိုကံမျိုးကို "ကံကို ပြုလုပ်ထားပါ.

သော်လည်း ကံ၏ အကျိုးပေးလိမ့်မည်မဟုတ်သော ကံ”ဟုခေါ်သည်။ ဤကံအရ ယခုဘဝ၌ပြုလုပ်ထားသော ဥပပဇ္ဇဝေဒနီယကံ များစွာတို့တွင် ကံတစ်ခုကသာ အကျိုးပေးနိုင်၏။ ကြွင်းသောကံတို့သည် အကျိုးမပေးနိုင်ကုန်။ ထိုအကျိုးမပေးနိုင်သော ဥပပဇ္ဇဝေဒနီယကံတို့ကိုလည်းကောင်း၊ ယခုဘဝ၌ အပရာပရိယဝေဒနီယကံတို့ကို ပြုလုပ်ထားသော်လည်း အနာဂတ်ဖြစ်သော ဒုတိယဘဝ၌ ပရိနိဗ္ဗာန် ပြုသွားသောကြောင့် အကျိုးပေးခွင့်မရကုန်။ ထိုအပရာပရိယဝေဒနီယကံတို့ကိုလည်းကောင်း ယူရမည်။

ဤလေးမျိုးတို့သည် ပစ္စုပ္ပန်ကံများဖြစ်ကြသည်။ ယခုလက်ရှိဘဝ၌ စိုက်ပျိုးရေး လုပ်ကိုင်ခြင်း၊ မွေးမြူရေးလုပ်ကိုင်ခြင်း၊ ကုန်ရောင်းကုန်ဝယ်ပြုလုပ်ခြင်း၊ လခစားဝန်ထမ်းအဖြစ် လုပ်ကိုင်ခြင်း စသည်တို့သည်လည်းကောင်း၊ ဗေဒင်သုံးပုံကိုအခြေခံ၍ မြေကြီး၏ သဘောတရားကို နားလည်နိုင်သော ဘူမိဝိဇ္ဇာအတတ်၊ လူတို့၏ ရုပ်ဆင်းအင်္ဂါတို့ကို ကြည့်၍ ကောင်းကျိုးဆိုးကျိုးများ ဖြစ်မည်မဖြစ်မည်ကို ပြောနိုင်သော အင်္ဂဝိဇ္ဇာအတတ်၊ နက္ခတ်ကြယ်တာရာတို့ကို ကြည့်၍ ကောင်းကျိုးဆိုးကျိုးများ ဖြစ်မည်မဖြစ်မည်ကို ပြောနိုင်သော နက္ခတ္တဝိဇ္ဇာအတတ်၊ ဆေးကုသမှုအတတ်၊ သူတစ်ပါးတို့အား ပညာသင်ကြားပေးနိုင်ခြင်းအတတ်၊ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ကားမောင်းအတတ် အစရှိသော အတတ်ပညာအမျိုးမျိုးတို့သည်လည်းကောင်း ပစ္စုပ္ပန်ကံများဖြစ်ကြသည်။

ထို့အပြင် စည်းစိမ်ဥစ္စာတိုးပွားခြင်း၊ ရာထူးအာဏာရရှိခြင်း၊ ပညာတတ်မြောက်ခြင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းအစရှိသော ကောင်းကျိုးအမျိုးမျိုးကို ဖြစ်စေတတ်သော ပြုလုပ်ပြောဆို ကြံစည်မှုမှန်သမျှတို့သည်လည်းကောင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ရာထူးအာဏာဆုံးရှုံးခြင်း၊ ကိုယ်ကျင့်တရားပျက်စီးခြင်း၊ အသိဉာဏ်ပညာပျက်စီးခြင်း၊ အသက်အန္တရာယ်ဖြစ်ခြင်း၊ ကျန်းမာရေးဆုတ်ယုတ်

ပျက်စီးခြင်းအစရှိသော မကောင်းကျိုးအမျိုးမျိုးကို ဖြစ်စေတတ်သော ပြုလုပ် ပြောဆို ကြံစည်မှုမှန်သမျှတို့သည်လည်းကောင်း ပစ္စုပ္ပန်ကံများ ဖြစ်ကုန်၏။ ထိုပစ္စုပ္ပန်ကံများကြောင့် ပစ္စုပ္ပန်ဘဝ၌ ကောင်းကျိုးဆိုးကျိုး အမျိုးမျိုး ဖြစ်ထွန်းနိုင်ကုန်၏။ အနာဂတ်ဘဝ၌လည်း ကောင်းကျိုး ဆိုးကျိုး အမျိုးမျိုး ဖြစ်ထွန်းနိုင်လိမ့်မည်။

ဉာဏ်ဝီရိယတို့သည် ကုသိုလ်အတိတ်ကံ ပစ္စုပ္ပန်ကံတို့ကို ပြုလုပ်နိုင်ရန်အတွက်လည်းကောင်း၊ ကုသိုလ်အတိတ်ကံ ပစ္စုပ္ပန်ကံတို့ အကျိုးပေးနိုင်ရန်အတွက်လည်းကောင်း အထောက်အကူပြုနိုင်ကုန်၏။ ဝီရိယနှင့် ဉာဏ်ပညာကြီးမားသည်ရှိသော် ကြီးမားသော အတိတ်ကံ ပစ္စုပ္ပန်ကံတို့ကို ပြုလုပ်နိုင်ကုန်၏။ အတိတ်ကံ ပစ္စုပ္ပန်ကံတို့သည် ကြီးကျယ်သောအကျိုးတို့ကို ပေးနိုင်ကုန်၏။ ဝီရိယနှင့် ဉာဏ်ပညာ တို့သည် အလယ်အလတ်မျှသာဖြစ်သည်ရှိသော် အလယ် အလတ်မျှ ဖြစ်သော အကျိုးတို့ကို ပေးနိုင်ကုန်၏။ ဝီရိယနှင့် ဉာဏ်ပညာ နည်းပါးသည်ရှိသော် အတိတ်ကံ ပစ္စုပ္ပန်ကံတို့သည် အနည်းငယ်သော အကျိုးတို့ကိုသာ ပေးနိုင်ကုန်၏။

သို့ဖြစ်၍ သတ္တဝါတို့အား ကောင်းမွန်သော အကျိုးများကို ဖြစ်စေတတ်သော အတိတ်ကံ ပစ္စုပ္ပန်ကံတို့သည် ဉာဏ်ဝီရိယတို့နှင့် မကင်းနိုင်ကြသည်မှာ ထင်ရှား၏။ ဉာဏ်ဝီရိယတို့သည် မည်သည့် အတိတ်ကံ ပစ္စုပ္ပန်ကံတို့၌မဆို အကျုံးဝင်ကုန်၏။ အတိတ်ကံ ပစ္စုပ္ပန် ကံတို့ မရှိလျှင် ဉာဏ်ဝီရိယတို့သည် မရှိနိုင်ကုန်။

ယခုဘဝကိုလည်းကောင်း၊ နောင်ဘဝအဆက်ဆက်တို့ကို လည်းကောင်း အောင်မြင်လိုသော ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် ရှောင်သင့် ရှောင်ထိုက်သော ပစ္စုပ္ပန်အကုသိုလ်ကံများကို ရှောင်ကြဉ်၍ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သော ပစ္စုပ္ပန်ကုသိုလ်ကံများကို ပြည့်စုံနိုင်သမျှပြည့်စုံနိုင်အောင် လုပ်ဆောင်ရပေမည်။ ပစ္စုပ္ပန် အကုသိုလ် ကံများသည် ယခုဘဝ၌လည်း ဆင်းရဲဒုက္ခအမျိုးမျိုးကို ဖြစ်စေနိုင်ပြီး

နောင်တမလွန်ဘဝတို့၌လည်း ငရဲသို့ ကျရောက်ခြင်း၊ ယုတ်ညံ့သော ဘုံဘဝ ယုတ်ညံ့သောအမျိုးတို့၌ ဖြစ်ရခြင်း အစရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို ဖြစ်စေနိုင်ကုန်၏။ ဘဝအဆက်ဆက် အရှုံးများနှင့်သာ ရင်ဆိုင်ရကုန်၏။ ပစ္စုပ္ပန်ကုသိုလ်ကံများကို လုပ်ဆောင်သောပုဂ္ဂိုလ် များမှာမူ ယခုဘဝ၌လည်းကောင်း၊ နောင်ဘဝအဆက်ဆက်တို့၌ လည်းကောင်း ချမ်းသာသုခအမျိုးမျိုးကို ခံစားနိုင်ကြကုန်၏။ မြင့်မြတ်သောဘုံဘဝ မြင့်မြတ်သောအမျိုးတို့၌သာ ဖြစ်ကြရကုန်၏။

စည်းစိမ်ဥစ္စာပျက်စီးကြောင်းဖြစ်သော လောဘ ဒေါသ မောဟအစရှိသော ကိလေသာတို့နှင့်တကွဖြစ်သော အဂတိတရား လေးပါးတည်းဟူသော ပစ္စုပ္ပန်အကုသိုလ်ကံများသည် ရှောင်သင့် ရှောင်ထိုက်သော ပစ္စုပ္ပန်အကုသိုလ်ကံများ ဖြစ်ကြသည်။

လောဘ ဒေါသ မောဟ အစရှိသော ကိလေသာဆယ်ပါး တို့တွင် တစ်ပါးပါးနှင့် ပြည့်စုံနေသောသူတို့သည် သူတစ်ပါးအသက် ကို သတ်ဖြတ်တတ်ကုန်၏။ ညှဉ်းဆဲတတ်ကုန်၏။ သူတစ်ပါးပစ္စည်း ဥစ္စာများကို ခိုးယူတတ်ကုန်၏။ ကာမဂုဏ် အကျင့်တရားတို့၌ မှားမှားယွင်းယွင်း ကျင့်ကြံတတ်ကုန်၏။ မဟုတ်မမှန်သောစကားကို ပြောဆိုတတ်ကုန်၏။

အဂတိတရားလေးပါးတို့တွင် ဆန္ဒာဂတိသို့လိုက်ခြင်းကြောင့် ဤသူသည် ငါ၏မိတ်ဆွေ၊ ငါ၏ဆွေမျိုး၊ ငါနှင့်ရင်းနှီးသောသူ၊ ငါနှင့်ချစ်ကြွမ်းဝင်သောသူ၊ ငါ့အား တံစိုး လက်ဆောင်ပေးထားသောသူ စသည်ဖြင့် အောက်မေ့ဆင်ခြင်၍ ပိုင်ရှင်မဟုတ်သည်ကို ပိုင်ရှင်အဖြစ် လုပ်ပေးခြင်း၊ အခွင့်အရေးပေးခြင်း၊ မဟုတ်မမှန်သောအလုပ် လုပ်နေ သည်ကို မသိယောင် မမြင်ယောင် မကြားယောင်ဆောင်ခြင်း၊ ဟုတ်မှန် ကြောင်း ဆုံးဖြတ်ပေးခြင်း တစ်စုံတစ်ခုကို ခွဲဝေပေးသည်ရှိသော် အခြားသူများထက် ပို၍ကောင်းမွန်သည်ကိုပေးခြင်း၊ များများပေးခြင်း စသော အကုသိုလ်ကံများကို ကျူးလွန်တတ်ကုန်၏။

ဒေါသာဂတိသို့လိုက်ခြင်းကြောင့် ဤသူသည် ငါ၏ရန်သူတည်း။ ငါနှင့်ရင်းနှီးသောသူ ချစ်ကြွမ်းဝင်သောသူမဟုတ်။ ငါ့အားတံစိုးလက်ဆောင် ပေးထားသောသူမဟုတ် စသည်ဖြင့် အောက်မေ့ဆင်ခြင်၍ ပိုင်ရှင်အစစ်မှန်ဖြစ်လျက် ပိုင်ရှင်မဟုတ်စေရန် လုပ်ဆောင်ခြင်း၊ အခွင့်အရေးရသင့်ပါလျက် အခွင့်အရေးမပေးခြင်း၊ သေးငယ်သော အပြစ်ကို ကြီးမားသောအပြစ် ဖြစ်သွားအောင် ချဲ့ကားခြင်း၊ အပြစ်မရှိ အပြစ်ရှာခြင်း၊ တစ်စုံတစ်ခုကို ခွဲဝေပေးသည်ရှိသော် အခြားသူများအောက် ပို၍ယုတ်ညံ့သော အရာကိုသာပေးခြင်း၊ အနည်းငယ်သာပေးခြင်း အစရှိသော အကုသိုလ်ကံများကို ကျူးလွန်တတ်ကုန်၏။

အသိဉာဏ်ပညာ မရှိသောကြောင့် လွန်စွာတွေဝေ၏။ လွန်စွာတွေဝေသောကြောင့် မောဟာဂတိသို့လိုက်မိ၏။ မောဟာဂတိသို့လိုက်မိသောကြောင့် ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် လုပ်ပေးခြင်း၊ ပိုင်ရှင်အစစ်အမှန်ကို ပိုင်ဆိုင်မှုမရအောင် လုပ်ဆောင်ခြင်း၊ ရာထူးတိုးပေးသင့်သူကို ရာထူးတိုးမပေးခြင်း၊ ရာထူးမတိုးပေးသင့်သူကို ရာထူးတိုးပေးခြင်း တစ်စုံတစ်ခုကို ခွဲဝေပေးသောအခါ အချို့သောသူအား ကောင်းမွန်သော အရာကိုပေး၍ အချို့သောသူအား ယုတ်ညံ့သော အရာကိုပေးခြင်း၊ အချို့သောသူအား များပြားစွာပေး၍ အချို့သောသူအား အနည်းငယ်သာပေးခြင်း အစရှိသော အကုသိုလ်ကံများကို ကျူးလွန်တတ်ကုန်၏။

ဘယာဂတိသို့ လိုက်မိသောကြောင့် ဤသူသည် မင်းနှင့်အကြွမ်းဝင်သောသူတည်း၊ အထက်အရာရှိနှင့် အကြွမ်းဝင်သောသူတည်း၊ ဤသူသည် ငါ့အား ရန်ရှာလိမ့်မည့်သူတည်း၊ ငါ၏အကျိုးစီးပွားပျက်စီးအောင် လုပ်မည့်သူတည်းစသည်ဖြင့် အောက်မေ့ဆင်ခြင်၍ ပိုင်ရှင်မဟုတ်သည်ကို ပိုင်ရှင်အဖြစ်လုပ်ပေးခြင်း၊ မဟုတ်မမှန်သောအလုပ် လုပ်နေသည်ကို မသိယောင် မမြင်ယောင် မကြား

ယောင် ဆောင်ခြင်း၊ တစ်စုံတစ်ခုကို ခွဲဝေပေးသည်ရှိသော် အခြားသူများထက် ပို၍ကောင်းသည်ကိုသာပေးခြင်း၊ များများပေးခြင်း အစရှိသော အကုသိုလ်ကံများကို ကျူးလွန်တတ်ကုန်၏။

အရက်သောက်ခြင်း၊ ညဉ့်နက်သန်းခေါင်အချိန်၌ သွားလာလည်ပတ်ခြင်း၊ ပွဲလမ်းသဘင်ကို ကြည့်ရှုနားထောင်မှု၌ ဝါသနာထုံခြင်း၊ လောင်းကစားအမှုကို ပြုလုပ်မှု၌ ဝါသနာထုံခြင်း၊ ပညာမရှိသောသူ ယုတ်မာသောသူတို့နှင့် ပေါင်းသင်းခြင်း၊ ပျင်းရိခြင်းတို့သည်လည်း ပစ္စုပ္ပန်ဘဝ၌ စည်းစိမ်ဥစ္စာပျက်စီးကြောင်းဖြစ်သော အကုသိုလ်ကံများ ဖြစ်ကြသည်။ ထို့ကြောင့် ထိုအလုပ်များသည်လည်း ရှောင်သင့်ရှောင်ထိုက်သော ပစ္စုပ္ပန်အကုသိုလ်ကံတို့ ဖြစ်ကြသည်။

အရက်သောက်ခြင်းကြောင့် ယခုဘဝ၌ပင် ငြင်းခုံမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့သည် တိုးပွားနိုင်ကုန်၏။ မျက်စိမှုန်ခြင်း၊ အသဲကျုံ့ခြင်း အစရှိသော အနာရောဂါများ ဖြစ်ပေါ်လာနိုင်ကုန်၏။ အရက်မူး၍ မိဘတို့ကို ရိုက်နှက်မိသောကြောင့်သော်လည်းကောင်း၊ မပြောသင့် မပြောထိုက်သော စကားတို့ကို ပြောဆိုမိခြင်းကြောင့်သော်လည်းကောင်း၊ မလုပ်သင့်မလုပ်ထိုက်သော အလုပ်တို့ကို လုပ်မိခြင်းကြောင့်သော်လည်းကောင်း လူအများ၏ ကဲ့ရဲ့ခံရခြင်း၊ ထောင်ဒဏ်ငွေဒဏ် အပြစ်ပေးခံရခြင်း၊ မကောင်းသတင်း ကျော်စောခြင်း အစရှိသော မကောင်းကျိုးအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်၏။ လျှို့ဝှက်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို ဖော်ပြမိတတ်၏။ ပညာဉာဏ် အသိဉာဏ်များကို ယိုယွင်းပျက်စီးစေနိုင်ကုန်၏။

ညဉ့်နက်သန်းခေါင်အချိန်၌ သွားလာလည်ပတ်ခြင်းကြောင့် ယခုဘဝ၌ပင် ဆူးငြောင့်အစရှိသည်တို့ကို နင်းမိနိုင်သည့်အပြင် မြွေ, ဘီလူး အစရှိသည်တို့နှင့် တွေ့ကြုံနိုင်ပြီး မိမိ၏ရန်သူတို့သည် မိမိအား အလွယ်တကူ ဒုက္ခပေးနိုင်သောကြောင့် မိမိကိုယ်တိုင်၌ အစောင့်အရှောက် ကင်းဝေး၏။ မိမိ၏ အိမ်သူအိမ်သားတို့၌လည်း

အစောင့်အရှောက် ကင်းဝေးကုန်၏။ မိမိပိုင် ပစ္စည်းဥစ္စာများ၌လည်း အစောင့်အရှောက် ကင်းဝေးကုန်၏။ အခြားသူများ ပြုလုပ်ထားသော မကောင်းမှုတို့ကို မိမိပြုလုပ်ခြင်း ဖြစ်လိမ့်မည်ဟု အထင်မှားခြင်း ခံရတတ်၏။ မဟုတ်မမှန် စွပ်စွဲခြင်း ခံရတတ်၏။ များစွာသောဆင်းရဲ ဒုက္ခတို့ကို တွေ့ကြုံနိုင်၏။

ပွဲလမ်းသဘင် ကြည့်ရှုနားထောင်မှု၌ ဝါသနာထုံခြင်းကြောင့် အငြိမ့်ပွဲ ဇာတ်ပွဲ သီချင်းဆိုပွဲ အတီးအမှုတ်ပွဲ ကွက်စိပ်ဟောပြောပွဲ လက်ခုပ်တီးပွဲ အိုးစည်တီးပွဲတို့ မည်သည့်နေရာ မည့်သည့်အချိန်၌ ရှိသလဲဟု မေးမြန်းစုံစမ်းနေရခြင်း၊ ကြည့်ရှုနားထောင် နေရခြင်းတို့နှင့်သာ အချိန်ကုန်နေလျှက် လောကီလောကုတ္တရာ အကျိုးစီးပွားရှိသော အလုပ်တို့ကို မလုပ်နိုင်ကုန်။ အအိပ်အစား မမှန်မကန် ဖြစ်သွားသောကြောင့် ကျန်းမာရေး ယိုယွင်းပျက်စီးတတ်၏။

လောင်းကစားအမှုကို ပြုလုပ်မှု၌ ဝါသနာထုံခြင်းကြောင့် ယခုဘဝ၌ပင် မိမိကနိုင်လျှင် ရှုံးသောသူတို့၏ ရန်ငြိုးဖွဲ့ခြင်းကို ခံရ၏။ မိမိကရှုံးလျှင် မိမိ၏ဆုံးရှုံးသွားသော ပစ္စည်းဥစ္စာများအတွက် ပူပင်သောကရောက်ရ၏။ ပစ္စည်းဥစ္စာများဆုတ်ယုတ်သွား၏။ တရားရုံး ၌လည်းကောင်း၊ ပရိသတ်အလယ်၌လည်းကောင်း မိမိပြောသောစကား ကို ယုံကြည်မှုမရှိ၊ ပယ်ချခြင်းခံရတတ်၏။ မိတ်ဆွေအပေါင်းအသင်း တို့၏ အထင်သေးခြင်းကို ခံရတတ်၏။ သားရှင် သမီးရှင်တို့၏ မနှစ်သက်ခြင်းကို ခံရတတ်၏။

လောင်းကစားကြူးသူ, ကာမဂုဏ်ကြူးသူ, သေသောက်ကြူး သူ, လိမ်ညာလှည့်ဖြားတတ်သူ, မာယာဖြင့်လှည့်ပတ်တတ်သူ, အနိုင် ကျင့်တတ်သူ စသောသူတို့သည် ယုတ်မာပြီး ပညာမရှိသောသူတို့ ဖြစ်ကြသည်။ ထိုသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းကြောင့် ယခုဘဝ ၌ပင် မိမိကိုယ်တိုင်လောင်းကစားကြူးသူ ဖြစ်သွားတတ်၏။ ကာမဂုဏ် ကြူးသူ ဖြစ်သွားတတ်၏။ သေသောက်ကြူးသူ ဖြစ်သွားတတ်၏။

လိမ်ညာလှည့်ဖြားတတ်သူ ဖြစ်သွားတတ်၏။ မာယာဖြင့် လှည့်ပတ်တတ်သူ ဖြစ်သွားတတ်၏။ အနိုင်ကျင့်တတ်သူ ဖြစ်သွားတတ်၏။

အေးလွန်းသည်ဟူ၍လည်းကောင်း၊ ပူလွန်းသည်ဟူ၍လည်းကောင်း၊ မိုးချုပ်လွန်းသည်ဟူ၍လည်းကောင်း၊ စောလွန်းသည်ဟူ၍လည်းကောင်း၊ ဆာလွန်းသည်ဟူ၍လည်းကောင်း၊ ဗိုက်ပြည့်လွန်းသည်ဟူ၍လည်းကောင်း အကြောင်းပြချက် အမျိုးမျိုးပေးပြီး အလုပ်မလုပ်ဘဲ ပျင်းရိ၍နေခြင်းကြောင့် ပစ္စုပ္ပန်တမလွန်ဘဝတို့အတွက် လောကီလောကုတ္တရာ အကျိုးစီးပွားများ ဆုတ်ယုတ်သွား၏။ အောက်တန်းကျသော ဘဝတို့၌သာဖြစ်ရ၏။ ဆင်းရဲဒုက္ခကြီးစွာဖြင့် ဘဝသံသရာအတွင်း၌ ကြာမြင့်စွာ ကျင်လည်နေရ၏။

မပေါင်းသင်းအပ်သော မိတ်ဆွေတုလေးယောက်ကို ရှောင်ကြဉ်၍ ပေါင်းသင်းအပ်သော မိတ်ဆွေစစ် လေးယောက်ကို ပေါင်းသင်းခြင်း၊ အရှေ့အရပ်, တောင်အရပ်, အနောက်အရပ်, မြောက်အရပ်, အောက်အရပ်, အထက်အရပ်ဟုဆိုအပ်သော အရပ်မျက်နှာ (၆)ပါးတို့ကို လုံခြုံစေခြင်းတို့သည် ဆောင်သင့် ဆောင်ထိုက်သော ပစ္စုပ္ပန်ကုသိုလ်ကံများ ဖြစ်ကြသည်။

မိမိက ပေးကမ်းခြင်းမရှိဘဲ ယူသာယူတတ်သောသူကိုလည်းကောင်း၊ ပေးသောအခါ အနည်းငယ်သာပေး၍ ယူသောအခါ များစွာလိုချင်သူကိုလည်းကောင်း၊ ဘေးအန္တရာယ်ကြုံလာသောကြောင့်သာ ကျွန်ကဲ့သို့ ထိုထိုအလုပ်ကိစ္စကို ပြုလုပ်ပေးသူကိုလည်းကောင်း၊ ကိုယ်ကျိုးသက်သက်ကိုသာကြည့်၍ ချဉ်းကပ်သူကိုလည်းကောင်း ယူသာယူတတ်သော မိတ်ဆွေတုဟုခေါ်၏။

ပြီးခဲ့သော နှစ်, လ, ရက်တို့၌ ဆန်စပါး ပေါများသောကြောင့် ပေးဖို့ရန် စောင့်နေခဲ့၏။ ယခုကုန်ပြီဟု ပြီးပြီးသော အတိတ်ကာလအဖို့ဖြင့် ချီးမြှောက်သူကိုလည်းကောင်း၊ နောင်အခါ၌ ဆန်စပါးပေါများလာလျှင် သင်တို့ကို ပေးကမ်းထောက်ပံ့နိုင်ပါလိမ့်မည်ဟု မရောက်

သေးသော အနာဂါတ်ကာလအဖို့ဖြင့် ချီးမြှောက်သူကိုလည်းကောင်း၊ အကျိုးမရှိသော လောကွတ်စကားတို့ဖြင့် ချီးမြှောက်သူကို လည်းကောင်း၊ မိမိက ပေးရမည့်အခါ၌ ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခ ရောက်ခြင်းတို့ကို ပြောပြတတ်သူကိုလည်းကောင်း နှုတ်ဖြင့်သာ ပေးတတ်သော မိတ်ဆွေတုဟုခေါ်သည်။

မကောင်းသောအလုပ်များ လုပ်နေသည်ကို သဘောတူ ခွင့်ပြုသူကိုလည်းကောင်း၊ ကောင်းသောအလုပ်များလုပ်ရန် လာရောက် တိုင်ပင်သောအခါ၌လည်း သဘောတူခွင့်ပြုသူကိုလည်းကောင်း၊ ရှေ့တွင်သာ ချီးမွမ်းသူကိုလည်းကောင်း၊ ကွယ်ရာ၌ ကဲ့ရဲ့သူကို လည်းကောင်း ချစ်ဟန်ဆောင်သော မိတ်ဆွေတုဟုခေါ်သည်။

အရက်သေစာ သောက်စားခြင်း၌ အပေါင်းအဖော်ဖြစ်သူကို လည်းကောင်း၊ အချိန်အခါမဲ့ သွားလာလည်ပတ်ခြင်း၌ အပေါင်းအဖော် ဖြစ်သူကိုလည်းကောင်း၊ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၌ အပေါင်းအဖော် ဖြစ်သူကိုလည်းကောင်း၊ လောင်းကစားခြင်း၌ အပေါင်းအဖော်ဖြစ်သူကို လည်းကောင်း စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတုဟုခေါ်၏။ ဤမိတ်ဆွေတု လေးယောက်ကို ရှောင်ကြဉ်မှ သာလျှင် ကောင်းကျိုးတရားများ တိုးပွားလာနိုင်သည်။

အရက်မူးနေသော မိတ်ဆွေကို စောင့်ရှောက်တတ်သူကို လည်းကောင်း၊ အရက်မူးနေသော မိတ်ဆွေ၏ ပစ္စည်းဥစ္စာများကို စောင့်ရှောက်တတ်သူကိုလည်းကောင်း၊ ဘေးဒုက္ခအန္တရာယ်နှင့်ကြုံတွေ့ နေသော မိတ်ဆွေကို အားပေးတတ်သူကိုလည်းကောင်း၊ အကူအညီ လိုအပ်သော မိတ်ဆွေအား လိုအပ်သောအကူအညီထက် ပို၍ပေးသူကို လည်းကောင်း ကျေးဇူးပြုတတ်သော မိတ်ဆွေစစ်ဟုခေါ်၏။

မိတ်ဆွေ၏အတွင်းရေးကို မပေါက်ကြားအောင် လျှို့ဝှက်ပေး သူကိုလည်းကောင်း၊ မိမိ၏အတွင်းရေးကို မိတ်ဆွေအား ပြောကြား ထားသူကိုလည်းကောင်း၊ မိတ်ဆွေဖြစ်သူ၌ ဘေးအန္တရာယ် ကြုံလာ

သောအခါ စွန့်ခွါသွားခြင်း မပြုသူကိုလည်းကောင်း၊ မိတ်ဆွေ၏ အကျိုးအတွက် အသက်ကိုပင် စွန့်ဝံ့သူကိုလည်းကောင်း ဆင်းရဲချမ်းသာ၌ အတူခံ,စံသော မိတ်ဆွေစစ်ဟုခေါ်၏။

မကောင်းမှုပြုလုပ်ခြင်းကို တားမြစ်တတ်သူကိုလည်းကောင်း၊ ကောင်းမှုများပြုလုပ်ရန် တိုက်တွန်းတတ်သူ အားပေးတတ်သူကိုလည်းကောင်း၊ မကြားဘူးသော တရားစကားများကို ပြောကြားတတ်သူကိုလည်းကောင်း၊ နောင်တမလွန်ဘဝ၌ ကောင်းရာသုဂတိသို့ ရောက်အောင် လမ်းညွှန်ပေးသူကိုလည်းကောင်း အကျိုးစီးပွားကို ပြောကြားတတ်သော မိတ်ဆွေစစ်ဟုခေါ်၏။

မိတ်ဆွေ၏အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးလျှင် စိုးရိမ်ပေးတတ်သူကိုလည်းကောင်း၊ မိတ်ဆွေ၌အကျိုးစီးပွား ဖြစ်ထွန်းလာလျှင် ဝမ်းမြောက်တတ်သူကိုလည်းကောင်း၊ မိတ်ဆွေအား အကျိုးစီးပွားမဲ့ ကဲ့ရဲ့စကားကိုပြောလာလျှင် တားမြစ်တတ်သူကိုလည်းကောင်း၊ မိတ်ဆွေအား ချီးမွမ်းစကားပြောကြားလာလျှင် ထောက်ခံချီးမွမ်းတတ်သူကိုလည်းကောင်း အမြဲတမ်းကူညီစောင့်ရှောက်တတ်သော မိတ်ဆွေစစ်ဟုခေါ်၏။ ဤမိတ်ဆွေစစ်လေးယောက်ကို ပေါင်းသင်းမှသာလျှင် "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသည်နှင့်အညီ မိမိလည်း သူတော်ကောင်းဖြစ်နိုင်သည်။

အရှေ့အရပ်ဆိုသည်မှာ မိဘတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ မိဘတို့အပေါ်၌ ပြုသင့်ပြုထိုက်သောဝတ်တရားများကို ဆောင်ရွက်ခြင်းသည် အရှေ့အရပ်ကို လုံခြုံစေသည်မည်၏။

မိဘတို့အား ကျေးဇူးတုံ့ပြန်၍ ကျွေးမွေးခြင်း၊ မိဘတို့၏ အမှုကိစ္စများကို ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ မိဘတို့၏ လယ်ယာ ရွှေ ငွေ အစရှိသည်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်း၍လည်းကောင်း၊ မိဘတို့အစဉ်အဆက် ထိန်းသိမ်းလာသော ကုသိုလ်တရားကို ဆက်လက်ထိန်းသိမ်း၍လည်းကောင်း အမျိုးအနွယ်ကို

ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမွေခံထိုက်အောင် မိဘတို့၏ ဆုံးမစကားများကို နားထောင်လိုက်နာခြင်း၊ အလှူဒါနပြုလုပ်၍ သက်ရှိသက်မဲ့ မိဘတို့အား အမျှအတမ်းပေးဝေခြင်းတို့သည် မိဘတို့အပေါ်၌ သားသမီးတို့သည် ပြုသင့်ပြုထိုက်သော ဝတ်တရားများ ဖြစ်ကြသည်။ အတုံ့အလှည့်အားဖြင့် မိဘတို့ကလည်း သားသမီးတို့အပေါ်၌ မကောင်းမှုများ မပြုလုပ်မိအောင် တားမြစ်ခြင်း၊ ပြုလုပ်မိလျှင်လည်း ကဲ့ရဲ့ခြင်း၊ ကောင်းမှုများပြုလုပ်စေရန် အားပေးတိုက်တွန်းခြင်း၊ အတတ်ပညာများကို သင်ယူစေခြင်း၊ သင့်တင့်လျောက်ပတ်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့နှင့် လက်ထပ်ပေးခြင်း၊ သင့်တင့်လျောက်ပတ်သောအချိန်၌ အမွေပစ္စည်းတို့ကို လွှဲအပ်ပေးခြင်းဟူသော ဝတ်တရားများကို ပြုလုပ်ပေးသင့်ကုန်၏။

တောင်အရပ်ဟုဆိုအပ်သော ဆရာသမားတို့အပေါ်၌ တပည့်တို့သည် "ဆရာလာသည်ကို မြင်သောအခါ နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း၊ ဆရာ့ထံသို့ မကြာခဏချဉ်းကပ်၍ မသိနားမလည်သည်တို့ကို မေးမြန်းခြင်း၊ ဆရာက ဆုံးမသည်ကို ရိုရိုသေသေ ယုံယုံကြည်ကြည် နားထောင်ခြင်း၊ ဆရာကို ပြုစုလုပ်ကျွေးခြင်း၊ အတတ်ပညာကို ရိုရိုသေသေ သင်ယူဆောင်ထားခြင်းဟူသော ဝတ်တရားများကို ပြုလုပ်မှသာ တောင်အရပ်ကို လုံခြုံစေရာရောက်၏။ ထိုသို့ဖြစ်လာစေရန်လည်း ဆရာသမားတို့သည် တပည့်တို့အပေါ်၌ ဆုံးမသင့်သည်ကို ဆုံးမခြင်း၊ အတတ်ပညာများကို ဆရာစားမချန်ဘဲ သင်ကြားပေးခြင်း၊ သင်ကြားပေးသင့်သောအရာများကို သင်ကြားပေးခြင်း၊ တပည့်အား တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းကောင်းရှိသော အရပ်ဌာနများနှင့် ဆရာသမားများထံသို့ ပို့ဆောင်ပေးခြင်း၊ တပည့်အပေါ်၌ ကျရောက်ဆဲကျရောက်လတ္တံ့ဖြစ်သော ဘေးအန္တရာယ်များကို တားဆီးကာကွယ်ပေးခြင်းဟူသော ဝတ္တရားများကို ဆောင်ရွက်ပေးရမည်။

လင်ယောကျာ်းတို့သည် ဇနီးမယားတို့အား ချစ်ခင်မြတ်နိုးစွာ ခေါ်ခြင်း၊ နှိမ့်ချ၍မခေါ်ခြင်း၊ အခြားသောမိန်းမတို့နှင့် မဖောက်ပြန်ခြင်း၊ မိမိရှာဖွေ၍ ရသမျှသောပစ္စည်းဥစ္စာတို့ကို အပ်နှင်းခြင်း၊ ဝတ်စား တန်ဆာတို့ဖြင့် ဆင်ယင်ပေးခြင်းဟူသော ဝတ်တရားများကိုလုပ်ဆောင် ရမည်။ ဇနီးမယားတို့ကလည်း လင်ယောကျာ်းတို့အား အမှုကြီးငယ် တို့ကို ကောင်းစွာစီရင်ပေးခြင်း၊ နှစ်ဖက်သော မိဘဆွေမျိုးတို့အား အညီအမျှ ချီးမြှင့်ခြင်း၊ အခြားသောယောကျာ်းတို့နှင့် မဖောက်ပြန်ခြင်း၊ လင်ယောကျာ်း အပ်နှံထားသော ပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ အိမ်မှုကိစ္စအားလုံး၌ ကျွမ်းကျင်လိမ္မာ၍ ပျင်းရိမှု မရှိခြင်းဟူသော ဝတ်တရားများကို ပြည့်စုံရမည်။ သို့မှသာ အနောက် အရပ်ကို လုံခြုံစေသည်မည်၏။

ချစ်ခင်သော မိတ်ဆွေတို့ကို မြောက်အရပ်ဟုခေါ်၏။ ထို မိတ်ဆွေတို့အား ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း၊ မိမိနှင့်တန်းတူထား၍ ဆက်ဆံ ခြင်း၊ ကောက်ကျစ်မှုမရှိ မှန်မှန်ကန်ကန်ပြုမူခြင်းဟူသော ဝတ်တရား များကို ဆောင်ရွက်ပေးခြင်းသည် မြောက်အရပ်ကို လုံခြုံစေသည် မည်၏။

အစေအပါး အလုပ်အကျွေးတို့ကို အောက်အရပ်ဟု ခေါ်၏။ ထိုသူတို့အား ခွန်အားနှင့်ထိုက်တန်သော အလုပ်ကိစ္စကို လုပ်ခိုင်းခြင်း၊ ထမင်းရိက္ခာပေးခြင်း၊ မကျန်းမာသောအခါ ပြုစုခြင်း၊ စားဖွယ် သောက်ဖွယ်တို့ကို ခွဲဝေပေးခြင်း၊ အခါအားလျော်စွာ အားလပ်ရက်နှင့် အဝတ်အထည်တို့ကိုပေးခြင်းဟူသော ဝတ်တရားများကို ပြုလုပ်ပေး ခြင်းသည် အောက်အရပ်ကို လုံခြုံစေသည်မည်၏။ သို့မှသာ အစေအပါးတို့သည်လည်း အိပ်ရာမှ ရှေးဦးစွာထခြင်း၊ နောက်မှ အိပ်ခြင်း၊ ပေးသမျှကိုသာယူခြင်း၊ အလုပ်ကိစ္စများကို ကောင်းမွန်စွာ လုပ်ဆောင်ပေးခြင်း၊ အလုပ်ရှင်၏ ဂုဏ်သတင်းကို ပြောကြားခြင်း ဟူသော ဝတ်တရားများကို အပြန်အလှန် ဆောင်ရွက်ကြပေမည်။

အထက်အရပ်ဆိုသည်မှာ ရဟန်းပုဏ္ဏားတို့ကိုခေါ်၏။ ထိုရဟန်းပုဏ္ဏားတို့အား မေတ္တာနှင့်ယှဉ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် အမြဲမပြတ် အလှူတံခါးဖွင့်လှစ်ထားရမည်။ ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို ပေးလှူကြရမည်။ သို့မှသာ အထက်အရပ်ကို လုံခြုံစေရာရောက်လိမ့်မည်။ ထိုရဟန်းပုဏ္ဏားတို့ကလည်း မိမိအား မကောင်းမှုများမလုပ်အောင် တားမြစ်လိမ့်မည်။ ကောင်းမှုများကို ပြုလုပ်အောင် တိုက်တွန်းလိမ့်မည်။ ကောင်းသောစိတ်ထားဖြင့် စောင့်ရှောက်လိမ့်မည်။ မကြားဖူးသော တရားစကားကို ဟောကြားလိမ့်မည်။ ကြားဖူးသော တရားစကားကို အမှတ်ရအောင် ထပ်မံဟောကြားလိမ့်မည်။ နတ်ပြည်ခရီးကို ညွှန်ကြားလိမ့်မည်။

ဤသို့ အရပ်(၆)မျက်နှာကို လုံခြုံစေခြင်းကြောင့် ပစ္စုပ္ပန်ဘဝ၌လည်း မရေမတွက်နိုင်သော ကောင်းကျိုးတရားများ ဖြစ်ထွန်းလာမည်။ လူအများ၏ ချီးမွမ်းပူဇော်ခြင်းကိုလည်းခံရမည်။ နောင်တမလွန်ဘဝတို့၌လည်း လူ့ပြည်၊ နတ်ပြည်အစရှိသော မြင့်မြတ်သောဘုံဘဝတို့၌ဖြစ်ရပြီး စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံနိုင်ခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံများခြင်းအစရှိသော ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့နှင့် ပြည့်စုံနိုင်၏။

## အနာဂတ်ကံ (၂) မျိုး

၁။ အနာဂတ်ဘဝတို့၌ ပြုလုပ်လိမ့်မည်ဖြစ်သော ကံတို့သည် အနာဂတ်ဘဝတို့၌ ဧကန်မုချ အကျိုးပေးကြလိမ့်မည်။ ထိုကံမျိုးကို "ကံကို ပြုလုပ်လိမ့်မည်ဖြစ်ပြီး ကံ၏အကျိုးလည်း ပေးလိမ့်မည်ဖြစ်သောကံ" ဟုခေါ်၏။ ဤကံအရ အနာဂတ်ဘဝတို့၌ ပြုလုပ်ပြီး အနာဂတ်ဘဝတို့၌ အကျိုးပေးခွင့်ရ၍ အကျိုးပေးလိမ့်မည်ဖြစ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံတို့ကို ယူရမည်။

၂။ အနာဂတ်ဘဝတို့၌ ပြုလုပ်လိမ့်မည်ဖြစ်သော ကံတို့သည် အနာဂတ်ဘဝတို့၌ အကြောင်းချို့တဲ့သောကြောင့်သော်လည်းကောင်း၊ အကျိုးပေးခွင့်မရမီ ပရိနိဗ္ဗာန်ပြုသွားသောကြောင့်သော်လည်းကောင်း အကျိုးပေးကြလိမ့်မည်မဟုတ်။ ထိုကံမျိုးကို "ကံကို ပြုလုပ်လိမ့်မည် ဖြစ်သော်လည်း ကံ၏အကျိုး ပေးလိမ့်မည်မဟုတ်သောကံ" ဟုခေါ်၏။ ဤကံအရ အကြောင်းချို့တဲ့သောကြောင့် အကျိုးပေးနိုင်လိမ့်မည် မဟုတ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယ ဝေဒနီယကံ အာနန္တရိယကံ သမာပတ်ကံတို့ကိုလည်းကောင်း၊ အကျိုး ပေးခွင့်မရမီ ပရိနိဗ္ဗာန်ပြုလိမ့်မည်ဖြစ်သောကြောင့် အကျိုးပေးခွင့်ရလိမ့် မည်မဟုတ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယ ဝေဒနီယကံ သမာပတ်ကံတို့ကိုလည်းကောင်း ယူရမည်။

ကမ္မအယူအဆ၏ အဓိကဆိုလိုသော ကံတို့မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့သာ ဖြစ်ကြသည်။ အနာဂတ်ကံသည် အဓိကမဟုတ်။ ကာလသုံးပါးလုံးကို ပြည့်စုံစေလို၍သာ ဖော်ပြထားခြင်း ဖြစ်ဟန် တူသည်။

ဤကံတို့ကို သာမညအနေဖြင့် (၁၂)မျိုးဟူ၍ ပိုင်းခြားထား သော်လည်း ကုသိုလ် အကုသိုလ် သာဝဇ္ဇ အနဝဇ္ဇ ကဏှ သုက္က သုခိန္ဒြိယ ဒုက္ခိန္ဒြိယ သုခဝိပါက ဒုက္ခဝိပါကဟူသော တရားဆယ်မျိုး တို့တွင် တစ်မျိုးမျိုး၌ အထက်ပါကံ (၁၂)မျိုးစီ ရှိကြသောကြောင့် အချိန်ကာလအားဖြင့် ကွဲပြားသော ကံအမျိုးပေါင်း (၁၂၀) ရှိသည်။

## အကျိုးပေးမှုအပေါ်တွင်အခြေခံ၍ အမည်ပေးထားသောကံများ

သတ္တဝါတို့ ပြုလုပ်ထားသော ကံများကို ယင်းကံတို့၏ အကျိုးတရား ဖြစ်ထွန်းလာမှုအပေါ်တွင် အခြေခံ၍ အမည်ပေးသော အခါ

(က) ဂတိသမ္ပတ္တိစသော ကံ(၁၆)မျိုး

(ခ) အလှည့်ကျ အကျိုးပေးသော ကံ(၄)မျိုး

(ဂ) လုပ်ဆောင်ချက်အရ ကံ(၄)မျိုး

(ဃ) မည်းညစ်သောကံစသော ကံ(၄)မျိုး

(င) ဘဝသစ်ကို ဖြစ်ပေါ်စေသော ကံ(၄)မျိုး

(စ) အကျိုးပေးရန် သေချာသောကံနှင့်မသေချာသောကံများ

(ဆ) ကံဟောင်း ကံသစ်(၂)မျိုး

ဟူ၍ အမည်များစွာကို တွေ့ရှိရသည်။

## ဂတိသမ္ပတ္တိ စသော ကံ (၁၆) မျိုး

ဤလောက၌ ဗေဒင်မန္တရားအစွမ်း၊ ဝီရိယအစွမ်း၊ တန်ခိုးအစွမ်း၊ ဉာဏ်အစွမ်း၊ ကံအစွမ်းအစရှိသည်ဖြင့် အစွမ်းများစွာ ရှိကုန်၏။ ထိုအစွမ်းများစွာတို့တွင် ကံအစွမ်းသည် အထက်မြက်ဆုံး ဖြစ်၏။ ထိုကံအစွမ်းတွင်လည်း ကုသိုလ်ကံအစွမ်း၊ အကုသိုလ်ကံအစွမ်း ဟူ၍ နှစ်မျိုးရှိပြန်သည်။ ထိုနှစ်မျိုးတို့တွင် ကုသိုလ်ကံအစွမ်းသည် ပို၍ ထက်မြက်၏။

ထိုကုသိုလ်ကံအကုသိုလ်ကံတို့သည် အကျိုးပေးရန် အချိန်အခါနှင့် အကျိုးပေးရန်အလှည့်သို့ရောက်မှ အကျိုးပေးကြသည်ဟု ဆိုသော်လည်း ပြည့်စုံသင့်သည့် အကြောင်းအရာများနှင့် ပြည့်စုံမှု မရှိလျှင်သော်လည်းကောင်း၊ မပြည့်စုံသင့်သည့် အကြောင်းအရာများနှင့် ပြည့်စုံနေလျှင်သော်လည်းကောင်း အကျိုးပေးနိုင်ကြလိမ့်မည် မဟုတ်ပေ။ ထိုပြည့်စုံရမည့် အကြောင်းအရာများနှင့် မပြည့်စုံရမည့်

အကြောင်းအရာများသည် ကံ၏အကျိုးပေးပုံ အကျိုးပေးနည်းကို ဆန်းကျယ်စေသည်။ ကောင်းသောအလုပ်ကို လုပ်နေပါလျက် မကောင်းသော အကျိုးများပေးနေတတ်သည်လည်းရှိ၏။ မကောင်းသော အလုပ်ကို လုပ်နေပါလျက် ကောင်းသောအကျိုးများ ပေးနေတတ်သည်လည်းရှိ၏။ မကောင်းသောအလုပ်ကို လုပ်သောကြောင့် မကောင်းသောအကျိုးများ ပေးနေတတ်သည်လည်းရှိ၏။ ကောင်းသော အလုပ်ကိုလုပ်သောကြောင့် ကောင်းသောအကျိုးများ ပေးနေတတ်သည်လည်းရှိ၏။ ဤအချက်များသည် ကံ၏ အကျိုးပေးပုံပေးနည်းကို မသိလျှင် ကံ ကံ၏အကျိုးကို ယုံကြည်မှု၌ အားနည်းသွားနိုင်သည်။

မိဘ ဆရာသမားအစရှိသော အတွေ့အကြုံလည်းရှိ၊ အသိဉာဏ်လည်းများသော သူတို့သည် မိမိတို့၏သားသမီးများ၊ တပည့်များ၊ လက်အောက်ငယ်သားများကို မလုပ်သင့်သည့် အလုပ်များကို မလုပ်ကြရန်၊ မပေါင်းသင့်သည့်သူများကို မပေါင်းသင်းကြရန်၊ ပေါင်းသင့်သည့် သူများကို ပေါင်းသင်းကြရန်၊ မသွားသင့်သည့်အရပ်များသို့ မသွားကြရန် အစရှိသည်ဖြင့် ပြောဆိုဆုံးမကြကုန်၏။

မိဘ ဆရာသမားတို့၏စကားကို နားမထောင်ဘဲ မပေါင်းသင့်သောသူများနှင့် ပေါင်းသင်းပြီး မသွားသင့်သောနေရာများသို့ သွားကြသောသူများသည် များသောအားဖြင့် ဘေးဒုက္ခအန္တရာယ်များနှင့် တွေ့ကြုံတတ်သည်။ ကျားဆိုးပေါသည့် တောသို့သွားလျှင် ကျားကိုက်ခြင်းခံရမည်။ မြွေဆိုးပေါသည့် တောသို့သွားလျှင် မြွေကိုက်ခြင်း ခံရမည်။ ဆူးတောထဲတိုးလျှင် ဆူးစူးခြင်းခံရမည်။ "ကံကိုယုံ၍ ဆူးပုံမနင်းနှင့်"ဟူသော စကားပုံနှင့်အညီ ကံကိုချည်း အားကိုးနေ၍ မဖြစ်ပေ။ လက်ရှိဘဝ၌ ဉာဏ်နှင့်ဝီရိယကို ယှဉ်တွဲ၍ လုပ်သင့်သော အရာတို့ကိုလုပ်ပြီး ရှောင်သင့်သော အရာတို့ကို ရှောင်ကြဉ်မှသာ ကောင်းကျိုးချမ်းသာများကို ရရှိနိုင်လိမ့်မည်။ ဉာဏ်ဝီရိယတို့ကိုမသုံးဘဲ လုပ်သင့်သည်တို့ကိုမလုပ်၊ မလုပ်သင့်သည်တို့ကို

လုပ်နေလျှင် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရပေမည်။ အဇာတသတ်မင်းသည် မပေါင်းသင့်သော ဒေဝဒတ်ကိုခွါထုတ်၍ ချဉ်းကပ်သင့်သော မြတ်စွာဘုရားအား ချဉ်းကပ်သောအခါမှသာလျှင် ချမ်းသာသုခများကို ရရှိခဲ့သည်။

ဗိမ္ဗိသာရမင်းကြီးသည်လည်း မိမိ၏သားကို စွန့်ပစ်သင့်ပါလျက်မစွန့်ပစ်သောကြောင့် ဆင်းရဲဒုက္ခများစွာ ခံစားခဲ့ရ၏။ အသက်ဆုံးရှုံးခဲ့ရ၏။

"ညောင်ထောက်တော့ ပေါင်ကျိုး၊ ညောင်ချိုးတော့ ရွှေအိုးရ" ဟူသော စကားပုံသည် ကံ၏အကျိုးပေးပုံကို နားမလည်လျှင် အယူလွဲမှားတတ်သည်။ ညောင်ပင်ကို ထောက်သောသူသည် အကုသိုလ်ကံများစွာကို ပြုလုပ်ထားသောသူ ဖြစ်သည်။ ထို့ကြောင့် မကောင်းသောဆိုးကျိုးများစွာကို ခံစားရမည့်သူ ဖြစ်သည်။ ညောင်ပင်ကို ထောက်ပေးခြင်းဟူသော မှန်ကန်သောလုပ်ဆောင်မှုကြောင့် အနည်းငယ်သောဆင်းရဲဒုက္ခကိုသာ ခံစားခဲ့ရသည်။ ညောင်ပင်ကို ချိုးသူသည် ကုသိုလ်ကံများစွာကို ပြုလုပ်ထားသောသူ ဖြစ်သည်။ ထို့ကြောင့် ချမ်းသာသုခအမျိုးမျိုးကို ခံစားရမည့်သူဖြစ်သည်။ ပစ္စည်းဥစ္စာများစွာကို ရရှိနိုင်မည့်သူ ဖြစ်သည်။ ညောင်ပင်ကို ချိုးခြင်းဟူသော မှားယွင်းသောလုပ်ဆောင်ချက်ကြောင့် ရွှေအိုးတစ်လုံးတည်းကိုသာ ရရှိခဲ့သည်။ မိမိရသင့်သလောက် မရခဲ့ချေ။ ဤကဲ့သို့ အကျိုးပေးဆန်းကြယ်သောကံ၏ အကျိုးပေးပုံ အကျိုးပေးနည်းတို့ကို ဗုဒ္ဓစာပေများ၌ အောက်ပါအတိုင်း (၁၆)မျိုး ဖော်ပြထားသည်ကို တွေ့ရှိရသည်။

၁။ ဂတိသမ္ပတ္တိ ပဋိဗာဠ္ဟ အကုသိုလ်ကံ
၂။ ဥပဓိသမ္ပတ္တိ ပဋိဗာဠ္ဟ အကုသိုလ်ကံ
၃။ ကာလသမ္ပတ္တိ ပဋိဗာဠ္ဟ အကုသိုလ်ကံ
၄။ ပယောဂသမ္ပတ္တိ ပဋိဗာဠ္ဟ အကုသိုလ်ကံ
၅။ ဂတိဝိပတ္တိ အကုသိုလ်ကံ

၆။ ဥပဓိဝိပတ္တိ အကုသိုလ်ကံ
၇။ ကာလဝိပတ္တိ အကုသိုလ်ကံ
၈။ ပယောဂဝိပတ္တိ အကုသိုလ်ကံ
၉။ ဂတိဝိပတ္တိ ပဋိဗာဠ့ ကုသိုလ်ကံ
၁၀။ ဥပဓိဝိပတ္တိ ပဋိဗာဠ့ ကုသိုလ်ကံ
၁၁။ ကာလဝိပတ္တိ ပဋိဗာဠ့ ကုသိုလ်ကံ
၁၂။ ပယောဂဝိပတ္တိ ပဋိဗာဠ့ ကုသိုလ်ကံ
၁၃။ ဂတိသမ္ပတ္တိ ကုသိုလ်ကံ
၁၄။ ဥပဓိသမ္ပတ္တိ ကုသိုလ်ကံ
၁၅။ ကာလသမ္ပတ္တိ ကုသိုလ်ကံ
၁၆။ ပယောဂသမ္ပတ္တိ ကုသိုလ်ကံ

ဤ (၁၆)မျိုးသော ကံတို့သည် အကျိုးပေးနိုင်သည့် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို ထက်သန်စေရန်လည်း ပြုလုပ်နိုင်ကုန်၏။ အားမရှိစေရန်လည်း နှောက်ယှက်နိုင်ကုန်၏။ အကျိုးပေးခွင့်ကိုလည်း ပိတ်ပင်နိုင်ကုန်၏။ အကျိုးပေးကောင်းစေရန်လည်း ထောက်ပံ့နိုင်ကုန်၏။

## ဂတိသမ္ပတ္တိပဋိဗာဠ့ အကုသိုလ်ကံ

အကုသိုလ်ကံများစွာ ရှိပါသော်လည်း လူ့ဘဝ၊ နတ်ဘဝ စသော မြင့်မြတ်သောဘဝတို့သို့ ရောက်ရှိနေသောကြောင့် ထိုအကုသိုလ်ကံများ အကျိုးပေးခွင့် မရကြတော့ဘဲကုသိုလ်ကံများသာ အကျိုးပေးခွင့် ရရှိနေကြခြင်းကို "ဂတိသမ္ပတ္တိ ပဋိဗာဠ့ အကုသိုလ်ကံ"ဟုခေါ်၏။ မြင့်မြတ်ကောင်းမွန်သော ဂတိများက အကျိုးပေးခွင့်ကို တားမြစ်ခြင်းခံရသော အကုသိုလ်ကံဟု ဆိုလိုသည်။

သတ္တဝါတို့သည် သံသရာစက်ဝန်းအတွင်းသို့ ဝင်ရောက်ချိန်မှ အစပြု၍ ကုသိုလ်ကံကိုသော်လည်းကောင်း၊ အကုသိုလ်ကံကိုသော်

လည်းကောင်း အမြဲမပြတ်ပြုလုပ်ခဲ့ကြသည်။ ယခုလည်း ပြုလုပ်ဆဲဖြစ်ကုန်၏။ နောင်လည်း ပြုလုပ်ကြလိမ့်ဦးမည်။ တစ်ခါတစ်ရံ အိပ်ပျော်နေခိုက်မှာပင် အားနည်းသော ကုသိုလ်အကုသိုလ်ကံများကို ပြုလုပ်မိတတ်ကြသေး၏။

ထိုသတ္တဝါတို့ပြုလုပ်သော ကံများတွင် စွမ်းအားကြီးမား ထက်မြက်သော ကုသိုလ်ကံများလည်း ပါဝင်နိုင်ကုန်၏။ စွမ်းအားကြီးမား ထက်မြက်သော အကုသိုလ်ကံများလည်း ပါဝင်နိုင်ကုန်၏။

ထိုနှစ်မျိုးတို့တွင် အကုသိုလ်ကံများသည် ငရဲဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ, အသုရကာယ်ဘဝဟူသော အပါယ်လေးဘုံတို့တွင် တစ်ခုခုသောဘုံဘဝတို့သို့ ရောက်ရှိမှသာ မကောင်းသောအကျိုးများ ပေးနိုင်သောကံများ ဖြစ်ကြအံ့။ ထိုသို့သော အကုသိုလ်ကံတို့ကို ကျူးလွန်သောသတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးသောကြောင့် လူ့ဘဝ နတ်ဘဝ အစရှိသော မြင့်မြတ်သော အထက်တန်းစား ဘဝတို့သို့ ရောက်သွားသည် ရှိသော် ထိုအကုသိုလ်ကံများသည် အကျိုးမပေးနိုင်ကြတော့ဘဲ ကုသိုလ်ကံများသာ အကျိုးပေးကုန်၏။

တမ္ဗဒါဌိကသည် သူခိုးများကို ခေါင်းဖြတ်သတ်ပေးခြင်းဖြင့် အသက်မွေးသောသူဖြစ်သည်။ သူသည် နှစ်ပေါင်း (၅၀)တိုင်တိုင် သူခိုးပေါင်းများစွာကို သတ်ဖြတ်ခဲ့ရသည်။ သူကွယ်လွန်သောအခါ အပါယ်လေးဘုံတို့တွင် တစ်ခုခုသောဘုံ၌ဖြစ်လျှင် သူပြုလုပ်ခဲ့သော အကုသိုလ်ကံများသည် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရခြင်းဟူသော မကောင်းသော အကျိုးများကို ပေးလိမ့်မည်။ သို့ရာတွင် သူသည် အရှင်သာရိပုတ္တရာအား နို့ထမင်းကိုလှူဒါန်းခဲ့ရခြင်း၊ အရှင်သာရိပုတ္တရာ ဟောကြားတော်မူသော တရားတော်များကို ရိုသေစွာ နာယူခဲ့ရခြင်း ဟူသော ကုသိုလ်ကံတို့ကိုလည်း ပြုလုပ်ခဲ့၏။ ထိုကုသိုလ်ကံတို့သည် သူကွယ်လွန်သောအခါ တုသိတာနတ်ပြည်၌ဖြစ်သွားစေ၏။ ထို့ကြောင့်

သူ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့သည် အကျိုးပေးခွင့်မရတော့ချေ။ သူ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့သည်သာ တုသိတာနတ်ပြည်၌ နတ်စည်းစိမ်အမျိုးမျိုးကို ခံစားရခြင်းဟူသော ကောင်းသောအကျိုးတို့ကိုသာ ပေးခဲ့ကြသည်။

## ဥပဓိသမ္ပတ္တိပဋိဗာဠ္ဟ အကုသိုလ်ကံ

တင့်တယ်ခန့်ငြားသော၊ အဆင်းလှပ၍ ရှုချင်စဖွယ်ရှိသော ရုပ်ရည်ရှိခြင်းကို ဥပဓိသမ္ပတ္တိဟုခေါ်၏။ ထိုဥပဓိသမ္ပတ္တိနှင့် ပြည့်စုံနေသောကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရကြဘဲ ကုသိုလ်ကံများသာအကျိုးပေးခွင့်ရကြခြင်းကို "ဥပဓိသမ္ပတ္တိပဋိဗာဠ္ဟ အကုသိုလ်ကံ"ဟုခေါ်၏။ ရုပ်ရည်အဆင်းလှပခြင်းက အကျိုးပေးခွင့်ကို တားမြစ်ခြင်းခံရသော အကုသိုလ်ကံဟုဆိုလိုသည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးသည် များစွာသောအကုသိုလ်ကံတို့ကို ပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် တင့်တယ်ခန့်ငြားမှုမရှိသော၊ ဘီလူးပြိတ္တာနှင့်တူသည်ဖြစ်၍ ကြောက်မက်ဖွယ်ကောင်းသော အဆင်းရှိသော၊ လက်ခြေအစရှိသော ကိုယ်အင်္ဂါချို့တဲ့သော ရုပ်ရည်ကို ပိုင်ဆိုင်မှသာ မကောင်းသောအကျိုးကို ပေးနိုင်သော အကုသိုလ်ကံများဖြစ်ကြအံ့။ ထိုကဲ့သို့သော အကုသိုလ်ကံတို့ကို ကျူးလွန်သောသတ္တဝါသည် ၎င်းပြုလုပ်ခဲ့သော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးခွင့်ရသောကြောင့် တင့်တယ်ခန့်ငြားသော အဆင်းလှပ၍ ရှုချင်စဖွယ် ရှိသောရုပ်ရည်ကို ပိုင်ဆိုင်နေသည်ရှိသော် ထိုအကုသိုလ်ကံများသည် အကျိုးပေးခွင့် မရကြတော့ဘဲ ကုသိုလ်ကံများကသာ အကျိုးပေးခွင့်ရကုန်၏။

ယခုအခါ၌ ရုပ်ရည်အဆင်း လှပနေသူများသည် များသောအားဖြင့် ကြွယ်ဝချမ်းသာနေကြ၏။ အလုပ်အကိုင်ရရှိရန် လွယ်ကူကြ၏။ ပစ္စည်းဥစ္စာရှာဖွေဖို့ လွယ်ကူကြ၏။ ရာထူးဂုဏ်ထူးများရရှိရန်

တိုးတက်ရန် လွယ်ကူကြ၏။ လူအများ၏ အားပေးချစ်ခင်မှုကို ခံကြရ၏။ ချမ်းသာသုခအမျိုးမျိုးကို ရလွယ်ကြ၏။ ဤသို့ ဖြစ်ကြရခြင်းမှာ ဥပဓိသမ္ပတ္တိကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရကြဘဲ ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရနေကြသောကြောင့်ဖြစ်သည်။

အင်္ဂလန်နိုင်ငံ၌ ဝေလမင်းသမီး ဒိုင်ယာနာသည် ရုပ်ရည်အဆင်း ထူးထူးခြားခြားလှပသောကြောင့် အင်္ဂလန်နိုင်ငံ၏ တော်ဝင်မင်းသမီးတစ်ယောက်ဖြစ်လာခဲ့၏။ ရာထူးဂုဏ်ထူးများစွာကို ရရှိခဲ့၏။ များစွာသော ပစ္စည်းဥစ္စာတို့ကို ပိုင်ဆိုင်ပြီး များစွာသောချမ်းသာသုခတို့ကို ခံစားခဲ့ရ၏။ အင်္ဂလန်နိုင်ငံအတွင်း၌ နေထိုင်ကြသောပြည်သူပြည်သားများသာမက ကမ္ဘာအရပ်ရပ်၌ နေထိုင်ကြသော လူအများ၏ လေးစားချစ်ခင်ခြင်းကို ခံခဲ့ရ၏။ ဥပဓိသမ္ပတ္တိကြောင့် ကောင်းကျိုးများစွာကို ခံစားရခြင်းဖြစ်သည်။

ဘာတိကမင်းလက်ထက်၌ များစွာသောသူတို့သည် နွားသားကို စားကုန်သောကြောင့် မင်းရင်ပြင်၌ သေဒဏ်ပေးရန် အမိန့်ချမှတ်ခြင်း ခံခဲ့ကြရ၏။ သို့ရာတွင် ထိုသူများထဲ၌နွားသတ်သမား တစ်ဦး၏ သမီးသည် ရုပ်ရည်အဆင်း လွန်စွာလှပသောကြောင့် နန်းတော်အတွင်းသို့ ခေါ်ဆောင်ပြီး မောင်းမအရာ၌ထား၍ ချီးမြှောက်ခဲ့၏။ ကြွင်းသော ဆွေမျိုးတို့သည်လည်း အသက်ဘေးမှကင်းဝေးကာ ချမ်းချမ်းသာသာ နေထိုင်ကြရကုန်၏။

## ကာလသမ္ပတ္တိ ပဋိဗာဠ္ဍ အကုသိုလ်ကံ

ကမ္ဘာဦးအစအချိန်အခါသည်လည်းကောင်း၊ စကြဝတေးမင်း ပေါ်ပေါက်ရာ အချိန်အခါသည်လည်းကောင်း၊ မြတ်စွာဘုရား ပွင့်တော်မူရာ အချိန်အခါသည်လည်းကောင်း၊ တရားစောင့်သော မင်းကောင်းမင်းမြတ်နှင့် လူတော်လူကောင်းများရှိသော အချိန်အခါသည်

လည်းကောင်း၊ ချိုမြိန်ကောင်းမြတ်သော စားဖွယ်သောက်ဖွယ်တို့ဖြင့် ပြည့်စုံပေါများသော အချိန်အခါသည်လည်းကောင်း ကာလသမ္ပတ္တိ မည်၏။ ထိုကာလသမ္ပတ္တိနှင့် ပြည့်စုံနေသောကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရကြဘဲ ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရကြခြင်းကို "ကာလသမ္ပတ္တိပဋိဗာဠ္ဟအကုသိုလ်ကံ"ဟုခေါ်သည်။ ကာလသမ္ပတ္တိက အကျိုးပေးခွင့်ကို တားမြစ်ခြင်းခံရသော အကုသိုလ်ကံဟု ဆိုလိုသည်။

သတ္တဝါတစ်ဦးဦးသည် အကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် တရားမစောင့်သောမင်းနှင့် လူဆိုးလူမိုက်ပေါများသော ခေတ်အချိန်အခါ၌လည်းကောင်း၊ ငတ်မွတ်ခေါင်းပါး အစာရှားပါးသော ခေတ်အချိန်အခါ၌လည်းကောင်း ဖြစ်တည်မှသာ အကျိုးပေးနိုင်သော အကုသိုလ်ကံများဖြစ်ကြအံ့။ ထိုသို့သော အကုသိုလ်ကံတို့ကို ကျူးလွန်သောသတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးသောကြောင့် ကာလသမ္ပတ္တိ အချိန်အခါ၌ ဖြစ်တည်နေသည်ရှိသော် ထိုအကုသိုလ်ကံများသည် အကျိုးမပေးနိုင်ကြတော့ဘဲ ကုသိုလ်ကံများသာ အကျိုးပေးကုန်၏။

အရှေ့တောင်အာရှဒေသ၌ရှိသော ဘရူနိုင်းနိုင်ငံအတွင်း၌ နေထိုင်ကြသောလူများသည် တရားစောင့်သောမင်း အုပ်ချုပ်သော အချိန်အခါဖြစ်သောကြောင့်လည်းကောင်း၊ စားဝတ်နေရေး ပြည့်စုံသော အချိန်အခါဖြစ်သောကြောင့်လည်းကောင်း ချမ်းချမ်းသာသာနေထိုင်ကြရ၏။ အခမဲ့ ပညာသင်ကြားခွင့်နှင့် အခမဲ့ ဆေးကုသခွင့်ရကြ၏။ အလုပ်လက်မဲ့ဖြစ်နေသောသူများနှင့် အလုပ်မလုပ်နိုင်သောသူများကို အစိုးရက ထောက်ပံ့၏။ မုဆိုးမများကိုလည်း အစိုးရက ထောက်ပံ့၏။ ထိုနိုင်ငံအတွင်း၌ နေထိုင်သူများသည် ဆင်းဆင်းရဲရဲ နေထိုင်စားသောက်ရသည်ဟူ၍ မရှိချေ။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးလက်ထက်၌ ဈာန် အဘိညာဉ်ရရှိပြီးသော ဟာရိတစရသေ့သည် မင်း၏မိဖုရားကြီးအပေါ်၌ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိ၍ ဈာန်အဘိညာဉ်များ ဆုံးရှုံးသွား၏။ မင်းကြီးသိသောအခါ တရားစောင့်သော မင်းဖြစ်သောကြောင့် အရေးမယူပဲ ကာမရာဂ၏အပြစ်များကို ဟောပြောပြသ၏။ ထို့ကြောင့် ရသေ့သည် သူကျူးလွန်မိသော အကုသိုလ်ကံ၏ အပြစ်ကို မခံရသည့်အပြင် ဆုံးရှုံးသွားသော ဈာန်အဘိညာဉ်များကိုပါ ပြန်လည်ရရှိခဲ့၏။

## ပယောဂသမ္ပတ္တိ ပဋိဗာဠ္ဍ အကုသိုလ်ကံ

သူတစ်ပါးအသက်ကိုသတ်ခြင်းစသည်မှ ရှောင်ကြဉ်၍ ကောင်းမွန်သောကိုယ် နှုတ် စိတ်တို့ကို ဖြစ်စေခြင်းသည်လည်းကောင်း၊ ကောင်းမွန်သော လုံ့လဝီရိယဖြင့် အသက်မွေးခြင်းသည်လည်းကောင်း၊ ချဉ်းကပ်သင့်သောအခါ၌ ချဉ်းကပ်ခြင်းသည်လည်းကောင်း၊ ရှောင်ခွါသင့်သောအခါ၌ ရှောင်ခွါခြင်းသည်လည်းကောင်း၊ ပြေးသင့်သောအခါ၌ ပြေးခြင်းသည်လည်းကောင်း၊ ခိုးသင့်သောအခါ၌ ခိုးခြင်းသည်လည်းကောင်း ပယောဂသမ္ပတ္တိမည်၏။ ထိုပယောဂသမ္ပတ္တိနှင့် ပြည့်စုံနေသောကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရကြဘဲ ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရကြခြင်းကို "ပယောဂသမ္ပတ္တိပဋိဗာဠ္ဍ အကုသိုလ်ကံ"ဟုခေါ်၏။ ပယောဂသမ္ပတ္တိက အကျိုးပေးခွင့်ကို ပိတ်ပင်ခြင်းခံရသော အကုသိုလ်ကံဟုဆိုလိုသည်။

သတ္တဝါတစ်ဦးဦးသည် အကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် သူတစ်ပါးအသက်ကို သတ်ခြင်းအစရှိသော ဒုစ္စရိုက်ဆယ်ပါးကို ကျူးလွန်ခြင်း၊ ချဉ်းကပ်သင့်သောအခါ၌ ချဉ်းကပ်မှုကို မပြုခြင်း၊ ရှောင်ရှားသင့်သောအခါ၌ ရှောင်ရှားမှုကိုမပြုခြင်း၊ တံစိုးလက်ဆောင် ပေးသင့်သောအခါ၌ တံစိုးလက်ဆောင်မပေးခြင်း အစရှိသော အခါတို့၌သာ အကျိုးပေးနိုင်သော အကုသိုလ်ကံများ

ဖြစ်ကြအံ့။ ထိုသို့သော အကုသိုလ်ကံတို့ကို ကျူးလွန်သော သတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးသောကြောင့် ပယောဂသမ္ပတ္တိ၌ တည်နေသည်ရှိသော် ထိုအကုသိုလ်ကံများသည် အကျိုးပေးခွင့်မရကြတော့ဘဲ ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရကုန်၏။

ဘုရားရှင်လက်ထက်တော်၌ ရာဇဂြိုလ်ပြည်တွင် သိရိမာသည် ပြည့်တန်ဆာမတစ်ဦးဖြစ်သည်။ သူမသည် သောတာပန်ဖြစ်သော သူဌေးသမီးဥတ္တရာအား ထောပတ်ဆီဖြင့် လောင်းခဲ့၏။ သို့ရာတွင် သူမသည် ချဉ်းကပ်သင့်သော သူကိုချဉ်းကပ်ခြင်းဟူသော ပယောဂသမ္ပတ္တိနှင့်ပြည့်စုံနေခဲ့၏။ ဥတ္တရာ၏အကူအညီဖြင့် မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်၍ မိမိပြုလုပ်မိသောအပြစ်အတွက် တောင်းပန်ခဲ့၏။ မြတ်စွာဘုရားရှင်က သည်းခံခွင့်လွှတ်တော်မူ၍ တရားဟောသောအခါ သောတာပန်ဖြစ်သွား၏။ ထို့ကြောင့် ၎င်းပြုလုပ်ခဲ့သော အကုသိုလ်ကံတို့သည် အကျိုးပေးခွင့် မရကြတော့ချေ။

## ဂတိဝိပတ္တိ အကုသိုလ်ကံ

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟူသော အပါယ်လေးဘုံသည် ဂတိဝိပတ္တိမည်၏။ ထိုဂတိဝိပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသော အကုသိုလ်ကံကို "ဂတိဝိပတ္တိ အကုသိုလ်ကံ" ဟုခေါ်၏။ သတ္တဝါတစ်ဦးဦးသည် အကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် အပါယ်လေးဘုံ၌ ကျင်လည်နေမှသာ အကျိုးပေးနိုင်သော အကုသိုလ်ကံများဖြစ်ကြအံ့။ ထိုသို့သော အကုသိုလ်ကံတို့ကို ကျူးလွန်သော သတ္တဝါသည် ၎င်းပြုလုပ်သော တစ်စုံတစ်ခုသော အကုသိုလ်ကံသည် အကျိုးပေးသောကြောင့် ငရဲဘုံ၌သော်လည်းကောင်း၊ တိရစ္ဆာန်ဘုံ၌သော်လည်းကောင်း၊ ပြိတ္တာဘုံ၌သော်လည်းကောင်း၊ အသုရကာယ်ဘုံ၌သော်လည်းကောင်း ကျင်လည်ရ၏။

ထိုသတ္တဝါအား အကုသိုလ်ကံတို့သည် စဉ်ဆက်မပြတ် အလှည့်ကျ အကျိုးပေးကုန်၏။

ဓနပါလသူဌေးသည် အလွန်ချမ်းသာ၏။ ရွှေငွေတို့သည်လည်းအစီး ရှစ်ဆယ်တိုက်ရှိကုန်၏။ ပုလဲ ကြောင် မျက်ရွဲတို့သည်လည်း များစွာရှိကုန်၏။ သို့ရာတွင် ပေးကမ်းလှူဒါန်းမှုမရှိ။ နှမြောဝန်တိုသူ၊ စဉ်းလဲကောက်ကျစ်သူဖြစ်၏။ ကုသိုလ်ကောင်းမှုပြုသောသူတို့ကို ခြိမ်းခြောက်၏။ သူတစ်ပါး ကုသိုလ်ကောင်းမှုပြုသည်ကို တားမြစ်ခဲ့၏။ သူတစ်ပါးတို့ ပြုလုပ်လှူဒါန်းထားသော ရေတွင်း ရေကန် ရေအိုးစင်တို့ကိုလည်းကောင်း၊ ဥယျာဉ်တို့ကိုလည်းကောင်း၊ လမ်းတံတားတို့ကိုလည်းကောင်း ဖျက်ဆီးခဲ့၏။ ထိုဘဝမှ သေလွန်သောအခါ ပြိတ္တာဘုံ၌ဖြစ်ရ၏။ သူ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့သည် ဂတိဝိပတ္တိ၌ တည်သောကြောင့် ငါးဆယ့်ငါးနှစ်ပတ်လုံး အစာမစားရခြင်း၊ ရေမသောက်ရခြင်း၊ အဝတ်မဝတ်ရခြင်း၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဍာန်ရှိခြင်း၊ ကြံလို၍ အကြောပြိုင်းပြိုင်းထသောကိုယ်ရှိခြင်းအစရှိသော မကောင်းကျိုးအမျိုးမျိုးကို ပေးခဲ့ကြ၏။

## ဥပဓိဝိပတ္တိ အကုသိုလ်ကံ

ရုပ်ရည်အဆင်း မလှပခြင်း၊ မကောင်းသော ပုံသဏ္ဍာန်ရှိခြင်း၊ စက်ဆုပ်ရွံရှာစရာကောင်းသော ရုပ်ရည်ရှိခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ ဘီလူးပြိတ္တာနှင့်တူခြင်း အစရှိသည်တို့သည် ဥပဓိဝိပတ္တိမည်၏။ ထိုဥပဓိဝိပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသော အကုသိုလ်ကံကို "ဥပဓိဝိပတ္တိ အကုသိုလ်ကံ"ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် အကုသိုလ်ကံများစွာကိုပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် ဥပဓိဝိပတ္တိ၌တည်မှသာ အကျိုးပေးနိုင်သောကံများ ဖြစ်ကြအံ့။ ယိုအကုသိုလ်ကံတို့ကို ကျူးလွန်သောသတ္တဝါသည် ၎င်းပြုလုပ်သော တစ်စုံတစ်ခုသော အကုသိုလ်ကံသည် အကျိုးပေး

သောကြောင့် အဆင်းဖေါက်ပြန် ရုပ်ရည်ခက်ထန်သော ဥပဓိဝိပတ္တိ၌ တည်၏။ ထိုသတ္တဝါအား အကုသိုလ်ကံတို့သည် ဆက်ကာဆက်ကာ အကျိုးပေးကုန်၏။

ပစ္စည်းဥစ္စာ ကုဋေလေးဆယ်ချမ်းသာသော အာနန္ဒာ သူဌေးသည် လွန်စွာနှမြော၍ ပစ္စည်းဥစ္စာများ ကုန်ခန်းသွားမည်ကို စိုးရိမ်သောကြောင့် မိမိကိုယ်တိုင်လည်း မပေးလှူ။ သူ၏သားကိုလည်း ပေးလှူမှုမပြုရန် ဆုံးမခဲ့၏။ ဤသို့ အလိုကြီးခြင်း၊ ဝန်တိုခြင်း၊ နှမြော စေးနဲခြင်းအစရှိသော မကောင်းမှုကံတို့ကြောင့် ထိုဘဝမှ ကွယ်လွန် သောအခါ ဒွန်းစဏ္ဍာအမျိုး၌ဖြစ်၍ လက် ခြေ မျက်စိ နား နှာခေါင်း ခံတွင်းအစရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် ရှိရမည့်နေရာ များ၌မရှိကြဘဲ မရှိရမည့်နေရာများ၌ ရှိနေကြသောကြောင့် ဘီလူး ကလေးကဲ့သို့ လွန်စွာအရုပ်ဆိုး၏။ ထို့ကြောင့် သူ့ကိုမြင်တိုင်း လူအများက ကြောက်ရွံ့ကြ၏။ အစားအသောက်များကို မပေးချင်ကြ။ အိမ်ထဲဝင်လာလျှင် ရိုက်ထုတ်ကြ၏။ ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားခဲ့ရ၏။

## ကာလဝိပတ္တိ အကုသိုလ်ကံ

တရားမစောင့်သော မင်းညစ်မင်းယုတ်နှင့် လူဆိုးလူမိုက်များ ပေါများသောခေတ်အချိန်အခါသည်လည်းကောင်း၊ ငတ်မွတ်ခေါင်းပါး သော ခေတ်အချိန်အခါသည်လည်းကောင်း၊ စားဝတ်နေရေး မပြည့် စုံသော ခေတ်အချိန်အခါသည်လည်းကောင်း ကာလဝိပတ္တိမည်၏။ ထိုကာလဝိပတ္တိ၌တည်သောကြောင့် အကျိုးပေးခွင့်ရသော အကုသိုလ် ကံကို "ကာလဝိပတ္တိ အကုသိုလ်ကံ" ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် အကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် ကာလဝိပတ္တိ၌ ဖြစ်တည်မှသာ အကျိုးပေး နိုင်သော ကံများဖြစ်ကြအံ့။ ထိုအကုသိုလ်ကံတို့ကို ကျူးလွန်သော

သတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသောအကုသိုလ်ကံသည် အကျိုးပေးသောကြောင့် ကာလဝိပတ္တိ၌ ကျင်လည်ရ၏။ ထိုသတ္တဝါအား အကုသိုလ်ကံများသည် စဉ်ဆက်မပြတ် အကျိုးပေးကုန်၏။

ဆိုမာလီယာနိုင်ငံတွင် ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလမှစ၍ အုပ်ချုပ်သူများ အာဏာလုပွဲ စတင်ခဲ့၏။ တရားဥပဒေမရှိ။ လူမျိုးအချင်းချင်း သတ်ဖြတ်ကြ၏။ ထိုအချိန်မှာပင် ရာသီဥတု ဖောက်ပြန်၍ မိုးခေါင်ရေရှားလာ၏။ အစာရေစာ ပြတ်လပ်လာ၏။ ကုလသမဂ္ဂအဖွဲ့ကြီးမှ စားနပ်ရိက္ခာများ ပို့ပေးသော်လည်း လုယက်တိုက်ခိုက်သူများ ပေါများသောကြောင့် အလဟဿဖြစ်သွား၏။ နိုင်ငံ၌ အုပ်ချုပ်သူများဟု ခေါ်ဆိုရမည့် စစ်ဘုရင်ကြီးနှစ်ဦးဖြစ်သည့် အိတ်ဒစ်နှင့် အလီမာဒီမိုဟာမက်တို့သည်လည်း နိုင်ငံတကာ တရားဥပဒေကို မလိုက်နာဘဲ လုယက်မှု သတ်ဖြတ်မှုတို့ကိုသာ စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့ကြ၏။ ထို့ကြောင့် နိုင်ငံအတွင်းရှိ ပြည်သူပြည်သားများသည် ရိုင်းစိုင်းယုတ်မာသော ခေါင်းဆောင်များကြောင့်လည်း အများအပြား သေကြေပျက်စီးကုန်၏။ ငတ်မွတ်ခေါင်းပါးမှုကြောင့်လည်း သေကြေမှုများပြားကုန်၏။ ထိုနိုင်ငံသူ နိုင်ငံသားများသည် ကာလဝိပတ္တိအခါနှင့် တွေ့ကြုံကုန်သောကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရခြင်းဖြစ်သည်။

အလားတူ အီသီယိုပီးယားနိုင်ငံနှင့် အီရီထရီးယားနိုင်ငံတို့၌လည်း အငတ်ဘေးကြောင့် အနည်းဆုံး လူပေါင်းတစ်သန်းကျော် သေဆုံးခဲ့ရ၏။ ဆူဒန်နိုင်ငံ၌လည်း မိုးခေါင်ရေရှားမှု၊ မြစ်ရေများလျှံတက်မှု၊ ငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် ဆူဒန်လူမျိုး တစ်သန်းကျော် သေဆုံးခဲ့ရသည်။ ဤသို့ ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခံစားရခြင်း၏ အကြောင်းရင်းကို စိစစ်လိုက်လျှင် ထိုသူများသည် ကာလဝိပတ္တိအခါ၌ ဖြစ်တည်ကြသောကြောင့် အကုသိုလ်ကံ၏ အကျိုးပေးခြင်းကို ခံကြရခြင်းဖြစ်သည်။

## ပယောဂဝိပတ္တိ အကုသိုလ်ကံ

ချဉ်းကပ်သင့်သောအခါ၌ ချဉ်းကပ်မှုကို မပြုခြင်း၊ ရှောင်ကြဉ်သင့်သောအခါ၌ ရှောင်ကြဉ်မှုကိုမပြုခြင်း၊ ပြေးသင့်သောအခါ၌မပြေးခြင်း၊ တံစိုးလက်ဆောင် ပေးသင့်သောအခါ၌ တံစိုးလက်ဆောင် မပေးခြင်း၊ သူတပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲမှု အစရှိသော ဆယ်ပါးသော ဒုစ္စရိုက်မှုတို့ကို ပြုလုပ်ခြင်း အစရှိသည်တို့သည် ပယောဂဝိပတ္တိမည်၏။ ထိုပယောဂဝိပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသော အကုသိုလ်ကံကို "ပယောဂဝိပတ္တိ အကုသိုလ်ကံ"ဟုခေါ်သည်။

သတ္တဝါတစ်ဦးဦးသည် အကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုအကုသိုလ်ကံတို့သည် ပယောဂဝိပတ္တိ၌ တည်နေမှသာ အကျိုးပေးနိုင်သော အကုသိုလ်ကံများ ဖြစ်ကြအံ့။ ထိုကံတို့ကို ကျူးလွန်သော သတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော အကုသိုလ်ကံသည် အကျိုးပေးသောကြောင့် ပယောဂဝိပတ္တိ၌တည်၏။ ထိုသတ္တဝါအား အကုသိုလ်ကံများသည် အဖန်ဖန်အထပ်ထပ် အကျိုးပေးကုန်၏။

ယခုခေတ်အခါ၌ အချို့သောသူတို့သည် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ တရားဥပဒေနှင့်မညီသော ရောင်းဝယ်ဖေါက်ကားမှုတို့ကို ပြုလုပ်ခြင်း၊ လောင်းကစားမှုများကို ပြုလုပ်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုတို့ကို ပြုလုပ်ခြင်း အစရှိသော မကောင်းသော အလုပ်တို့ကို ပြုလုပ်ကြ၏။ မှားယွင်းသော အလုပ်အကိုင်တို့ဖြင့် အသက်မွေးကြ၏။ ထို့ကြောင့် အဖမ်းခံကြရ၏။ ထောင်ဒဏ်အပြစ်ပေးခြင်း ခံကြရ၏။ ငွေဒဏ်အပြစ်ပေးခြင်း ခံကြရ၏။ စည်းစိမ်ဥစ္စာများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခြင်း ခံကြရ၏။ ရာထူးချခြင်း ခံကြရ၏။ အလုပ်ဖြုတ်ခြင်း ခံကြရ၏။ သူတစ်ပါးတို့၏ အထင်သေးအမြင်သေး ကြည့်ခြင်းကို ခံကြရ၏။ လူ့အသိုင်းအဝိုင်းမှ ဖယ်ထုတ်ခြင်းကို ခံကြရ၏။

မာဂဏ္ဍီပုဏ္ဏားကြီး၏သမီး မာဂဏ္ဍီသည် သူမ၏ဖခင်က သူမကို ဘုရားရှင်အား ပေးအပ်ရာ ဘုရားရှင်က ငြင်းပယ်ခဲ့သောကြောင့် ဘုရားရှင်အပေါ် ရန်ငြိုးထားခဲ့သည်။ ဥတေနဘုရင်၏ မိဖုရားကြီး ဖြစ်လာသောအခါ သာမာဝတီ မိဖုရားကြီးနှင့် သူမ၏ရံရွေတော် တို့သည် ဘုရားရှင်အပေါ်၌ ကြည်ညိုမှု လှူဒါန်းမှု ပြုကြခြင်းတို့ကို မနာလိုဖြစ်ခဲ့သည်။ သာမာဝတီမိဖုရားကို ဒုက္ခရောက်အောင် အမျိုးမျိုး လုပ်ဆောင်ခဲ့သည်။ မိမိလုပ်သောအလုပ်များ မအောင်မြင်သောအခါ ဒေါသကြီးလာသည်။ နောက်ဆုံးတွင် သာမာဝတီနှင့် သူမ၏ အလုပ် အကျွေး အားလုံးတို့ကို မီးရှို့၍သတ်ခဲ့သည်။ ထို့ကြောင့် သူမအားလည်း ဥတေနဘုရင်က မီးရှို့၍ ပြန်သတ်ခဲ့သည်။ ဘုရားရှင်၏ စကားကြောင့် သူမ၏မိဘတို့ အကျွတ်တရား ရသွားကြသော်လည်း သူမမှာမူ ဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့ခဲ့ခြင်းမှာ သူမ၏အမှားဖြစ်၏။ ဘုရားရှင် အား ချဉ်းကပ်လိုက်လျှင် သူမသည် ကောင်းကျိုးအမျိုးမျိုးကို ရရှိ နိုင်သည်။ သို့ရာတွင် သူမ မချဉ်းကပ်ခဲ့။ သူမ၏ ဘဝတစ်လျှောက်လုံး၌ လုပ်ဆောင်ချက်များသည် အမှားအယွင်းများနှင့်သာ ပြည့်နှက်နေခဲ့၏။ ထို့ကြောင့် သူမအား သူမပြုလုပ်ခဲ့သော အကုသိုလ်ကံတို့သည် မကောင်းကျိုးများကို ချက်ချင်းပေးခဲ့၏။

## ဂတိဝိပတ္တိ ပဋိဗာဠှကုသိုလ်ကံ

ဂတိဝိပတ္တိ၌တည်သောကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့် မရဘဲ အကုသိုလ်ကံများ အကျိုးပေးခွင့်ရခြင်းကို "ဂတိဝိပတ္တိပဋိဗာဠှ ကုသိုလ်ကံ"ဟုခေါ်သည်။ ဂတိဝိပတ္တိက အကျိုးပေးခွင့်ကိုတားမြစ်ခြင်း ခံရသော ကုသိုလ်ကံဟု ဆိုလိုသည်။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် လူ့ဘုံနတ်ဘုံစသော ဂတိသမ္ပတ္တိ၌ ကျင်လည်ရ မှသာ အကျိုးပေးနိုင်သော ကံများဖြစ်ကြအံ့။ ထိုကံတို့ကို ပြုလုပ်သော

သတ္တဝါသည် ငင်းပြုလုပ်မိသော တစ်စုံတစ်ခုသော အကုသိုလ်ကံသည် အကျိုးပေးသောကြောင့် ငရဲဘဝ၌သော်လည်ကောင်း၊ တိရစ္ဆာန်ဘဝ၌သော်လည်းကောင်း၊ အသုရကာယ်ဘဝ၌သော်လည်းကောင်း၊ ပြိတ္တာဘဝ၌သော်လည်းကောင်း ဖြစ်ရသည်ရှိသော် ထိုကုသိုလ်ကံများသည် အကျိုးပေးရန် အလှည့်မရောက်နိုင်တော့ချေ။ အကုသိုလ်ကံတို့သည်သာ တစ်ခုပြီးတစ်ခု အလှည့်ကျအကျိုးပေးကုန်၏။

ဧရကပတ္တနဂါးမင်းသည် ကဿပဘုရားရှင်သာသနာတော်၌ ရဟန်းငယ်တစ်ပါးဖြစ်ခဲ့၏။ အနှစ်နှစ်သောင်းတိုင်တိုင် တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်ခဲ့၏။ ပိန်းရွက်ကို ဖြတ်ခဲ့မိသောကြောင့် အာပတ်သင့်ခဲ့၏။ ထိုအာပတ်ကို ကုစားလိုသော်လည်း မကုစားခဲ့ရ။ သေခါနီးသောအခါ၌ ထိုအာပတ်အတွက် နှလုံးမသာမယာ ဖြစ်ခဲ့သောကြောင့် သူကွယ်လွန်သောအခါ နဂါးမင်းဖြစ်ခဲ့ရ၏။ တိရစ္ဆာန်ဖြစ်သွားသောကြောင့် သူအားထုတ်ခဲ့သော ရဟန်းတရား၏ အကျိုးကို မခံစားခဲ့ရ။ ကဿပဘုရားသာသနာနှင့် ဂေါတမဘုရားသာသနာတို့၏ကြားကာလ၌ ကြီးစွာသောဆင်းရဲဒုက္ခတို့ကို ခံစားခဲ့ရ၏။ ဂေါတမဘုရားပွင့်တော်မူသောအခါ တရားတော်ကို နာကြားခွင့်ရခဲ့၏။ ထိုအချိန်၌ သောတာပတ္တိဖိုလ်ကို ရနိုင်သော်လည်း တိရစ္ဆာန်ဖြစ်နေသောကြောင့် မရခဲ့ချေ။ ပဋိသန္ဓေယူသောအခါ၊ အရေလဲသောအခါ၊ ရဲရဲဝံ့ဝံ့ အိပ်ပျော်သောအခါ၊ ဇာတ်တူနဂါးမ၌ မှီဝဲသောအခါ၊ သေဆုံးသောအခါတို့၌ ပင်ပန်းခြင်းဟု ဆိုအပ်ကုန်သော နဂါးတို့ ခံစားရသော ဒုက္ခငါးမျိုးမှ ကင်းလွတ်ခြင်း အကျိုးတရားကိုသာရရှိခဲ့သည်။

## ဥပဓိဝိပတ္တိ ပဋိဗာဠှ ကုသိုလ်ကံ

ဥပဓိဝိပတ္တိ၌တည်သောကြောင့် ကုသိုလ်ကံများအကျိုးပေးခွင့်မရဘဲ အကုသိုလ်ကံများ အကျိုးပေးခွင့်ရခြင်းကို “ဥပဓိဝိပတ္တိပဋိဗာဠှ ကုသိုလ်ကံ”ဟုခေါ်သည်။ ဥပဓိဝိပတ္တိက အကျိုးပေးခွင့်ကို တားမြစ်

ခြင်းခံရသော ကုသိုလ်ကံဟုဆိုလိုသည်။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် တင့်တယ်ခန့်ငြားသော၊ လှပ၍ ရှုချင်စဖွယ်ရှိသော ရုပ်အဆင်းကို ပိုင်ဆိုင်မှသာ အကျိုးပေးနိုင်သောကံများဖြစ်ကြအံ့။ ထိုကံတို့ကို ပြုလုပ်သော သတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော အကုသိုလ်ကံသည် အကျိုးပေးသောကြောင့် တင့်တယ်ခန့်ငြားမှု မရှိသော၊ ကိုယ်အင်္ဂါချို့တဲ့၍ အဆင်းသဏ္ဌာန် မလှပသော၊ ဘီလူး ပြိတ္တာနှင့်တူသည်ဖြစ်၍ ကြောက်မက်ဖွယ်ရှိသော ရုပ်ရည်ကို ပိုင်ဆိုင်နေသည်ရှိသော် ထိုကုသိုလ်ကံများသည် အကျိုးပေးခွင့်မရကြတော့ဘဲ အကုသိုလ်ကံတို့ကသာ စဉ်ဆက်မပြတ် အလှည့်ကျ အကျိုးပေးကုန်၏။

လူတစ်ဦးတစ်ယောက်သည် ရှေးကောင်းမှုကြောင့် မင်းကြီး၏သား(သို့မဟုတ်) အမတ်ကြီး၏သား ဖြစ်သော်လည်း မျက်စိကန်းနေလျှင်သော်လည်းကောင်း၊ လက်ကောက်နေလျှင်သော်လည်းကောင်း၊ ခြေခွင်နေလျှင်သော်လည်းကောင်း၊ ခါးကုန်းနေလျှင်သော်လည်းကောင်း အိမ်ရှေ့မင်းသား၊ စစ်သူကြီး၊ ဘဏ္ဍာထိန်းတို့ မဖြစ်နိုင်တော့ပေ။

ယခုခေတ်တွင်လည်း နိုင်ငံအကြီးအကဲ၊ အဖွဲ့အစည်း ဥက္ကဋ္ဌအစရှိသော ရာထူးဌာနန္တရ ရွေးချယ်သောအခါ အထက်ပါ ဥပဓိရုပ် ချို့တဲ့သူများအား ရွေးချယ်မှုမပြုကြပေ။ ထို့ကြောင့် ဥပဓိရုပ် ချို့တဲ့သူများသည် ကုသိုလ်ကောင်းမှု မည်မျှပင် များပြားနေပါစေ။ ထိုကုသိုလ်ကောင်းမှုတို့သည် အကျိုးပေးခွင့်မသာတော့ချေ။ ချွင်းချက်အနေဖြင့် ကုသမင်းကြီးသည် အလွန်အရုပ်ဆိုး၏။ သို့ရာတွင် ဘုရားဆုပန်ထားသောသူဖြစ်သောကြောင့် မင်းအဖြစ်ကို ရရှိခဲ့သည်။ သူ၏ ကုသိုလ်ကံကိုမူ ဥပဓိဝိပတ္တိက မတားမြစ်နိုင်ခဲ့ချေ။

သီဟိုဠ်ကျွန်း၌ ဒီပမင်းသားသည် ဘုရင်၏သားတော်တစ်ပါး ဖြစ်သည်။ သူသည် (၇)နှစ် (၈)နှစ်အရွယ်၌ ကြက်တို့ကိုတိုက်ခဲ့၏။

ကြက်တစ်ကောင်သည် မင်းသား၏ မျက်စိများကို ဖျက်ဆီးပြစ်ခဲ့၏။ သူ၏ မယ်တော်သည် ဘုရင်ကြီးထံမှ ရရှိထားသော ဆုအဖြစ် ဒီပ မင်းသားအား မင်းအဖြစ်ကိုပေးရန် တောင်းဆိုခဲ့၏။ ကိုယ်အင်္ဂါချို့တဲ့သောကြောင့် ဘုရင်ကြီးက မင်းအဖြစ်ကို မပေးလိုပေ။ မိဖုရားကြီးက စကားဖြင့် နှိပ်စက်၍ အကြိမ်ကြိမ် တောင်းဆိုသောကြောင့် နာဂကျွန်းသို့ပို့၍ ထိုကျွန်း၏ မင်းအဖြစ်ကို ပေးခဲ့၏။ သူသည် ကိုယ်အင်္ဂါချို့တဲ့သောကြောင့် ယူဇနာသုံးရာရှိသော သီဟိုဠ်ကျွန်း တစ်ခုလုံး၌ မင်းအဖြစ်ကို ရသင့်ပါလျက် မရရှိဘဲ လွဲခဲ့ရ၏။ သူ၏ ကိုယ်အင်္ဂါချို့တဲ့မှုက ကောင်းကျိုးများစွာရရှိမည့် အခွင့်အလမ်းကို တားမြစ်ခဲ့၏။

## ကာလဝိပတ္တိ ပဋိဗာဠ့ ကုသိုလ်ကံ

ကာလဝိပတ္တိက အကျိုးပေးခွင့်ကို တားမြစ်ခြင်းခံရသော ကုသိုလ်ကံသည် "ကာလဝိပတ္တိပဋိဗာဠ့ ကုသိုလ်ကံ" မည်၏။ ကာလဝိပတ္တိ၌ တည်သောကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့်မရကြဘဲ အကုသိုလ်ကံများသာ အကျိုးပေးခွင့်ရကြခြင်းကို ဆိုလိုသည်။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် တရားစောင့်သော မင်းကောင်းမင်းမြတ်ပေါ်ထွန်းသော ခေတ်အချိန်အခါ၌လည်းကောင်း၊ တရားရှိသော လူတော်လူကောင်း များစွာရှိသော ခေတ်အချိန်အခါ၌လည်းကောင်း၊ ချိုမြိန်ကောင်းမြတ်သော စားဖွယ်သောက်ဖွယ်တို့ဖြင့် ပြည့်စုံပေါများသော ခေတ်အချိန်အခါ၌လည်းကောင်း ဖြစ်တည်မှသာ အကျိုးပေးနိုင်သောကံများ ဖြစ်ကြအံ့။ ထိုကံတို့ကို ပြုလုပ်သောသတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော အကုသိုလ်ကံသည် အကျိုးပေးသောကြောင့် တရားမစောင့်သောမင်း အုပ်စိုးသော ခေတ်အချိန်အခါ၌လည်းကောင်း၊ လူဆိုးလူမိုက်များ ပေါများသော ခေတ်အချိန်အခါ၌လည်းကောင်း၊ မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါးသော ခေတ်အချိန်

အခါ၌လည်းကောင်း ဖြစ်တည်သည့်ရှိသော် ထိုကုသိုလ်ကံတို့သည် အကျိုးပေးခွင့် မရကြတော့ချေ။ အကုသိုလ်ကံများသာ တစ်ခုပြီးတစ်ခု အလှည့်ကျ အကျိုးပေးခွင့်ကို ရရှိနေကြတော့သည်။

မြန်မာသက္ကရာဇ် (၈၈၈)ခုနှစ်တွင် မိုးညှင်း၊ ဇလုံကြီးသား ရှမ်းသိုဟန်ဘွားသည် အင်းဝတွင် နန်းတက်ခဲ့၏။ ထိုမင်းသည် တရားမရှိသော မင်းဖြစ်သောကြောင့် (၉၀၁)ခုနှစ်တွင် စစ်ကိုင်း, ပင်းယ, အင်းဝတို့၌ သီတင်းသုံး နေထိုင်ကြကုန်သော ရဟန်းသံဃာအားလုံးကို ပင့်ဖိတ်၍ အင်းဝတောင်ပလူအရပ်၌ ဆောက်လုပ်ထားသော မဏ္ဍပ်ကြီး အတွင်းသို့သွင်းကာ မိုလ်ခြေတို့ဖြင့် ဝိုင်းရံလျှက် သတ်ဖြတ်ညှဉ်းဆဲခဲ့၏။ ထို့အပြင် ဂူ၊ ကျောင်း၊ ပြာသာဒ်၊ ဇရပ်၊ တန်ဆောင်း၊ စာပေ ပိဋကတ်တို့ကိုလည်း မီးရှို့ခဲ့၏။ စေတီပုထိုးတို့ကို ဖျက်ဆီး၍ ဌာပနာများကို ယူခဲ့၏။ သံဃာတော်အချို့တို့သည် တောင်ငူသို့လည်းကောင်း၊ ပြည်သို့လည်းကောင်း ထွက်ပြေးခဲ့ကြရ၏။ စာတတ် ပေတတ် ရဟန်းတော် (၃၀)ကျော် အပါအဝင် သံဃာတော်ပေါင်း (၁၃၀၀)ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ မင်းဆိုးမင်းညစ် ပေါ်ထွန်းသော ကာလဝိပတ္တိခေတ် ဖြစ်သောကြောင့် အကုသိုလ်ကံ၏ အကျိုးဖြစ်သော မကောင်းကျိုးများကို ခံစားကြရခြင်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်သည် ဝေရဉ္စာပြည်၌ သီတင်းသုံး နေတော်မူစဉ် ထိုဝေရဉ္စာပြည်၌ ငတ်မွတ်ခေါင်းပါး အစာရှားပါးသော ဘေးသည်ဖြစ်ခဲ့၏။ ထို့ကြောင့် ဆွမ်းခံ၍မရဘဲ ရှိခဲ့၏။ ဥတ္တရာပထ တိုင်းသား မြင်းကုန်သည်တို့ ရောက်လာ၍ ထိုသူတို့ထံမှ မုယောဆန်ကို အလှူခံပြီး ဆုံ၌ထောင်းကာ ဆွမ်းအဖြစ်သုံးဆောင်ခဲ့ရ၏။ အရှင်အာနန္ဒာ သည် မုယောဆန်ကို ကျောက်ပြင်၌ကြိတ်ပြီး ဘုရားရှင်အား ကပ်လှူ သည်ရှိသော် ဘုရားရှင်သည် ထိုမုယောဆန်မှုန့်ကို ဘုန်းပေးခဲ့ရ၏။ သုံးလတိုင်တိုင် ဆင်းရဲဒုက္ခကို ခံစားခဲ့ရသည်။ ငတ်မွတ်ခေါင်းပါး အစာရှားပါးသော ကာလဝိပတ္တိခေတ်နှင့် ကြုံရသောကြောင့် မကောင်းကျိုး များကို ခံစားရခြင်းဖြစ်သည်။

## ပယောဂဝိပတ္တိ ပဋိဗာဠ္ဍ ကုသိုလ်ကံ

ပယောဂဝိပတ္တိက အကျိုးပေးခွင့်ကို တားမြစ်ခြင်းခံရသော ကုသိုလ်ကံသည် "ပယောဂဝိပတ္တိပဋိဗာဠ္ဍ ကုသိုလ်ကံ"မည်၏။ ပယောဂဝိပတ္တိ၌ တည်သောကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့် မရကြဘဲ အကုသိုလ်ကံများသာ အကျိုးပေးခွင့်ရကြခြင်းကို ဆိုလိုသည်။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် ကောင်းမွန်သော လုံ့လဝိရိယဖြင့် အသက်မွေးခြင်း၊ ချဉ်းကပ်သင့်သောအခါ၌ ချဉ်းကပ်ခြင်း၊ ရှောင်သင့်သော အခါ၌ ရှောင်ခြင်း၊ ပြေးသင့်သောအခါ၌ ပြေးခြင်း၊ တံစိုးလက်ဆောင် ပေးသင့်သောအခါ၌ တံစိုးလက်ဆောင်ပေးခြင်း အစရှိသော ပယောဂ သမ္ပတ္တိ၌တည်မှသာ အကျိုးပေးမည့် ကံများဖြစ်ကြအံ့။ ထိုကုသိုလ်ကံတို့ကို ပြုလုပ်သောသတ္တဝါသည် ၎င်းပြုလုပ်သော တစ်စုံတစ်ခုသော အကုသိုလ်ကံသည်အကျိုးပေးသောကြောင့် မကောင်းသော ဒုစ္စရိုက်မှုဖြင့် အသက်မွေးသူဖြစ်ခဲ့ရ၏။ ချဉ်းကပ်သင့်သူကို ချဉ်းကပ်သင့်ပါလျက် မချဉ်းကပ်ခဲ့။ ရှောင်ခွါသင့်သူကို ရှောင်ခွါသင့်ပါလျက် မရှောင်ခွါခဲ့။ ထွက်ပြေးသင့်ပါလျက် ထွက်မပြေးမိခဲ့။ တံစိုးလက်ဆောင် ပေးသင့်ပါလျက် မပေးမိခဲ့။ ထိုသတ္တဝါအား ကုသိုလ်ကံတို့သည် အကျိုးပေးခြင်းငှါ မတတ်နိုင်ကုန်။ အကုသိုလ်ကံတို့သည်သာ အလှည့်ကျ ဆက်ကာဆက်ကာ အကျိုးပေးကုန်၏။

လူ့ဘဝကိုရခြင်းသည် ရှေးကုသိုလ်များကြောင့်ဖြစ်သည်။ ထို့အပြင် ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရခြင်း၊ ရာထူးဂုဏ်သိမ် မြင့်မြတ်ခြင်း အစရှိသည်တို့ကို ကုသိုလ်ကောင်းမှု များပြားလွန်းသောသူများသာ ရရှိနိုင်သည်။ ထိုကုသိုလ်ကံများ စဉ်ဆက်မပြတ် အကျိုးပေးနေရန် ပယောဂသမ္ပတ္တိနှင့်လည်း ပြည့်စုံဖို့ လိုအပ်ပေသည်။ အဇာတသတ်ဘုရင်သည် ရှေးဘုန်းရှေးကံကြောင့်သာ ဘုရင်

ဖြစ်ခဲ့ရသည်။ ချမ်းသာသုခများစွာကို ခံစားခဲ့ရသည်။ သို့ရာတွင် သူသည် ဒေဝဒတ်တည်းဟူသော မချဉ်းကပ်သင့်သောသူကို ချဉ်းကပ်မိခဲ့၏။ ရှောင်ကြဉ်သင့်သောသူကို မရှောင်ကြဉ်မိခဲ့။ မိမိ၏ခမည်းတော်ကိုးကွယ်အားထားနေသော ဗုဒ္ဓဘုရားရှင်တည်းဟူသော ချဉ်းကပ်သင့်သောသူကို မချဉ်းကပ်မိခဲ့။ ထိုသို့ မှားယွင်းသော လုပ်ဆောင်ချက်များနှင့် ယှဉ်သောကြောင့် မိမိ၏ဖခင်ကိုပင် သတ်မိခဲ့၏။ မင်းစည်းစိမ်ကို ခံစားနေရသော်လည်း ချမ်းသာမှုတစ်စက်မျှ မရရှိခဲ့။ အချိန်တိုင်း စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းကို ခံစားခဲ့ရ၏။ တရားထူးတရားမြတ်များ ရရှိနိုင်သော်လည်း လက်လွှတ်ခဲ့ရ၏။ မိမိပြုလုပ်ထားသော ကုသိုလ်ကံများ၏ ကောင်းကျိုးပေးမှုကို အပြည့်အဝ မခံစားရတော့ပေ။

## ဂတိသမ္ပတ္တိ ကုသိုလ်ကံ

ဂတိသမ္ပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသော ကုသိုလ်ကံကို "ဂတိသမ္ပတ္တိ ကုသိုလ်ကံ"ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် လူ့ဘုံ နတ်ဘုံ အစရှိသော မြင့်မြတ်သောဘုံဘဝတို့၌ ကျင်လည်နေမှသာ အကျိုးပေးနိုင်သော ကုသိုလ်ကံများဖြစ်ကြအံ့။ ထိုသို့သောကုသိုလ်ကံတို့ကို ပြုလုပ်ထားသောသတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးသောကြောင့် လူ့ဘုံ၌သော်လည်းကောင်း၊ နတ်ဘုံ၌သော်လည်းကောင်း၊ ဗြဟ္မာ့ဘုံ၌သော်လည်းကောင်း ကျင်လည်ရ၏။ ထိုသတ္တဝါအား သူပြုလုပ်ထားသော ကုသိုလ်ကံတို့သည် စဉ်ဆက်မပြတ် အကျိုးပေးကုန်၏။ အကုသိုလ်ကံ၏ အကျိုးပေးခွင့် တရံတဆစ်မျှမရှိ။

နွားကျောင်းသား၏ ခွေးငယ်လေးတစ်ကောင်သည် အရှင်သခင်၏အိမ်သို့ ဆွမ်းအလှူခံကြွရန် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား သွားရောက်ပင့်ဖိတ်ခဲ့ရသည်။ လမ်းခရီးအကြား၌ သစ်ပင်ချုံပုတ်များ

ထူထပ်သောနေရာသို့ ရောက်သောအခါ ခြင်္သေ့၊ သစ်ကျား၊ သားရဲများကို ဖယ်ရှားတိမ်းရှောင်စေရန် ကြောက်မက်ဖွယ်ရာ ကျယ်လောင်သော အသံဖြင့် ဟောင်ခဲ့သည်။ ခွေးကလေး၏ဟောင်သံကြောင့် ခြင်္သေ့၊ သစ်ကျား၊ သားရဲများသည် ရှောင်ရှားပြေးသွားကြကုန်၏။ ထိုကုသိုလ်ကံတို့ကြောင့် ထိုခွေးဘဝမှ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးပေါင်း တစ်ထောင်ခြံရံလျက် ကြီးစွာသောစည်းစိမ်ချမ်းသာကို ခံစားခဲ့ရ၏။ ထိုနတ်သား၏ တိုးတိုးတိတ်တိတ် တိုင်ပင်ပြောဆိုသောစကားသံသည် (၁၆)ယူဇနာအထိပျံ့နှံ့၏။ ပကတိပြောဆိုသော စကားသံသည် ယူဇနာတစ်သောင်း ကျယ်ဝန်းသောနတ်ပြည်အားလုံးကို ဖုံးလွှမ်း၏။ ထို့ကြောင့် ဃောသကနတ်သားဟူသောအမည်ကို ရရှိခဲ့သည်။ နတ်ပြည်၌ ဖြစ်ရခြင်းဟူသောဂတိသမ္ပတ္တိနှင့် ပြည့်စုံသောကြောင့် ကုသိုလ်ကံ၏အကျိုးများကို စဉ်ဆက်မပြတ် ရရှိခြင်းဖြစ်သည်။

## ဥပဓိသမ္ပတ္တိ ကုသိုလ်ကံ

ဥပဓိသမ္ပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသောကုသိုလ်ကံကို "ဥပဓိသမ္ပတ္တိ ကုသိုလ်ကံ"ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် တင့်တယ်ခန့်ငြားသော၊ အဆင်းလှ၍ ရှုချင်စဖွယ်ရှိသော ရုပ်ရည်ကိုပိုင်ဆိုင်မှသာ အကျိုးပေးနိုင်သောကံများဖြစ်ကြအံ့။ ထိုသို့သော ကုသိုလ်ကံတို့ကို ပြုလုပ်သော သတ္တဝါသည်ငင်းပြုလုပ်မိသော တစ်စုံတစ်ခုသောကုသိုလ်ကံသည် အကျိုးပေးသောကြောင့် တင့်တယ်ခန့်ငြားသော ရုပ်ရည်ကိုသော်လည်းကောင်း၊ အဆင်းလှ၍ ရှုချင်စဖွယ်ရှိသော ရုပ်ရည်ကိုသော်လည်းကောင်း ပိုင်ဆိုင်ရ၏။ ထိုသတ္တဝါသည် ကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို အဖန်ဖန်အထပ်ထပ်ရရှိ၍ အကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို မရနိုင်တော့ပေ။

မလ္လိကာသည် ဆင်းရဲသော ပန်းသည်ကြီးတစ်ဦး၏သမီး ဖြစ်သည်။ ရုပ်အဆင်း လွန်စွာလှပသည်။ ရှေးကပြုခဲ့သော ကောင်းမှု များစွာရှိခဲ့သည်။ မြတ်စွာဘုရားရှင်အား ဖူးမြင်ရသောအခါ လွန်စွာ ကြည်ညိုစိတ်ဖြစ်ခဲ့ပြီး မိမိ၌ရှိနေသော မုယောမုံ့ဆုပ် သုံးခုတို့ကို လှူဒါန်း ခဲ့သည်။ ကုသိုလ်ကောင်းမှု များစွာပြုလုပ်ပြီး ရုပ်ရည်အဆင်း လွန်စွာ လှပသောကြောင့် ကောသလမင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့သည်။ ချမ်းသာသုခ အမျိုးမျိုးကို ခံစားခဲ့ရသည်။ ရုပ်ရည်အဆင်းလှပခြင်း ဟူသော ဥပဓိသမ္ပတ္တိနှင့်ပြည့်စုံသောကြောင့် အကျိုးပေးခွင့်ရရှိလာသော ကုသိုလ်ကံ၏ အကျိုးတရားများကို အပြည့်အဝခံစားရခြင်းဖြစ်သည်။

## ကာလသမ္ပတ္တိ ကုသိုလ်ကံ

ကာလသမ္ပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသော ကုသိုလ်ကံကို "ကာလသမ္ပတ္တိကုသိုလ်ကံ" ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အချိန်အခါ၌သော်လည်းကောင်း၊ စကြဝတေးမင်းစသော မင်းကောင်း မင်းမြတ်များ အုပ်ချုပ်သော အချိန်အခါ၌သော်လည်းကောင်း၊ အကျင့် စာရိတ္တကောင်းမွန်သော လူတော်လူကောင်းများ ပေါများသော အချိန် အခါ၌သော်လည်းကောင်း၊· အနံ့အရသာနှင့် ပြည့်စုံသော၊ ချိုမြိန် ကောင်းမွန်သော စားသောက်ဖွယ်တို့ ပေါများသော အချိန်အခါ၌သော် လည်းကောင်း ဖြစ်တည်မှသာ အကျိုးပေးနိုင်သောကံများ ဖြစ်ကြအံ့။ ထိုသို့သော ကုသိုလ်ကံတို့ကို ပြုလုပ်သောသတ္တဝါသည် ၎င်းပြုလုပ် မိသော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးသောကြောင့် အထက်ပါ အချိန်အခါတို့တွင် တစ်ခုခု၌ ဖြစ်တည်သည်ရှိသော် ထိုကုသိုလ်ကံများသည် စဉ်ဆက်မပြတ် အကျိုးပေးကုန်၏။

မဟာသုဒဿန စကြဝတေးမင်းကြီးသည် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သူဌေးရတနာ၊ သားရတနာဟူသော ရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ မင်းကြီးနန်းစံသော ကုသာဝတီနေပြည်တော်သည် ရွှေတံတိုင်း၊ ငွေတံတိုင်း၊ ရွှေတံခါး၊ ငွေတံခါး၊ ကြောင်မျက်ရွဲတံခါး၊ ဖလ်တံခါးစသည်တို့ဖြင့် ခြံရံလျက်ရှိ၏။ ရတနာမျိုးစုံတို့ဖြင့် ပြည့်နှက်နေသော ထန်းပင်များ ပေါက်ရောက်၏။ ထိုစကြဝတေးမင်းသည် လပြည့်ဥပုသ်နေ့၌ ဥပုသ်ဆောက်တည်၏။ မိမိ၏ တိုင်းသူပြည်သားတို့အားလည်းကောင်း၊ လက်အောက်ခံ ထီးပြိုင်မင်းတို့အားလည်းကောင်း သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းအစရှိသော မကောင်းမှုများကို မပြုလုပ်ရန် ဆုံးမ၏။ ပစ္စည်းဥစ္စာမရှိသောသူများအား ပစ္စည်းဥစ္စာများ ပေးကမ်း၏။ ထိုမင်းလက်ထက်၌ ဖြစ်တည်သော သတ္တဝါများသည် အသက်ရှည်ကုန်၏။ အဆင်းလှကုန်၏။ အနာရောဂါကင်းကုန်၏။ မကောင်းမှုဒုစ္စရိုက်များကို ပြုလုပ်မည့်သူမရှိကုန်။ ချမ်းသာသုခအမျိုးမျိုးကို ခံစားရကုန်၏။ မင်းကောင်းမင်းမြတ်အုပ်ချုပ်သော အချိန်အခါဟူသော ကာလသမ္ပတ္တိနှင့် ပြည့်စုံသောကြောင့် ကုသိုလ်ကံ၏ကောင်းကျိုးတရားများသာ ဖြစ်ထွန်းလာခြင်းဖြစ်သည်။

## ပယောဂ သမ္ပတ္တိ ကုသိုလ်ကံ

ပယောဂသမ္ပတ္တိ၌ တည်သောကြောင့် အကျိုးပေးခွင့်ရသော ကုသိုလ်ကံကို "ပယောဂသမ္ပတ္တိကုသိုလ်ကံ"ဟုခေါ်၏။

သတ္တဝါတစ်ဦးဦးသည် ကုသိုလ်ကံများစွာကို ပြုလုပ်၏။ ထိုကုသိုလ်ကံတို့သည် ကောင်းမွန်သော လုံ့လဝီရိယဖြင့် အသက်မွေးခြင်း၊ ချဉ်းကပ်သင့်သောအခါ၌ ချဉ်းကပ်၍ ရှောင်ကြဉ်သင့်သော အခါ၌ ရှောင်ကြဉ်ခြင်း၊ ပြေးသင့်သောအခါ၌ ပြေးခြင်း၊ တံစိုးလက်ဆောင် ပေးသင့်သောအခါ၌ တံစိုးလက်ဆောင်ပေးခြင်း အစ

ရှိသော မှန်ကန်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်မှသာ အကျိုး ပေးနိုင်သောကံများ ဖြစ်ကြအံ့။ ထိုသို့သော ကုသိုလ်ကံတို့ကို ပြုလုပ်သော သတ္တဝါသည် ၎င်းပြုလုပ်မိသော တစ်စုံတစ်ခုသော ကုသိုလ်ကံသည် အကျိုးပေးသောကြောင့် မှန်ကန်သောလုပ်ဆောင်ချက် တို့ကို လုပ်ဆောင်သူ ဖြစ်ရသည်ရှိသော် ကုသိုလ်ကံတို့သည်သာ အကျိုးပေးခွင့်ကိုရရှိကြပြီး အကုသိုလ်ကံတို့သည် အကျိုးပေးခွင့်ကို မရနိုင်ကြတော့ပေ။

ကုမ္ဘဃောသကသည် ရာဇဂြိုဟ်မြို့ရှိ သူဌေးကြီးတစ်ဦး၏ သား ဖြစ်သည်။ သူဌေးကြီး၏အိမ်၌ ပလိပ်ရောဂါ ဖြစ်ပွါးသောအခါ ရှေးဦးစွာ တိရစ္ဆာန်များ၊ အလုပ်သမားများ သေကုန်၏။ နောက်ဆုံး သူဌေးကြီးတို့ ဇနီးမောင်နှံတွင် ရောဂါကူးလတ်သော် ၎င်းတို့သည် ကုမ္ဘဃောသကအား အိမ်မှထွက်ပြေးပြီး အချိန်အတန်ကြာမှ ပြန်လာ ရန်နှင့် ၎င်းတို့မြှုပ်နှံထားသော ကုဋေလေးဆယ် ထိုက်တန်သော ရတနာများကို တူးဖော်၍ယူရန် ပြောဆိုခဲ့ကြသည်။ ကုမ္ဘဃောသက သည် မိဘတို့၏ စကားကို နားထောင်သောအားဖြင့်လည်းကောင်း၊ ပြေးသင့်သောအချိန်အခါ ဖြစ်မှန်းသိသောကြောင့်လည်းကောင်း အိမ်မှ ထွက်ပြေးပြီး (၁၂)နှစ်ခန့်ကြာမှ ပြန်လာခဲ့၏။ ရတနာများကို ချက်ချင်း တူးဖော်ခြင်းမပြုဘဲ မှန်ကန်သော လုံ့လဝီရိယဖြင့် အသက်မွေးခဲ့၏။ ဘုရင်ဗိမ္ဗိသာရသည် အခြေအနေအရပ်ရပ်ကို စုံစမ်းသိရှိသောအခါ သူ့အား သူဌေးရာထူးခန့်အပ်ပြီး သမီးတော်နှင့် ထိမ်းမြားပေးခဲ့၏။ ကုမ္ဘဃောသကသည် ပြေးသင့်သောအချိန်အခါ၌ ပြေးခဲ့သောကြောင့် လည်းကောင်း၊ မှန်ကန်သော လုံ့လဝီရိယဖြင့် အသက်မွေးခဲ့သော ကြောင့်လည်းကောင်း ချမ်းသာသုခအမျိုးမျိုးကို ခံစားခဲ့ရသည့်အပြင် မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားခဲ့ရသောကြောင့် သောတာ ပတ္တိဖိုလ်၌ တည်ခဲ့၏။

အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့သော ကံတရားများသည် အကျိုးပေးရာ၌ ယခုလက်ရှိ ဘဝအခြေအနေများနှင့် များစွာဆက်စပ်နေကြောင်း သမ္မတ္တိဝိပတ္တိတရားများက ထောက်ပြနေပေသည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် ပစ္စည်းဥစ္စာ အထွတ်အထိပ် ကြွယ်ဝချမ်းသာချင်ကြ၏။ ရာထူးဂုဏ်သိမ် အထွတ်အထိပ်မြင့်မားလိုကြ၏။ ဤကဲ့သို့ အထွတ်အထိပ်ဖြစ်လိုလျှင် ဉာဏ်ဝီရိယတို့ကို အသုံးပြု၍ သမ္မတ္တိတရားများကို ပြည့်စုံနိုင်သမျှ ပြည့်စုံစေရန် ကြိုးစားကြရပေမည်။ သို့ရာတွင် ရှေးကုသိုလ်ကံ မရှိပြန်လျှင်လည်း သမ္မတ္တိ (၄)ပါးတို့နှင့် မည်မျှပင်ပြည့်စုံနေပါစေ။ ပြီးပြည့်စုံသော အထွတ်အထိပ်ကို ရရှိလိမ့်မည်မဟုတ်ပေ။ လူသားအားလုံးသည် ဂတိသမ္မတ္တိနှင့် ပြည့်စုံပြီးဖြစ်ကြသည်။ မွေးရာပါ ဥပဓိရုပ်ချို့တဲ့သူများသည် ချမ်းသာသုခအဝဝ၏ အထွတ်အထိပ်ကို ရရှိနိုင်ကြတော့မည်မဟုတ်ပေ။ ဥပဓိရုပ်နှင့် ပြည့်စုံသောသူတို့သည်သာ အထွတ်အထိပ်ကို ရရှိနိုင်ကြပေသည်။ သို့ရာတွင် ဉာဏ်ကို အသုံးမပြုမူ၍ အခြေအနေနှင့် အချိန်အခါတို့ကို အကျိုးရှိရှိ အသုံးမပြုတတ်လျှင်သော်လည်းကောင်း၊ အခြေအနေကောင်းနှင့် အချိန်အခါကောင်းတို့ကို မတွေ့ကြုံခဲ့လျှင်သော်လည်းကောင်း အထွတ်အထိပ်ကို မရရှိနိုင်ပေ။ အခြေအနေကောင်းနှင့် အချိန်အခါကောင်းတို့ကို တွေ့ကြုံပါသော်လည်း လုပ်သင့်လုပ်ထိုက်သော အလုပ်များကို ပြုလုပ်ခြင်း မရှိလျှင် အထွတ်အထိပ်နှင့် လွဲရပေလိမ့်မည်။

အေဘရာဟင်လင်ကွန်းကို ၁၈ဝ၉–ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ကင်တပ်ကီပြည်နယ်၊ ဟော့ဂျင်ဗီးလ်မြို့တောင်ဘက် သုံးမိုင်အကွာ၌ရှိသော တောနက်ထဲတွင် မွေးဖွါးခဲ့သည်။ လူ့အဖြစ်သို့ ရောက်ရှိလာခြင်းသည် ဂတိသမ္မတ္တိနှင့် ပြည့်စုံခြင်းဖြစ်၏။ ကိုယ်လက်အင်္ဂါ သန်စွမ်းပြီး ကျန်းမာကြံ့ခိုင်သောကြောင့် ဥပဓိသမ္မတ္တိနှင့်လည်း ပြည့်စုံ၏။ ထိုအချိန်၌ နိုင်ငံအုပ်ချုပ်နေသူများနှင့် ပြည်သူပြည်သားများသည် အသစ်အသစ်သော သမ္မတ

များကို မျှော်လင့်ချိန် ဖြစ်သောကြောင့်လည်းကောင်း၊ သူသမ္မတအဖြစ် ဝင်ပြိုင်ချိန်၌ ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီတွင် နှစ်ခြမ်းကွဲနေသောကြောင့်လည်းကောင်း ကာလသမ္ပတ္တိနှင့် တွေ့ကြုံနေရသည် ဟုလည်း ဆိုနိုင်သည်။

သူသည် အသက်(၁၇)နှစ်အရွယ်တွင် တစ်နေ့လျှင်လုပ်အားခ ငွေ (၃၇)ဆင့် ရရှိသောအလုပ်ကို လုပ်ခဲ့သည်။ ကြီးပွါးလိုသောကြောင့် အသက်(၁၉)နှစ်အရွယ်တွင် အိုဟိုင်ယိုနှင့် မစ္စဆစ္စပီ မြစ်ကြောင်းလမ်း ဖြစ်သော နယူအော်လင်းသို့ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း အတွက် ကန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့သည်။ ထို့နောက် နယူးအော်လင်း တွင် ကုန်ရုံမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဒေသန္တရ ရွေးကောက်ပွဲဆိုင်ရာ စာရေးအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၈၃၂-ခုနှစ်တွင် ကိုယ်တိုင် နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်ကာ အမတ်လောင်းအဖြစ် ဝင်ရောက်အရွေးခံခဲ့သည်။ သို့သော် အောင်မြင်မှုမရရှိသောကြောင့် နယူးဆလင်းသို့ ပြန်လာပြီး စာတိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ဇွဲမလျှော့ဘဲ ၁၈၄၃-ခုနှစ်တွင် အမတ်လောင်းအဖြစ် ထပ်မံဝင်ရောက်အရွေးခံရာ မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အားလပ်ချိန်များတွင်လည်း ဥပဒေပညာကို သင်ကြားခဲ့သည်။

၁၈၆၄-ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် အရွေး ခံခဲ့ရသည်။ ကွန်ဂရက်လွှတ်တော်ညီလာခံ ပြီးဆုံးသောအခါ စပရင်းဖီး သို့ ပြန်လာခဲ့ပြီး ရှေ့နေတစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့ရာ လူသိများ လာခဲ့သည်။ အီလီနွိုက်စ်နယ်တစ်ခွင်တွင် ထူးခြားပြောင်မြောက်စွာ အပြောပိုင်သူ၊ အကြွင်းမဲ့ တော်ဖြောင့်မှန်ကန်သူတစ်ဦးအဖြစ် ထင်ရှား ကျော်ကြားလာခဲ့သည်။

၁၈၆၀-ခုနှစ်တွင် ရီပတ်ဘလစ်ကင်ပါတီက သူ့ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည်။ ထိုအချိန်တွင် ဒီမိုကရက်တစ်

ပါတီ၌ ကျေးပိုင်ကျွန်ပိုင် ပြဿနာနှင့်စပ်လျဉ်း၍ နှစ်ခြမ်းကွဲနေသောကြောင့် ၁၈၆၀–ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်နေ့တွင် ထိုပါတီအားအနိုင်ရရှိကာ သမ္မတ ဖြစ်လာခဲ့သည်။ ၁၈၆၅–ခုနှစ်၊ မတ်လ(၄)ရက်နေ့တွင် ဒုတိယအကြိမ် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လင်ကွန်းသည် ဂတိသမ္ပတ္တိ ဥပဓိသမ္ပတ္တိတို့နှင့် မည်မျှပင်ပြည့်စုံစေကာမူ သူနေထိုင်သောနိုင်ငံသည် မင်းဆွေမင်းမျိုးများသာဘုရင်ဖြစ်ရသော သက်ဦးဆံပိုင် ဘုရင်စနစ်ဟူသော နိုင်ငံရေးကာလဝိပတ္တိအချိန်အခါဖြစ်နေလျှင် မည်သို့မျှ သမ္မတမဖြစ်လာနိုင်ပေ။ ဂတိသမ္ပတ္တိ ဥပဓိသမ္ပတ္တိ ကာလသမ္ပတ္တိတို့နှင့် ပြည့်စုံနေပါသော်လည်းသူသည် သူမွေးဖွါးရာအရပ်၌သာ နေထိုင်လျှင်သော်လည်းကောင်း၊ ခွေးကောက်ပွဲဝင်ခြင်း အစရှိသော လုပ်သင့်လုပ်ထိုက်သော အလုပ်များကို မလုပ်ခဲ့လျှင်သော်လည်းကောင်း သမ္မတဖြစ်လာနိုင်စရာအကြောင်းမရှိပေ။ သူသည် မိမိလုပ်သင့် လုပ်ထိုက်သော အလုပ်များကိုလုပ်ကိုင်ခြင်းကြောင့်သာ သမ္မတ ဖြစ်လာခဲ့ရသည်။

အလားတူ မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ၊ အိန္ဒိယဝန်ကြီးချုပ်မဟတ္တမဂန္ဒီ အစရှိသော ထင်ရှားကျော်ကြားသော ကမ္ဘာ့ခေါင်းဆောင်ကြီးများသည်လည်း သမ္ပတ္တိ(၄)ပါးလုံးနှင့် ပြည့်စုံသောသူများသာဖြစ်ကြသည်။ ကာလသမ္ပတ္တိ ချို့တဲ့မှုကြောင့် နိုင်ငံရေးလောက၊ စီးပွါးရေးလောကမှ ကျရှုံးသွားသူများ အများအပြားရှိသကဲ့သို့ ပယောဂသမ္ပတ္တိ ချို့တဲ့မှုကြောင့်လည်း နိုင်ငံရေးလောက၊ စီးပွါးရေးလောက၌မအောင်မမြင် ဖြစ်ခဲ့ကြသူများ အများအပြားရှိပေသည်။ ထို့အတူသမ္ပတ္တိလေးပါးလုံးနှင့် ပြည့်စုံနေပါသော်လည်း ရှေးအခါက ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု မရှိသောကြောင့် အောင်မြင်သင့်သလောက်အောင်မြင်မှု မရသူများလည်း အများအပြားပင်ရှိသည်။

ဤသမ္ပတ္တိ ဝိပတ္တိတရားများသည် ပစ္စုပ္ပန်ကံတရားများ ဖြစ်သည်ဟု ယူဆနိုင်သည်။ အတိတ်ကံကြောင့် ထီပေါက်နိုင်သော်လည်း ပစ္စုပ္ပန်ဘဝ၌ ထီမထိုးလျှင် ထီပေါက်မည်မဟုတ်ပေ။ အတိတ်ကံကြောင့် စာမေးပွဲအောင်နိုင်သော်လည်း ပစ္စုပ္ပန်ဘဝ၌ စာမကြိုးစားလျှင်သော်လည်းကောင်း၊ စာမေးပွဲ မဖြေလျှင်သော်လည်းကောင်း စာမေးပွဲမအောင်နိုင်ပေ။ ထို့ကြောင့် အတိတ်ကံတရားများချည်း အားကိုးမနေဘဲ ဉာဏ်ဝီရိယတို့ကို အသုံးပြု၍ ပစ္စုပ္ပန်ကံတရားများကို အားထုတ်ပြုလုပ်မှသာ ချမ်းသာသုခများကို ရရှိနိုင်သည်။ ကြီးပွါးတိုးတက်မှုများကိုရရှိနိုင်သည်။ အောင်မြင်မှုများကို ရရှိနိုင်သည်။

## အလှည့်ကျ အကျိုးပေးသော ကံ (၄) မျိုး

သတ္တဝါတို့ ဘဝသံသရာတစ်လျှောက်၌ ပြုလုပ်ခဲ့ကြသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မိမိတို့အကျိုးပေးရမည့် အချိန်ကာလများ၌ အကျိုးပေးကြသည်ဟုဆိုသော်လည်း အကျိုးပေးချင်သည့်ကံက အကျိုးပေးသည်မဟုတ်၊ အားအများမှ အနည်းအလှည့်ကျ အကျိုးပေးခြင်းဖြစ်သည်။ ကံများကို အလှည့်ကျအကျိုးပေး အစဉ်အားဖြင့် စဉ်လိုက်လျှင် (၁) ဂရုကံ (၂) အာသန္နကံ (၃) အာစိဏ္ဏကံ (၄) ကဋတ္တာကံဟူ၍ (၄)မျိုးရှိသည်။

(မှတ်ချက် ။ ။ နိဒါနသုတ်အဖွင့်၌ အာစိဏ္ဏကံကို ဗဟုလကံဟု ပြဆိုသည်။ အမိပ္ပါယ်အတူတူပင် ဖြစ်သည်။ သို့ရာတွင် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ဗဟုလကံသည် အာသန္နကံ၏ အရင်အကျိုးပေးသည်ဟု ဆိုထားသည်။ ဥပမာသာဓကတို့ကို ထောက်ဆလျှင် အာသန္နကံက ရှေးဦးစွာအကျိုးပေးသည်မှာ ထင်ရှားသည်။)

## ဂရုကံ

သတ္တဝါတို့ ပြုလုပ်သမျှသောကံတို့တွင် အပြစ်အကြီးဆုံး စွမ်းအားအကြီးဆုံးဖြစ်သောကံကို ဂရုကံဟုခေါ်သည်။

ဤဂရုကံအရ ကံကို ပြုလုပ်သောဘဝမှနောက် ဒုတိယဘဝ၌ အကျိုးပေးမြဲသော ကုသိုလ်အကုသိုလ် စေတနာတို့ကို ယူရမည်။ ကုသိုလ်စေတနာတို့တွင် မဟဂ္ဂုတ်ကုသိုလ်စေတနာသည် စွမ်းအား အကြီးဆုံးဖြစ်၏။ အကုသိုလ်ကံတို့တွင် ပဥ္စာနန္တရိယကံ နိယတ မိစ္ဆာဒိဋ္ဌိကံတို့သည် အပြစ်အကြီးဆုံး ဖြစ်ကုန်၏။ ဤဂရုကံ၏ အကျိုး ပေးခွင့်ကို အခြားသောကံတို့သည် မတားမြစ်နိုင်ကုန်။ ဤဂရုကံ ရှိနေလျှင် အခြားသောကံတို့သည် အကျိုးပေးခွင့်မရကုန်။ ဤဂရုကံ သည်သာ ပထမဦးဆုံးအကျိုးပေးသည်။ ဤကံသည် ကံကိုပြုလုပ်သော ဘဝမှနောက် ဒုတိယမြောက်ဘဝ၌သာ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး တို့ကိုပေးမည်ဖြစ်သော်လည်း ကုသိုလ်ဂရုကံသည် ထိုကံကိုပြုလုပ်သော ဘဝ၌ အကျိုးပေးမည့် အကုသိုလ်အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံ တို့ကို တားမြစ်၏။ ထိုကံကို ပြုလုပ်သောဘဝ၌ အကျိုးပေးမည့်ကုသိုလ် အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံတို့ကို မတားမြစ်ပေ။ အကုသိုလ် ဂရုကံသည် ထိုကံကို ပြုလုပ်သောဘဝ၌ အကျိုးပေးမည့် ကုသိုလ် အာသန္နကံ စသည်တို့ကို တားမြစ်၏။ ထိုကံကို ပြုလုပ်သောဘဝ၌ အကျိုးပေးမည့် အကုသိုလ်အာသန္နကံစသည်တို့ကို မတားမြစ်ပေ။

ကာဠဒေဝိလရသေ့သည် သမာပတ်ရှစ်ပါးတို့ကို ရရှိသော ကြောင့် ထိုဘဝမှသေလွန်သောအခါ သမာပတ်ရှစ်ပါး ရသူတို့ ရောက်နိုင်သောဘုံဘဝတို့တွင် အမြင့်ဆုံးဖြစ်သောနေဝသညာနာသညာ ယတနဗြဟ္မာ့ဘုံ၌ဖြစ်ခြင်းဟူသောအကျိုးကို နေဝသညာနာသညာ ယတနသမာပတ်စေတနာက ပေးခဲ့သည်။ ကြွင်းသော အောက် သမာပတ် (၇)ပါးတို့သည် အကျိုးမပေးကြတော့ချေ။ ဤသည်မှာ ကုသိုလ်ကံအရာ၌ ဂရုကံအကျိုးပေးပုံဖြစ်သည်။

အဇာတသတ်မင်းသည် ဖခင်ကို သတ်ခြင်းဟူသော ပိတုဃာတကအာနန္တရိယကံကို ကျူးလွန်ခဲ့သောကြောင့် ထိုဘဝမှ သေလွန်သောအခါ လောဟကုမ္ဘီငရဲဘုံ၌ ဖြစ်ရ၏။ သူသည် မြတ်စွာဘုရားရှင်အား ကိုးကွယ်ဆည်းကပ်ခြင်း၊ ဘုရားရှင်ဟောကြား တော်မူသော သာမညဖလသုတ်တော်ကို နာကြားရခြင်းဟူသော ကုသိုလ်ကံတို့ကြောင့် ထိုဘဝ၌ပင် သောတာပန်အရိယာပုဂ္ဂိုလ် ဖြစ်နိုင်၏။ သို့ရာတွင် ထိုကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို ပိတုဃာတက အာနန္တရိယကံသည် တားမြစ်သောကြောင့် သောတာပန်အဖြစ်မှ လွဲခဲ့ရသည်။ ဤသည်မှာ အကုသိုလ်ကံအရာ၌ ဂရုကံအကျိုးပေးပုံ ဖြစ်သည်။

## အာသန္နကံ

သေခါနီးအချိန်၌ ပြုလုပ်အပ် အောက်မေ့အပ် ဆင်ခြင်အပ် သော ကံတို့ကို အာသန္နကံဟုခေါ်၏။

ဤအာသန္နကံအရ သေခါနီးအချိန်၌ ပြုလုပ်အပ်သော ကုသိုလ်အကုသိုလ်ကံတို့ကိုလည်းကောင်း၊ မိမိ၏ ဘဝတစ်လျှောက်၌ ပြုလုပ်ခဲ့ပြီးသည်တို့ကို သေခါနီးသောအခါ သတိရသဖြင့် အောက်မေ့ ဆင်ခြင်၍ ဖြစ်ပေါ်လာသော ကုသိုလ်အကုသိုလ်ကံတို့ကိုလည်းကောင်း ယူရမည်။ ဤကံ၏ အကျိုးပေးခွင့်ကို ဂရုကံကသာ တားမြစ်နိုင်၏။ အာစိဏ္ဏကံ ကဋတ္တာကံတို့သည် မတားမြစ်နိုင်ကုန်။ ဂရုကံမရှိလျှင် ဤအာသန္နကံ၏ အကျိုးပေးရန် အလှည့်ဖြစ်သည်။

အဒိန္နပုဗ္ဗက၏သား မဋ္ဌကုဏ္ဍလီသည် အသက်(၁၆)နှစ် အရွယ်တိုင်အောင် ကုသိုလ်ကောင်းမှု တစ်ခုကိုမျှ ပြုခွင့်မရခဲ့။ သေခါနီး အချိန်၌ မြတ်စွာဘုရားရှင်အား စိတ်ဖြင့် ကြည်ညိုရုံမျှဖြစ်သော ကုသိုလ်ကောင်းမှုတစ်ခုကိုသာ ပြုလုပ်ခဲ့ရသည်။ သူ့အား အကုသိုလ် ဂရုကံမရှိသောကြောင့် သူပြုလုပ်ခဲ့သော ကုသိုလ်အာသန္နကံသည်

ထိုဘဝမှ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရခြင်း၊ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးပေါင်း တစ်ထောင်ခြံရံလျက် နတ်စည်းစိမ်ကိုခံစားရခြင်းဟူသော အကျိုး များကို ပေးခဲ့သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း သေခါနီးအချိန်၌ ရှေးအခါက ငတ်မွတ်ခေါင်းပါးသောဘေးကို တွေ့ကြုံစဉ် နားဥဒောင်းတော်နှစ်ခုကို ပေး၍ ဝယ်ရသော ဆပ်ဆွမ်းကို မလိယမဟာဒေဝမထေရ် အမှူးရှိသော ငါးဦးသော ရဟန္တာအရှင်မြတ်တို့အား လှူဒါန်းရခြင်းကိုလည်းကောင်း၊ ညီတော်တိဿနှင့် စစ်ထိုးကြစဉ် စစ်ရှုံးသဖြင့် ပြေးရသောအခါ တစ်ယောက်စာရှိသော ထမင်းကို ရဟန္တာမထေရ်မြတ်အား လှူဒါန်း ရခြင်းကိုလည်းကောင်း ဆင်ခြင်မိ၏။ ထို့ကြောင့် ထိုဘဝမှ သေလွန် သောအခါ တုသိတာနတ်ပြည်၌ နတ်သားဖြစ်ရ၏။ ကျေးကုလား တို့နှင့် စစ်တိုက်စဉ်အခါ၌ (၃၂)ယောက်သော ကျေးမင်းတို့ အပါအဝင် ကျေးကုလားပေါင်းများစွာကို သတ်ဖြတ်ခဲ့ခြင်းဟူသော အကုသိုလ် အာစိဏ္ဏကံ၏ အကျိုးပေးခွင့်ကို ကုသိုလ်အာသန္နကံက တားမြစ် ခဲ့သည်။

မဟာဝါစကာလ ဥပါသကာသည် နှစ်ပေါင်း(၃၀)တိုင်တိုင် သောတာပတ္တိမဂ်အကျိုးငှါ (၃၂)ကောဋ္ဌာသကို ရွတ်ဖတ်ခဲ့သော်လည်း အရောင်အလင်းတို့ ဖြစ်ပေါ်မလာသောကြောင့် "ဘုရားရှင်သာသနာ တော်သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်"ဟု အယူလွဲမှားခဲ့ပြီး သေလွန်သောအခါ ဂင်္ဂါမြစ်၌ ကိုးဥသဘရှိသော မိကျောင်းပြိတ္တာဖြစ်သွား၏။ သူ အနှစ်(၃၀)တိုင်တိုင် (၃၂)ကောဋ္ဌာသ ကို ရွတ်ဖတ်ခဲ့ခြင်းဟူသော ကုသိုလ်အာစိဏ္ဏကံ၏ အကျိုးပေးခွင့်ကို အကုသိုလ်အာသန္နကံက တားမြစ်ခဲ့သည်။

## အာစိဏ္ဏကံ

မွေးဖွါးသည့် အချိန်အခါမှစ၍ သေခါနီးအချိန်ကာလ မတိုင်ခင်အထိ အကြိမ်များစွာ ပြုလုပ်ခဲ့သော ကံတို့ကိုလည်းကောင်း၊ ဂရုကံမှတစ်ပါး အားကြီးသောကံတို့ကိုလည်းကောင်း အာစိဏ္ဏကံဟု ခေါ်၏။

ဤအာစိဏ္ဏကံအရ နေ့ရှည်လများ အဖန်တလဲလဲ ကြိုးစား အားထုတ်ပြုလုပ်ခဲ့သော ကုသိုလ်ကံအကုသိုလ်ကံတို့ကိုလည်းကောင်း၊ တစ်ကြိမ်တစ်ခါမျှ ပြုလုပ်ပြီးနောက် အဖန်ဖန်အထပ်ထပ် နှစ်သက် ဝမ်းမြောက်စေနိုင်သော ကုသိုလ်ကံနှင့် အမြဲမပြတ် နောင်တရစေ ပူပန်စေနိုင်သော အကုသိုလ်ကံတို့ကိုလည်းကောင်း ယူရမည်။ ဤကံ၏ အကျိုးပေးခွင့်ကို ဂရုကံ အာသန္နကံတို့သည် တားမြစ်နိုင်ကုန်၏။ ကဋတ္တာကံသည် မတားမြစ်နိုင်။

မဃလုလင်သည် မြေမှုန့် အမှိုက်သရိုက်များကို ဖယ်ရှား၍ မြေနေရာများကို သာယာဖွယ်ဖြစ်အောင် ပြုလုပ်ခြင်း၊ ရွာအလယ်၌ သဲဖြူခင်းခြင်း၊ ရွာသားများအား မီးလှုံစရာများ ပြုလုပ်ပေးခြင်း၊ လမ်းများကို ပြုပြင်ရှင်းလင်းခြင်း၊ တံတားခင်းခြင်း၊ လူတို့ အပန်း ဖြေရန် ဇရပ်များ ဆောက်လုပ်ခြင်း၊ ဇရပ်၌ တည်းခိုအပန်းဖြေကြသော သူတို့အား စားဖွယ်သောက်ဖွယ်တို့ဖြင့် ကျွေးမွေးခြင်း၊ ခြေဆုပ် လက်နယ် ပြုပေးခြင်း၊ ရေတွင်းရေကန်များ တူးခြင်း၊ အရိပ်ခိုရန် သစ်ပင်များ စိုက်ပျိုးခြင်းအစရှိသော ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကို အကြိမ်များစွာ ပြုလုပ်ခဲ့၏။ သူ့အား အကုသိုလ်ဂရုကံ မရှိသောကြောင့် သူပြုလုပ်ခဲ့သော ကုသိုလ်ကံများသည် ထိုဘဝ၌ပင် မစလ ရွာစား ဖြစ်ခြင်း၊ ဆင်, ကျွန်နှင့် ပစ္စည်းဥစ္စာများစွာတို့ကို ရရှိခြင်း အစ ရှိသော ဒိဋ္ဌဓမ္မ ကောင်းကျိုးများကိုလည်းကောင်း၊ အကုသိုလ် အာသန္နကံမရှိသောကြောင့် ထိုဘဝမှသေလွန်သောအခါ သိကြားမင်း ဖြစ်ရခြင်း၊ ယူဇနာခုနစ်ရာ အမြင့်ရှိသော ဘုံဗိမာန်ဝေဇယန္တာ နန်း

ပြာသာဒ်ကို ပိုင်ဆိုင်ရခြင်းအစရှိသော ကောင်းကျိုးများကိုလည်းကောင်း ပေးခဲ့ကြသည်။

စုန္ဒသည် ဝက်သတ်သမားတစ်ဦးဖြစ်သည်။ သူသည်ဝက်များကို မသတ်မီ ရေးဦးစွာ အသားများတိုးပွါးလာစေရန် ဖူးဖူးရောင်လာအောင် တင်းပုတ်နှင့်ထု၏။ ဝက်၏ ခန္ဓာကိုယ်အတွင်းမှ အညစ်အကြေးများ ပျော်ကျလာစေရန် ဝက်များ၏ပါးစပ်အတွင်းသို့ ပွက်ပွက်ဆူနေသော ရေနွေးများကို အကြိမ်ပေါင်းများစွာ လောင်းထည့်၏။ ဝက်၏ ခန္ဓာကိုယ်အပေါ်မှ အရေခွံအမည်းများ ကွာသွားစေရန် ရေနွေးပူဖြင့် လောင်း၏။ အမွေးများ ပြောင်စင်သွားစေရန် မီးဖြင့်ရှို့၏။ နောက်ဆုံးတွင်မှ ဓားထက်ထက်ဖြင့် ဦးခေါင်းကို ဖြတ်၍ သတ်၏။ ဤကဲ့သို့သော ဝက်သတ်ခြင်း အမှုကို နှစ်ပေါင်း (၅၅) နှစ်ကျော်ကျော် ပြုလုပ်ခဲ့၏။ သူ့အား ကုသိုလ်ဂရုကံမရှိသောကြောင့် သူပြုလုပ်ခဲ့သော အကုသိုလ်ကံများသည် ထိုဘဝ၌ပင် ခန္ဓာကိုယ်၌ ဖူးဖူးရောင်သော အနာတို့ ပေါ်ပေါက်လာခြင်း၊ ပူလောင်သော ဝေဒနာကို ခံစားရခြင်း၊ ဝက်များကဲ့သို့ လေးဖက်ထောက်၍ သွားရခြင်း၊ ဝက်များ အော်ဟစ်သကဲ့သို့ ဆူညံစွာအော်ဟစ်နေရခြင်း အစရှိသော ဒိဋ္ဌဓမ္မ မကောင်းကျိုးများကိုလည်းကောင်း၊ ကုသိုလ်အာသန္နကံမရှိသောကြောင့် ထိုဘဝမှ သေလွန်သောအခါ အဝီစိငရဲဘုံ၌ဖြစ်ရခြင်း အစရှိသော မကောင်းကျိုးများကိုလည်းကောင်း ပေးခဲ့ကြသည်။

## ကဋတ္တာကံ

အမှတ်မဲ့ ပြုကာမျှဖြစ်သောကံကို ကဋတ္တာကံဟုခေါ်၏။ ဤကံအရ ရှေးဘဝတို့၌ ပြုလုပ်ခဲ့ဘူးသော အပရာပရိယဝေဒနီယကံတို့ကိုလည်းကောင်း၊ ယခုဘဝ၌ ပြုလုပ်အပ်သော ဂရုကံ အာစိဏ္ဏကံ အာသန္နကံတို့ကဲ့သို့ အားမကောင်းဘဲ ကံအဖြစ်သို့ ရောက်ရုံမျှသာဖြစ်သော အမှတ်မရှိသော ဥပပဇ္ဇဝေဒနီယကံတို့ကိုလည်းကောင်း

ယူရမည်။ ဤကံသည် စွမ်းအားအနည်းဆုံးဖြစ်သောကြောင့် အခြားသောကံများ တစ်ခုမျှမရှိမှ အကျိုးပေးနိုင်သည်။ သို့ရာတွင် ပဋိသန္ဓေအကျိုးကိုမူ မပေးနိုင်ပေ။ များသောအားဖြင့် ဤကံမျိုးသည် အဟောသိကံ ဖြစ်သွားတတ်၏။ အကျိုးပေးသော်လည်း ထင်ရှားမှုမရှိချေ။

ကောင်းသောကံတို့သည် ကောင်းသောအကျိုးကိုပေး၍ မကောင်းသောကံတို့သည် မကောင်းသောအကျိုးကို ပေးမည်မှာ ဓမ္မတာ ဖြစ်သည်။ ကောင်းသောကံသည် မကောင်းသော အကျိုးကို ပေးလိမ့်မည် မဟုတ်သကဲ့သို့ မကောင်းသောကံသည်လည်း ကောင်းသောအကျိုးကို ပေးလိမ့်မည်မဟုတ်ပေ။ မိမိပြုလုပ်သောကံတို့သည် အကျိုးပေးချိန်ရောက်လျှင် အကျိုးပေးလိမ့်မည်။ အကျိုးပေးရန် အလှည့်ရောက်လျှင် အကျိုးပေးလိမ့်မည်။ အကျိုးပေးချိန်မရောက်သေး၍ အကျိုးမပေးသေးခြင်းသာဖြစ်သည်။ အကျိုးပေးရန်အလှည့်မရောက်သေး၍ အကျိုးမပေးသေးခြင်းသာဖြစ်၏။

ယခုအခါ၌ အချို့သောသူတို့သည် ဥပဒေနှင့်မလွတ်ကင်းသော ရောင်းဝယ်ဖေါက်ကားမှု၊ လာဘ်စားမှု၊ လိမ်လည်လှည့်ဖျားမှု၊ လောင်းကစားမှု၊ ဓားပြတိုက်မှု၊ ခိုးမှုအစရှိသော အလုပ်တို့ကို ပြုလုပ်ပြောဆို ကြံစည်နေကြ၏။ ထိုအလုပ်တို့သည် မကောင်းသောကံများဖြစ်ကြ၍ မကောင်းသော အကျိုးများကိုသာပေးကြလိမ့်မည်။ သို့ရာတွင် ထိုသူတို့သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနေကြ၏။ ရာထူးဂုဏ်သိမ်မြင့်မားနေကြ၏။ ထိုသို့ဖြစ်ကြရခြင်းမှာ ထိုသူတို့ကို အတိတ်ကုသိုလ်ကံများက ထောက်ပံ့ပေးနေသောကြောင့်သာ ဖြစ်သည်။ ကောင်းသောအာစိဏ္ဏကံ၏ အကျိုးပေးရန် အလှည့်ရောက်နေသောကြောင့်သာဖြစ်၏။ ကောင်းသောဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံတို့၏ အကျိုးပေးရန် အချိန်ရောက်နေသောကြောင့်သာဖြစ်၏။ ယခုဘဝ၌ပြုလုပ်သော အကုသိုလ်ကံတို့သည် အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့

ကြသော ကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို မတားမြစ်နိုင်သော ကြောင့်သာဖြစ်သည်။ ယခုဘဝ၌ ပြုလုပ်အားထုတ်ထားသော မကောင်းသောကံတို့သည် အကျိုးပေးရန်အချိန်နှင့် အကျိုးပေးရန် အလှည့်ရောက်လာလျှင် ယခုဘဝ၌သော်လည်းကောင်း၊ နောင်ဘဝအစဉ်အဆက်တို့၌ သော်လည်းကောင်း ထိုသူတို့ကို မကောင်းသောအကျိုးများ ပေးကြလိမ့်မည်။

အချို့သောသူတို့သည် တရားဥပဒေနှင့်ညီသော ရောင်းဝယ်ဖေါက်ကားမှုတို့ကို ပြုလုပ်ကြ၏။ ရိုးသားဖြောင့်မတ်စွာ နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ကိုင်ကြ၏။ တောင်ယာအလုပ်ကို လုပ်ကိုင်ကြ၏။ တရားသဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုလုပ်ကြ၏။ ထိုအလုပ်တို့သည် ကောင်းသောကံများဖြစ်ကြ၍ ကောင်းသောအကျိုးများကိုသာ ပေးကြလိမ့်မည်။ သို့ရာတွင် ထိုသူတို့သည် ဆင်းရဲနေကြ၏။ ရာထူးဂုဏ်သိမ် နိမ့်ကျနေကြ၏။ ထိုသို့ ဖြစ်ကြရခြင်းမှာ ထိုသူတို့ကို အတိတ်အကုသိုလ်ကံများက ထောက်ပံ့ပေးနေသောကြောင့်သာ ဖြစ်၏။ အကုသိုလ်အာစိဏ္ဏကံ၏ အကျိုးပေးရန်အလှည့် ရောက်နေသောကြောင့်သာဖြစ်၏။ အကုသိုလ်ဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံတို့၏ အကျိုးပေးရန် အချိန်ရောက်နေသောကြောင့်သာဖြစ်၏။ ယခုဘဝ၌ ပြုလုပ်သောကုသိုလ်ကံတို့သည် အတိတ်ဘဝတို့၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို မတားမြစ်နိုင်သောကြောင့်သာဖြစ်၏။ ယခုဘဝ၌ ပြုလုပ်အားထုတ်ထားသော ကုသိုလ်ကံတို့သည် အကျိုးပေးရန်အချိန်နှင့် အကျိုးပေးရန်အလှည့်ရောက်လာလျှင် ယခုဘဝ၌သော်လည်းကောင်း၊ နောင်ဘဝအစဉ်အဆက်တို့၌ သော်လည်းကောင်း ထိုသူတို့ကို ကောင်းသောအကျိုးများ ပေးကြလိမ့်မည်။

အင်္ဂတိမင်းကြီး၏ သမီးတော် ရုစာဒေဝီမင်းသမီးသည် ရှေ့ခုနှစ်ဘဝ နောက်ခုနှစ်ဘဝတို့ကို မြင်နိုင်သော ဇာတိဿရဉာဏ်ကို

ရရှိသူဖြစ်သည်။ သူမသည်ရှေးဘဝက တာဝတိံသာနတ်ပြည်၌ ရှေ့ခုနှစ်ဘဝ နောက်ခုနှစ်ဘဝတို့ကို မြင်နိုင်သော နတ်သမီးဖြစ်ခဲ့ဘူး သည်ကိုလည်း တွေ့မြင်ရသည်။

(မှတ်ချက် ။ ။ ရဇာဒေဝီမင်းသမီးသည် မြတ်စွာဘုရားရှင်၏ အလုပ်အကျွေး အရှင်အာနန္ဒာ အလောင်းအလျာဖြစ်သည်။)

ထိုနတ်သမီးဘဝမရောက်မီ ရှေ့ခုနှစ်ဘဝမြောက်က သူမ သည် ရာဇဂြိုဟ်ပြည်၌ ရွှေပန်းတိမ်သည်၏သား ဖြစ်ခဲ့၏။ ထိုဘဝ၌ သူသည် မကောင်းသောအဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းမိသောကြောင့် များစွာသောမကောင်းမှု အကုသိုလ်ကံတို့ကို ပြုလုပ်ခဲ့သည်။ သူတစ်ပါး မယားကို အနိုင်အထက် ခိုးယူဖျက်ဆီး၍ ပရဒါရကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို ကျူးလွန်ခဲ့သည်။

ထိုဘဝမှ စုတေသောအခါ ထိုအကုသိုလ်ကံတို့သည် အကျိုး ပေးခွင့်မရဘဲ ရှေးအခါက ပြုလုပ်ခဲ့သော အခြားသောကုသိုလ်ကံ တို့သည် အကျိုးပေးသောကြောင့် ဝံသတိုင်း ကောသမ္ဗီပြည်တွင် လွန်စွာ ချမ်းသာကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်ခဲ့ရသည်။ ထိုသူဌေးဘဝ၌ သူသည် ကုသိုလ်ကောင်းမှု၌ မွေ့လျော်သော၊ အကြားအမြင် ဗဟုသုတ များစွာရှိသော အဆွေခင်ပွန်းကောင်းတို့ကို ပေါင်းသင်းရသောကြောင့် များစွာသောကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့ရသည်။ တစ်ဆယ့် လေးရက် ဥပုသ်နေ့၊ တစ်ဆယ့်ငါးရက် ဥပုသ်နေ့တို့၌ ဥပုသ်သီလတို့ကို အကြိမ်များစွာ ဆောက်တည်ခဲ့ရသည်။

ထိုသူဌေးဘဝမှ စုတေသောအခါ ထိုသူဌေးဘဝ၌ ပြုလုပ် ခဲ့သော ကုသိုလ်ကံတို့သည် အကျိုးပေးခွင့်မရဘဲ ရွှေပန်းတိမ်သည်၏ သားဘဝ၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့သည် အကျိုးပေးခွင့်ရသွား သောကြောင့် ရောရုဝငရဲသို့ ကျရောက်ခဲ့ရသည်။ ထိုငရဲဘဝ၌ များစွာသော ဆင်းရဲဒုက္ခတို့ကို ကြာမြင့်စွာခံစားခဲ့ရသည်။

ထိုရောရုဝင်ရဲမှ လွတ်မြောက်သောအခါ ဘိန္နာဂတပြည်၌ ဆိတ်သတ္တဝါဖြစ်ခဲ့ရ၏။ ပရဒါရကာမေသုမိစ္ဆာစာရ အကုသိုလ်အပရာ ပရိယဝေဒနီယကံ၏ အကျိုးအဖြစ် ဝေးစေ့ထုတ်ခြင်းကို ခံခဲ့ရ၏။

ထိုဆိတ်ဘဝမှ စုတေသောအခါ မျောက်ဘဝ၌ဖြစ်ခဲ့ရ၏။ ထိုမျောက်ဘဝ၌လည်း ပရဒါရအကုသိုလ်ကံသည် အကျိုးပေးခွင့် ကြုံလာသောကြောင့် အဘဖြစ်သောမျောက်မင်းက ဝေးစေ့ကိုကိုက်ဖြတ် ထုတ်ပယ်ပြစ်ခဲ့သည်။

ထိုမျောက်ဘဝမှ စုတေသောအခါ ဒသနတိုင်း၌ နွားလား ဘဝ ဖြစ်ခဲ့ရ၏။ ထိုနွားလားဘဝ၌လည်း ပရဒါရအကုသိုလ်ကံသည် အကျိုးပေးခွင့် ကြုံပြန်သောကြောင့် ဝေးစေ့ထုတ်ခြင်းကို ခံခဲ့ရသည်။

ထိုနွားလားဘဝမှ စုတေသောအခါ ဝဇ္ဇီတိုင်းတွင် ရွာသူကြီး အမျိုး၌ ဖြစ်ခဲ့ရ၏။ ရခဲလှစွာသော လူ့အဖြစ်ကိုရရှိပါသော်လည်း ပရဒါရကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်သည့် နပုံပဏ္ဍုက်ဘဝ ဖြစ်ခဲ့ရသည်။

ထိုရွာသူကြီးဘဝမှ စုတေသောအခါ ကောသမ္ဗီသူဌေးဘဝ၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့သည် အကျိုးပေးရန်အချိန်နှင့် အကျိုး ပေးရန်အလှည့် ရောက်လာသောကြောင့် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေး ဇာတိသရဉာဏ်ကိုရသော နတ်သမီး ဖြစ်ခဲ့ရသည်။ နှစ်သက်ဖွယ်သောအဆင်းနှင့် ပြည့်စုံခဲ့၏။ ဆန်းကြယ် လှစွာသော အဝတ်တန်ဆာပတ္တမြား နားဒောင်းရွှေစည်ပေါင်းတို့ကို ဝတ်ဆင်ခဲ့ရ၏။

ထိုတာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးအဖြစ် လေးဘဝတိုင်တိုင် နေခဲ့ရပြီးနောက် ငါးဘဝမြောက် တွင် တာဝတိံသာနတ်ပြည်၌ လွန်စွာတန်ခိုးကြီးသော ဇဝနနတ်သား ၏ မိဖုရားကြီးဖြစ်ခဲ့ရသည်။

ထိုနတ်မိဖုရားကြီးဘဝမှ စုတေသောအခါ ဆဋ္ဌမမြောက်ဘဝ အဖြစ် အင်္ဂတိမင်းကြီး၏သမီးတော် ရုစာဒေဝီမင်းသမီး ဖြစ်ခဲ့သည်။ ထိုဘဝ၌ ရုပ်ရည်အဆင်း လွန်စွာလှပ၏။ ရွှေချင်စဖွယ် တင့်တယ်သော ကြန်အင်လက္ခဏာနှင့်လည်း ပြည့်စုံ၏။ ကမ္ဘာတစ်သိန်းကာလပတ်လုံး တောင်းဆုပန်အပ်သော ဆုထူးဆုမြတ်နှင့်လည်းပြည့်စုံ၏။အထိန်းတော် နှင့်တကွ သူငယ်တော် မှူးမတ်သမီးငါးရာတို့ဖြင့် ခြံရံခစားလျှက် ဘုံခုနှစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ နေခဲ့ရ၏။ သဇင်၊ စကား၊ ခယား အစရှိသော ပန်းမျိုးစုံတို့ဖြင့်ပြည့်သော ရွှေတံဆိပ်ကျင် နှစ်ဆယ့်ငါးခုနှင့် လွန်စွာ သိမ်မွေ့နူးညံ့ပြီး တန်ဘိုးများစွာထိုက်သော အဝတ်တန်ဆာ တို့ကို နေ့စဉ်နေ့တိုင်း ရရှိခဲ့၏။

ထိုရုစာဒေဝီမင်းသမီးအဖြစ်မှ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ တန်ခိုးကြီးသောနတ်သား ဖြစ်ခဲ့၏။ ပရဒါရအကုသိုလ်ကံ ၏ အစွမ်းသတ္တိကုန်သွားသောကြောင့် မိန်းမဘဝ၌ မဖြစ်တော့ဘဲ ယောကျာ်းဘဝ၌သာ ဖြစ်ရ၏။

သို့ဖြစ်၍ ကံတို့သည် အကျိုးပေးရန်အချိန်နှင့် အကျိုးပေးရန် အလှည့်ရောက်လာလျှင် အဆက်ဆက်အခါခါလည်း အကျိုးပေးကုန် ၏။ ခန်ကျော်၍လည်း အကျိုးပေးကုန်၏။

## ကံအကျိုးပေးချိန်ရောက်လျှင် ရှောင်လွှဲ၍ မရနိုင်ပုံ

ကံတို့သည် အကျိုးပေးချိန်ရောက်နေသော်လည်း အကျိုး ပေးခွင့်မကြုံက အကျိုးမပေးနိုင်ကုန်။ အကျိုးပေးခွင့်ကြုံလာစေရန် အကုသိုလ်အရာ၌ ဂတိဝိပတ္တိစသော ဝိပတ္တိလေးပါးတို့နှင့် ပြည့်စုံ ညီညွတ်ရန် လိုအပ်၏။ ကုသိုလ်အရာ၌ ဂတိသမ္ပတ္တိစသော သမ္ပတ္တိ လေးပါးတို့နှင့် ပြည့်စုံရန်လိုအပ်၏။ ထိုသို့ အကျိုးပေးချိန်လည်း ရောက်ရှိပြီး အကျိုးပေးခွင့်လည်း ကြုံလာလျှင် မြေပြင်၌သော် လည်းကောင်း၊ ရေပြင်၌သော်လည်းကောင်း၊ ကောင်းကင်၌သော်

လည်းကောင်း၊ လိုဏ်ဂူအတွင်း၌သော်လည်းကောင်း မည်သည့်အရပ်၌ မဆို တည်ရှိနေပါသော်လည်း ကံ၏အကျိုးကို ရှောင်လွှဲ၍ မရနိုင်။ မုချအကျိုးပေးမည် ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိမြို့တံခါး၏ အနီး၌ရှိသော ရွာတစ်ရွာကို မီးလောင်သောအခါ မီးကွင်းတစ်ကွင်းသည် အပေါ်သို့ မြောက်တက်၍ ကောင်းကင်၌ပျံနေသော ကျီး၏လည်ပင်း၌ စွပ်မိ သောကြောင့် ထိုကျီးသည် မြေပြင်သို့ ကျ၍သေ၏။ ထိုကျီးသည် ရှေးဘဝတစ်ခု၌ လယ်သမားတစ်ယောက်ဖြစ်ပြီး အပျင်းထူသောနွားကို မဆုံးမနိုင်၍ ထိုနွား၏လည်ပင်း၌ ကောက်ရိုးဖြင့်ချည်နှောင်ကာ မီးရှို့သတ်ခဲ့၏။ ထိုအကုသိုလ်ကံသည် အကျိုးပေးချိန်ရောက်၍ အကျိုး ပေးခွင့် ကြုံသောကြောင့် ကောင်းကင်၌တည်ရှိနေသော်လည်း သူပြုလုပ် မိသော အကုသိုလ်ကံ၏အကျိုးကို ခံစားသွားရ၏။

သမုဒ္ဒရာအတွင်း၌ လှေတစ်စင်းသည် ရှေ့လည်းမတိုး နောက်လည်းမဆုတ် မတုန်မလှုပ်ရပ်တည်နေသောအခါ သူယုတ်မာ ရှိနေသောကြောင့်ဟု ယူဆကြပြီး သူယုတ်မာ မဲချကြကုန်၏။ လှေသူကြီးကတော်အား သုံးကြိမ်တိုင်တိုင် မဲကျသောကြောင့် ထိုလှေသူကြီးကတော်၏လည်ပင်း၌ သဲအိုးကိုချီ၍ မြစ်ထဲသို့ ပစ်ချ ကြကုန်၏။ ထိုလှေသူကြီးကတော်သည် ရှေးဘဝတစ်ခု၌ အမျိုးသမီး တစ်ဦးဖြစ်ခဲ့ပြီး မိမိအားအရှက်ရစေသော ခွေး၏လည်ပင်း၌ သဲအိုးကို ချည်နှောင်၍ ရေထဲသို့ ပစ်ချခဲ့၏။ ထိုအကုသိုလ်ကံသည် အကျိုးပေး ချိန်ရောက်၍ အကျိုးပေးခွင့်ကြုံသောကြောင့် သမုဒ္ဒရာအလယ်၌ တည်ရှိနေသော်လည်း ၎င်းပြုလုပ်မိသော အကုသိုလ်ကံ၏ အကျိုးကို ခံစားခဲ့ရ၏။

ရဟန်းတော် (၇)ပါးတို့သည် လိုဏ်ဂူတစ်ခု အတွင်း၌ သီတင်းသုံးနေကြစဉ် တောင်ထွတ်တစ်ခု ပြိုကျ၍ လိုဏ်ဂူတံခါး

ပိတ်သွားသောကြောင့် လိုဏ်ဂူအတွင်း၌ ခုနစ်ရက်တိုင်တိုင် ပိတ်မိနေ၏။ ခုနစ်ရက်ပြည့်သောအခါ လိုဏ်ဂူတံခါးသည် အလိုအလျောက်ပွင့်သွား၏။ ထိုရဟန်းတို့သည် ရှေးဘဝတစ်ခု၌ နွားကျောင်းသားများဖြစ်ခဲ့ကြ၏။ သူတို့သည် တွင်းထဲသို့ဝင်သွားသော ဖွတ်တစ်ကောင်အား အပြင်သို့မထွက်နိုင်စေရန် တွင်းဝများကို သစ်ခက်သစ်ရွက်တို့ဖြင့် ပိတ်ဆို့ခဲ့ကြ၏။ ခုနစ်ရက်ကြာသောအခါ တွင်းဝများကို ပြန်ဖွင့်ပေးခဲ့ကြ၏။ သနားသောကြောင့် ဖွတ်ကိုမသတ်ခဲ့ကြ။ ထိုအကုသိုလ်ကံသည် အကျိုးပေးချိန်ရောက်၍ အကျိုးပေးခွင့်ကြုံသောကြောင့် လိုဏ်ဂူအတွင်း၌ တည်ရှိနေသော်လည်း ၎င်းတို့ပြုလုပ်မိသော အကုသိုလ်ကံ၏အကျိုးကို ခံစားခဲ့ရကုန်၏။ ဖွတ်၏အသက်ကို မသတ်ခဲ့သောကြောင့် လိုဏ်ဂူအတွင်း၌ ပိတ်မိနေသော်လည်း အသက်မသေကုန်။ ငတ်မွတ်ဆာလောင်ခြင်းစသော ကြီးစွာသော ဆင်းရဲဒုက္ခတို့ကို ခံစားရကုန်၏။

မြတ်စွာဘုရားရှင်၏ဦးရီးတော် သုပ္ပဗုဒ္ဓမင်းသည် ဘုရားရှင်အား ရန်ငြိုးဖွဲ့ခဲ့ပြီး ဘုရားရှင် ကြွတော်မူလာမည့်လမ်းကို ပိတ်ဆို့ကာ အရက်သောက်လျက်ထိုင်နေခဲ့၏။ "ဦးရီးတော်သုပ္ပဗုဒ္ဓသည် သူပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့် ဤနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့၌ သူနေထိုင်သောပြာသာဒ်၏ အောက်ဆုံးလှေကားရင်း၌ မြေမျိုခြင်းခံရလိမ့်မည်"ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်ကို သုပ္ပဗုဒ္ဓမင်းကြားသိရသောအခါ သူ၏အသုံးအဆောင်အားလုံးကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အထက်ဆုံးဖြစ်သောအထပ်၌တင်ထားပြီး လှေကားများကို ဖယ်ရှားလျက် အခန်းတံခါးများပိတ်၍ နေထိုင်ခဲ့၏။ သူ၏သက်တော်စောင့် ကိုယ်ရံတော်တို့ကို သူမေ့လျော့၍ အောက်သို့ဆင်းမိလျှင် တားမြစ်ရန် မှာကြားပြီး တံခါးပေါက်များ၌ စောင့်နေစေ၏။ ခုနစ်ရက်မြောက်သောနေ့သို့ ရောက်သောအခါ မင်္ဂလာစီးတော်မြင်း လွတ်ပြေးသွား၏။ မည်သူမျှ ဖမ်းဆီး၍မရ။ မြင်းဟီသံကြား၍ အကြောင်းစုံကိုသိသောအခါ ထိုမြင်းကို ကိုယ်တိုင်ဖမ်းရန် အောက်သို့

မေ့လျော့ပြီး ဆင်းခဲ့၏။ အစောင့်တို့သည်လည်း မထွက်ဖို့တားမြစ်ရန် မေ့လျော့ခဲ့ကြကုန်၏။ ပြာသာဒ်၏ အောက်ဆုံးလှေကားခြေရင်းသို့ ရောက်သောအခါ မြေမျိုခြင်းကို ခံခဲ့ရ၏။ သူပြုလုပ်ခဲ့သော အကုသိုလ်ကံသည် အကျိုးပေးချိန်ရောက်၍ အကျိုးပေးခွင့်ကြုံလာသောကြောင့် မည်သို့ပင် အကာအကွယ်အတားအဆီးများကို ပြုလုပ်ပါသော်လည်း မလွတ်မြောက်နိုင်ချေ။

## လုပ်ဆောင်ချက်အရ ကံ(၄)မျိုး

သတ္တဝါတို့ လုပ်ဆောင်ထားသော ကံတို့သည် အကျိုးပေးသောအခါ မိမိတို့နှင့်သက်ဆိုင်ရာ အလုပ်များကို လုပ်ဆောင်သွားကြသည်။ ထိုသို့ လုပ်ဆောင်သွားရာ၌ လုပ်ဆောင်ချက်အရ ကံအမျိုးအစားများကို အောက်ပါအတိုင်း (၄)မျိုးခွဲနိုင်သည်။

၁။ ဇနကကံ = အရှိအတိုင်းအကျိုးပေးသောကံ
၂။ ဥပတ္ထမ္ဘကကံ = ထောက်ပံ့ကံ
၃။ ဥပပီဠကကံ = နှိပ်စက်ကံ
၄။ ဥပစ္ဆေဒကကံ = ဖြတ်တောက်ကံ

## အရှိအတိုင်း အကျိုးပေးသောကံ

ကံ၏အကျိုးကို ဖြစ်စေရုံသာ ဖြစ်စေတတ်သော ကံသည် အရှိအတိုင်းအကျိုးပေးသောကံ = ဇနကကံမည်၏။ အကောင်းအဆိုး အမျိုးမျိုးသောအကျိုးကို ဖြစ်စေရုံသာဖြစ်စေတတ်သောကံကို ဆိုလိုသည်။ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ကံ၏အကျိုးဖြစ်သော နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်၏။ ဤကံအရ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ကံ၏အကျိုးဖြစ်သော နာမက္ခန္ဓာကမ္မဇရုပ် ကမ္မပစ္စယဥတုဇရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်အကုသိုလ်စေတနာတို့ကို ယူရမည်။

ဤဇနကကံသည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် စေတသိက်နှင့် ရုပ်ကလာပ်များကိုလည်းကောင်း၊ နတ်ပြည်၌ နတ်တို့၏ဘုံဗိမာန်များကိုလည်းကောင်း၊ ငရဲပြည်၌ သင်တုန်းဓားစက်များ ငရဲမီးလျှံများကိုလည်းကောင်း ဖြစ်စေတတ်၏။ ပဝတ္တိအခါ၌ မြင်သိစိတ် ကြားသိစိတ် နံသိစိတ် အရသာခံသိစိတ် တွေ့သိစိတ်စသော နာမ်အကျိုးတရားများကိုလည်းကောင်း၊ ဆက်ကာဆက်ကာ ဖြစ်ပေါ်နေသောကံကြောင့်ဖြစ်သော ရုပ်များကိုလည်းကောင်း ဖြစ်စေ၏။

ကမ္မပထမြောက်သော ဇနကကံသည် ပဋိသန္ဓေအကျိုးကိုလည်း ပေးစွမ်းနိုင်၏။ ပဝတ္တိအကျိုးကိုလည်း ပေးစွမ်းနိုင်၏။ ကမ္မပထမမြောက်သော ဇနကကံသည် ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်၏။

တိရစ္ဆာန်ဘုံ၌ နဂါး ဂဠုန်စသည်တို့ ဖြစ်ရခြင်းသည် အကုသိုလ်ဇနကကံ၏ ပဋိသန္ဓေအကျိုးများ ဖြစ်ကြသည်။ ထိုသို့ တိရစ္ဆာန်ဘုံ၌ဖြစ်ရသော်လည်း လှပသောအဆင်းရှိခြင်း၊ ဘုံဗိမာန်တို့ကို ရရှိခြင်းနှင့် ချမ်းချမ်းသာသာနေရခြင်း အစရှိသည်တို့သည် ကုသိုလ်ဇနကကံ၏ ပဝတ္တိအကျိုးများ ဖြစ်ကြသည်။

အကုသိုလ်ဇနကကံသည် ပဋိသန္ဓေအကျိုးကို ပေးသောကြောင့် လူ့ဘဝတွင် နိမ့်ကျသောအမျိုးတို့၌ ဖြစ်ရသော်လည်း ကုသိုလ်ဇနကကံသည် ပဝတ္တိအကျိုးကိုပေးသည်ရှိသော် အဆင်းလှခြင်း၊ စည်းစိမ်ဥစ္စာ ချမ်းသာခြင်းအစရှိသော ကောင်းကျိုးအမျိုးမျိုးကို ခံစားရနိုင်သည်။ ချမ်းသာသောလူတို့ မွေးမြူစောင့်ရှောက်ထားသော ခွေးကြောင်အစရှိသော တိရစ္ဆာန်တို့သည် ချမ်းချမ်းသာသာ နေကြရ၏။ လူတို့၏ ဂရုစိုက်ချစ်ခင်ခြင်းကို ခံကြရ၏။ ထိုသို့ ဖြစ်ရခြင်းမှာ အကုသိုလ်ဇနကကံသည် ပဋိသန္ဓေအကျိုးကိုပေး၍ ကုသိုလ်ဇနကကံသည် ပဝတ္တိအကျိုးကိုပေးသောကြောင့် ဖြစ်သည်။

လူ့ဘဝ နတ်ဘဝတို့၌ ဖြစ်ရခြင်းသည် ကုသိုလ်ဇနကကံသည် ပဋိသန္ဓေအကျိုးကို ပေးသောကြောင့် ဖြစ်၏။ ထိုလူ့ဘဝ နတ်ဘဝတို့၌ ခြေလက်အင်္ဂါချို့တဲ့ခြင်း၊ ရုပ်ရည်အဆင်း မလှပခြင်း၊ ပစ္စည်းဥစ္စာချို့တဲ့ခြင်း၊ ဘုန်းကံနည်းပါးခြင်း၊ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရခြင်းအစရှိသော မကောင်းကျိုးများကို တွေ့ကြုံရခြင်းတို့သည် အကုသိုလ်ဇနကကံ၏ ပဝတ္တိအကျိုးများ ဖြစ်ကြသည်။

အပါယ်လေးဘုံတို့၌ ဖြစ်ရခြင်း၊ ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားရခြင်းတို့သည် အကုသိုလ် ဇနကကံသည် ပဋိသန္ဓေအကျိုးကို လည်းကောင်း၊ ပဝတ္တိအကျိုးကိုလည်းကောင်း ပေးသောကြောင့် ဖြစ်ကြသည်။ အချို့သောတိရစ္ဆာန်တို့သည် ဂရုတစိုက် ကျွေးမွေးမည့်သူ မရှိကုန်။ အစားအစာကို တစ်ခါတစ်ရံမှသာ စားကြရ၏။ လူတို့၏ လည်းကောင်း၊ မိမိထက် ခွန်အားကြီးမားသော သတ္တဝါတို့၏ လည်းကောင်း နှိပ်စက်ညှဉ်းပန်းခြင်းကို အမြဲမပြတ် ခံကြရ၏။ ထိုသို့ ဖြစ်ရခြင်းသည် အကုသိုလ်ဇနကကံ၏ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး များပင် ဖြစ်သည်။

လူ့ဘဝ နတ်ဘဝအစရှိသော မြင့်မြတ်သော ဘုံဘဝတို့၌ ဖြစ်ရခြင်း၊ ရုပ်ရည် အဆင်းလှပခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း၊ ချမ်းသာသုခအမျိုးမျိုးကို ခံစားရခြင်းအစရှိသည်တို့သည် ကုသိုလ် ဇနကကံသည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ပေးသောကြောင့် ဖြစ်သည်။

## ထောက်ပံ့ကံ

အကျိုးပေးခွင့်မရရှိသေးသော ကံများကို အကျိုးပေးခွင့် ရရှိစေခြင်းငှါလည်းကောင်း၊ အကျိုးပေးခွင့်ရရှိ၍ အကျိုးပေးနေသော ကံများကို အားကောင်းစေခြင်းငှါလည်းကောင်း၊ ကြာရှည်စွာ တည်တံ့ စေခြင်းငှါလည်းကောင်း ထောက်ပံ့တတ်သောကံသည် ထောက်ပံ့ကံ=

ဥပတ္ထမ္ဘကကံမည်၏။ ကုသိုလ်အကုသိုလ် ဇနကကံတို့ကို အကျိုးပေးခွင့်ရစေခြင်းငှါလည်းကောင်း၊ ကုသိုလ်အကုသိုလ် ဇနကကံတို့သည် ဖြစ်စေအပ်သော ကောင်းကျိုးဆိုးကျိုးတို့ကို ကြာရှည်စွာတည်တံ့စေခြင်းငှါလည်းကောင်း ကူညီထောက်ပံ့ခြင်းကို ဆိုလိုသည်။ ကမ္မပထမြောက်သည် ဖြစ်စေ၊ မမြောက်သည် ဖြစ်စေ အိပ်မက်၌ဖြစ်သောစေတနာ၊ ပဋ္ဌဒွါရိကစေတနာများသည်လည်း ဥပတ္ထမ္ဘကသတ္တိရှိကြသည်။

သေခါနီးအချိန်၌ ကုသိုလ်ဇောစောလျှင် နောက်ဘဝ၌ ကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပံ့၏။ အကုသိုလ်ဇောစောလျှင် အကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပံ့သည်။ ထို့ကြောင့် မရဏာသန္နကံတို့ကို ဥပတ္ထမ္ဘကကံဟုဆိုနိုင်သည်။

ပဝတ္တိအခါ၌ ကုသိုလ်ကံတရားတို့ကို များစွာပြုလုပ်နေလျှင် ထိုကုသိုလ်ကံများသည် ရှေးရှေးဘဝ ပဝတ္တိအခါ၌ ပြုခဲ့သော ကုသိုလ်ကံများ အကျိုးပေးခွင့်ရစေခြင်းငှါလည်းကောင်း၊ အကျိုးပေးနေသောကံများကို အားကောင်းစေခြင်းငှါလည်းကောင်း၊ ကြာရှည်စွာ တည်တံ့စေခြင်းငှါလည်းကောင်း ကူညီထောက်ပံ့ကြသည်။ ပဝတ္တိအခါ၌ အကုသိုလ်ကံတရားတို့ကို များစွာ ပြုလုပ်နေလျှင်လည်း ထိုအကုသိုလ်ကံများသည် ရှေးရှေးဘဝ ပဝတ္တိအခါ၌ ပြုခဲ့သော အကုသိုလ်ကံများကို အကျိုးပေးခွင့်ရစေခြင်းငှါလည်းကောင်း၊ အကျိုးပေးနေသော အကုသိုလ်ကံများကို အားကောင်းစေခြင်းငှါလည်းကောင်း၊ ကြာရှည်စွာ တည်တံ့စေခြင်းငှါလည်းကောင်း ကူညီထောက်ပံ့ကြသည်။

ကုသိုလ်အကုသိုလ် ဇနကကံတို့၏ အကျိုးကြောင့် လူ့ဘဝ နတ်ဘဝ တိရစ္ဆာန်ဘဝစသည်တို့ကို ရရှိရာတွင် ထိုထိုဘဝတို့၌ အသက်ရှင်လျက် နေနိုင်စေရန်သော်လည်းကောင်း၊ အသက်ရှည်ရှည်

ကြာမြင့်စွာ နေနိုင်စေရန်သော်လည်းကောင်း ကုသိုလ်ဥပတ္ထမ္ဘကကံများက အသက်၏ဘေးအန္တရာယ်ကို ကာကွယ်ပေးကုန်၏။ အသက်ရှည်စေနိုင်သော ဆေးဝါးများကို သုံးဆောင်နိုင်ခွင့်ရအောင် ကူညီထောက်ပံ့ကုန်၏။

ကုသိုလ်ဥပတ္ထမ္ဘကကံသည် အကုသိုလ်ဇနကကံကြောင့်ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို ထောက်ပံ့နိုင်၏။ အကုသိုလ်ဇနကကံကြောင့် နဂါး ဂဠုန်အစရှိသော ခန္ဓာအစဉ်ကို ရရှိလာရာ ရှေးကပြုခဲ့ဘူးသော ဥပတ္ထမ္ဘကကုသိုလ်ကံ၏ ကူညီထောက်ပံ့မှုကြောင့် ထိုဘဝတို့၌ တန်ခိုးအာနုဘော်ကြီးခြင်းအစရှိသော ကောင်းကျိုးတရားများကို ရရှိသည်။

အကုသိုလ်ဥပတ္ထမ္ဘကကံသည်လည်း ကုသိုလ်ဇနကကံကြောင့်ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို ထောက်ပံ့နိုင်၏။ ကုသိုလ်ဇနကကံကြောင့် ဝိနိပါတိကအသုရာအစရှိသော ခန္ဓာအစဉ်ကို ရရှိလာရာ ရှေးကပြုခဲ့ဘူးသော အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပံ့မှုကြောင့် ထိုဘဝ၌ ကြာမြင့်စွာ ဆင်းရဲဒုက္ခခံစားရခြင်းအစရှိသော မကောင်းကျိုးတရားများကို ရရှိသည်။

ဒုစရိုက်မှုများဖြင့် ကြီးပွါးချမ်းသာ နေကြသောသူများရှိကြသည်။ ထိုသူများသည် ကုသိုလ်ဇနကကံကြောင့် ဖြစ်သောကြီးပွါးချမ်းသာခြင်းကို ယခုဘဝ၌ပြုသော ဒုစရိုက်အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပံ့မှုကြောင့် ရရှိကြခြင်းဖြစ်သည်။

## နှိပ်စက်ကံ

အကျိုးမပေးသေးသောကံများကို အကျိုးပေးခွင့် မရစေခြင်းငှါလည်းကောင်း၊ အကျိုးပေးခွင့်ရ၍ အကျိုးပေးနေသော ကံများကို အကျိုးပေးသန်စွမ်းမှု ဖွံ့ဖြိုးမှုမရှိစေခြင်းငှါလည်းကောင်း နှိပ်စက်ရုံသာ နှိပ်စက်တတ်သောကံသည် နှိပ်စက်ကံ = ဥပပီဠကကံမည်၏။ ထို

ဥပပီဠကကံသည် နှောင့်ယှက်ရုံသာ နှောင့်ယှက်နိုင်၏။ လုံးဝပျက်စီးသွားအောင် မဖျက်ဆီးနိုင်။

အကုသိုလ် ဥပပီဠကကံသည် ကုသိုလ်ကံကိုလည်းကောင်း၊ ကုသိုလ်ကံ၏အကျိုးကိုလည်းကောင်း နှောင့်ယှက်နိုင်၏။ ကုသိုလ် ဥပပီဠကကံသည် အကုသိုလ်ကံကိုလည်းကောင်း၊ အကုသိုလ်ကံ၏ အကျိုးကိုလည်းကောင်း နှောင့်ယှက်နိုင်သည်။

ကုသိုလ်ကံတို့ကို ပြုလုပ်စဉ်အခါ၌ အားကောင်းသော်လည်း နောင်အခါ၌ပြုလုပ်မိသော ဆန့်ကျင်ဘက်အကုသိုလ်ကံတို့သည် နှိပ်စက်အပ်သည်ရှိသော် ကုသိုလ်ကံတို့သည် အားနည်းသွားကုန်၏။ အထက်အထက်ဘုံတို့၌ဖြစ်နိုင်သော်လည်း အောက်အောက်ဘုံတို့၌သာ ဖြစ်ကြရ၏။ ဘုန်းတန်ခိုးကြီးသောဌာနတို့၌ ဖြစ်နိုင်သော်လည်း ဘုန်းတန်ခိုးနည်းသော ဌာနတို့၌သာ ဖြစ်ကြရ၏။ မြင့်မြတ်သောအမျိုးတို့၌ ဖြစ်နိုင်သော်လည်း ယုတ်ညံ့သော အမျိုးတို့၌သာ ဖြစ်ကြရ၏။ အသက်ရှည်နိုင်သော်လည်း အသက်တိုကြရ၏။ စည်းစိမ်ဥစ္စာပေါများနိုင်သော်လည်း စည်းစိမ်ဥစ္စာနည်းပါးကြရ၏။ ယောကျ်ားအဖြစ်ကို ရနိုင်သော်လည်း မိန်းမသော်လည်း ဖြစ်ကြရ၏။ ယောကျ်ားမဟုတ် မိန်းမမဟုတ်သော်လည်း ဖြစ်ကြရ၏။ အဆင်းလှပမှုနှင့် ပြည့်စုံနိုင်သော်လည်း အဆင်းမလှ ဖြစ်ကြရ၏။ လက်ခြေစသော ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးတို့နှင့် ပြည့်စုံနိုင်သော်လည်း မျက်စိသော်လည်း ကန်းကြရ၏။ နားသော်လည်းလေးကြရ၏။ အခြားသောလက်ခြေစသော အင်္ဂါကြီးငယ်တို့တွင် တစ်ခုခုသော်လည်း ချို့တဲ့ကြရ၏။

ဥပမာအားဖြင့် ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်အရိယာပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ ထို့ကြောင့် အားကြီးသောကုသိုလ်ကံရှိသူဟု ဆိုနိုင်သည်။ ထိုသို့ အားကြီးသောကုသိုလ်ကံရှိသည့်အလျောက် အထက်အထက်ဘုံတို့၌ ဖြစ်နိုင်ပါသော်လည်း စတုမဟာရာဇ်နတ်ပြည်ကို တပ်မက်သော ဘဝနိကန္တိကတဏှာ အကုသိုလ်ဥပပီဠက

ကံ၏ နိုပ်စက်မှုကြောင့် စတုမဟာရာဇ်နတ်ပြည်၌ ဇနဝသဘ အမည်ရှိသော နတ်ဘီလူးတစ်ဦးသာ ဖြစ်ခဲ့ရသည်။

ကုသိုလ်ကံ၏ အကျိုးဖြစ်သော လူ့ဘဝကို ရရှိနေပါသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နိုပ်စက်မှုကြောင့် လူစဉ်မမှီသော ပုဂ္ဂိုလ် ဖြစ်နိုင်၏။ ကုသိုလ်ကံကြောင့် ကျန်းမာခြင်း၊ စည်းစိမ်ဥစ္စာ ပေါများခြင်း၊ ရာထူးဂုဏ်သိမ် မြင့်မြတ်ခြင်းစသော ကောင်းကျိုး အမျိုးမျိုးကို ခံစားနေရသော်လည်း အကုသိုလ်ဥပပီဠကကံက နိုပ်စက်လျှင် အနာရောဂါ ထူပြောနိုင်၏။ စည်းစိမ်ဥစ္စာ ပျက်စီးနိုင်၏။ ရာထူးဌာနန္တရ လျော့ကျနိုင်၏။

ဥပမာအားဖြင့် အနာထပိဏ်သူဌေးကြီးသည် ရှေးကုသိုလ်ကံကြောင့် ပစ္စည်းဥစ္စာပေါများသော်လည်း တစ်စုံတစ်ခုသောအကုသိုလ် ဥပပီဠကကံ၏ နိုပ်စက်မှုကြောင့် ပစ္စည်းဥစ္စာများ ကုန်ဆုံးသွား၏။

အကုသိုလ်ကံတို့ကို ပြုလုပ်စဉ်အခါ၌ အားကောင်းသော်လည်း နောင်အခါ၌ ပြုလုပ်မိသော ဆန့်ကျင်ဘက်ကုသိုလ်ကံတို့သည် နှောင့်ယှက်အပ်သည်ရှိသော် အကုသိုလ်ကံတို့သည် အားနည်းသွားကုန်၏။ ငရဲကြီးရှစ်ထပ်တို့၌ ဖြစ်နိုင်သော်လည်း ဥဿဒငရဲတို့၌သော်လည်းကောင်း၊ ပြိတ္တာဘုံတို့၌သော်လည်းကောင်း ဖြစ်ကြရ၏။ ဥဿဒငရဲတို့၌ ဖြစ်နိုင်သော်လည်း ပြိတ္တာဘုံတို့၌သော်လည်းကောင်း၊ တိရစ္ဆာန်ဘုံတို့၌သော်လည်းကောင်း ဖြစ်ကြရ၏။ အသက်တိုနိုင်သော်လည်း အသက်ရှည်ကြရ၏။ စည်းစိမ်ဥစ္စာ ချို့တဲ့နိုင်သော်လည်း စည်းစိမ်ဥစ္စာပေါများကြရ၏။

ဥပမာအားဖြင့် အဇာတသတ်မင်းသည် ဖခင်ကိုသတ်မိသော အကုသိုလ်ကံကြောင့် အဝီစိငရဲသို့ ကျရောက်နိုင်သော်လည်း နောင်အခါ၌ ရတနာသုံးပါးအား ကိုးကွယ်ပူဇော်မှုကို ပြုခဲ့သောကြောင့် လောဟကုမ္ဘီငရဲ၌သာ ဖြစ်ရ၏။

အကုသိုလ်ကံ၏ အကျိုးဖြစ်သော စည်းစိမ်ဥစ္စာ နည်းပါးခြင်း၊ ရာထူးဌာနန္တရ နိမ့်ကျခြင်း၊ အနာရောဂါ ပေါများခြင်းစသည်တို့ကို ခံစားနေရပါသော်လည်း ကုသိုလ်ဥပပီဠကကံက နှိပ်စက်လျှင် စည်းစိမ်ဥစ္စာတိုးတက်နိုင်၏။ ရာထူးဌာနန္တရ ရမြင့်တက်နိုင်၏။ အနာရောဂါများ ကင်းစင်နိုင်၏။

ဥပမာအားဖြင့် ရောဟိနီမင်းသမီးသည် ရှေးအတိတ်ဘဝတစ်ခု၌ ဗာရာဏသီမင်း၏ မိဖုရားဖြစ်စဉ် ကခြေသည်မတစ်ယောက်၏ အိပ်ရာနှင့် စောင်များအပေါ်၌ ယားယံစေနိုင်သော အမှုန့်တို့ကို ကြဲဖြန့်ခဲ့၏။ ထိုမကောင်းမှုကံကြောင့် အရေပြားရောဂါဝေဒနာကို ခံစားနေရသော်လည်း ကျောင်းဆောက်လှူခြင်း၊ တံမြက်လှဲခြင်း၊ သောက်ရေသုံးဆောင်ရေ ခပ်လှူခြင်းအစရှိသော ကုသိုလ်ဥပပီဠကကံသည်နှိပ်စက်သောကြောင့် ခံစားနေရသော ရောဂါဝေဒနာများ သက်သာသွား၏။

## ဖြတ်တောက်ကံ

ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း သတ်ဖြတ်တတ်သောကံသည် ဖြတ်တောက်ကံ=ဥပစ္ဆေဒကကံမည်၏။

(မှတ်ချက် ။ ။ ပါဠိ အဋ္ဌကထာတို့၌ ဥပဃာတကကံဟု အသုံးများသော်လည်း ဗုဒ္ဓဘာသာဝင်များသည် ဥပစ္ဆေဒကကံဟု အသုံးများသောကြောင့် ဥပစ္ဆေဒကကံဟုသာ ဦးစားပေး ဖော်ပြပါသည်။)

အကုသိုလ် ဥပစ္ဆေဒကကံသည် ကုသိုလ်ကံကို သတ်ဖြတ်တတ်၏။ ရှင်ဒေဝဒတ်၏ မဟဂ္ဂုတ်ကုသိုလ်ကံတို့သည် "ငါသည် ဘုရားတစ်ဆူပြုလုပ်၍ ရဟန်းသံဃာတို့ကို ခေါင်းဆောင်အံ့"ဟူသော ယုတ်မာသော အကြံအစည်ကို ကြံစည်မိခြင်းတည်းဟူသော အကုသိုလ် ဥပစ္ဆေဒကကံ၏ သတ်ဖြတ်မှုကြောင့် လုံးဝပျက်စီးသွား၏။ အကုသိုလ် ဥပစ္ဆေဒကကံသည် ကုသိုလ်ကံ၏ အကျိုးများကိုလည်း သတ်ဖြတ်နိုင်၏။ ရာထူးမြင့်မားသူများ ရာထူးပြုတ်သွားခြင်း၊ စည်းစိမ်ဥစ္စာ

ပေါ်များသူများ စည်းစိမ်ဥစ္စာ ကုန်ခန်းသွားခြင်း၊ အနာရောဂါမရှိသူများ အနာရောဂါ ပေါ်များခြင်း၊ မတော်တဆ ဖြစ်မှုကြောင့် ရုတ်တရက် သေဆုံးခြင်းစသည်တို့သည် အကုသိုလ်ဥပစ္ဆေဒကကံက ကုသိုလ်ကံ၏အကျိုးကို သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ထိုသို့ ကုသိုလ်ကံ၏အကျိုးကိုသတ်ရာ၌ (က) သတ်ရုံသာ သတ်ခြင်း (ခ) သတ်ပြီးနောက် အခြားသောကံတို့ကို အကျိုးပေးခွင့်ပြုခြင်း (ဂ) သတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေအကျိုးကို ဆက်လက်ပေးခြင်းဟု သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် စက္ခုပါလမထေရ်၏ ရှေးဘဝ ဆေးဆရာဖြစ်စဉ်အခါက ပြုလုပ်ခဲ့သော အကုသိုလ်ကံ၏ သတ်ဖြတ်မှုကြောင့် ကုသိုလ်ကံက စီမံထားသော ကုသိုလ်ကံ၏အကျိုးအဖြစ် တည်ရှိနေသော မျက်စိသည်ကွယ်ရခြင်း၊ ရှင်မဟာမောဂ္ဂလာန်၏ ရှေးဘဝတစ်ခု၌ အမိအဘတို့ကိုသတ်ခဲ့သော အကုသိုလ်ကံကြောင့် ခိုးသားငါးရာတို့၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန် စံတော်မူရခြင်းတို့သည် ကံ၏အကျိုးကို သတ်ရုံသာသတ်၍ နောက်ထပ် အကျိုးမဆက်သော အကုသိုလ်ဥပစ္ဆေဒကကံမည်၏။

ဗိမ္ဗိသာရမင်းကြီးသည် ရှေးဘဝတစ်ခုတွင် ဘုရားယင်ပြင်တော်အပေါ်၌ ဘိနပ်စီးခဲ့သော အကုသိုလ်ကံ၏ သတ်ဖြတ်မှုကြောင့် ကုသိုလ်ကံက စီမံထားသော မြင့်မြတ်သော မင်းအဖြစ်၌ ခြေဖဝါးကို ဓားဖြင့်အခွဲခံရပြီးနောက် အခြားသောကုသိုလ်ကံကြောင့် စတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရခြင်းသည်လည်းကောင်း၊ သာမာဝတီ အမှူးရှိသော မောင်းမငါးရာတို့ မီးလောင်ပြီး ရုတ်တရက် သေဆုံးကာ နတ်ပြည်၌ ဖြစ်ရခြင်းသည်လည်းကောင်း သတ်ပြီးနောက် အခြားသောကံတို့ကို အကျိုးပေးခွင့်ပြုသော ဥပစ္ဆေဒကကံမည်၏။

နန္ဒအမည်ရှိသော နတ်ဘီလူး တစ်ယောက်သည် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကိုလက်ဖြင့်ခေါက်ခြင်းဟူသော အကုသိုလ်

ကံကြောင့် မြေမြို့ခံရပြီး ထိုအကုသိုလ်ကံကြောင့်ပင် အဝီစိငရဲ၌ ပဋိသန္ဓေ နေရခြင်းသည်လည်းကောင်း၊ ကလာဗုမင်းသည် ဘုရားအလောင်းတော် ခန္တိဝါဒီရသေ့အား နှိပ်စက်ညှဉ်းပန်းခြင်းဟူသော အကုသိုလ်ကံကြောင့် မြေမြို့ခံရပြီး ထိုအကုသိုလ်ကံကြောင့်ပင် အဝီစိငရဲ၌ ဖြစ်ရခြင်းသည်လည်းကောင်း သတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေအကျိုးကိုပေးသော အကုသိုလ်ဥပဃ္ဆေဒကကံမည်၏။

ကုသိုလ်ဥပဃ္ဆေဒကကံသည်လည်း အကုသိုလ်ကံကို သတ်ဖြတ်တတ်၏။ အင်္ဂုလိမာလမထေရ်၏ လူဖြစ်စဉ်အခါ၌ ကျူးလွန်ခဲ့သော အကုသိုလ်ကံများကို မဂ်စေတနာသည် ဖျက်ဆီးသတ်ဖြတ်ပြစ်သောကြောင့် နောင်အခါ၌ အကျိုးပေးခွင့်မရတော့ဘဲ အကြွင်းမဲ့ပျက်စီးသွားရခြင်းသည် အကုသိုလ်ကံကို ကုသိုလ်ဥပဃ္ဆေဒကကံက သတ်ဖြတ်ခြင်း ဖြစ်သည်။ အကုသိုလ်ကံ၏ အကျိုးများကိုလည်း သတ်ဖြတ်နိုင်၏။ ရာထူးမရှိသူများ ရုတ်တရက် ရာထူးအာဏာရရှိလာခြင်း၊ ပစ္စည်းဥစ္စာ မရှိသူများ ရုတ်တရက် ချမ်းသာလာခြင်း၊ အနာရောဂါများသူများ ရုတ်တရက် အနာရောဂါများပျောက်ကင်းခြင်း စသည်တို့သည် ကုသိုလ်ဥပဃ္ဆေဒကကံက အကုသိုလ်ကံ၏ အကျိုးများကို သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ထိုသို့ အကုသိုလ်ကံ၏ အကျိုးကို သတ်ဖြတ်ရာ၌ (က) သတ်ရုံသာ သတ်ခြင်း (ခ) သတ်ပြီးနောက် အခြားသောကံတို့ကို အကျိုးပေးခွင့်ပြုခြင်း (ဂ) သတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေအကျိုးကို ဆက်လက်ပေးခြင်းဟု သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် ရောဟိနီမင်းသမီးသည် ဘုရားရှင်ထံမှ တရားတော်ကို နာယူရခြင်းဟူသော ကုသိုလ်ကံ၏ သတ်ဖြတ်မှုကြောင့် ရှေးဘဝတစ်ခု၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံ၏ အကျိုးဖြစ်သော အရေပြားရောဂါ ဝေဒနာများ လုံးဝပျောက်ကင်းသွားခြင်းသည် သတ်ရုံသာသတ်သော ကုသိုလ်ဥပဃ္ဆေဒကကံမည်၏။

ဘဒ္ဒါထေရီမ အလောင်းအလျာသည် ကဿပဘုရားရှင် လက်ထက်၌ သူဌေးသမီး ဖြစ်စဉ်အခါက မိမိ၏ပစ္စည်းဥစ္စာများကို ရောင်းချ၍ ရွှေအုတ်တစ်ချပ်ကို သွန်းလုပ်ပြီး စေတီတော်၌ လှူဒါန်းခဲ့၏။ ထိုကုသိုလ်ကံသည် ကောဏာဂုံဘုရားနှင့် ကဿပဘုရားရှင်တို့၏အကြား ဗုဒ္ဓန္တရခေတ်၌ ပြုလုပ်ခဲ့သောအကုသိုလ်ကံ၏ အကျိုးဖြစ်သော ခန္ဓာကိုယ်မှ မကောင်းသောအနံ့ တထောင်းထောင်းထွက်ခြင်းကို ကင်းပျောက်စေ၍ စန္ဒကူးနံ့သာနံ့၊ ကြာညိုနံ့ သင်းပျံ့စေခြင်းတို့သည် သတ်ပြီးနောက် အခြားသောကံတို့ကို အကျိုးပေးခွင့်ပြုသော ကုသိုလ်ဥပစ္ဆေဒကကံမည်၏။

မဃလုလင်၏ လမ်းကိုပြုပြင်ခြင်း၊ မြေပြင်ကို သန့်ရှင်းခြင်း အစရှိသော ကုသိုလ်ကံတို့သည် တစ်စုံတစ်ခုသော အကုသိုလ်ကံ၏ အကျိုးဖြစ်သော ဆင်းရဲခြင်းကို ပျောက်စေပြီး ထိုကံတို့ကြောင့်ပင် သိကြားမင်းဖြစ်ရခြင်းသည် သတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေ အကျိုးကိုပေးသော ကုသိုလ်ဥပစ္ဆေဒကကံဟု ဆိုနိုင်သည်။

## ဇနကကံ ဥပပီဠကကံ ဥပစ္ဆေဒကကံတို့၏ ခြားနားချက်

ဇနကကံသည် တစ်ပါးသောကံတို့၏ အကျိုးပေးခြင်းကို နှိပ်စက်မှု သတ်ဖြတ်မှုမပြုဘဲ အကျိုးပေး၏။

ဥပပီဠကကံသည် တစ်ပါးသော ကံတို့ကိုလည်းကောင်း၊ ကံ၏အကျိုးတို့ကိုလည်းကောင်း နှိပ်စက်ရုံသာ နှိပ်စက်နိုင်၏။ မိမိကိုယ်တိုင်ကား အကျိုးမပေးနိုင်။

ဥပစ္ဆေဒကကံသည် တစ်ပါးသော ကံတို့ကိုလည်းကောင်း၊ ကံ၏အကျိုးတို့ကိုလည်းကောင်း ရှေးဦးစွာဖြတ်တောက်ပြီး အခြားသောကံတို့ကို အကျိုးပေးစေ၏။ မိမိကိုယ်တိုင်လည်း အကျိုးပေး၏။

## မည်းညစ်သောကံစသော ကံ(၄)မျိုး

သတ္တဝါတို့ ပြုလုပ်သမျှသောကံတို့သည် ကောင်းသောကံ မကောင်းသောကံ ကောင်းသောအကျိုးရှိသောကံ မကောင်းသော အကျိုးရှိသောကံစသည်ဖြင့် အမျိုးမျိုးရှိကြသည်။ ထိုကံတို့ကို အမည်းကံ အဖြူကံစသည်ဖြင့် ခွဲခြားလိုက်သောအခါ –

၁။ ပြုလုပ်စဉ်မည်းညစ်၍ အကျိုးပေးသောအခါ မည်းညစ်သော အကျိုးကိုပေးသောကံ

၂။ ပြုလုပ်စဉ်ဖြူစင်၍ အကျိုးပေးသောအခါ ဖြူစင်သော အကျိုးကို ပေးသောကံ

၃။ ပြုလုပ်စဉ်အမည်းအဖြူရောနေ၍ အကျိုးပေးသောအခါ အမည်းအဖြူရောလျှက် အကျိုးပေးသောကံ

၄။ ပြုလုပ်စဉ် အမည်းအဖြူမှလွတ်၍ ကံကုန်ခြင်းကို ဖြစ်စေတတ်သောကံဟူ၍ လေးမျိုးကွဲပြားသွားသည်။

## ပြုလုပ်စဉ်မည်းညစ်၍ အကျိုးပေးသောအခါ မည်းညစ်သောအကျိုးကို ပေးသောကံ

ကံကိုပြုလုပ်စဉ်အခါ၌ ဒုက္ခကိုဖြစ်စေတတ်သော ကာယကံ ဝစီကံ မနောကံ ဟူသော စေတနာသုံးပါးတို့ဖြင့် ဒုစ္စရိုက်တရားဆယ်ပါးတို့ကို ပြုလုပ်သောကြောင့် အကျိုးပေးသောအခါ အပါယ်လေးဘုံတို့၌ ဖြစ်ရခြင်း၊ ဘုန်းကံမရှိခြင်း၊ ဆင်းရဲသောလူမျိုးတို့၌ ဖြစ်ရခြင်း၊ ဆင်းရဲဒုက္ခအမျိုးမျိုးကို တွေ့ထိခံစားရခြင်းအစရှိသော မကောင်းကျိုးအမျိုးမျိုးကိုပေး၏။ ဤကံမျိုးကို "ပြုလုပ်စဉ်မည်းညစ်၍ အကျိုးပေးသောအခါ မည်းညစ်သောအကျိုးကို ပေးသောကံ"ဟု ခေါ်၏။

## ပြုလုပ်စဉ် ဖြူစင်၍ အကျိုးပေးသောအခါ ဖြူစင်သောအကျိုးကို ပေးသောကံ

ကံကိုပြုလုပ်စဉ်အခါ၌ ချမ်းသာကို ဖြစ်စေတတ်သော ကာယကံ ဝစီကံ မနောကံဟူသော စေတနာသုံးပါးတို့ဖြင့် ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့ကို ပြုလုပ်သောကြောင့် အကျိုးပေးသောအခါ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ရခြင်း၊ ဘုန်းကံကြီးမားခြင်း၊ ချမ်းသာသော လူမျိုးတို့၌ ဖြစ်ရခြင်း၊ အမျိုးမျိုးသော ချမ်းသာသုခတို့ကို ခံစားရခြင်းအစရှိသော ကောင်းကျိုးအမျိုးမျိုးကိုပေး၏။ ဤကံမျိုးကို "ပြုလုပ်စဉ်ဖြူစင်၍ အကျိုးပေးသောအခါ ဖြူစင်သောအကျိုးကို ပေးသောကံ"ဟုခေါ်သည်။

## ပြုလုပ်စဉ်အမည်းအဖြူရောနေ၍ အကျိုးပေးသောအခါ အမည်းအဖြူရောလျက် အကျိုးပေးသောကံ

ကံကိုပြုလုပ်စဉ်အခါ၌ ချမ်းသာဆင်းရဲကို ဖြစ်စေတတ်သော ကါယကံ ဝစီကံ မနောကံတို့ကို အရောရော အနှောနှောပြုလုပ်၏။ ရံခါ ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့ကို ပြုလုပ်၍ ရံခါ ဒုစ္စရိုက်တရားဆယ်ပါးတို့ကို ပြုလုပ်၏။ ထို့ကြောင့် အကျိုးပေးသောအခါ ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခတို့ကို ရောရောနှောနှော ခံစားရသော လူ့အဖြစ်ကို လည်းကောင်း၊ အချို့သောကါမာဝစရနတ်အဖြစ်ကို လည်းကောင်း၊ ချမ်းသာကြီးပွားရေးမှ ဖေါက်ပြန်စွာ ကျဆင်းခြင်း ရှိသော ဗိမာန်ပိုင်ရှင် ဝေမာနိကပြိတ္တာအဖြစ်ကိုလည်းကောင်း ဖြစ်စေ၏။ ဤကံမျိုးကို "ပြုလုပ်စဉ် အမည်းအဖြူရောနေ၍ အကျိုးပေးသောအခါ အမည်းအဖြူရောလျက် အကျိုးပေးသောကံ"ဟုခေါ်၏။ ဤကံအရ အကုသိုလ်စေတနာ (၁၂)ပါး၊ လောကီကုသိုလ်စေတနာ(၁၇)ပါးတို့ကို ယူရမည်။

(မှတ်ချက် ။ ။ ဝေမာနိကပြိတ္တာကို ဆိုရခြင်းမှာ အဖြစ်များသော အားဖြင့် ဆိုထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ချမ်းသာ၊ တစ်ခါတစ်ရံ ဆင်းရဲကို ခံစားရသော ဝိနိပါတိကအသုရာတို့ကိုလည်း ယူနိုင်သည်။)

## ပြုလုပ်စဉ်အမည်းအဖြူမှလွတ်၍ ကံကုန်ခြင်းကို ဖြစ်စေတတ်သောကံ

ကံကို ပြုလုပ်စဉ်အခါ၌ မည်းညစ်သောကံကို လည်းကောင်း၊ ဖြူစင်သောကံကိုလည်းကောင်း၊ အမည်းအဖြူ ရောနှောနေသောကံကိုလည်းကောင်း ပယ်ခြင်းငှာ အားထုတ်၏။ ထို့ကြောင့် မည်းသောအကျိုး၊ ဖြူစင်သောအကျိုး၊ အမည်းအဖြူ ရောနှောနေသောအကျိုးတို့သည် ဖြစ်ပေါ်မလာကုန်။ ကံတို့သည် လည်းကောင်း၊ ကံ၏အကျိုးတရားတို့သည်လည်းကောင်း ကုန်ခန်း သွားကုန်၏။ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါးတို့မှ ထွက်မြောက်သွား၏။ သံသရာမှ ထွက်မြောက်ကျွတ်လွတ်သွား၏။ နိဗ္ဗာန်သို့ ရောက်သွား၏။ ဤကံမျိုးကို "ပြုလုပ်စဉ် အမည်းအဖြူမှ လွတ်၍ ကံကုန်ခြင်းကို ဖြစ်စေတတ်သောကံ" ဟုခေါ်၏။ ဤကံအရ လောကုတ္တရာမဂ်ကုသိုလ်စေတနာလေးပါးကို ယူရမည်။

(မှတ်ချက် ။ ။ လောကုတ္တရာမဂ်ကုသိုလ်စေတနာကို အပစယဂါမိနိ စေတနာ = စုတိ ပဋိသန္ဓေကို ဖျက်ဆီးလျက်သွားတတ်သော စေတနာဟု လည်းကောင်း၊ ဝိဝဋ္ဋဂါမိနိစေတနာ = ဝဋ်သုံးပါးကို ဖျက်ဆီးလျက်သွားတတ်သော စေတနာဟုလည်းကောင်း ခေါ်သည်။)

## ဘဝသစ်ကို ဖြစ်ပေါ်စေသော ကံ(၄)မျိုး

လူသားတို့ လုပ်ဆောင်ထားသော ကံတရားတို့ကို ယင်းကံတို့က ဖြစ်ပေါ်စေသော ဘဝအသစ်အပေါ်တွင် အခြေခံ၍ အမည်ပေးသောအခါ

၁။ အကုသိုလ်ကံ = အပါယ်လေးဘုံ၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

၂။ ကာမာဝစရကုသိုလ်ကံ = လူ့ဘုံနတ်ဘုံတို့၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

၃။ ရူပါဝစရကုသိုလ်ကံ = ရူပဘုံ၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

၄။ အရူပါဝစရကုသိုလ်ကံ = အရူပဘုံ၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

ဟူ၍ လေးမျိုးကွဲပြားနေသည်ကို တွေ့ရှိရသည်။

## အပါယ်လေးဘုံ၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့၌ ဘဝသစ်ကို ဖြစ်ပေါ်စေနိုင်သောကံကို အကုသိုလ်ကံဟုခေါ်သည်။ ဤကံအရ လောဘစေတနာ (၈)ပါး၊ ဒေါသစေတနာ (၂)ပါးနှင့် မောဟစေတနာ (၂)ပါးဟူသော အကုသိုလ်စေတနာ (၁၂)ပါးတို့ကို ယူရမည်။

ယင်းအကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့ကို လူသားတို့သည် အကုသိုလ်စေတနာ (၁၂)ပါးတို့တွင် တစ်မျိုးမျိုးကြောင့် ကျူးလွန်တတ်ကြကုန်၏။ ပါဏာတိပါတ ဖရုသဝါစာ ဗျာပါဒ အကုသိုလ်ကံတို့ကို ဒေါသစေတနာတို့ကြောင့် ကျူးလွန်ကြကုန်၏။ ကာမေသုမိစ္ဆာစာရ အဘိဇ္ဈာ

မိစ္ဆာဒိဋ္ဌိအကုသိုလ်ကံတို့ကို လောဘစေတနာတို့ကြောင့် ကျူးလွန်ကြကုန်၏။ အဒိန္နာဒါန မုသာဝါဒ ပိသုဏာဝါစာ သမ္ဖပ္ပလာပ အကုသိုလ်ကံတို့ကို လောဘစေတနာနှင့် ဒေါသစေတနာတို့ကြောင့် ကျူးလွန်ကြကုန်၏။ အလုံးစုံသော အကုသိုလ်ကံတို့ကို ကျူးလွန်ရာ၌ မောဟစေတနာတို့သည် အစဉ်အမြဲ ပါဝင်ကုန်၏။

အကုသိုလ်စေတနာ (၁၂)ပါးတို့တွင် ဥဒ္ဓစ္စစေတနာမှတစ်ပါး ကြွင်းသောအကုသိုလ် စေတနာ (၁၁)ပါးတို့သည် အပါယ်လေးဘုံတို့၌ ဘဝသစ်တစ်ခုကို ဖြစ်ပေါ်စေနိုင်ကုန်၏။ ဥဒ္ဓစ္စစေတနာသည် ဘဝသစ်တစ်ခု ဖြစ်ပေါ်စေနိုင်လောက်သော စွမ်းအားမရှိသောကြောင့် ဘဝသစ်တစ်ခုကို မဖြစ်ပေါ်စေနိုင်။ ထိုအကုသိုလ် စေတနာ (၁၂)ပါးတို့သည် အပါယ်(၄)ဘုံနှင့် ကာမသုဂတိ (၇)ဘုံတို့၌ ဥပေက္ခာနှင့်တကွဖြစ်သော မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ဆင်းရဲခြင်းနှင့်တကွဖြစ်သော တွေ့သိစိတ်၊ ဥပေက္ခာနှင့်တကွဖြစ်သော လက်ခံစိတ်၊ စုံစမ်းစိတ်ဟူသော အကုသိုလ်ကံ၏ အကျိုး(၇)ပါးဖြစ်သော ပဝတ္တိအကျိုးတရားများကို ဖြစ်ပေါ်စေနိုင်ကုန်၏။ ယင်းကာမ (၁၁)ဘုံတို့၌ အမျိုးမျိုးသောမကောင်းကျိုးတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ကုန်၏။ အသညသတ်ဘုံမှတစ်ပါး ကြွင်းသောရူပါဝစရ (၁၅)ဘုံတို့၌ ဥပေက္ခာနှင့်တကွဖြစ်သော မြင်သိစိတ်၊ ကြားသိစိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်ဟူသော အကုသိုလ်ကံ၏ အကျိုး(၄)ပါး ဖြစ်သော ပဝတ္တိအကျိုးတရားတို့ကို ပေးနိုင်ကုန်၏။

အကုသိုလ်ကံတို့ကို ပြုလုပ်ရာ၌ အကုသိုလ်ကံဖြစ်ကြောင်း သိ၍ပြုသူနှင့် မသိ၍ပြုသူဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် လွန်စွာပူသော သံတွေခဲကို ပူကြောင်းသိ၍ ကိုင်သူထက် မသိ၍ ကိုင်သူကို ပို၍ပူလောင်စေသကဲ့သို့ မသိ၍ပြုသောသူ၏ အကုသိုလ်ကံသည် ပို၍အားကောင်း၏။ ပို၍အပြစ်ကြီး၏။

## လူ့ဘုံနတ်ဘုံတို့၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

လူ့ပြည်နှင့် နတ်ပြည် (၆)ထပ်ဟု ဆိုအပ်သော ကာမသုဂတိ (၇)ဘုံတို့၌ ဘဝသစ်ကို ဖြစ်ပေါ်စေနိုင်သောကံသည် ကာမာဝစရ ကုသိုလ်ကံမည်၏။ ဤကံအရ ကာမာဝစရကုသိုလ်စေတနာ (၈)ပါး တို့ကို ယူရမည်။

ဤကာမာဝစရကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံ ဟု သုံးမျိုးရှိသည့်အပြင် ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မဟူသော ကုသိုလ် (၁၀)မျိုးတို့လည်း ရှိကုန်၏။ ထိုကုသိုလ်အလုပ်များကို လူသားတို့သည် ကာမာဝစရကုသိုလ်စေတနာ (၈)မျိုးတို့တွင် တစ်မျိုးမျိုးကြောင့် ပြုလုပ်ကြကုန်၏။ ဤကာမာဝစရ ကုသိုလ်ကံသည် ကာမသုဂတိ(၇)ဘုံတို့၌ ဘဝသစ်တစ်ခုကို ဖြစ်ပေါ်စေနိုင်သည်သာမက ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သော မဟာဝိပါက် (၈)ပါးဟုခေါ်သော ပဝတ္တိအကျိုးတရားတို့ကိုလည်းကောင်း၊ ကာမ (၁၁)ဘုံတို့၌ ဥပေက္ခာနှင့်တကွဖြစ်သော မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ချမ်းသာခြင်းနှင့်တကွဖြစ်သော တွေ့သိစိတ်၊ ဥပေက္ခာနှင့်တကွဖြစ်သော လက်ခံစိတ်၊ ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်သော စုံစမ်းစိတ်၊ ဥပေက္ခာနှင့်တကွဖြစ်သော စုံစမ်းစိတ်ဟူသော ကုသိုလ်ကံ၏ အကျိုး(၈)ပါးဖြစ်သော ပဝတ္တိအကျိုးတရားများနှင့် အမျိုးမျိုးသော ကောင်းကျိုးချမ်းသာတို့ကိုလည်းကောင်း၊ အသညသတ် ဘုံမှတစ်ပါး ကြွင်းသော ရူပါဝစရ(၁၅)ဘုံတို့၌ ဥပေက္ခာနှင့်တကွ ဖြစ်သော မြင်သိစိတ်၊ ကြားသိစိတ်၊ လက်ခံစိတ်၊ ဝမ်းမြောက်ခြင်းနှင့် တကွဖြစ်သော စုံစမ်းစိတ်၊ ဥပေက္ခာနှင့်တကွဖြစ်သော စုံစမ်းစိတ် ဟူသော ကုသိုလ်ကံ၏ အကျိုးတရားဖြစ်သော ပဝတ္တိအကျိုးတို့ကို လည်းကောင်း ဖြစ်စေနိုင်ကုန်၏။

ကာမာဝစရကုသိုလ်ကံသည် တိဟိတ်ကုသိုလ်ကံနှင့် ဒွိဟိတ်ကုသိုလ်ကံဟူ၍ နှစ်မျိုးရှိသည်။ ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်(၄)ပါးတို့တွင် တစ်ပါးပါးဖြင့် ပြုလုပ်အပ်သော ကုသိုလ်ကံသည် တိဟိတ်ကုသိုလ်ကံမည်၏။ ကုသိုလ်ပြုစဉ်အခါ၌ ကံကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ်နှင့် ရုပ်နာမ်တရားတို့၌ အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းသဘောကို ရှုမြင်တတ်သော ဝိပဿနာဉာဏ်တို့ပါဝင်သောကြောင့် အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်သုံးပါးတို့နှင့်ယှဉ်သော ကုသိုလ်ဖြစ်၏။ ထိုတိဟိတ်ကုသိုလ်ကံသည် တိဟိတ်ပဋိသန္ဓေ အကျိုးကိုပေးသောကြောင့် ဉာဏ်ပညာထက်မြက်သောအမျိုး၊ မေတ္တာတရားကြီးမားသောအမျိုး၊ စည်းစိမ်ဥစ္စာတို့နှင့်ပြည့်စုံသောအမျိုးတို့၌ ဖြစ်ရ၏။

ဉာဏ်နှင့်မယှဉ်သော ကာမာဝစရကုသိုလ်စိတ် (၄) ပါးတို့တွင် တစ်ပါးပါးဖြင့် ပြုလုပ်အပ်သော ကုသိုလ်ကံသည် ဒွိဟိတ်ကုသိုလ်ကံမည်၏။ ကုသိုလ်ပြုစဉ်အခါ၌ ကမ္မဿကတာဉာဏ်နှင့် ဝိပဿနာဉာဏ်တို့ မပါဝင်ဘဲ ကလေးသူငယ်နှင့် လူရိုင်းစသူတို့ ပြုလုပ်သကဲ့သို့ အမှတ်တမဲ့ ပြုလုပ်သောကြောင့် အမောဟဟိတ်နှင့်မယှဉ်၊ အလောဘ၊ အဒေါသဟူသော ဟိတ်နှစ်ပါးနှင့်သာယှဉ်သော ကုသိုလ်ဖြစ်၏။ ထိုဒွိဟိတ်ကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေအကျိုးကို ပေးသောကြောင့် စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံသောအမျိုးနှင့် မေတ္တာတရားကြီးမားသော အမျိုးတို့၌ဖြစ်ရပြီး ဉာဏ်ပညာနည်းပါး၏။

ထိုတိဟိတ် ဒွိဟိတ်ကုသိုလ်ကံတို့၌လည်း တစ်မျိုးတစ်မျိုးလျှင် ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌုက္ကဋ္ဌ၊ ဥက္ကဋ္ဌောမက၊ ဩမက၊ ဩမကုက္ကဋ္ဌ၊ ဩမကောမကဟု (၆)မျိုးစီ ရှိကြ၏။ ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုလုပ်ရာ၌ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာဟူသော စေတနာသုံးပါးနှင့်ပြည့်စုံသော ကုသိုလ်ကံသည် လွန်စွာအားရှိသောကြောင့် ဥက္ကဋ္ဌကုသိုလ်ကံမည်၏။ အမြင့်မြတ်ဆုံး ကုသိုက်ကံဟု ဆိုလိုသည်။

(မှတ်ချက် ။ ။ ကုသိုလ်ကောင်းမှု တစ်ခုခုကိုပြုအံ့ဟု ကြံစည်သည့် အချိန်မှစ၍ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခါနီး အချိန်အတောအတွင်း၌ဖြစ်သော စေတနာကို ပုဗ္ဗစေတနာဟုခေါ်သည်။ ကုသိုလ်ကံ၏ ရှေးဦးစေတနာဟု ဆိုလိုသည်။ ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်နေစဉ် အခိုက်အတံ့၌ဖြစ်သော စေတနာသည် မုဥ္စစေတနာမည်၏။ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီးနောက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ရပေပြီဟု ပြန်လည်အောက်မေ့ ဆင်ခြင်၍ ဖြစ်ပေါ်လာသော ဝမ်းမြောက်သောစေတနာသည် အပရစေတနာမည်၏။)

ထိုသို့သော ကုသိုလ်ကံကို ပြုလုပ်ပြီးနောက် ရက် လ နှစ်ပေါင်းများစွာကြာသောအခါ ထိုကုသိုလ်ကံကို သတိရတိုင်း လွန်စွာ ဝမ်းမြောက်သည်ရှိသော် မူလဥက္ကဋ္ဌကုသိုလ်ကံသည် ပို၍မြင့်မြတ်သွားသောကြောင့် ဥက္ကဋ္ဌုက္ကဋ္ဌကုသိုလ်ကံဖြစ်သွား၏။ ကုသိုလ်ကံကို ပြုလုပ်ပြီးနောက် များစွာသော ရက် လ နှစ်တို့ကို ကျော်လွန်သောအခါ ဤမည်သော ကုသိုလ်ကံကို ပြုလုပ်မိခြင်းသည်မှားလေစွဟု စိတ်နှလုံး မသာယာခြင်းဖြစ်သည်ရှိသော် မူလဥက္ကဋ္ဌကုသိုလ်ကံကိုအားနည်းစေရန် ပြုလုပ်ရာရောက်သောကြောင့် ဥက္ကဋ္ဌောမကကုသိုလ်ကံ ဖြစ်သွား၏။

ကုသိုလ်ကံကို မပြုလုပ်မီ ပုဗ္ဗစေတနာ အခိုက်အတံ့၌ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း မရှိမူ၍ နှမြောတွန့်တိုခြင်း၊ မိမိ၏ ဂုဏ်သတင်း ကြီးမားစေလိုခြင်းအစရှိသော အကုသိုလ်စိတ်များ ဖြစ်ပေါ်၏။ ကုသိုလ်ပြုစဉ် အခိုက်အတံ့၌လည်း လုပ်ရိုးလုပ်စဉ်ကဲ့သို့ အမှတ်တမဲ့ ပြုလုပ်၏။ ကုသိုလ်ကံကို ပြုလုပ်ပြီးနောက် အပရစေတနာ အခိုက်အတံ့၌လည်း ဤမည်သော ကုသိုလ်ကံကို ပြုမိခြင်းသည် မှားလေစွဟု စိတ်နှလုံးမသာမယာဖြစ်၏။ ထိုကုသိုလ်မျိုးသည် အစွမ်းသတ္တိ များစွာအားနည်းသောကြောင့် ဩမကကုသိုလ်ကံမည်၏။ အညံ့စားကုသိုလ်ကံဟု ဆိုလိုသည်။ ထိုသို့သော ကုသိုလ်ကံကို ပြုလုပ်ပြီးနောက် များစွာသော ရက် လ နှစ်တို့ကို ကျော်လွန်ပြီးသောအခါ ဤမည်သော ကုသိုလ်ကံကို ပြုမိခြင်းသည် ကောင်းလေစွဟု လွန်စွာ

ဝမ်းမြောက်သည်ရှိသော် မူလဩမကကုသိုလ်ကံကို ပို၍မြင့်မြတ်စေရန် ပြုလုပ်ရာရောက်သောကြောင့် ဩမကုက္ကဋ္ဌကုသိုလ်ကံ ဖြစ်သွား၏။ ဩမကကုသိုလ်ကံကို ပြုလုပ်ပြီးနောက် ရက် လ နှစ်ပေါင်းများစွာ ကြာသောအခါ ဤမည်သောကုသိုလ်ကံကို ပြုမိခြင်းသည် မှားလေစွဟု စိတ်နှလုံးမသာမယာ ဖြစ်သည်ရှိသော် မူလဩမက ကုသိုလ်ကံကို ပို၍ ယုတ်ညံ့သွားစေရန် ပြုလုပ်ရာ ရောက်သောကြောင့် ဩမကောမက ကုသိုလ်ကံ ဖြစ်သွား၏။

ထိုကုသိုလ်ကံတို့တွင် တိဟိတ်ဩမကကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုပေးသည်။ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်(၄)ခု၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ခုဟုဆိုအပ်သော ပဝတ္တိအကျိုးကိုလည်း ပေး၏။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် ဟိတ်နှင့်မယှဉ်သော ကုသိုလ်အကျိုးတရားဖြစ်သော ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်သောကြောင့် သာမန်လူတန်းစားဘဝ၌သာ ဖြစ်နိုင်၏။ ပဝတ္တိအခါ၌လည်း သာမန်အကျိုးတရားများကိုသာ ပေးနိုင်၏။

## ရူပဘုံ၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

ရူပါဝစရ (၁၆)ဘုံတို့၌ ဘဝသစ်ကိုဖြစ်စေနိုင်သော ကံသည် ရူပါဝစရကုသိုလ်ကံမည်၏။ ဤကံအရ ရူပါဝစရကုသိုလ်ဈာန်(၅)ပါးတို့ကို ယူရမည်။ ဤရူပါဝစရကုသိုလ်ကံသည် သမထဘာဝနာဖြင့် ပြီးသော အပ္ပနာသို့ရောက်သော မနောကံသာဖြစ်၏။ ရူပါဝစရဗြဟ္မာ့ဘုံတို့၌ ထိုက်သင့်သည်အားလျော်စွာ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

ဤရူပါဝစရကုသိုလ်ဈာန်တို့သည် ပရိတ္တ မဇ္ဈိမ ပဏီတဟု သုံးမျိုးရှိသည်။ ဈာန်တရားတို့၌ယှဉ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော အဓိပတိတရား (၄)ပါးတို့တွင် တစ်ပါးပါးသည် အမြဲတစေ အဓိပတိတပ်၏။ ဈာန်ရသောအခါ ထိုအဓိပတိတပ်သော

တရားသည် နုံ့နေညံ့နေလျှင် ပရိတ္တစျာန်ဖြစ်၏။ အလယ်အလတ်ဖြစ်လျှင် မဇ္ဈိမစျာန်ဖြစ်၏။ ထက်မြက်လျှင် ပဏီတစျာန်ဖြစ်၏။ ပရိတ္တရူပါဝစရကုသိုလ် ပထမစျာန်သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်၏။ ယင်းဘုံ၌ပင် ချမ်းသာစွာနေရခြင်းစသော ပဝတ္တိအကျိုးကိုလည်း ပေးနိုင်၏။ မဇ္ဈိမရူပါဝစရကုသိုလ်ပထမစျာန်သည် ဗြဟ္မပုရောဟိတာဘုံ၌ ဘဝသစ်ကိုဖြစ်စေနိုင်၏။ ယင်းဘုံ၌ပင် ချမ်းသာစွာနေရခြင်းစသော ပဝတ္တိအကျိုးကိုလည်း ပေးနိုင်၏။ ပဏီတရူပါဝစရကုသိုလ်ပထမစျာန်သည် မဟာဗြဟ္မာဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်သည့်အပြင် ပဝတ္တိအကျိုးကိုလည်း ပေးနိုင်၏။

ပရိတ္တရူပါဝစရကုသိုလ် ဒုတိယစျာန်နှင့် တတိယစျာန်တို့သည် ပရိတ္တာဘာဘုံ၌ ဘဝသစ်ကိုဖြစ်စေနိုင်ပြီး ပဝတ္တိအကျိုးတရားကိုလည်း ပေးနိုင်ကုန်၏။ မဇ္ဈိမရူပါဝစရကုသိုလ် ဒုတိယစျာန်နှင့် တတိယစျာန်တို့သည် အပ္ပမာဏာဘာဘုံ၌ ဘဝသစ်ကိုလည်း ဖြစ်စေနိုင်ကုန်၏။ ပဝတ္တိအကျိုးကိုလည်း ပေးနိုင်ကုန်၏။ ပဏီတရူပါဝစရကုသိုလ် ဒုတိယစျာန်နှင့် တတိယစျာန်တို့သည် အာဘဿရာဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်သည့်အပြင် ပဝတ္တိအကျိုးတရားကိုလည်း ပေးနိုင်ကုန်၏။

ပရိတ္တရူပါဝစရကုသိုလ် စတုတ္ထစျာန်သည် ပရိတ္တသုဘာဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်၏။ ယင်းဘုံ၌ပင် ချမ်းသာစွာနေရခြင်းစသော ပဝတ္တိအကျိုးတရားတို့ကိုလည်း ဖြစ်စေနိုင်၏။ မဇ္ဈိမရူပါဝစရကုသိုလ် စတုတ္ထစျာန်သည် အပ္ပမာဏသုဘာဘုံ၌ ဘဝသစ်ကိုလည်း ဖြစ်စေနိုင်၏။ ချမ်းသာစွာနေရခြင်းစသော ပဝတ္တိအကျိုးတရားတို့ကိုလည်း ပေးစွမ်းနိုင်သည်။ ပဏီတရူပါဝစရကုသိုလ် စတုတ္ထစျာန်သည် သုဘကိဏှာဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်ခြင်းအကျိုးနှင့် ချမ်းသာစွာနေရခြင်းစသော ပဝတ္တိအကျိုးတို့ကို ပေးစွမ်းနိုင်၏။

ရူပါဝစရကုသိုလ် ပဥ္စမစျာန်သည် ပရိတ္တ မဇ္ဈိမ ပဏီတ

တို့တွင် မည်သည့်ရျာန်နှင့် ယှဉ်တွဲသည်ဖြစ်စေ ဝေဟပ္ဖိုလ်ဘုံ၌သာ ဘဝသစ်ကို ဖြစ်စေနိုင်ခြင်းအကျိုးနှင့် ချမ်းသာစွာ နေရခြင်းစသော ပဝတ္တိအကျိုးတို့ကို ပေးစွမ်းနိုင်သည်။ "စိတ်သည် စက်ဆုပ်ဖွယ်ကောင်း၏၊ ဝိညာဉ်သည် စက်ဆုပ်ဖွယ်ကောင်း၏"စသည်ဖြင့် သညာကင်းစေရန် အားထုတ်အပ်သော ရူပါဝစရကုသိုလ် ပဥ္စမရျာန်သည် အသညသတ်ဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်ခြင်းအကျိုးကိုလည်းကောင်း၊ ယင်းဘုံ၌ ချမ်းချမ်းသာသာ နေရခြင်း အစရှိသော ပဝတ္တိအကျိုးကိုလည်းကောင်း ပေးနိုင်စွမ်းရှိ၏။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဣန္ဒြေငါးပါးတို့ကို လွန်ကဲစွာအားထုတ်အပ်သော ရူပါဝစရကုသိုလ် ပဥ္စမရျာန်သည် အဝိဟာ အတပ္ပါ သုဒဿာ သုဒဿီ အကနိဋ္ဌာဟူသော သုဒ္ဓါဝါသ ငါးဘုံတို့၌ ဘဝသစ်ကို ဖြစ်စေနိုင်သည့်အပြင် ယင်းဘုံတို့၌ပင် ချမ်းသာစွာနေရခြင်းစသော ပဝတ္တိအကျိုးကိုလည်း ဖြစ်စေနိုင်သည်။

## အရူပဘုံ၌ ဘဝသစ်ကို ဖြစ်ပေါ်စေသောကံ

အရူပါဝစရ(၄)ဘုံတို့၌ ဘဝသစ်ကို ဖြစ်စေနိုင်သောကံသည် အရူပါဝစရကုသိုလ်ကံမည်၏။ ဤကံအရ အရူပါဝစရကုသိုလ်ရျာန်(၄)ပါးတို့ကို ယူရမည်။ အာကာသာနဉ္စာယတနကုသိုလ်ရျာန်သည် အာကာသာနဉ္စာယတနဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်၏။ ယင်းဘုံ၌ပင် ပဝတ္တိအကျိုးကိုလည်း ပေးနိုင်၏။ ကုသိုလ်ဝိညာနဉ္စာယတနရျာန်သည် ဝိညာနဉ္စာယတနဘုံ၌ ဘဝသစ်ကိုလည်း ဖြစ်စေနိုင်၏။ ပဝတ္တိအကျိုးကိုလည်း ပေးနိုင်၏။ ကုသိုလ်အာကိဉ္စညာယတနရျာန်သည် အာကိဉ္စညာယတနဘုံ၌ ဘဝသစ်ကို ဖြစ်စေခြင်းအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးနိုင်၏။ ကုသိုလ်နေဝသညာနာသညာယတနရျာန်သည် နေဝသညာနာသညာယတနဘုံ၌ ဘဝသစ်ကို ဖြစ်စေနိုင်ခြင်းအကျိုးကိုလည်းကောင်း၊ ပဝတ္တိအကျိုးကိုလည်းကောင်း ပေးနိုင်၏။

## အကျိုးပေးရန် သေချာသောကံနှင့်မသေချာသောကံများ

သတ္တဝါတို့ပြုလုပ်ထားသော ကံတို့သည် အကျိုးပေးရန် အချိန်ကို စောင့်ရ၏။ ထိုကဲ့သို့ အချိန်ကိုစောင့်ရသောအခါ အာနန္တရိယ ကံငါးပါး၊ နိယတမိစ္ဆာဒိဋ္ဌိကံ သမာပတ်ရှစ်ပါး၊ အရိယာမဂ်လေးပါး တို့မှ တစ်ပါးသောကံတို့ကို ရှေးဘဝရှေးအခါတို့၌ ပြုလုပ်ခဲ့သော ဥပတ္ထမ္ဘကကံ ဥပပီဠကကံ ဥပဃာတကကံတို့သည်လည်းကောင်း၊ စောင့်ရသော အချိန်အတွင်း၌ ပြုလုပ်ဆဲဖြစ်သော ဥပတ္ထမ္ဘကကံ ဥပပီဠကကံ ဥပဃာတကကံတို့သည်လည်းကောင်း အားပေး အားမြှောက် ပြုနိုင်ကုန်၏။ နှောင့်ယှက်ဟန့်တားနိုင်ကုန်၏။ အားပေး အားမြှောက် ပြုနိုင်သောကံတို့ကြောင့် အကျိုးပေးကုန်၏။ နှောင့်ယှက် ဟန့်တားနိုင်သောကံတို့ကြောင့် အကျိုးပေးခွင့်မရကုန်။ ထိုကဲ့သို့ အကျိုးပေးမှု မပေးမှုတို့သည် အခြေအနေနှင့်အချိန်အခါတို့အပေါ်တွင် မှီတည်နေသောကြောင့် အကျိုးပေးရန် မသေချာသောကံ (အနိယတကံ)များ ဟုဆိုရမည်။

အာနန္တရိယကံငါးပါး၊ နိယတမိစ္ဆာဒိဋ္ဌိကံ၊ သမာပတ်ရှစ်ပါး၊ အရိယာမဂ်လေးပါးတို့ကိုမူ မည်သို့သောကံတို့ကမျှ မတားဆီး မဟန့်တားနိုင်သောကြောင့် အကျိုးပေးချိန်ကို စောင့်ရသော်လည်း အကျိုးပေးရန် သေချာသောကံ(နိယတကံ)များဟု ခေါ်ဆိုရမည်။

စုတိ၏အခြားမဲ့၌ အန္တရာယ်မရှိသဖြင့် အကျိုးပေးသောကံကို အာနန္တရိယကံဟု ခေါ်သည်။ ထိုအာနန္တရိယကံသည် –

(၁) မာတုဃာတကကံ = အမိသတ်ကံ

(၂) ပိတုဃာတကကံ = အဘသတ်ကံ

(၃) အရဟန္တဃာတကကံ = ရဟန္တာကိုသတ်သောကံ

(၄) လောဟိတုပ္ပါဒကကံ =ဘုရားရှင်အား သွေးစိမ်းတည်စေရန် ပြုလုပ်သောကံ

(၅) သံဃဘေဒကကံ=သံဃာကွဲပြားစေရန် ပြုလုပ်သောကံ ဟူ၍ ငါးမျိုးရှိ၏။

သတ်သောသတ္တဝါသည် လူသားစစ်စစ်ဖြစ်ပြီး သေစေလိုသော စိတ်ဖြင့် လူသားစစ်စစ်ဖြစ်သော အမိအဘနှင့်ရဟန္တာပုဂ္ဂိုလ်တို့ကိုသတ်လျှင် အာနန္တရိယကံကို ကျူးလွန်ခြင်းဖြစ်သည်။ သတ်သောသတ္တဝါသည် လူသားစစ်စစ်ဖြစ်ပြီး အသတ်ခံရသော အမိအဘတို့သည် တိရစ္ဆာန်များ ဖြစ်လျှင်သော်လည်းကောင်း၊ သတ်သောသတ္တဝါသည် တိရစ္ဆာန်စစ်စစ်ဖြစ်ပြီး အသတ်ခံရသော အမိအဘတို့သည် လူသားစစ်စစ် ဖြစ်လျှင်သော်လည်းကောင်း၊ သတ်သောသတ္တဝါနှင့် အသတ်ခံရသော အမိအဘတို့သည် တိရစ္ဆာန်စစ်စစ် ဖြစ်လျှင်သော်လည်းကောင်း အာနန္တရိယကံကို ကျူးလွန်ရာမရောက်ပေ။

လူသားစစ်စစ်ဖြစ်သော သီဟဗာဟုမင်းသားသည် တိရစ္ဆာန်ဖြစ်သော ဖခင်ခြင်္သေ့ကို သေစေလိုသော စေတနာဖြင့်သတ်ခဲ့သော်လည်း ပိတုဃာတက အာနန္တရိယကံမထိုက်။

လူသားစစ်စစ်ဖြစ်သော အဇာတသတ်မင်းသည် လူသားစစ်စစ်ဖြစ်သော ဖခင်ဗိမ္ဗိသာရမင်းကို သူတစ်ပါးတို့အား သတ်ခိုင်းခဲ့သောကြောင့် ပိတုဃာတက အာနန္တရိယကံထိုက်၏။

လူသားစစ်စစ်ဖြစ်ကြသော ခိုးသားငါးရာတို့သည် ရဟန္တာဖြစ်သော အရှင်မဟာမောဂ္ဂလာန်ကို သတ်ဖြတ်ခဲ့ကြသောကြောင့် ထိုခိုးသားငါးရာတို့နှင့် ထိုခိုးသားငါးရာတို့ကို စေခိုင်းခဲ့သော တိတ္ထိ တက္ကတွန်းငါးရာတို့သည် အရဟန္တဃာတက အာနန္တရိယကံ ထိုက်ကုန်၏။

အိပ်နေသော အမိအဘနှင့်ရဟန္တာပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်ကို သိုးသတ္တဝါဟူသောအမှတ်ဖြင့် သတ်မိလျှင်လည်း "ဤအိပ်နေသော သတ္တဝါကိုသတ်အံ့"ဟူသော အမှတ်စေတနာရှိသောကြောင့် အာနန္တရိယကံထိုက်၏။ သူခိုးအသွင်ဖြင့် သွားနေသော အဘကို သူခိုးဟူသောအမှတ်ဖြင့် သတ်မိလျှင်သော်လည်းကောင်း၊ တစ်ဘက်နှင့်တစ်ဘက် စစ်တိုက်ရာ၌ ဆန့်ကျင်ဘက်ဖြစ်သော

စစ်တပ်တွင် မိမိ၏ဖခင်ပါဝင်နေ၏။ ဖခင်ပါဝင်သော ထိုစစ်တပ် အပေါ်သို့ အခြားသောစစ်သားများလည်း သေစေ၊ အဘလည်း သေစေ ဟူသော အမှတ်ဖြင့် မြားအစရှိသော လက်နက်တို့ကို ပစ်လွှတ်သော ကြောင့် အဘသေသွားလျှင်သော်လည်းကောင်း၊ တစ်ဘက်စစ်သားများ သေစေဟူသောအမှတ်ဖြင့် မြားအစရှိသော လက်နက်တို့ကို ပစ်လွှတ် သောကြောင့် အဘကိုထိ၍ သေသွားလျှင်သော်လည်းကောင်း အာနန္တရိယကံ ထိုက်၏။ အဘဖြစ်သူ ပြေးစေဟူသောအမှတ်ဖြင့် မြားအစရှိသော လက်နက်တို့ကို ပစ်လွှတ်သောကြောင့် အဘကိုထိ၍ သေဆုံးသွားလျှင် အာနန္တရိယကံမထိုက်။

ထို့အပြင် များစွာသောလူတို့အား ကိုယ့်ကိုယ်ကို သတ်စေခြင်း ငှါ ရည်ရွယ်၍ "အကြင်သူသည် လက်နက်ဖြင့်သော်လည်းကောင်း၊ ချောက်ထဲသို့ ခုန်ချခြင်းဖြင့်သော်လည်းကောင်း၊ မီးပုံထဲသို့ ခုန်ဆင်း ခြင်းဖြင့်သော်လည်းကောင်း၊ ရေထဲသို့ဆင်းခြင်းဖြင့်သော်လည်းကောင်း မိမိကိုယ်ကို သတ်သေငြားအံ့။ ထိုသူသည် အကျိုးထူးများကို ရနိုင်၏။ ထိုသူ၏ သေခြင်းသည် ချီးမွမ်းဖွယ်ဖြစ်၏။"ဟု ပေရွက်ပေထုတ် စာရွက်စသည်တို့အပေါ်၌ စာရေးသားထား၏။ ထိုစာကြောင့် မိဘ တို့သည် ကိုယ့်ကိုယ်ကိုသတ်သေလျှင်သော်လည်းကောင်း၊ "များစွာ သော လူတို့သည် ဤတွင်းထဲသို့ ကျ၍သေပါစေ" ဟူသော ရည်ရွယ်ချက်ဖြင့် တွင်းထူးထားရာ၌ ထိုတွင်းထဲသို့ အမိအဘနှင့် ရဟန္တာပုဂ္ဂိုလ်တို့ ကျ၍သေလျှင်သော်လည်းကောင်း၊ ရောဂါဝေဒနာ ခံစားနေရသော အမိအဘနှင့်ရဟန္တာပုဂ္ဂိုလ်တို့အား သေစေလိုသော စေတနာဖြင့် ထိုရောဂါနှင့်မတည့်သောဆေးကို ပေးသည်ရှိသော် ထိုဆေးကြောင့် သေဆုံးသွားလျှင်သော်လည်းကောင်း အာနန္တရိယကံ ထိုက်၏။

ဘုရားရှင်၏ ခန္ဓာကိုယ်မှ သွေးစိမ်းထွက်စေရန် ပြုလုပ်သော စေတနာကို လောဟိတုပ္ပါဒကကံဟုခေါ်သည်။ ဤကံကို ဒေဝဒတ်

တစ်ဦးတည်းသာပြုလုပ်ဘူး၏။ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ရိပ်၌ စင်္ကြံကြွနေတော်မူသော ဘုရားရှင်၏အပေါ်သို့ တောင်ထိပ်မှ ကျောက်တုံးကြီးများကိုလှိမ့်ချပြီး ဖိသတ်သောအခါ တောင်ထွဋ်နှစ်ခု တို့သည် ခံထားသောကြောင့် တိုက်ရိုက်မဖိမိဘဲ ထိုကျောက်တုံးကြီး များမှ ကွာကျသောကျောက်ခဲဖြင့် ဘုရားရှင်၏ ခြေမတော်ကို ထိခိုက်မိသောကြောင့် သွေးစိမ်းတို့ ထွက်လာ၏။

သံဃဘေဒက အာနန္တရိယကံကို ရဟန်းတော်များသာ ကျူးလွန်နိုင်ကုန်၏။ ရဟန်းတော်များတွင်လည်း ပကတတ်ဖြစ်ပြီး တူညီသောပေါင်းသင်းမှုရှိ၍ သိမ်တစ်ခုတည်း၌ ပြုလုပ်နေသော သံဃာ စည်းဝေးပွဲတွင်ပါဝင်သော ရဟန်းတော်များသာ ကျူးလွန်နိုင်ကုန်၏။ တစ်ခုတည်းသော သိမ်အတွင်း၌ သံဃာများ စည်းဝေနေစဉ် မိမိ၏ အယူဝါဒကို ပြောပြ၍ မိမိ၏အယူဝါဒကို လက်ခံသော သံဃာများကို ထိုသိမ်အတွင်း၌ပင် တသီးတခြားခွဲ၍ ဥပုသ်ကံပြုလျှင် သံဃဘေဒက အာနန္တရိယကံထိုက်၏။ သိမ်တစ်ခုတည်း၏အတွင်း၌ အနည်းဆုံး သံဃာကိုးပါးရှိမှ သံဃဘေဒကအာနန္တရိယကံထိုက်စေရန် ပြုလုပ် နိုင်သည်။

(မှတ်ချက် ။ ။ ပါရာဇိကကျ၍ သီလပျက်စီးသူမဟုတ်ခြင်း၊ မိစ္ဆာ အယူကို ယူမိ၍ နှင်ထုတ်ခံရသူမဟုတ်ခြင်း၊ အာပတ်သင့်မှန်းသိလျက် ထိုအာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူမဟုတ်ခြင်း၊ အာပတ်ကို မကုစား ခြင်းကြောင့် နှင်ထုတ်ခံရသူမဟုတ်ခြင်း၊ ပင်ကိုယ်သဘော သီလရှိခြင်း ဤအင်္ဂါ တို့နှင့် ပြည့်စုံခြင်းကို ပကတတ်ဖြစ်သည် ဟုခေါ်သည်။)

သံဃာကွဲပြားစေရန် ပြောနိုင်သော အယူဝါဒများမှာ အောက်ပါအတိုင်း (၁၈)မျိုး ရှိသည်။

၁။ တရားမဟုတ်သည်ကို တရားဟု ပြောခြင်း

၂။ တရားကို တရားမဟုတ်ဟု ပြောခြင်း

၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြောခြင်း

၄။ ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြောခြင်း
၅။ ဘုရားဟော မဟုတ်သည်ကို ဘုရားဟောဟု ပြောခြင်း
၆။ ဘုရားဟောသည်ကို ဘုရားဟောမဟုတ်ဟု ပြောခြင်း
၇။ ဘုရားရှင် မလေ့ကျက်အပ်သည်ကို ဘုရားရှင် လေ့ကျက်အပ်သည်ဟုပြောခြင်း
၈။ ဘုရားရှင် လေ့ကျက်အပ်သည်ကို ဘုရားရှင်မလေ့ကျက်အပ်ဟု ပြောခြင်း
၉။ ဘုရားရှင် မပညတ်သည်ကို ဘုရားရှင် ပညတ်အပ်၏ဟု ပြောခြင်း
၁၀။ ဘုရားရှင် ပညတ်အပ်သည်ကို ဘုရားရှင် မပညတ်အပ်ဟု ပြောခြင်း
၁၁။ အာပတ်မဟုတ်သည်ကို အာပတ်ဟု ပြောခြင်း
၁၂။ အာပတ်ကို အာပတ်မဟုတ်ဟု ပြောခြင်း
၁၃။ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြောခြင်း
၁၄။ လေးသော အာပတ်ကို ပေါ့သော အာပတ်ဟု ပြောခြင်း
၁၅။ ချွင်းချက်မရှိသောအာပတ်ကို ချွင်းချက်ရှိသောအာပတ်ဟု ပြောခြင်း
၁၆။ ချွင်းချက်ရှိသောအာပတ်ကို ချွင်းချက်မရှိသောအာပတ်ဟု ပြောခြင်း
၁၇။ ရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်မဟုတ်ဟု ပြောခြင်း
၁၈။ ရုန့်ရင်းသော အာပတ်မဟုတ်သည်ကို ရုန့်ရင်းသော အာပတ်ဟု ပြောခြင်း

ဤ(၁၈)မျိုးသော အယူဝါဒတို့ဖြင့် ပြောဆိုစည်းရုံး၍ သံဃာကွဲပြားစေရန် ပြုလုပ်မှသာ အာနန္တရိယကံထိုက်၏။

ဤအာနန္တရိယကံကြီး ငါးပါးတို့တွင် သံဃဘေဒကကံသည် အပြစ်အကြီးဆုံး ဖြစ်၏။ လောဟိတုပ္ပါဒကကံသည် ဒုတိယ အပြစ်အကြီးဆုံး ဖြစ်၏။ အရဟန္တဃာတကကံသည် တတိယ အပြစ်အကြီးဆုံး ဖြစ်၏။ မာတုဃာတကကံနှင့် ပိတုဃာတကကံ နှစ်မျိုးတို့တွင် အမိအဘနှစ်ဦးလုံး သီလရှိခြင်း၌လည်းကောင်း၊ သီလမရှိခြင်း၌လည်းကောင်း တူညီကြလျှင် အမိသည် အဘထက်ပို၍ ကျေးဇူးများသောကြောင့် မာတုဃာတကကံသည် ပို၍အပြစ်ကြီး၏။ အမိကသီလရှိ၍ အဘကသီလမရှိလျှင်လည်း မာတုဃာတကကံသည် ပို၍ အပြစ်ကြီး၏။ အဘက သီလရှိ၍ အမိက သီလမရှိလျှင် ပိတုဃာတကကံသည် ပို၍ အပြစ်ကြီးသည်။

အကျိုးပေးသောအခါ အာနန္တရိယကံငါးပါးလုံးကို ကျူးလွန်လျှင် အပြစ်အကြီးဆုံးကံကသာ အကျိုးပေး၍ ကြွင်းသောကံတို့သည် အဟောသိကံ ဖြစ်သွားကြသည်။ ထို့အတူ အာနန္တရိယကံ လေးပါး၊ သုံးပါး၊ နှစ်ပါးတို့ကို ကျူးလွန်မိလျှင်လည်း ပို၍အပြစ်ကြီးသောကံကသာ အကျိုးပေးပြီး ကြွင်းသောကံတို့သည် အဟောသိကံ ဖြစ်သွားကြသည်။

ထိုအာနန္တရိယကံငါးပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်မိသော သူတို့သည် မြင့်မိုရ်တောင်ပမာဏရှိသော ရွှေစေတီတော်တို့ကို တည်ထားကိုးကွယ်ခြင်းဖြင့်လည်းကောင်း၊ စကြာဝဠာ အတိုင်းအရှည်ရှိသော ရတနာအတိပြီးသော တံတိုင်းနှင့်တကွ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး ထိုကျောင်း၌ သီတင်းသုံးနေထိုင်ကြသော ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ဖြင့် အသက်ရှင်နေသမျှ ကာလပတ်လုံး လှူဒါန်းခြင်းဖြင့်လည်းကောင်း ထိုကံ၏ အကျိုးပေးခွင့်ကို တားမြစ်ခြင်းငှါ မစွမ်းနိုင်ကုန်။

အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒတို့သည် ငရဲသို့ ရောက်ရန် သေချာသောကြောင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့ ဖြစ်ကြသည်။ ထိုနိယတမိစ္ဆာဒိဋ္ဌိကံတို့သည် သံသရာမှလွတ်မြောက်ရန် လွန်စွာခဲယဉ်းသောကြောင့် သံသရာ၏ သစ်ငုတ်နှင့်တူ၏။ မြေကြီးကို စောင့်သူနှင့် တူ၏။ ထိုမိစ္ဆာဒိဋ္ဌိ အယူကိုယူသောပုဂ္ဂိုလ်ကို ဘုရားအဆူတစ်ရာတို့ သည်လည်းကောင်း၊ ဘုရားအဆူတစ်ထောင်တို့သည်လည်းကောင်း အဟေတုကမဟုတ်၊ အကိရိယမဟုတ် စသည်ဖြင့် အမှန်အတိုင်း သိစေခြင်းငှါ မစွမ်းနိုင်ကုန်။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ထိုဒိဋ္ဌိသုံးပါးတို့ကို စုံစမ်းဆင်ခြင်သည်ရှိသော် တစ်စုံတစ်ခုသောဒိဋ္ဌိကို ယုံကြည်လက်ခံသွား၏။ ထိုသို့ ယုံကြည်လက်ခံသွားရာ၌ ဇောစိတ်များ စတင်ဖြစ်ပေါ်လာသောအခါ ပထမဇောမှဆဋ္ဌမဇောတိုင်အောင်သော အချိန်အတွင်း၌ ထိုမိစ္ဆာဒိဋ္ဌိအယူကို ဘုရားရှင်တို့သည် ကုစားနိုင်ကုန်၏။ ကယ်တင်နိုင်ကုန်၏။ သတ္တမဇောစောသည့်အချိန်သို့ ရောက်သောအခါ၌မူ ကုစား၍ မရနိုင်ကုန်။ ကယ်တင်၍ မရနိုင်ကုန်။ ထိုနိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း နတ်ပြည်သို့ မရောက်နိုင်။ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရရှိရန်ကား ပို၍ဝေးသည်သာတည်း။

ထိုနိယတမိစ္ဆာဒိဋ္ဌိကံတို့တွင် အဟေတုကဝါဒကို ဗုဒ္ဓနှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော မက္ခလိဂေါသာလသည် ဟောကြားခဲ့၏။

"သတ္တဝါတို့၏ ညစ်ညူးခြင်း၊ စင်ကြယ်ခြင်းတို့သည် အကြောင်းမရှိကုန်။ အကြောင်းမရှိဘဲ သတ္တဝါတို့အား ညစ်ညူးခြင်း၊ စင်ကြယ်ခြင်းတို့သည် ဖြစ်ပေါ်လာကုန်၏။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူများသည်သော်လည်းကောင်း ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုမည်သည် မရှိ။ ယောကျ်ားတို့၏ လုံ့လဝီရိယ အားအစွမ်းတို့သည် မရှိကုန်။ အလုံးစုံသော သက်ရှိသက်မဲ့ သတ္တဝါတို့၏ လုံ့လဝီရိယ အားအစွမ်းတို့သည် မရှိကုန်။ မြဲမြန်ခိုင်ခံ့စွာ

ဤဘဝမှ ထိုဘဝသို့ ပြောင်းခြင်း၊ ထိုဘဝမှ ဤဘဝသို့ ပြောင်းခြင်း သဘောဖြင့် အဘိဇာတိ (၆)မျိုး၌သာ ကျင်လည်ရလျက် ချမ်းသာ ဆင်းရဲကို ခံစားကုန်၏။ မြတ်သောအမျိုး (၁၄၀၆၆၀၀)တို့သည် လည်းကောင်း၊ ငါးရာသောကံ၊ ငါးပါးသောကံ၊ သုံးပါးသောကံနှင့် ထက်ဝက်သာရှိသော ကံတို့သည်လည်းကောင်း၊ အကျင့် (၆၂)ပါး၊ အန္တရကပ်(၆၂)ကပ်၊ အမျိုးဇာတ် (၆)ပါး၊ ယောကျ်ားတို့၏ တည်ရာ (၈)ပါး၊ အသက်မွေးမှုပေါင်း (၄၉၀၀)၊ ပရိဗိုဇ်ပေါင်း (၄၉၀၀)၊ နဂါးတို့၏ နေရာ (၄၉၀၀)၊ ဣန္ဒြေ (၂၀၀၀)၊ ငရဲ (၃၀၀၀)၊ မြူအညစ် အကြေးတို့၏ တည်ရာ (၃၆)ပါး၊ သညာရှိသော ပဋိသန္ဓေ (၇)မျိုး၊ သညာမဲ့သော ပဋိသန္ဓေ (၇)မျိုး၊ အဆစ်ပဋိသန္ဓေ (၇)မျိုး၊ နတ် (၇)မျိုး၊ လူ (၇)မျိုး၊ ဘီလူး (၇)မျိုး၊ အိုင်ကြီး (၇)အိုင်၊ အဖုကြီး (၇)ဖု၊ အဖုငယ် (၇၀၀)၊ ချောက်ကြီး (၇)ခု၊ ချောက်ငယ် (၇၀၀)၊ အိမ်မက်ကြီး (၇)ခု၊ အိမ်မက်ငယ် (၇၀၀)၊ မဟာကပ် (၈၄၀၀၀၀၀) တို့သည်လည်းကောင်း လောက၌တည်ရှိကြကုန်၏။ မဟာကပ် ရှစ်သန်းလေးသိန်းတို့ ကာလပတ်လုံး လူမိုက်တို့သည်လည်းကောင်း၊ ပညာရှိတို့သည်လည်းကောင်း တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွေ့ခြင်းဖြင့် သံသရာ၌ကျင်လည်ကြကုန်၏။ မဟာကပ် ရှစ်သန်းလေးသိန်း ပြည့်မှ ဆင်းရဲဒုက္ခ ကုန်ဆုံးကြကုန်၏။ မဟာကပ် ရှစ်သန်းလေးသိန်း အတွင်း၌ သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းတို့ဖြင့် ဒုက္ခ ကုန်ဆုံးအောင် မလုပ်နိုင်ကုန်။ သံသရာမှလွတ်မြောက်အောင် မလုပ်နိုင်ကုန်။ ချမ်းသာဆင်းရဲတို့သည် အချိန်ကန့်သတ်ပြီး ဖြစ်၏။ သတ္တဝါတို့သည် မဟာကပ်ရှစ်သန်းလေးသိန်းအောက် လျော့၍လည်းကောင်း၊ မဟာကပ်ရှစ်သန်းလေးသိန်းထက် ပိုလွန်၍လည်းကောင်း ဆင်းရဲဒုက္ခကို မခံစားကြရကုန်။ သံသရာ၌ မကျင်လည်ကြရကုန်။ ချည်လုံးကို ပစ်လိုက်သည်ရှိသော် ချည်လုံးသည် ပြေ၍ ပြေးသွားပြီး ချည်ကုန်မှ ရပ်သကဲ့သို့ လူမိုက်တို့သည်လည်းကောင်း၊ ပညာရှိတို့သည်

လည်းကောင်း တစ်ဘဝမှတစ်ဘဝသို့ပြောင်းပြီး သံသရာ၌ကျင်လည်၍ ဒုက္ခ၏အဆုံးကို ပြုကုန်လတ္တံ့."ဟူ၍ အကြောင်းမရှိဟု ယူဆသော အယူဝါဒကို အဟေတုကဝါဒဟု ခေါ်သည်။

"မကောင်းမှုကို ကိုယ်တိုင်ပြုသောသူသည်လည်းကောင်း၊ သူတစ်ပါးတို့အား ပြုလုပ်ရန် စေခိုင်းသောသူသည်လည်းကောင်း၊ သူတစ်ပါးအသက်ကို ကိုယ်တိုင်ညှဉ်းဆဲ သတ်ဖြတ်သောသူသည် လည်းကောင်း၊ ညှဉ်းဆဲသတ်ဖြတ်ရန် သူတစ်ပါးတို့ကို စေခိုင်းသော သူသည်လည်းကောင်း၊ ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူသူသည်လည်းကောင်း၊ မြို့ရွာ၊ အိုးအိမ်တို့ကို ဖျက်ဆီး၍ ပစ္စည်း ဥစ္စာတို့ကို ယူဆောင်သောသူသည်လည်းကောင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားသောသူသည်လည်းကောင်း၊ လိမ်လည်လှည့်ဖြား သော စကားကို ပြောဆိုသောသူသည်လည်းကောင်း မကောင်းမှုကို ပြုလုပ်ရာမရောက်။ ဤမဟာပထဝီ မြေကြီးအပေါ်၌ နေထိုင်ကြသော သတ္တဝါတို့ကိုသတ်၍ အသားစု၊ အသားပုံကြီး ပြုလုပ်သော်လည်း အကုသိုလ်မဖြစ်။ ကိုယ်တိုင်ညှဉ်းဆဲသတ်ဖြတ်သောသူသည် လည်းကောင်း၊ သတ်ဖြတ်ညှဉ်းဆဲရန် စေခိုင်းသောသူသည် လည်းကောင်း ဂင်္ဂါမြစ်၏တောင်ဘက်သို့ သွားသည်ရှိသော် အကုသိုလ် မဖြစ်။ ကိုယ်တိုင်လှူဒါန်း ပူဇော်သူသည်လည်းကောင်း၊ လှူဒါန်းပူဇော် ရန် စေခိုင်းသောသူသည်လည်းကောင်း ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း သို့ သွားသည်ရှိသော် ကုသိုလ်မဖြစ်။ ပေးကမ်းလှူဒါန်းခြင်း၊ ဣန္ဒြေကို စောင့်ထိန်းခြင်း၊ သီလဆောက်တည်ခြင်း၊ မှန်သောစကားကို ပြောဆိုခြင်းတို့ကြောင့် ကုသိုလ်မဖြစ်"ဟု ယုံကြည်ယူဆခြင်းကို အကိရိယဝါဒဟု ခေါ်သည်။

ထိုအကိရိယဝါဒကို ဗုဒ္ဓနှင့်ခေတ်ပြိုင် ပေါ်ထွန်းခဲ့သော ပုရာဏကဿပသည် ဟောကြားခဲ့၏။

နတ္ထိကဝါဒကို ဗုဒ္ဓနှင့်ခေတ်ပြိုင် ပေါ်ထွန်းခဲ့သော အဇိတ ကေသကမ္ဗလသည် ဟောကြားခဲ့သည်။

"ပေးလှူကြောင်း ဒါနစေတနာ၏ အကျိုးသည်မရှိ။ ကြီးစွာသော ယဇ်ပူဇော်ခြင်း၏ အကျိုးသည်မရှိ။ ပင့်ဖိတ်၍ ပေးလှူခြင်း၊ ဧည့်သည်တို့အား ဧည့်ဝတ်ပြုခြင်း၊ မင်္ဂလာအကျိုးငှာ ပေးလှူခြင်းတို့၏ အကျိုးတို့သည်မရှိကုန်။ ကုသိုလ်အကုသိုလ်ကံတို့၏ အကျိုးတို့သည် မရှိကုန်။ ပစ္စုပ္ပန်လောကလည်း မရှိ။ တမလွန်လောကလည်း မရှိ။ အမိ၌ ပြုလုပ်အပ်သော ကောင်းမှုမကောင်းမှုတို့၏ အကျိုးတို့သည် မရှိကုန်။ အဖ၌ ပြုလုပ်အပ်သော ကောင်းမှုမကောင်းမှုတို့၏ အကျိုး တို့သည် မရှိကုန်။ စုတိပဋိသန္ဓေနေသော သတ္တဝါတို့သည် မရှိကုန်။ နိဗ္ဗာန်အား လျောက်ပတ်သော သီလစသောအကျင့်ကို ကျင့်ကုန်ပြီး ဤလောကကိုလည်းကောင်း တမလွန်လောကကိုလည်းကောင်း၊ ကိုယ်တိုင်သိမြင် မျက်မှောက်ပြု၍ ဟောကြားနိုင်ကုန်သော ရဟန်း ပုဏ္ဏားတို့သည် မရှိကုန်။ မြေ ရေ မီး လေဟူသော မဟာဘုတ်လေးပါး တို့ဖြင့် တည်ဆောက်ထားသော ဤခန္ဓာကိုယ် အတ္တဘောကြီးသည် သေဆုံးသောအခါ မြေဓာတ်သည် မြေကြီးထဲသို့လည်းကောင်း၊ ရေဓာတ်သည် ရေထဲသို့လည်းကောင်း၊ မီးဓာတ်သည် မီးထဲသို့ လည်းကောင်း၊ လေဓာတ်သည် လေထဲသို့လည်းကောင်း အသီးအသီး ရောနှောသွား၏။ စက္ခုန္ဒြေအစရှိသော ဣန္ဒြေတို့သည် ကောင်းကင်သို့ ပျံ့လွင့်သွားကုန်၏။ ပေးလှူအပ်သော အလှူသည် ပြာအဆုံးရှိ၏။ ဒါနကို လူမိုက်တို့သည် ပညတ်အပ်၏။ ဒါန၏ အကျိုးရှိ၏ဟုဆိုသော လူမိုက်တို့၏ စကားသည် မှားယွင်း၏။ လူမိုက်သည်လည်းကောင်း၊ ပညာရှိသည်လည်းကောင်း သေသောအခါ ပြတ်၏။ နောက်ဘဝ မည်သည် မရှိ"ဟူ၍ မရှိဟု ယူဆသော အယူဝါဒကို နတ္ထိကဝါဒဟု ခေါ်သည်။

ထိုဝါဒသုံးမျိုးတို့တွင် "မကောင်းမှုကို ကိုယ်တိုင်ပြုလုပ်သော

သူသည် မကောင်းမှုကို ပြုလုပ်သည် မမည်”ဟုဆိုသော အကိရိယ ဝါဒသည် ကံကိုတားမြစ်ရာရောက်၏။ “သေလျှင်ပြတ်၏”ဟုဆိုသော အဟေတုကဝါဒသည် ကံ၏အကျိုးကို တားမြစ်ရာရောက်၏။ “အကြောင်းမရှိ”ဟုဆိုသော နတ္ထိကဝါဒသည် ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း တားမြစ်ရာရောက်၏။ ကံကိုတားမြစ်ခြင်းကြောင့် ကံ၏အကျိုးကိုလည်း တားမြစ်ရာရောက်သွား၏။ ကံ၏အကျိုးကို တားမြစ်ခြင်းကြောင့်လည်း ကံကိုပါတားမြစ်ရာရောက်သွား၏။ ထို့ကြောင့် ဝါဒသုံးမျိုးလုံးသည် ကံနှင့်ကံ၏အကျိုး နှစ်ပါးစုံကို တားမြစ်သောဝါဒများ ဖြစ်ကြသည်။

သမာပတ်ရှစ်ပါးဆိုသည်မှာ စတုက္ကနည်းအားဖြင့် ရေတွက်ရသော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟုဆိုအပ်သော ရူပါဝစရဈာန် လေးပါးနှင့် အာကာသာနဥ္စာယတနဈာန်၊ ဝိညာနဥ္စာယတနဈာန် အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်ဟုဆိုအပ်သော အရူပဈာန်လေးပါးတို့ပင် ဖြစ်ကြသည်။ ထိုသမာပတ်ရှစ်ပါးတို့တွင် ရူပါဝစရပဌမဈာန်သည် ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံဟူသော ပဌမဈာန်သုံးဘုံတို့တွင် တစ်ခုခုသောဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။ ရူပါဝစရဒုတိယဈာန်သည် ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံဟုဆိုအပ်သော ဒုတိယဈာန်သုံးဘုံတို့တွင် တစ်ခုခုသောဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။ ရူပါဝစရတတိယဈာန်သည် ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံဟုဆိုအပ်သော တတိယဈာန်သုံးဘုံတို့တွင် တစ်ခုခုသောဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။ ရူပါဝစရစတုတ္ထဈာန်သည် ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံနှင့် အဝိဟာ အတပ္ပါ သုဒဿာ သုဒဿီ အကနိဋ္ဌာဟုဆိုအပ်သော သုဒ္ဓါဝါသငါးဘုံ ဤစတုတ္ထဈာန် ခုနှစ်ဘုံတို့တွင် တစ်ခုခုသောဘုံ၌

ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။

(မှတ်ချက် ။ ။ သင်္ဂဟနှင့်ဋီကာကျော်တို့၌ ဈာန်ဝိပါက်၏ဖြစ်ရာဘုံကို ပြရာတွင် ဈာန်ကို ပဉ္စကနည်းအားဖြင့် ပြထားသောကြောင့် ဒုတိယဈာန်နှင့် တတိယဈာန်တို့သည် ဒုတိယ ဈာန်သုံးဘုံ၌ လည်းကောင်း၊ စတုတ္ထဈာန်သည် တတိယဈာန်သုံးဘုံ၌လည်းကောင်း၊ ပဉ္စမဈာန်သည် စတုတ္ထဈာန် ခုနစ်ဘုံ၌ လည်းကောင်း အကျိုးပေး၏ဟု ဆိုထားသည်။)

အာကာသာနဉ္စာယတနဈာန်သည် အာကာသာနဉ္စာယတန ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။ ဝိညာနဉ္စာယတနဈာန်သည် ဝိညာနဉ္စာယတန ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။ အာကိဉ္စညာယတနဈာန်သည် အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။ နေဝသညာနာသညာယတနဈာန်သည် နေဝသညာ နာသညာယတန ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေသည်။

ဤသမာပတ် စေတနာရှစ်ပါးတို့တွင် တစ်ခုသာရသော ပုဂ္ဂိုလ်သည် ထိုရသော သမာပတ်၏အကျိုးကို မုချခံစားရမည် ဖြစ်သည်။ နှစ်ခုသုံးခုစသည်ဖြင့် အများရသော ပုဂ္ဂိုလ်အား အထက် အထက် သမာပတ်ကသာ အကျိုးပေးလိမ့်မည်။ အောက်အောက် သမာပတ်တို့သည် အဟောသိကံများ ဖြစ်သွားကြလိမ့်မည်။ ချွင်းချက် အနေဖြင့်မူ လောကီဈာန် သမာပတ်ရှစ်ပါးကိုရသော ပုဂ္ဂိုလ်တို့သည် စိတ်ညွတ်လျှင် ရူပဗြဟ္မာ့ပြည် အောက်ဆယ်ဘုံနှင့် အရူပ ဗြဟ္မာ့ပြည် လေးဘုံတို့တွင် မိမိစိတ်ညွတ်သောဘုံ၌ ဖြစ်နိုင်သေး၏။ စိတ်ညွတ်မှု မရှိလျှင် အထက်ဆုံးဖြစ်သော သမာပတ်ကသာ အကျိုးပေးခွင့်ရသဖြင့် ထိုသမာပတ်၏ အကျိုးပေးရာဘုံ၌သာ ဖြစ်ကြရ၏။

အရိယာမဂ်လေးပါးတို့တွင် သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို အန္တရာယ်မရှိဘဲ မျက်မှောက်ပြုရ၏။

သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုသေးသမျှ ကာလပတ်လုံး ကမ္ဘာကြီး မီးလောင်ချိန်ရောက်သော်လည်း မီးမလောင်နိုင်။ ကမ္ဘာကြီးသည် မီးလောင်နေဆဲ ဖြစ်သည်ရှိသော် ဆက်၍မလောင်ဘဲ ရပ်တံ့နေရာ၏။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီးမှသာ ဆက်၍လောင်ရာ၏။ ထိုနည်းတူစွာ သကဒါဂါမိမဂ်ကိုရသောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိမဂ်ကိုရသောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တမဂ်ကိုရသောပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုလည်းကောင်း အန္တရာယ်မရှိဘဲ ရရှိ၏။ ထို့အပြင် အရိယာမဂ်လေးပါးကို ရရှိခြင်းကြောင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သို့ ကေန်မုချ ရောက်ရှိသွားပေမည်။

## ကံဟောင်း ကံသစ် (၂)မျိုး

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အတွင်းအာယတန ခြောက်ပါးတို့သည် အဟောင်းကံများ ဖြစ်ကြသည်။ ထိုအဟောင်းကံတို့ကို တဏှာ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်၏။ ထို့ကြောင့် မျက်စိဖြင့် ရူပါရုံအစရှိသည်တို့ကို မြင်ရသောအခါ ကုသိုလ်ကံ အကုသိုလ်ကံများ ဖြစ်လာကြ၏။ ထို့အတူ နားဖြင့် အသံကိုကြားရသောအခါ၌လည်းကောင်း၊ နှာခေါင်းဖြင့် အနံ့ကိုတွေ့ထိသောအခါ၌လည်းကောင်း၊ လျှာဖြင့် အရသာကို တွေ့ထိသောအခါ၌လည်းကောင်း၊ ကိုယ်ဖြင့် အတွေ့အထိကို ခံစားသောအခါ၌လည်းကောင်း၊ စိတ်ဖြင့် ကြံစည်သောအခါ၌လည်းကောင်း တဏှာ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ ချယ်လှယ်သည့်အလျောက် ကုသိုလ်ကံ အကုသိုလ်ကံများ ဖြစ်လာကြသည်။

ပစ္စုပ္ပန်ဘဝ၌ လုပ်ဆောင်နေကြသော ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ် မှန်သမျှတို့သည် အသစ်ကံများ ဖြစ်ကြသည်။

# အခန်း (၆)

## ကံနှင့်တန်ခိုး

တန်ခိုးစွမ်းအားနှင့် ကံ၏ အကျိုးပေးနိုင်စွမ်းအားတို့သည် သာမန်လူသားတို့ တွေးတောကြံစည်၍ မရနိုင်မသိနိုင်သော အစိန္တေယျ တရားတို့ ဖြစ်ကြသည်။ လူတို့သည် သီးသီးတစ်လုံးဖြင့် အခြားသီးသီး တစ်လုံးကိုလည်းကောင်း၊ သရက်သီးတစ်လုံးဖြင့် အခြားသရက်သီး တစ်လုံးကိုလည်းကောင်း သီးပင်သရက်ပင်ထိပ်မှ အောက်သို့ကျစေရန် ပစ်ချ၍ ရနိုင်သော်လည်း အစိန္တေယျတရားတစ်ပါးဖြစ်သော တန်ခိုး စွမ်းအားဖြင့် အစိန္တေယျတရား တစ်ပါးဖြစ်သော ကံ၏အကျိုးပေးနိုင် စွမ်းအားကို ဟန့်တား၍ မရနိုင်။ ပယ်ဖျောက်၍ မရနိုင်။ ဖျက်ဆီး၍ မရနိုင်ပေ။

ဤလောက၌ တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်သော သူတို့သည် အမျိုးအနွယ်အားဖြင့် တူညီကြကုန်၏။ ထိုမင်းတို့တွင် တစ်ပါးသောမင်းသည် အခြားသောမင်းတို့ကို လွှမ်းမိုးကျော်လွှန်၍ တန်ခိုးအာဏာ ကြီးမားသကဲ့သို့ အစိန္တေယျတရားတစ်ပါးဖြစ်သော ကံ၏ အကျိုးပေးနိုင်စွမ်းအားသည် အခြားသောအစိန္တေယျတရားတို့ကို လွှမ်းမိုးကျော်လွှန်၍ တန်ခိုးအာဏာ ကြီးမားကုန်၏။

ဤလောက၌ တစ်စုံတစ်ယောက်သော ယောကျာ်းသည် တစ်စုံတစ်ခုသော ပွဲလမ်းသဘင်၌ ရမ်းကား၍နေ၏။ ထိုသူ့အား မိဘ ညီအကို မောင်နှမ မိတ်ဆွေ ခင်ပွန်းတို့သည် မတားမြစ်နိုင် သော်လည်း တိုင်းပြည်ကို အုပ်ချုပ်သောသူတို့သည် ဥပဒေအာဏာ ရှိကြသောကြောင့် အာဏာဖြင့် ထိန်းချုပ်နိုင်သကဲ့သို့ အစိန္တေယျတရား တစ်ပါးဖြစ်သော ကံ၏အကျိုးပေးနိုင် စွမ်းအားသည် အခြားသော အစိန္တေယျတရားတို့ကို ထိန်းချုပ်နိုင်၏။

ဤမြေအပြင်၌ တောမီး လောင်သည်ရှိသော် ထိုတောမီးသည် စွမ်းအားကြီးမားသောကြောင့် ရေအိုးတစ်ထောင်တို့ဖြင့် မငြိမ်းနိုင်

သကဲ့သို့ အစိမ္တေ ယျတရားချင်း တူညီပါသော်လည်း အားအကြီးဆုံး ဖြစ်သော ကံ၏အကျိုးပေးနိုင်စွမ်းအားအစိမ္တေ ယျတရားကို အခြားသော အစိမ္တေ ယျတရားတို့သည် ဟန့်တား၍မရနိုင်ကုန်။

မြတ်စွာဘုရားရှင်၏ ဆွေတော်မျိုးတော်များ ဖြစ်ကြသော သာကီဝင်မင်းတို့နှင့် ဝိဋူဍူဘမင်းတို့သည် စစ်မက်ဖြစ်ပွါးကြကုန်၏။ ဘုရားရှင်သည် စစ်ကိုတားမြစ်ရန် သုံးကြိမ်တိုင်တိုင် စစ်မြေပြင်သို့ ကြွတော်မူခဲ့၏။ သို့ရာတွင် သာကီဝင်မင်းတို့သည် ရှေးအတိတ်ဘဝ တစ်ခုတွင် မြစ်ချောင်းတစ်ခု၌ တညီတညွတ်တည်း အဆိပ်ကို ပစ်ချခဲ့ ကြ၍ ထိုအကုသိုလ်ကံ၏ အကျိုးပေးခွင့် ကြုံလာသည်ကို မတားမြစ် နိုင်ကြောင်း သိမြင်တော်မူသောကြောင့် စတုတ္ထအကြိမ်မြောက် စစ်တိုက်ရန် ပြင်ဆင်ကြသောအခါ စစ်မြေပြင်သို့ ကြွတော်မမူခဲ့ချေ။ ထိုအခါ အတိတ်က အကုသိုလ်ကံပါလာကြသော သာကီဝင်မင်းတို့ သည် ဝိဋူဍူဘမင်း၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရကုန်၏။ အတိတ်က အကုသိုလ်ကံမပါသော သာကီဝင်မင်းအချို့သည် အသက်ဘေးမှ လွတ်မြောက်ကြကုန်၏။

မြတ်စွာဘုရားရှင် သာသနာတော်၌ အရှင်မဟာမောဂ္ဂလာန် သည် တန်ခိုးဣဒ္ဓိပါဒ်၌ အကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် ရှေးအတိတ်ဘဝတစ်ခု၌ မိမိကိုယ်တိုင် ခိုးသားဓါးပြအဖြစ် ဟန်ဆောင် လျှက် မိမိ၏မိအိုဖအိုတို့ကို ရိုက်နှက်သတ်ဖြတ်ခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးနိုင်စွမ်းအားကို မတားမြစ်နိုင်သောကြောင့် ရာဇဂြိုဟ်မြို့တော် အနီး၌ရှိသော ကာလသိလာအရပ်တွင် ကျောင်းဆောက်၍ တစ်ပါးတည်း သီတင်းသုံးနေတော်မူစဉ် ခိုးသားဓါးပြတို့၏ ရိုက်နှက် ထုထောင်း သတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။ ထို့ကြောင့် တန်ခိုးစွမ်းအား မည်မျှပင် ကြီးမားပါသော်လည်း ကံ၏ အကျိုးပေးနိုင် စွမ်းအားကို မဟန့်တား မပိတ်ပင် မတားမြစ်နိုင်ကြောင်း ထင်ရှားသည်။

## အခန်း (၇)
## ဗုဒ္ဓဘာသာ၏ ကံအယူအဆကို ခြုံငုံသုံးသပ်ချက်

ဗုဒ္ဓဘာသာ၏ အဓိကယုံကြည်မှုသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မိမိ၏ အလိုဆန္ဒသို့လိုက်ခြင်း သဘောမရှိဟူ၍လည်းကောင်း၊ အစိုးရခြင်း သဘောမရှိဟူ၍လည်းကောင်း၊ ပြုပြင်ခြင်း၊ ခံစားခြင်းနှင့် ဆောက်တည်ဆုံးဖြတ်ခြင်းတို့မှ ကင်းဆိတ်သောသဘောရှိ၏ဟူ၍လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိတို့သည် တွေးတောကြံဆထားသော အတ္တဟူသောတရား၏ ဆန့်ကျင်ဘက်ဖြစ်၏ဟူ၍လည်းကောင်း ယူဆသောဝါဒ(အနတ္တဝါဒ) ဖြစ်သည်။ ထို့ကြောင့် ကံတရားကို ယူဆပုံသည် အနတ္တဝါဒအပေါ်တွင် အခြေခံထားသည်ကို တွေ့ရသည်။

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့အား ဘဝအဆင့်အတန်းမြင့်မားစေရန်နှင့် ဘဝသံသရာမှ လွတ်မြောက်စေရန် မှန်ကန်သောအကျင့်တရားတို့ကို ထုတ်ဖော်၍ ညွှန်ပြရုံသာ ညွှန်ပြပေးနိုင်သည်။ မိမိ၏တန်ခိုးတော်ဖြင့် ကူညီကယ်တင်ပေးနိုင်ခြင်း မရှိပေ။ အကောင်းအဆိုး အမျိုးမျိုးကို မည်သို့သော ဖန်ဆင်းရှင် တန်ခိုးရှင်တို့ကမျှ စီမံဖန်တီးထားခြင်း မဟုတ်ပေ။ သတ္တဝါတို့ ပြုလုပ်ကြသော ကံတရားကသာလျှင် စီမံဖန်တီးထားသည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ကံတရားသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသည်။

သို့ရာတွင် ယင်းကံတရား၏ အကျိုးပေးမှုသည် "ကမ္မဝိပါကော အစိန္တေယျော"ဆိုသည်နှင့်အညီ လွန်စွာဆန်းကြယ်သောကြောင့် သာမန်လူသားတို့ ပြည့်စုံမှန်ကန်စွာ သိရှိနားလည်ရန်မလွယ်ကူချေ။ ကံတရား၏ အကျိုးပေးမှုကို ပြည့်စုံစွာ သိရှိနားလည်ခြင်း မရှိလျှင် ကံအယူအဆနှင့် ပတ်သက်၍ ယုံမှားသံသယ

ဝင်လာနိုင်ပြီး အယူလွဲမှား သွားနိုင်သည်။ အယူလွဲမှားသွားလျှင် ဘဝ သံသရာ၌ ရှည်ကြာစွာ ကျင်လည်ရပေလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓ စာပေတို့၌ ကံတရားနှင့် ယင်း၏အကျိုးပေးပုံတို့ကို ပြည့်စုံစွာ ရှင်းပြထားသည်ကို တွေ့ရသည်။

ဗုဒ္ဓမြတ်စွာ၏ အလိုဆန္ဒအရ ကံတရားဟူသည် ကောင်းသော အလုပ်တို့ကို လုပ်ဆောင်စေရန်သော်လည်းကောင်း၊ မကောင်းသော အလုပ်တို့ လုပ်ဆောင်စေရန်သော်လည်းကောင်း တိုက်တွန်းအားပေး တတ်သော စေတနာတရားပင် ဖြစ်သည်။ ထိုစေတနာတရားသည် သဟဇာတစေတနာနှင့် နာနက္ခဏိကစေတနာဟု နှစ်မျိုးရှိရာ ကောင်းသောအလုပ်ကိုဖြစ်စေ၊ မကောင်းသော အလုပ်ကိုဖြစ်စေ ပြုလုပ် ပြီးသည်မှနောက် အချိန်ကာလခြားပြီးမှ အကျိုးတရားကို ဖြစ်ပေါ် စေနိုင်သော စွမ်းရည်သတ္တိရှိသော နာနက္ခဏိကစေတနာကိုသာ ကံဟု ခေါ်နိုင်ကြောင်း အတိအကျ ညွှန်ပြထားသည်။

ထိုကံတရားသည် အကျဉ်းချုပ်အားဖြင့် ကောင်းသော အကျိုးတရားကို ဖြစ်ပေါ်စေတတ်သော ကုသိုလ်ကံနှင့် မကောင်းသော အကျိုးတရားကို ဖြစ်ပေါ်စေတတ်သော အကုသိုလ်ကံဟု နှစ်မျိုး ရှိသည်။ တစ်နည်းအားဖြင့် ကိုယ်ဖြင့်လုပ်ဆောင်သောကံ (ကာယကံ)၊ နှုတ်ဖြင့် လုပ်ဆောင်သောကံ (ဝစီကံ)၊ စိတ်ဖြင့် ၎ာုပ်ဆောင်သောကံ (မနောကံ)ဟု သုံးမျိုးရှိသည်ကို တွေ့ရသည်။ လုပ်ဆောင်မှု၊ အချိန် ကာလနှင့် အကျိုးပေးမှုအပေါ်တွင်အခြေခံ၍ အကျယ်ချဲ့လိုက်လျှင် ကံအမျိုးအစားပေါင်း (၇၀)ကျော်မျှ ရှိနေသည်ကို သိရှိရသည်။

လုပ်ဆောင်မှုအရ ကာယကံ၊ ဝစီကံ၊ မနောကံဟုသုံးမျိုးရှိရာ ကာယကံ၊ ဝစီကံတို့ထက် မနောကံသည် အစွမ်းသတ္တိ ပို၍ကြီးကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

အချိန်ကာလအပေါ်တွင် အခြေခံ၍ ကံ(၁၆)မျိုးကို ခွဲခြား ပြထားရာ၌ ယခုဘဝ ဒုတိယမြောက်ဘဝစသော အချိန်ကာလအပေါ် တွင် အခြေခံထားသော ကံ(၄)မျိုးနှင့် ပစ္စုပ္ပန်၊ အတိတ်စသော အချိန်

ကာလအပေါ်တွင်အခြေခံထားသော ကံ(၁၂)မျိုးရှိကြောင်း သိရှိရသည်။

အကျိုးပေးမှုအပေါ်တွင် အခြေခံ၍ အမည်ပေးထားသော ကံပေါင်း(၅၂)မျိုး ရှိသည်။ ထို (၅၂)မျိုးတို့တွင် ဂတိသမ္ပတ္တိစသော ကံ(၁၆)မျိုးတို့သည် ကံတရား၏ အကျိုးပေးပုံကို အကျယ်တဝင့် ရှင်းလင်းပြထားသောကြောင့် ကံ၏အကျိုးပေး ဆန်းကြယ်ပုံကို နားမလည်သောသူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ကံအမျိုးအစားများ ဖြစ်ကြသည်။ ထို (၁၆)မျိုးတို့သည် သုစရိုက်လုပ်ငန်းများကို လုပ်ကိုင်နေကြသော်လည်း မကောင်းသောအကျိုးတရားများကို ခံစားနေကြရခြင်း၏ အကြောင်းနှင့် ဒုစ္စရိုက်လုပ်ငန်းများကို လုပ်ကိုင်နေကြသော်လည်း ကောင်းကျိုးချမ်းသာတို့ကို ခံစားနေကြရခြင်း၏ အကြောင်း တို့ကိုဖြေရှင်းပေးထားသည်။

ဘဝအသစ်ကို ဖြစ်စေနိုင်သော ကံ(၄)မျိုးတို့တွင် ကာမသုဂတိ (၇)ဘုံတို့၌ ဘဝသစ်ကိုဖြစ်စေနိုင်သော ကာမာဝစရကုသိုလ်ကံသည် တိဟိတ် ဒွိဟိတ်ဟူ၍ နှစ်မျိုးရှိကြောင်း၊ ဥက္ကဋ္ဌကုသိုလ်စသည်ဖြင့် အဆင့်အတန်း သတ်မှတ်လိုက်လျှင် (၆)မျိုးရှိကြောင်း သိရှိရသည်။ ဥက္ကဋ္ဌုက္ကဋ္ဌကုသိုလ်ဖြစ်စေရန် လုပ်ဆောင်လျှင် အကျိုးပေးသောအခါ၌လည်း ဥက္ကဋ္ဌုက္ကဋ္ဌအကျိုးကိုပင် ပေးမည်ဖြစ်သောကြောင့် မိမိပြုလုပ်မိသော ကုသိုလ်ကံကို ဥက္ကဋ္ဌုက္ကဋ္ဌကုသိုလ်ကံ ဖြစ်စေရန် ပုဗ္ဗစေတနာစသော စေတနာသုံးတန်နှင့် ပြည့်စုံအောင် ကျိုးစားရမည် ဖြစ်ကြောင်း လမ်းညွှန်ထားသကဲ့သို့ဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ၏ ကံအယူအဆသည် ပြည့်စုံမှန်ကန်ပြီး တိကျမှု၊ သေချာမှု ရှိသည်ဟု ဆိုရမည့်အပြင် ကမ္မဝါဒတို့တွင်လည်း ကံတရားကို ပို၍အလေးအနက်ထားသော ပို၍အဆင့်အတန်း မြင့်မားသော ဘာသာဖြစ်ကြောင်း သိရှိနိုင်ပေသည်။

## အခန်း (၈)

## ထာဝရဘုရားရှင်၊ ကံ၊ အတ္တစသည်တို့၌ ဘာသာကြီးသုံးရပ်၏ ယူဆပုံ

ကမ္ဘာပေါ်၌ရှိသော ကိုးကွယ်ရာဘာသာကြီးများတွင် ဟိန္ဒူဘာသာ၊ ဂျိန်းဘာသသာနှင့် ဗုဒ္ဓဘာသာတို့သည် ကံ၏သဘောတရားကို လက်ခံယုံကြည်ကြသည်။ ထို့အပြင် ကံ၏သဘောတရားနှင့် ဆက်စပ်နေသော များစွာသော ဘဝယုတ်မြတ်တို့၌ ကျင်လည်နေရခြင်း တည်းဟူသော သံသရာအယူအဆနှင့် ထိုသံသရာမှ လွတ်မြောက်ရာ ဘုံဌာနဖြစ်သော နိဗ္ဗာန်ရှိသည်ဟူသော အယူအဆတို့ကိုလည်း လက်ခံယုံကြည်ကြသည်။ သို့ရာတွင် ယင်းဘာသာကြီးတို့ ကိုးကွယ်ယုံကြည်သော ဘုရားများနှင့် တရားဓမ္မတို့သည် တူညီခြင်းမရှိပေ။ ထို မတူညီသော အချက်တို့သည် အထက်ပါယုံကြည်ချက်တို့ကို လွှမ်းမိုးနေသောကြောင့် ၎င်းတို့လက်ခံယုံကြည်သောကံ၊ သံသရာနှင့် နိဗ္ဗာန် အယူအဆတို့သည်လည်း ကွဲပြားခဲ့ကြသည်။

ဟိန္ဒူဘာသာက ဖန်ဆင်းရှင် ထာဝရဘုရားသခင်ကိုလည်းကောင်း၊ အဝတာရ လူဝင်စား ဘုရားများကိုလည်းကောင်း ယုံကြည်ကိုးကွယ်ပြီး ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့က ဖန်ဆင်းရှင် ထာဝရဘုရားသခင်ကို လက်မခံဘဲ လူသားဘုရားများကိုသာ ယုံကြည်ကိုးကွယ်ကြသည်။ ထို့ကြောင့် ဟိန္ဒူဘာသာဝင်တို့က ထာဝရဘုရားရှင်သည် ကံတရားကို ထိန်းချုပ်ထား ခြင်းမရှိဟု ယုံကြည်ကြသော်လည်း မိမိကိုယ်ကို ထာဝရဘုရားရှင်ထံအပ်နှံပြီး ကံတရားတို့ကို ပြုလုပ်လျှင်

ပြုလုပ်ရာမရောက်ဟု ယူဆကြသည်။ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့ကမူ ကံတရားကို မည်သူကမျှ ထိန်းချုပ်ထားခြင်းမရှိဘဲ အရိယာပုဂ္ဂိုလ်တို့မှအပ သာမန်သတ္တဝါတို့ ပြုလုပ်သောကံတရားသည် (ဗုဒ္ဓဘာသာအလိုအရ အဟောသိကံမှတစ်ပါး) မလွဲမသွေ အကျိုးတရား ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ကြသည်။

ပုဂ္ဂိုလ်သတ္တဝါတို့၌ အတ္တရှိသည်ဟူသော အယူအဆကို ဟိန္ဒူဘာသာနှင့် ဂျိန်းဘာသာတို့က လက်ခံယုံကြည်ကြသည်။ သို့ရာတွင် ယင်းဘာသာနှစ်ခုတို့၏ အတ္တအယူအဆသည် တူညီခြင်းမရှိပေ။

ဟိန္ဒူဘာသာဝင်တို့က အတ္တသည် ထာဝရဘုရားရှင်၏ ပရမတ္တမထာဝရအတ္တမှ ခွဲထွက်လာသည်ဟုယူဆကြပြီး ဂျိန်းဘာသာဝင်တို့ကမူ အတ္တသည် စကြာဝဠာအတွင်း၌ နေရာအနှံ့အပြားတွင် အလိုအလျောက် တည်ရှိနေသည်ဟု ယူဆကြသည်။ ထို့အပြင် အတ္တသည် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုအားလုံး၌ တည်ရှိနေသည်ဟုလည်း ယုံကြည်ထားကြသည်။ ဟိန္ဒူဘာသာဝင်တို့က အတ္တသည် ကံတရားကို ပြုလုပ်သူဖြစ်ပြီး၊ ကံ၏အကျိုးတရားကိုလည်း ခံစားသူဖြစ်ကြောင်း ယုံကြည်လက်ခံထားကြသည်။

ဂျိန်းဘာသာဝင်တို့ကမူ အတ္တသည် ကံတရားကို ပြုလုပ်သူလည်းမဟုတ်၊ ကံ၏အကျိုးတရားကို ခံစားသူလည်းမဟုတ်ပေ။ ရုပ်အာရုံတရားများသည် ဒွါရ(၆)ပါးမှတစ်ဆင့် ရုပ်ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ပြီး ကံတရားအဖြစ်သို့ကူးပြောင်း၍ အတ္တကို ချုပ်နှောင်ထားသည်။ ကံတရား၏နှောင်ဖွဲ့မှုကြောင့် အတ္တသည် အသိဉာဏ်ကင်းပျောက်ပြီး သံသရာအတွင်း၌ ကျင်လည်နေရသည်ဟု ယူဆထားကြသည်။

ဗုဒ္ဓဘာသာသည် အနတ္တဝါဒ (အတ္တမရှိဟု ယူဆသောဝါဒ) ဖြစ်သောကြောင့် ကံတရားတို့ကို ရုပ်နာမ်တရားတို့က ပြုလုပ်၍

ကံတရား၏ကောင်းကျိုးဆိုးကျိုးတို့ကိုလည်း ရုပ်နာမ်တရားတို့ကပင် ခံစားကြရသည်ဟု လက်ခံယုံကြည်ထားသည်။

သံသရာဟူသော အယူအဆကို လက်ခံယုံကြည်ရာ၌ ဟိန္ဒူဘာသာက အတ္တသည် ၎င်းပြုလုပ်ခဲ့သော ကံတရားအလျောက် လူ နတ် တိရစ္ဆာန်အစရှိသော ရုပ်ခန္ဓာကိုယ်တို့ကို တစ်ခုပြီးတစ်ခု ကူးပြောင်းရယူကာ သံသရာ၌ကျင်လည်နေရသည်ဟု ယူဆထားသည်။

ဂျိန်းဘာသာက အတ္တသည် သာမန်မျက်စိဖြင့် မမြင်ရသော လွန်စွာနုးညံ့သိမ်မွေ့သော ရုပ်ခန္ဓာကိုယ်အဖြစ်ဖြင့် တည်ရှိနေပြီး သာမန်မျက်စိဖြင့် မြင်ရသော လူ တိရစ္ဆာန် အစရှိသော ရုပ်ခန္ဓာကိုယ်တို့ကို တစ်ခုပြီးတစ်ခု ကူးပြောင်းရယူကာ သံသရာ၌ကျင်လည်နေရသည်ဟု ယုံကြည်သည်။

ဗုဒ္ဓဘာသာအလိုအရ ဘဝသစ်တစ်ခုပြီးတစ်ခု ကူးပြောင်း၍ သံသရာ၌ကျင်လည်နေရသည်ဆိုရာ၌ လူ နတ် တိရစ္ဆာန် အစရှိသော ဘဝဟောင်းမှ စုတိပြတ်ကြွေ သေလွန်ခြင်းနှင့် လူ နတ် တိရစ္ဆာန် အစရှိသော ဘဝသစ်ဖြစ်ပေါ်ခြင်းတို့သည် ဘဝအားဖြင့် ခြားနားသော်လည်း စိတ်ဖြစ်စဉ် အစဉ်အတန်းသည် တစ်ဆက်တည်း တစ်စပ်တည်း ဖြစ်သည်။ ပစ္စုပ္ပန်ဘဝ၌ စုတိ စိတ်ချုပ်ပြီး ချက်ချင်းပင် သေခါနီးအချိန်၌ဖြစ်သော ဇောစိတ်ကယူပေးသော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံပြုလျှက် ဘဝသစ်၌ မှီတွယ်စရာ ဝတ္ထုရုပ်ကို အမှီပြု၍ (မသိမှု)အဝိဇ္ဇာနုသယခြံရံကာ (ဘဝကိုလိုချင်တပ်မက်မှု)တဏှာနုသယ အရင်းခံထားသော သင်္ခါရခေါ် ကုသိုလ်အကုသိုလ်ကံတို့က ဖန်တီးပေးသောကြောင့် ဖဿ ဝေဒနာအစရှိသော ယှဉ်ဘက်တရားတို့၏ ရှေ့သွားခေါင်းဆောင်အဖြစ်ဖြင့် ရုပ်နှင့်နာမ်တို့သည် အောင်မြင်သော သန္ဓေဥထဲ၌ တစ်ချိန်တည်း ဖြစ်ပေါ်လာပြီး ဘဝသစ်တစ်ခု စတင်သည်။ ဤနည်းဖြင့်

ဘဝပေါင်းများစွာ ဖြစ်ပေါ်လာရပြီး သံသရာ၌ကျင်လည်နေရခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။

အကျင့်တရားကို ကျင့်ကြံမှသာ သံသရာမှ လွတ်မြောက်နိုင်သည်ဟု ဘာသာကြီးသုံးခုလုံးက ယုံကြည်လက်ခံထားကြသည်။ သို့ရာတွင် အကျင့်တရားကို ကျင့်ကြံရာ၌ တူညီခြင်းမရှိပေ။ ဟိန္ဒူဘာသာနှင့် ဂျိန်းဘာသာတို့သည် **အတ္တကိလမထာနုယောဂ** အကျင့်ကို ကျင့်ကြံကြပြီး ဗုဒ္ဓဘာသာသည် **မဇ္ဈိမပဋိပဒါ** အကျင့်ကို ကျင့်ကြံသည်။ ဘာသာကြီးသုံးခုလုံးသည် **ကာမသုခလ္လိကာနုယောဂ** အကျင့်ကို ရှောင်ကြဉ်ရာ၌ တူညီနေသည်ကို တွေ့ရသည်။

အကျင့်တရားကို ကျင့်ကြံခြင်းကြောင့် သံသရာမှ လွတ်မြောက်ကာ နိဗ္ဗာန်သို့ရောက်သွားသည်ဆိုရာ၌ နိဗ္ဗာန်ဟူသော အယူအဆသည် တူညီခြင်းမရှိပေ။

ဟိန္ဒူဘာသာက အတ္တဝိညာဉ်သည် ထာဝရဘုရားရှင်၏ ပရမတ္တမထာဝရအတ္တနှင့် ပေါင်းစပ်သွားခြင်းကို နိဗ္ဗာန်ဟု ယုံကြည်ပြီး နိဗ္ဗာန်သို့ရောက်ပြီးသော ဝိညာဉ်တို့သည် လူသားတို့အား သနားကြင်နာစွာဖြင့် အကူအညီများပေးနိုင်ရန် ကမ္ဘာလောကကြီးသို့ ပြန်လာတတ်ကြသည်ဟု ယူဆထားသည်။

ဂျိန်းဘာသာဝင်တို့ကမူ နိဗ္ဗာန်ဟူသည် ဘုံဌာနတစ်ခုအဖြစ် သီးခြားတည်ရှိနေကြောင်းနှင့် ကံတရား၏အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသော အတ္တဇီဝတို့သည် နိဗ္ဗာန်ဘုံသို့ပျံတက်သွားကြောင်း ယုံကြည်ကြသည်။ ထို့အပြင် နိဗ္ဗာန်ဘုံသို့ ရောက်ရှိပြီးသော အတ္တဇီဝတို့သည် အစဉ်အမြဲ ချမ်းသာသုခတို့ကိုသာ ခံစားနေကြပြီး ကမ္ဘာလောကကြီးသို့ ပြန်လာခြင်း မရှိကြကြောင်း လက်ခံထားကြသည်။

ဗုဒ္ဓဘာသာအလိုအရမူ နိဗ္ဗာန်ဟူသည် ဘုံဌာနတစ်ခုအဖြစ် တည်ရှိနေခြင်း မဟုတ်ပေ။ တဏှာရာဂကုန်ဆုံးရာ အမျက်ဒေါသ ကုန်ဆုံးရာ တွေဝေမိုက်မဲခြင်း ကုန်ဆုံးရာသည် နိဗ္ဗာန်ပင်ဖြစ်ကြောင်း

နှင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုပြီးသော ပုဂ္ဂိုလ်တို့သည် ဤကမ္ဘာလောကကြီးသို့ မည်သည့်အခါမျှ ပြန်လာခြင်း မရှိတော့ကြောင်း ယုံကြည်ထားသည်။ ထို့အပြင် ဗုဒ္ဓစာပေတို့၌ နိဗ္ဗာန်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း နားလည်နိုင်စေရန် အသေသဝိရာဂ နိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယစသည်ဖြင့် ပရိယာယ်ပုဒ်များစွာကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကံတရား၏အဓိပ္ပါယ်ကို ဖော်ဆောင်ရာ၌ ဘာသာကြီးသုံးခုလုံးသည် တင်ပြပုံအနည်းငယ်သာကွဲလွဲပြီး အနှစ်အသားအနေဖြင့်မူ လွန်စွာတူညီနေသည်ကို တွေ့ရသည်။

ဟိန္ဒူဘာသာ၌ ဣန္ဒြေတို့ဖြင့် မသိရမမြင်ရသော စွမ်းအားကိုလည်းကောင်း၊ လုပ်ဆောင်မှုနှင့် အကျိုးတရားတို့ကိုလည်းကောင်း ကံဟုခေါ်ဆိုကြောင်း ရှင်းပြထားသည်။

ဂျိန်းဘာသာဝင်တို့က အာရုံငါးပါး ရုပ်တရားတို့သည် သက်ရှိသက်မဲ့သတ္တဝါတို့၏ ဒွါရ(၆)ပါးမှတစ်ဆင့် ဇီဝအတွင်းသို့ ဝင်ရောက်ပြီး ကံအဖြစ်သို့ ပြောင်းလဲသွားသောကြောင့် ရုပ်တရားတို့သည် ကံမည်၏ဟု ယူဆထားကြသည်။

ဗုဒ္ဓဘာသာ၌မူ ကိုယ် နှုတ် စိတ်တို့ဖြင့် ကုသိုလ်အလုပ်ကိုဖြစ်စေ၊ အကုသိုလ်အလုပ်ကိုဖြစ်စေ ပြုလုပ်ရန်တွန်းအားပေးသော စေတနာတရားကို ကံဟုခေါ်ဆိုကြောင်း "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" ဟူသော မြတ်စွာဘုရားရှင်၏ စကားတော်ဖြင့် တိတိကျကျ ညွှန်ပြထားသည်။ ထိုစေတနာတရားသည်လည်း သဟဇာတစေတနာနှင့် နာနက္ခဏိကစေတနာဟူ၍ နှစ်မျိုးရှိရာ တစ်စုံတစ်ခုသော အလုပ်ကိုပြုလုပ်ပြီးနောက် အချိန်ကာလခြားပြီးမှ အကျိုးပေးနိုင်သော နာနက္ခဏိကစေတနာကိုသာကံဟု ခေါ်ဆိုကြောင်း ယုံကြည်လက်ခံထားကြသည်။

ဂျိန်းဘာသာဝင်တို့က ကာယကံသည် အပြစ်အကြီးဆုံး ဖြစ်သည်ဟု ယူဆထားကြပြီး ဗုဒ္ဓဘာသာဝင်တို့က မနောကံသည် အပြစ်အကြီးဆုံးဖြစ်ကြောင်း ယူဆထားကြသည်။ ဟိန္ဒူဘာသာ၌မူ ခွဲခြားပြဆိုထားခြင်း မရှိပေ။

ကံအမျိုးအစားတို့ကို ခွဲခြားပြဆိုရာ၌ ဟိန္ဒူဘာသာက လုပ်ဆောင်မှုနှင့် အချိန်ကာလအပေါ်တွင် အခြေခံထားသည်။ လုပ်ဆောင်မှုအပေါ်တွင်အခြေခံ၍ ခန္ဓာကိုယ်စသည်တို့ဖြင့် လုပ်ဆောင်သော ကံ(၄)မျိုး၊ ပါပစသောကံ(၄)မျိုး၊ နိတျစသောကံ(၃)မျိုးနှင့် သာတွိကစသော ကံ(၃)မျိုးဟူ၍ (၁၄)မျိုး ခွဲခြားထားပြီး အချိန်ကာလ အပေါ်တွင် အခြေခံ၍ သံဆိတကံ ပရာရဒ္ဓကံ ကရိယမနကံဟူ၍(၃)မျိုး ခွဲခြားထားသည်။

ဂျိန်းဘာသာ၏ ကံအမျိုးအစားခွဲခြားမှုသည် လုပ်ဆောင်မှုနှင့် အကျိုးပေးမှုတို့အပေါ်တွင် အခြေခံထားသည်။ လုပ်ဆောင်မှု အပေါ်တွင် အခြေခံ၍ ကာယကံ ဝစီကံ မနောကံဟူ၍ (၃)မျိုး ခွဲခြားထားပြီး အကျိုးပေးမှုအပေါ်တွင် အခြေခံ၍ ဒဿနာဝရဏီယစသော ကံ(၈)မျိုးနှင့် ဩဒယိကစသော ကံ(၄)မျိုးဟူ၍ (၁၂)မျိုးရှိကြောင်း ဖော်ပြထားသည်။

ဗုဒ္ဓဘာသာ၌မူ လုပ်ဆောင်မှု၊ အချိန်ကာလနှင့် အကျိုးပေးမှု တို့အပေါ်တွင် အခြေခံ၍ ကံအမျိုးအစားများကို ခွဲခြားထားသည်။ လုပ်ဆောင်မှုအပေါ်တွင်အခြေခံ၍ ကာယကံ ဝစီကံ မနောကံဟူ၍ (၃)မျိုး ခွဲခြားထားသည်။

အချိန်ကာလအပေါ်တွင်အခြေခံ၍ ကံအမျိုးအစားကို ခွဲခြား ပြဆိုရာ၌ ပစ္စုပ္ပန်စသော အချိန်ကာလအပေါ်တွင် အခြေခံ၍ ခွဲခြား ထားသော ကံ(၁၂)မျိုးနှင့် ယခုဘဝ ဒုတိယမြောက်ဘဝစသော အချိန် ကာလအပေါ်တွင် အခြေခံ၍ ခွဲခြားထားသောကံ(၄)မျိုးဟူ၍ (၁၆)မျိုး ရှိသည်ကို တွေ့ရသည်။

အကျိုးပေးမှုအပေါ်တွင်အခြေခံ၍ ဂတိသမ္ပတ္တိစသောကံ (၁၆)မျိုး၊ အလှည့်ကျအကျိုးပေးသောကံ(၄)မျိုး၊ လုပ်ဆောင်ချက်အရကံ(၄)မျိုး၊ မည်းညစ်သောကံ စသည်ဖြင့်ကံ(၄)မျိုး၊ ဘဝသစ်ကို ဖြစ်စေသောကံ(၄)မျိုး၊ အကျိုးပေးရန်သေချာသောကံနှင့် မသေချာသောကံများ(၁၈)မျိုး၊ ကံဟောင်းကံသစ်(၂)မျိုးဟူ၍ (၅၂)မျိုး ခွဲခြားထားသည်။

ထို့အပြင် ဝဋ္ဋဂါမိကကံ၊ ဝိဝဋ္ဋဂါမိကကံ၊ သကကံ၊ နောသကကံ၊ အဘဗ္ဗအဘဗ္ဗာဘာသကံ၊ အဘဗ္ဗဘဗ္ဗာဘာသကံ၊ ဘဗ္ဗဘဗ္ဗာဘာသကံ၊ ဘဗ္ဗအဘဗ္ဗာဘာသကံဟူ၍ အမည်(၈)မျိုး ပေးထားသည်ကိုလည်း တွေ့ရသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာ၌ ကံအမျိုးအစားပေါင်း(၇၉)မျိုး ရှိသည်ကို တွေ့ရသည်။

ဘာသာကြီးသုံးခုလုံး၌ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ပစ္စုပ္ပန်ကံ၊ အတိတ်ကံ၊ အနာဂတ်ကံဟူသော အသုံးအနှုန်းတို့ကို တူညီစွာသုံးနှုန်းထားသည်ကို တွေ့ရသည်။ ဤအချက်သည် ယင်းဘာသာကြီးသုံးခုတို့ကို ကမ္မဝါဒများဟူ၍ တူညီစွာ ခေါ်ဆိုခြင်းဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

## နိဂုံး နှင့် ဆုတောင်း

◆◆◆

၁။ မန္တလေးတက္ကသိလာယံ၊ ဝသတာ လိခိတော မယာ။
နိဋ္ဌံ ပတ္တော အယံ ဂန္ထော၊ ကမ္မဝါဒသမ္ဗသနော။
၂။ ဣမိနာပုညကမ္မေန၊ ပဿေယျံ လောကနာထကံ။
သဒ္ဓမ္မံသု ဝိဇ္ဇောတန်၊ နဘော စန္ဒသူရိယာ။

၁။ မန္တလေးတက္ကသိလာယံ၊ ဗုဒ္ဓမြတ်စွာ သာသနာကို ကမ္ဘာပြန့်ရန် စိတ်အကြံဖြင့် ပညာလိုလား အမျိုးကောင်းသားတို့ အတွက် ဘုရားအလောင်း သူတော်ကောင်းတို့ ကိန်းအောင်းပျော်စံရာ တုသိတာနတ်ဗိမာန်အလား ထင်မှတ်များအောင် စီမံဖန်ဆင်း၍ ထားအပ်သော မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဟု ခေါ်ဆိုမည်ဟည်း ကျောင်းတော်ကြီး၌။

ဝသတာ–ဝသန္တေန၊ သာသနာပြုရန် ဇောထက်သန်သဖြင့် ပညာသုတ ဟူသမျှကို နေ့ညမအား လေ့လာကာသင်ကြား၍ လေးပါဣရိယာ မျှတစွာဖြင့် သာယာရွှင်ပြုံး သီတင်းသုံး နေထိုင်သော။ မယာ၊ ငါသည်။ လိခိတော၊ မဟာဝီရိယ ဥဿာဟဖြင့် ရေးသား အပ်သော။

ကမ္မဝါဒ သမ္ဗသနော၊ ကမ္မဝါဒ ဟူသမျှကို မှားသည်မှန်သည် ဤနှစ်လီဖြင့် အမည်သတ်မှတ် မဆုံးဖြတ်ဘဲ ဝေဖန်သုံးသပ်၍ ပြရာဖြစ်သောကြောင့် ကိုးကွယ်ယုံကြည်မှုနှင့် ကံတရားဟု အမည်ရ

သော။ အယ်ဂန္ထော၊ ဤ ကျမ်းစာသည်။ နိဋ္ဌိ၊ အန္တ ရာယ်ကင်းပျောက် ဘေးမရောက်ဘဲ ပြီးမြောက်ခြင်းသို့။ ပတ္တော၊ ပင်ပန်းကင်းကွာ ချမ်းသာစွာ ရောက်ခဲ့လေပြီ။

၂။ ဣမိနာပုညကမ္မေန၊ မဟာဝီရိယ ဉဿာဟဖြင့် ရေသား ပြုစုရသော ကုသလအမှန် ဤကောင်းမှုကံကြောင့်။ နဘော၊ မြူခိုး တိမ်လွှာ ကင်းရှင်းကွာသဖြင့် ပြာပြာရီသွဲ့ ကြည်လဲ့လဲ့စင် မိုးကောင်းကင်၌။ စန္ဒသူရိယာ၊ ငြိမ်းချမ်းရေးနိမိတ် ယုံတံဆိပ်ကို ခပ်နှိပ်ထားဟန် လဝိမာန်နှင့် ရဲရင့်ခြင်းဂုဏ်ဆောင် အလင်းရောင်ဖြင့် တောက်ပြောင်ဝင်းလျှံ နေဝိမာန်တို့သည်။ ဝိဇ္ဇောတေန္တိ ဣဝ၊ အမှောင် ဟူသမျှ ဦးညွှတ်ရအောင် ထွန်းလင်းတောက်ပကုန်သကဲ့သို့။

လောကဓာတုယံ၊ တစ်သောင်းသော လောကဓာတ် ဘုံအရပ် ၌။ သဒ္ဓမ္မသာ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏။ ဝိဇ္ဇောတနံ၊ ရောင်ဝါ ထွန်းလင်း တောက်ပခြင်းကို။ ပတ္ထေယျံ–ပတ္ထေယျာမိ၊ သမ္မာဆန္ဒ အာသီသဖြင့် တောင့်တလိုခြင် ဆုပန်ဆင်၏။

# မှီငြမ်းပြုသောကျမ်းများ

၁။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ
၂။ ပရမတ္ထဒီပနီ ခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်
(လယ်တီဆရာတော်ဘုရားကြီး)
၃။ တိပိဋက ပါဠိမြန်မာအဘိဓာန် (အတွဲ-၇)
၄။ မဟာဝင်ဝတ္ထု (ကျီးသဲလေးထပ်ဆရာတော်)
၅။ အခြေပြုဟိန္ဒူဓမ္မ၊ အပိုင်း(၁) (ဦးစံမြင့်)
၆။ ဗုဒ္ဓခေတ်ဂျိန်းအဘိဓမ္မာ (အရှင်ဇာဂရာဘိဝံသ)
၇။ ကမ္ဘာ့သမ္မတနှင့် ဝန်ကြီးချုပ်များ အတ္ထုပ္ပတ္တိ (ထွန်းသစ်ဦး)
၈။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ပဌမတွဲ (အရှင်နန္ဒမာလာ)
၉။ အိန္ဒိယမြန်မာ ဗုဒ္ဓဘာသာ (အရှင်ပညိန္ဒာဘိဝံသ)
၁၀။ လက်တွေ့ဗုဒ္ဓဘာသာ (အရှင်ပညိန္ဒာဘိဝံသ)
၁၁။ ဗုဒ္ဓနှင့်ခေတ်ပြိုင်ဘုရားများ (မောင်အုံ၊ မဟာဝိဇ္ဇာ-ဘုံဘေ)
၁၂။ သမန္တစက္ခုဒီပနီ (မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး)
၁၃။ ဝေဒယဉ်ကျေးမှုနှင့်ဘာသာရေးအတွေးအခေါ်
(ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ-လန်ဒန်)
၁၄။ သာသနာ့ဗဟုသုတပွကာသနီ
(ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒ )
၁၅။ လယ်တီဒီပနီပေါင်းချုပ်၊ ပထမတွဲ (လယ်တီဆရာတော်)
၁၆။ လယ်တီဒီပနီပေါင်းချုပ်၊ ဒုတိယတွဲ (လယ်တီဆရာတော်)
၁၇။ လယ်တီဒီပနီပေါင်းချုပ်၊ တတိယတွဲ (လယ်တီဆရာတော်)
၁၈။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ
(တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ)
၁၉။ မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ
(တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ)
၂၀။ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း
(တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ)
၂၁။ မဟာဘာရတနှင့်ဘဂဝါဂီတ (ဦးသော်ဇင်)
၂၂။ ဟိန္ဒူဒဿန (ဦးသော်ဇင်၊ ပါရဂူ)

၂၃။ နှယ်နီမဂ္ဂဇင်း၊ အတွဲ-၃၊ အမှတ်-၂၊
၁၉၉၃-ခု၊ ဖေဖော်ဝါရီလ။
၂၄။ နှယ်နီမဂ္ဂဇင်း၊ အတွဲ-၄၊ အမှတ်-၄၊
၁၉၉၄-ခု၊ ဧပြီလ။
၂၅။ မြန်မာ့အလင်းသတင်းစာ (၂၆.၇.၉၇)
၂၆။ Sources of Indian Tradition.
by Wm. Theodore de Bary, Stephen Hay etc.
၂၇။ A Panorama of Indian Philosophy
by Ram Chandra Pandeya
၂၈။ An Introduction to Indian Philosophy.
by Chatterjee, S.and Datta, D.
၂၉။ A History of Indian Philosophys Vol;1.
by Dasgupta, S.
၃၀။ Myths of Creation.
by Department of Sanskrit
၃၁။ Let's Learn About Hindu Dharma.
by OM Prakash Dubey
၃၂။ Pātañjala Yoga Dars'ana.
by Maharsi Pātañjali
၃၃။ An Intelligent Person's Guide
to the Religions of Mankind.
by Hans-Joachim Schoeps
၃၄။ Hindu Dharma.
by Voice of THE GURU, P.C.S.S
၃၅။ Sanskrit English Dictionary.
by Williams, S-M-M
၃၆။ A History of Indian Literature. Vol;II.
by Maurice Winternitz, Ph. D.
၃၇။ The Columbia-Viking Desk Encyclopedia.

# စမ္မဒါနကုသိုလ်ရှင်စာရင်း

| စဉ် | အမည်နှင့်နေရပ် | အလှူတော်ငွေ |
|---|---|---|
| ၁။ | ရဟန်းဒါယိကာမကြီးဒေါ်အုန်းကြည် မိသားစု၊ ဇေယျာဖြိုးသက်န်းပရိက္ခရာဆိုင်၊ ပဲခူးလမ်း၊ ဖြူးမြို့။ | ၃၀၀၀၀ိ/- |
| ၂။ | ဦးချစ်ဟန်+ဒေါ်ကလေးမ မိသားစု၊ ပဲခူးလမ်း၊ ဖြူးမြို့။ | ၁၀၀၀၀ိ/- |
| ၃။ | ဦးစောမောင်+ဒေါ်မမကြီး၊ စက်ယက္ကန်း၊ မန္တလေး။ | ၁၀၀၀၀ိ/- |
| ၄။ | (ဦးကျော်စိန်)+ဒေါ်လှဝင်း(သမီး)မသူဇာမြင့် (နေခြည်ဝန်းစတိုး)၊ ထန်းကုန်းလမ်း၊ ဖြူးမြို့။ | ၅၀၀၀ိ/- |
| ၅။ | ဦးစိုးငြိမ်း+ဒေါ်မြကျင် မိသားစု၊ နမ်းတန်း၊ မန္တလေး။ | ၅၀၀၀ိ/- |
| ၆။ | ဦးခင်မောင်ညွှန့်+ဒေါ်တင်တင်ထွေး မိသားစု၊ နမ်းတန်း၊ မန္တလေး။ | ၅၀၀၀ိ/- |
| ၇။ | ဆရာတော်ဦးတေဇနိယ(ကိုးတောင်ပြည့်ကျောင်းတိုက်)နှင့် တပည့်ဒါယကာ၊ဒါယိကာမများ၊ သဲတောမြို့။ | ၃၈၀၀ိ/- |
| ၈။ | ဦးခင်မောင်+ဒေါ်တင်အေး မိသားစု၊ (ရွှေနှင်းဆီ)မြို့မ၊ သဲတောမြို့။ | ၃၀၀၀ိ/- |
| ၉။ | ကိုကျော်သူရ+မအိအိခင် မိသားစု၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ | ၃၀၀၀ိ/- |
| ၁၀။ | ကိုအောင်မြင့်+မသန်းသန်းဝင်း၊ မိသားစု သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ | ၃၀၀၀ိ/- |
| ၁၁။ | မမြင့်မြင့်အေး၊ (၃)လမ်း၊ ဖြူးမြို့။ | ၃၀၀၀ိ/- |
| ၁၂။ | မပြည့်ပြည့်၊ ထန်းကုန်းလမ်း၊ ဖြူးမြို့။ | ၃၀၀၀ိ/- |
| ၁၃။ | ချစ်ဆွေပရိဘောဂ၊ မန္တလေးမြို့။ | ၂၅၀၀ိ/- |
| ၁၄။ | ဆရာတော်ဦးတိဿစာရ၊ ရတနာ့ဂုဏ်ရည်ရွှေကျောင်း၊ ပုဂံအတွင်းဝန်တိုက်၊ မန္တလေးမြို့။ | ၂၀၀၀ိ/- |
| ၁၅။ | ဦးသီလာစာရ(စာချ)၊ မင်းကျောင်းစာသင်တိုက်၊ ဖြူးမြို့။ | ၂၀၀၀ိ/- |
| ၁၆။ | ဦးခင်မောင်ညွှန့် (ဂုဏ်ထူးနည်းပြ)+ဒေါ်သန်းသန်းဝင်း မိသားစု၊ ရုံးရပ်ကွက်၊ (၃)လမ်း၊ ဖြူးမြို့။ | ၂၀၀၀ိ/- |
| ၁၇။ | ကိုသူရ မိသားစု၊ သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ | ၂၀၀၀ိ/- |
| ၁၈။ | ဒေါ်ကျင်တွဲ မိသားစု၊ ရုံးရပ်ကွက်၊ (၃)လမ်း၊ ဖြူးမြို့။ | ၂၀၀၀ိ/- |
| ၁၉။ | ဦးပြုံး+ဒေါ်စန်းမြင့် (သား) ကိုကျော်စိုး မိသားစု၊ ကော်ပတ်ခြံ၊ (၁)လမ်း၊ ဖြူးမြို့။ | ၂၀၀၀ိ/- |
| ၂၀။ | ဦးမြင့်ဌေး+ဒေါ်မြင့်မြင့်ရီ (မြတ်နိုးသုခရွှေဆိုင်) မိသားစု ထန်းကုန်းလမ်း၊ ဖြူးမြို့။ | ၂၀၀၀ိ/- |

၂၁။ ဦးတင်ထွဋ်+ဒေါ်ရီရီဟန် မိသားစု၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၂။ ကိုကျင်အေး+မမြင့်မြင့်စိန် (သား) ပြည့်ဖြိုးဟန်
(သမီး) လှိုင်ဝါဝါလွင်၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၃။ ဦးကျော်စိုး+ဒေါ်ခင်နွယ် မိသားစု၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၄။ ဦးသန်းထွန်း+ဒေါ်တင်သန်း မိသားစု၊
ထန်းကုန်းလမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၅။ ကိုစိုးဦး+မစန်းစန်းယု (သမီး) မစိုးယုနွယ် မိသားစု၊
(ခြသေ့်မင်းဆီစက်)၊ (၃)လမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၆။ ဦးကံတင်+ဒေါ်ဝင်းကြည် မိသားစု၊ မကျီးကုန်းရွာဟောင်း၊
ဖြူးမြို့။ ၂၀၀ဝိ/-
၂၇။ ကိုမြမင်း၊ မနှင်း၊ မသန်းထွေး၊ ကိုဝင်းနိုင်+မမော်လီ
မောင်နှမတစ်စု၊ မကျီးကုန်းရွာသစ်၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၈။ ကိုအောင်ကျော်ကျော်စိုး+မမြင့်မြင့်သန့် မိသားစု၊
ပဲခူးလမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၂၉။ ကိုညွန့်ဝင်း+မနွယ်နီဦး (ရွှေပန်းတိမ်) မိသားစု၊
ပဲခူးလမ်း၊ ဖြူးမြို့။ ၂၀၀ဝိ/-
၃၀။ ဒု-ဗိုလ်မှူးကြီးအောင်သန်း+ဒေါ်လှလှမိုး၊ မန္တလေး။ ၂၀၀ဝိ/-
၃၁။ မနီနီ၊ မန္တလေးမြို့။ ၂၀၀ဝိ/-
၃၂။ ဦးလောဝမ်+ဒေါ်အေးလှိုင်၊ မန္တလေးမြို့။ ၂၀၀ဝိ/-
၃၃။ ဦးဖြိုးသာ+ဒေါ်အမာကြည်၊ (သမီး) မဥမ္မာဖြိုး
နန်းရှေ့၊ မန္တလေးမြို့။ ၂၀၀ဝိ/-
၃၄။ မိခင်ကြီးဒေါ်စောရင်နှင့် ကိုတင်အုန်း+မဖြူဖြူဝင်း
(သမီး) မရွှေရည်ဝင်း၊ မပြည့်ဖြိုးအိ မိသားစု၊
(ဂဠုန်သက်န်းပရိက္ခရာဆိုင်)၊ ဖြူးမြို့။ ၁၆၀ဝိ/-
၃၅။ မမြတ်မြတ်အေး (ရွှေကမ္ဘာ VEDIO TAPE CENTRE)နှင့်
မိတ်ဆွေများ၊ ဖြူးမြို့။ ၁၆၀ဝိ/-
၃၆။ ဦးစိုးဝင်း+ဆရာမ ဒေါ်သီတာသိန်းလွင်၊
(၄)လမ်း၊ ဖြူးမြို့။ ၁၅၀ဝိ/-
၃၇။ ဒေါ်ခင်စိန်၊ နှမ်းတန်း၊ မန္တလေးမြို့။ ၁၄၀ဝိ/-
၃၈။ ဒေါ်ခင်ရီ မိသားစု၊ (၃)လမ်း၊ ဖြူးမြို့။ ၁၂၀ဝိ/-
၃၉။ ဦးလှမြင့်+ဒေါ်ဝင်းမြင့် (သမီး) သဲနုဝါ
(လှယဉ်ယဉ်ဓာတ်ပုံ)၊ ပင်စင်လမ်း၊ ဖြူးမြို့။ ၁၂၀ဝိ/-
၄၀။ ကိုတင်ဝင်းလှိုင်+မစန်းတင် မြတ်ဆုမွန်မိသားစု၊ ဖြူးမြို့။ ၁၂၀ဝိ/-

၄၁။ ဦးသိန်းနိုင်+ဒေါ်မြမြသက် မိသားစု၊
ထန်းကုန်းရပ်၊ (၃)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၂။ ဦးစန်းလှ+ဒေါ်ငွေငွေမြင့် မိသားစု၊
(အောင်ရတနာဖြိုးရွှေဆိုင်)၊ ဘူတာတောင်၊
(၂၃)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၃။ ဦးမင်းသွင်+ဒေါ်နီလာမြင့် မိသားစု၊ တာခြားရပ်၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၄။ ဦးထွန်းအောင်+ဒေါ်ညွှန့်ရွှေ မိသားစု၊
ပဲခူးလမ်းတောင်ပိုင်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၅။ ဦးထွန်းအောင်+ဒေါ်ညွှန့်ရွှေ (သမီး) မသက်သက်
ပဲခူးလမ်းတောင်ပိုင်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၆။ ဦးအင်းရောက်+ဒေါ်အေးမြင့် မိသားစု
(၅)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၇။ ဦးကျင်းမောင်+ဒေါ်ခင်ဝင်း မိသားစု (၃)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၈။ ဦးဝင်းမောင်+ဆရာမဒေါ်မူမူတင် မိသားစု
(၁)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၄၉။ ဦးသိန်းအောင် (ထုံးဆိုင်) မိသားစု၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၀။ ကိုမောင်မောင်အေး+မခင်ခင်ဝင်း မိသားစု
ဈေးအတွင်းရွှေဆိုင်၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၁။ ဦးစံသိန်း+ဒေါ်အမာ မိသားစု (ရွှေဆိုင်)
ပဲခူးလမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၂။ ဦးတင်အေး+ဒေါ်ဝင်းဝင်းရီ မိသားစု
(၆)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၃။ ဒေါ်တင်ဆွေမြင့် (အလှကုန်) မိသားစု
ဈေးအတွင်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၄။ ဦးငွေနိုင်+ဒေါ်မြင့်မြင့်စန်း မိသားစု၊ ရဲရင့်တေးသံသွင်း
ပင်စင်လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၅။ ဒေါ်စိန်ဥ (မိတ်ဆွေကြီးလက်ဘက်ခြောက်) မိသားစု
(၅)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၆။ ဦးသိန်းအောင်+ဒေါ်ငြိမ်းတင် (သမီး) မမြင့်မြင့်မော်
မိသားစု၊ မြို့မအနောက်(၂)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၇။ ဦးစံမြ+ဒေါ်ပြုံး မိသားစု
ဘူတာမြောက်(၁၆)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၈။ ဒေါ်ကျင်ရီ မိသားစု၊ မိုလ်ချုပ်လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-

၅၉။ ဦးမြင့်နိုင်+ဒေါ်မြသီတာ မိသားစု
ထန်းကုန်းလမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၀။ မတင်ဝင်း မိသားစု၊ (၁၄)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၁။ ဆရာမဒေါ်မြင့်ကြည် (ငြိမ်း)မိသားစု
(၂၁)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၂။ ဦးနီ+ဒေါ်သိန်း မိသားစု၊ တာခြားရပ်၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၃။ ဒေါ်ချောချော (သမာဓိ ရွှေဆိုင်) မိသားစု
ထန်းကုန်းလမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၄။ မချိုချိုမြင့် (သား) ထူးအိမ်လင်း
ဘူတာမြောက် (၁၆)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၅။ ဦးတင်ထူး+ဒေါ်ရှုရည် (ကမ္ဘောဇ) မိသားစု
ပဲခူးလမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၆။ ဦးဝင်း+ဒေါ်တင်ကြည် မိသားစု၊ (၁၆)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၇။ ဒေါ်ခင်စိန် (သမီး) မသီတာစိုး၊ မထက်ဝေစိုး မိသားစု
ရွှေနဂါးဆန်စက်၊ ဖြူးမြို့။ ၁၀၀၀ိ/-
၆၈။ ဦးညွန့်+ဒေါ်ရီ မိသားစု၊ (၁)လမ်း၊ ဖြူးမြို့ ၁၀၀၀ိ/-
၆၉။ ဒေါ်အေးမြင့် မိသားစု၊ (၄)လမ်း၊ ဖြူးမြို့။ ၁၀၀၀ိ/-
၇၀။ ဂုဏ်ထူး ဦးခင်မောင်ညွန့် နှင့်တပည့်များ
(၃)လမ်း၊ရုံးရပ်ကွက်၊ဖြူးမြို့။ ၁၀၀၀ိ/-
၇၁။ ဦးပြုံး+ဒေါ်စန်းမြင့် (သား) မောင်ဉာဏ်ဝင်းထွန်း
(ခေတ္တ-မလေးရှား)၊ (၁)လမ်း၊ ကော်ပတ်ခြံ၊ ဖြူးမြို့။ ၁၀၀၀ိ/-
၇၂။ ဦးဟုတ်ကြိုင်+ဒေါ်ရီလေး မိသားစု
သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-
၇၃။ မသန်းသန်းအေး မိသားစု
သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-
၇၄။ ဦးညွန့်+ဒေါ်ညွန့် (သား) မောင်ကျော်စိုးဝင်း မိသားစု
သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-
၇၅။ မလှလှရီ မိသားစု၊ သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-
၇၆။ ဦးညွန့်ဉာဏ်+ဒေါ်အေးနွဲ့ မိသားစု
သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-
၇၇။ ဦးရှိန်+ဒေါ်ခင်မြိုင် မိသားစု
သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-
၇၈။ မောင်အောင်ကိုလင်း သိန်တန်းရပ်၊ ကျောက်ကြီးမြို့။ ၁၀၀၀ိ/-

၇၉။ ဦးအောင်မြင့်+ဒေါ်စန်း မိသားစု
မင်းဂံရိုးရပ်ကွက်၊ ကျွဲပွဲမြို့။ ၁၀၀ဝိ/-
၈၀။ မခင်စန်းဌေး မိသားစု၊ ပဲခူးလမ်း၊တောကျွဲအင်း ၁၀၀ဝိ/-
၈၁။ (ဦးဆိုက်ရာ)+ဒေါ်အုန်းကြည် မိသားစု
၂၇၀၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။ ၁၀၀ဝိ/-
၈၂။ မမြမြဝင်း၊ ၂၇၀၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။ ၁၀၀ဝိ/-
၈၃။ ဦးဝင်းနိုင်+ဒေါ်ညွန့်ညွန့်အေး မိသားစု
၂၇၀၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။ ၁၀၀ဝိ/-
၈၄။ ဦးဝင်းမြင့်+ဒေါ်ဝင်းဝင်းသန်း မိသားစု
၂၇၀၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။ ၁၀၀ဝိ/-
၈၅။ မမေသန်းတင့်၊ (၅)လမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၈၆။ ဦးမောင်မောင်အားရည်စူး၍ ဒေါ်တင်လှ မိသားစု
ပဒတ်ခင်ရွာ၊ ဖြူးမြို့။ ၁၀၀ဝိ/-
၈၇။ ဦးသန်း+ဒေါ်ခင်သန့်ဝင်း (သမီး) သန်းထိုက်ထိုက်ဝင်း
မိသားစု၊ မြို့မအရှေ့ရပ်ကွက်၊ ဖြူးမြို့။ ၁၀၀ဝိ/-
၈၈။ လူငယ်အားမာန်၊ ဖြူးမြို့။ ၁၀၀ဝိ/-
၈၉။ ဦးတင်ဝင်း+ဒေါ်မြင့်မြင့်စန်း မိသားစု
(ရွှေမြင့်မိုရ်ရတနာရွှေဆိုင်)၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၀။ ဦးဝင်းနောင်+ဒေါ်အေးမြမိုး မိသားစု (ရွှေတိုးရတနာရွှေဆိုင်)
အုတ်ဖြတ်လမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၁။ ဒု-ဗိုလ်မှူးကြီးခင်မောင်(ငြိမ်း)+ဒေါ်တင်တင်အေး
(သား) ဘုန်းကျော်မောင်၊ (သမီး) ချိုမီမောင် မိသားစု
ပဲခူလမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၂။ ကိုရဲဝင်း+မဌေးဌေးရီ မိသားစု
ဗိုလ်ချုပ် (၃၆)လမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၃။ ဦးတင်မြင့်+ဒေါ်သောင်းကြည် မိသားစု
ဂေါ်ဗီခြံ၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၄။ ဦးတိုးလွင်+ဒေါ်မာမာချို မိသားစု၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၅။ ဒေါ်တင်ကြည် မိသားစု၊ ပဲခူးလမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၆။ ဦးပြေသိမ်း+ဒေါ်သန်းသန်းဌေး မိသားစု
(၆)လမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၇။ ဦးညွန့်လှိုင်+ဒေါ်ခင်သန်းဝင်း မိသားစု
ထန်းကုန်းလမ်း၊ ဖြူးမြို့။ ၁၀၀ဝိ/-

၉၈။ ဒေါ်လှမြင့် (သမီး) ဖြိုးမာစိုး မိသားစု
မြို့မအရှေ့၊ ဖြူးမြို့။ ၁၀၀ဝိ/-
၉၉။ အရှင်အကုံရ နှင့် ဒေါ်အုန်းရီ ဒေါ်ရင်ရွှေ
ညောင်ပင်သာ၊ ဖြူးမြို့။ ၁၀၀ဝိ/-
၁၀၀။ ကိုအုန်းကျော်မြင့်+မသန်းသန်းတင့် (သမီး) မေသူကျော်
ညောင်ပင်သာ၊ ဖြူးမြို့။ ၁၀၀ဝိ/-
၁၀၁။ ကိုညွန့်ဝေ+မသန်းသန်းဆင့် (သမီး) မေသန့်ကျော်
ညောင်ပင်သာ၊ ဖြူးမြို့။ ၁၀၀ဝိ/-
၁၀၂။ ဦးစိန်မြင့်+ဒေါ်ခင်မြ မိသားစု၊ ညောင်ပင်သာ၊ ဖြူးမြို့။ ၁၀၀ဝိ/-
၁၀၃။ ဦးညွန့်မောင်+ဒေါ်မေသန်း (မိုးသက်န်းတိုက်)
(၂၈)လမ်း၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၀၄။ ဦးဟန်သိန်း+ဒေါ်တင်တင်အုန်း မိသားစု
(ဆင်ခြောက်ကောင်ဖိနပ်)၊ တရုတ်တန်း၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၀၅။ ဦးဒေါင်း+ဒေါ်သိန်းသိန်း သဲဝါဝါ ကုန်မျိုးစုံရောင်းဝယ်ရေး
မန္တလေးမြို့။ ၁၀၀ဝိ/-
၁၀၆။ တင်တင်အေးထိုးမုန့်ဆိုင်၊ ဈေးချို၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၀၇။ စိမ်းကမ္ဘာ မိသားစု၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၀၈။ ဒေါ်ခင်သန်း၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၀၉။ ဦးငွေစိုး+ဒေါ်ခင်ဝင်းကြည် မိသားစု၊ ပျော်ဘွယ်မြို့။ ၁၀၀ဝိ/-
၁၁၀။ ဦးမောင်သိန်း+ဒေါ်စန်းစန်းယဉ် မိသားစု၊ ပျော်ဘွယ်မြို့။ ၁၀၀ဝိ/-
၁၁၁။ ဇာနီလျှပ်စစ်၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၂။ ဦးမောင်မောင်ကြည်+ဒေါ်စိုးစိုးဉာဏ် မိသားစု၊
မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၃။ ဦးညွန့်မောင်+ဒေါ်ခင်စန်းလွင် မိသားစု၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၄။ မောင်လှသိန်း+မအေးအေးဆွေ မိသားစု၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၅။ ကိုကျော်အောင်+မမြင့်စန်း မိသားစု၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၆။ ဒေါ်အေးလှိုင်၊မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၇။ ဦးသန်းကြွယ်+ဒေါ်ယဉ်နု မိသားစု၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၈။ ကိုစိန်ဝင်း+မဝင်း မိသားစု (ရွှေရည်ဖိနပ်)၊ မန္တလေးမြို့။ ၁၀၀ဝိ/-
၁၁၉။ ဦးတင်အောင်+ဒေါ်ခင်ကြည် မိသားစု၊ သဲတောမြို့။ ၁၀၀ဝိ/-
၁၂၀။ ဦးပြုံး+ဒေါ်အိ၊ ခင်ကြီးရွာ၊ ဝမ်းတွင်းမြို့နယ် ၁၀၀ဝိ/-
၁၂၁။ ဦးဘိုနီ+ဒေါ်ညွန့်ညွန့်ရီမိသားစု
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀ဝိ/-

၁၂၂။ မအေးမြင့်၊ မအေးအေးဝင်း
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၃။ မအေးအေးခိုင်၊ မသင်းသင်းဝင်း
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၄။ ဦးတင်မောင်အေး+ဒေါ်စိုးစိုးမိုး (သမီး) စောယုနွယ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၅။ ဦးမောင်စန်း+ဒေါ်ညွန့်ကြည် ကိုအမှူးထား၍
ကိုစိုးရွှေ+မအေးအေးစန်း (သမီး) သီရိရွှေ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၆။ ကိုတင်မောင်အေး+မပပဝင်း (သား) မောင်ဇော်လင်းထက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၇။ ကိုမြင့်ဝင်း+မမြင့်မြင့်သန်း (သား) မောင်ဉာဏ်လင်းမြင့်၊
မောင်ဝေယံမြင့် မိသားစု။
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၈။ ဦးကိုကို+ဒေါ်ရင်ရင်မြ (သမီး) စုမွန်ဝင်း၊နုနုထွန်း
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၂၉။ ကိုရဲဝင်း+မသန်းသန်းစိန်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၃၀။ မခင်ဆွေလှိုင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၃၁။ ဦးငွေပေါ+ဒေါ်မိုးမိုးခိုင် (သား) ဥက္ကာငွေ၊ အာကာငွေ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၃၂။ ဦးယဉ်မောင်ထွန်း+ဒေါ်မြသီဂီအောင်
မဟာမြိုင်(၂)ရပ်ကွက်၊မဟာအောင်မြေမြို့နယ်၊မန္တလေး။ ၁၀၀၀ိ/-
၁၃၃။ မမင်းမင်းသက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၃၄။ ဦးလှိုင်မင်း+ဒေါ်မြင့်မြင့်သိန်း မိသားစု
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၃၅။ ဦးထွန်းအောင်ကျော်+ဒေါ်ယဉ်ယဉ်မျိုး မိသားစု
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊မန္တလေးမြို့။ ၁၀၀၀ိ/-
၁၃၆။ မငွေငွေတင်၊ မစန်းဇန်းဝင်း (ဥက္ကံ) ကောလင်းမြို့။ ၁၀၀၀ိ/-
၁၃၆။ ဒေါ်တင်တင်မိသားစု၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်မြို့။ ၅၀၀၀ိ/-
၁၃၇။ ကိုဉာဏ်လင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပုဂံမြို့။ ၅၀၀၀ိ/-